၇ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၃၀) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ၊ ကြာသပတေး၊ (အောက်တိုဘာ ၁၃ ၊ ၂၀၁၁)


## ကားတင်သွင်းရန် ဝန်ဆောင်မှု ပေးနေသော ကုမ္ပဏီများ စီးပွား/ကူးသန်း၏ လုပ်ထုံးလုပ်နည်းများနှင့် မညီဟု ဆို

**အားမာန်**

**ရန်ကုန်၊ အောက်တိုဘာ-၁၀**

အပ်နှံထားသော ကားအဟောင်းများအစား ပြည်ပမှကားတင်သွင်းရန် သွင်းကုန်လိုင်စင် လျှောက်ကာ ကားရောက်ရှိသည်အထိ ဆောင်ရွက်ပေးနေသောဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီအချို့သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ချမှတ်ထားသောလုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်နေကြခြင်း မဟုတ်ကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စာ(၁၂)သို့



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ယန်ကျဲချီတို့ တရုတ်နိုင်ငံ ဘေဂျင်းမြို့တွင် အောက်တိုဘာ ၁၀ရက်က တွေ့ဆုံစဉ်** ဓာတ်ပုံ-ဆင်ဟွာ

## အလှူမှကျွေးသော အစားအစာများကြောင့် အစာအဆိပ်သင့်မှု ဖြစ်ပွား

### အစာအဆိပ်သင့်သူ ၁၅၀ ဝန်းကျင် ဆေးရုံတင်ရသော်လည်း သေဆုံးသူ မရှိခဲ့

**ညီညီဇော်**

**မန္တလေး၊ အောက်တိုဘာ-၈**

မန္တလေးတိုင်း အမရပူရမြို့နယ် ပွဲတော်ကြီးတန်းရပ်ကွက်၌ ကျင်းပသော ရှင်ပြုနားသအလှူပွဲတစ်ခုတွင် လာရောက်သည့် ဧည့်သည်များသည် ကျွေးမွေးဧည့်ခံသော အစားအစာများ စားသုံးရာမှ အစာအဆိပ်သင့်မှုများ ဖြစ်ပွားခဲ့ကြောင်း ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူများကပြောသည်။

ဖြစ်ပွားပုံမှာ အလှူပွဲတွင် ကျွေးမွေးသော နတ်သုဒ္ဓါနှင့် ကြက်သားဟင်း၊ ရေခဲမုန့်၊ ကိတ်မုန့်များ စားသုံးခဲ့သူများသည် စားသောက်အပြီး နှစ်နာရီဝန်းကျင်တွင် မူးဝေခြင်း၊ ဗိုက်နာခြင်း၊ အော့အန်ခြင်း၊ ဝမ်းလျှောခြင်းများ ဖြစ်ပွားခဲ့သောကြောင့် အမရပူရမြို့နယ်ရှိ မြို့နယ်ဆေးရုံနှင့် မန္တလေးဆေးရုံကြီးသို့ သွားရောက်ကုသကြရကြောင်း အခင်းဖြစ်ပွားရာ ပွဲတော်ကြီးတန်းရပ်ကွက်မှ ဒေသခံများက ပြောသည်။

“စောစောစားတဲ့လူက အရင်ဖြစ်တယ်ပြောရမယ်။ မနက် ၉ နာရီလောက်က သွားစားပြီး ပြန်လာတဲ့လူတွေဟာ မနက် ၁၁ နာရီလောက်ကျတော့ မူးလဲတာတွေ၊ သတိလစ်တာတွေ ဖြစ်လာကြတယ်။ ဝမ်းတွေလည်း သွားကြတယ် ။ တချို့လည်း နီးစပ်ရာ ဆေးခန်းပြေးကြတာပေါ့။ ဒါပေမဲ့ လူနာတွေက တစ်ယောက်လည်း မဟုတ်၊ နှစ်ယောက်လည်း မဟုတ်၊ လူအများကြီးရောက်လာတော့ ဆေးခန်းက ဆရာဝန်ကဆေးရုံသွားဖို့ ပြောတာနဲ့ အမရပူရက လူမှုရေးအဖွဲ့အစည်း ကားတွေ၊ နောက်ပြီး အမရပူရက အမှတ်(၈) ယာဉ်လိုင်းကားတွေနဲ့ အမရပူရဆေးရုံတို့၊ မန္တလေးဆေးရုံကြီးတို့ကို ပြေးကြရတယ်။

စာ(၁၂)သို့

သတင်းအညွှန်း

ကားတင်သွင်းလျှင် မရိုးမသားပြုလုပ်ကြောင်း ခိုင်လုံပါက ကားကို နိုင်ငံပိုင်သိမ်းမည်
အချပ်ပို(B)သို့


ဂျပန်ကားများသယ်ဆောင်လာသော ပထမဆုံးသင်္ဘော ယခုလအတွင်းဆိုက်ကပ်နိုင်
အချပ်ပို(A)သို့

ပို့ကုန်လုပ်ငန်းများအတွက် ဖြေလျှော့မှုတစ်ခုပေး
အချပ်ပို(B)သို့

ကားအရောင်းပြခန်းဖွင့်လှစ်ရန် ကုမ္ပဏီ ၃၀ကျော် လျှောက်ထား
အချပ်ပို(C)သို့

စက်မှုလုပ်ငန်းများကို လယ်ယာချေးငွေကဲ့သို့ ချေးငွေပေးမည်
စာ(၃)သို့

# တာတာကုမ္ပဏီ ကားပြပွဲ နိုဝင်ဘာလတွင် ရန်ကုန်၌ကျင်းပမည်




**အားမာန်**

**ရန်ကုန်၊ အောက်တိုဘာ - ၁၀**

ကမ္ဘာကျော် အိန္ဒိယကားကုမ္ပဏီဖြစ်သည့် တာတာကားကုမ္ပဏီမှ ထုတ်လုပ်သော ကားအမျိုးအစား အစုံအလင်ပြသမည့် ကားပြပွဲကို လာမည့်နိုဝင်ဘာလတွင် ရန်ကုန်မြို့၌ ပထမဆုံးအကြိမ်ကျင်းပမည်ဖြစ်ကြောင်း အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

တာတာကားကုမ္ပဏီမှ ထုတ်လုပ်သော ဆလွန်းကားမှ ထရပ်ကားအထိ ကားအမျိုးအစား ရှစ်မျိုးပြသမည့်ပြပွဲကိုနိုဝင်ဘာ ၁၀ရက်မှ ၁၃ရက်အထိ အိန္ဒိယသံရုံးမှဦးစီး၍ တပ်မတော်ခန်းတွင် ကျင်းပမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ စာ(၁၂)သို့




CNC
men's wear
Cotton N Cotton®
Environment Friendly
MORE AND MORE SMART
CNC MEN'S WEAR . . .
www.cncmenwear.com


Nino


K&M
K&M Princess

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# စက်မှုလုပ်ငန်းများကို လယ်ယာချေးငွေကဲ့သို့ လာမည့်နှစ်တွင် ထုတ်ချေးမည်

ထူးသန့်

**နေပြည်တော်၊ အောက်တိုဘာ - ၁၀**

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အရင်းအနှီးပံ့ပိုးသည့်အနေဖြင့် လယ်ယာချေးငွေကဲ့သို့သော စက်မှုချေးငွေတစ်ရပ်ကို လာမည့်နှစ်မှစတင် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းကပြောကြားသည်။

"လာမယ့်နှစ်မှာ လယ်ယာအမတော်ကြေးပုံစံမျိုး စက်မှုလုပ်ငန်းတွေကိုလည်းစက်မှုအမတော်ကြေးပေးသွားပါမယ်။ အဲဒီအတွက် နိုင်ငံတော်သမ္မတကြီးကလည်း မူအားဖြင့် သဘောတူညီထားပါတယ်"ဟု အမှတ်(၂)စက်မှုဝန်ကြီးဌာနတွင် ယနေ့ ကျင်းပပြုလုပ်သည့် ကော်မတီညှိနှိုင်းရေးအစည်းအဝေး၌ဦးစိုးသိန်းကပြောကြားခဲ့သည်။



လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံတစ်ရုံ

ဓာတ်ပုံ - ဇေမောင်မောင်(အမရပူရ)

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့ တစ်စိုက်မတ်မတ်ဆောင်ရွက်ပေးဖို့လိုကြောင်း၊ ယခင်ကလည်း မန္တလေး၊ အေးသာယာနှင့် မုံရွာစက်မှုဇုန်များတွင် ချေးငွေထုတ်ချေးပေးခဲ့ကြောင်း၊ ယင်းပြင် ပြည်တွင်းစက်မှုဇုန်များသို့ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်မှ ကျပ်ငွေ ၃၉ဘီလီယံခန့် ထုတ်ချေးပေးထားကြောင်းလည်း ၎င်းကဆက်လက်ပြောကြားသည်။

ပြည်တွင်း၌စက်မှုဇုန်အသစ်များထူထောင်လျက်ရှိသော်လည်း ဇုန်အဟောင်းများကို ချန်လှပ်ထားမည်မဟုတ်ကြောင်း၊ ယင်းအခြေအနေနှင့်ပတ်သက်၍လည်း "ဇုန်သစ်တွေတိုးချဲ့လို့ဇုန်ဟောင်းတွေကိုလည်း ပစ်ပယ်မထားပါဘူး။ တကယ်လုပ်နိုင်တာကိုလုပ်ပါ။ အားပေးပါမယ်။ ညာတော့မညာပါနဲ့။ ငွေကြေးနဲ့နည်းပညာအခက်အခဲရှိရင်မဆိုင်းမတွသတင်းပို့စေချင်တယ်"ဟု ရှင်းလင်းပြောကြားသွားသည်။

# နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး တွေ့ဆုံ

အေးမြကျော်


**ရန်ကုန်၊ အောက်တိုဘာ - ၁၀**

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာလီကျင်းဟွားကို အောက်တိုဘာ ၇ရက်က နေပြည်တော်တွင် လက်ခံတွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့်အတူ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့နှင့်အတူ လက်ခံတွေ့ဆုံခဲ့ကြောင်း အောက်တိုဘာ ၈ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြထားသော်လည်း မည်သည့်အကြောင်းအရာများ တွေ့ဆုံဆွေးနွေးခဲ့ကြောင်းကို ဖော်ပြထားခြင်းမရှိပေ။

နိုင်ငံပိုင်သတင်းစာများတွင် ယင်းသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေးနှင့် နှစ်နိုင်ငံအကျိုးစီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်ဟုရေးသားထားသည်။

နောက်ဆုံးရရှိသောသတင်းများအရ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အောက်တိုဘာ၁၀ရက်က တရုတ်နိုင်ငံ ဘေဂျင်းမြို့သို့ သွားရောက်ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာယန်ကျဲချီနှင့် နှစ်နိုင်ငံအရေးကိစ္စများ တွေ့ဆုံဆွေးနွေးခဲ့သည်ဟု ဆင်ဟွာသတင်းဌာနတွင်ဖော်ပြထားသည်။






7 DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

## CRIME CORNER

## ယာဉ်ထိန်းပိုင်ကားနှင့် အမျိုးအစား၊ နံပါတ်တူနေသော ပါတီအမှုဆောင်တစ်ဦး၏ကားကို ဖမ်းဆီးစစ်ဆေး

အိဖြူလွင်

**ရန်ကုန်၊ အောက်တိုဘာ - ၆**

နိုင်ငံရေးပါတီတစ်ခုမှ ဗဟိုအလုပ်အမှုဆောင်တစ်ဦး၏ကားသည် ယာဉ်ထိန်းတပ်ဖွဲ့ပိုင်ကားနှင့် အမျိုးအစားတူ၊ နံပါတ်တူနေသဖြင့် သွင်းကုန်၊ ထုတ်ကုန်အက်ဥပဒေပုဒ်မ-၅/(၁)/၅(၃)ဖြင့် အမှုဖွင့် စုံစမ်းဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှသိရှိရသည်။

စက်တင်ဘာ ၂၇ ရက်က သဃ်န်းကျွန်းမြို့နယ် ဘီအိုစီမှတ်တိုင်အနီးတွင် ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ရှိသူများသည် ခဲရောင်ပါဂျဲရိုးကားဖြင့် ကင်းလှည့်နေစဉ် အမျိုးအစားတူ၊ နံပါတ်တူကားကို တွေ့ရှိ၍ နောက်မှလိုက်လံဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

ထိုကဲ့သို့ယာဉ်ထိန်းတပ်ဖွဲ့မှ လိုက်လံဖမ်းဆီးသောအခါ ယာဉ်မောင်းက ယာဉ်ကိုထား၍ထွက်ပြေးသွားခဲ့သဖြင့် ယာဉ်ကိုထိန်းသိမ်းခဲ့သည်ဟုသိရသည်။

သိမ်းဆည်းထားသောယာဉ်ကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ပို့ဆောင်စစ်ဆေးခဲ့ရာ စာအမှတ်-ခမ ၄၀၃/၁၁/၁၈၄၃ ဖြင့် အဆိုပါယာဉ်ကို မှတ်တမ်းနှင့် ကွဲလွဲနေကြောင်းသိရှိခဲ့ခြင်းဖြစ်သည်။

ယာဉ်ပိုင်ရှင်အား စုံစမ်းရာ ၈၈မျိုးဆက်သစ် ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီမှ ဗဟိုအလုပ်အမှုဆောင် ဦးသော်လင်းထွန်းပိုင်ဆိုင်သော ယာဉ်ဖြစ်ကြောင်းသိရ၍ သဃ်န်းကျွန်းမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့မှ (ပ)၄၆၉/၂၀၁၁ဖြင့် အမှုဖွင့်ထားပြီး တရားခံကိုဖမ်းဆီးရမိရန် ဆောင်ရွက်နေကြောင်း သိရှိရသည်။

## လုပ်ငန်းဆောင်ရွက်ခြင်းမရှိသောနေပြည်တော်ရှိဟိုတယ်မြေကွက်ခုနစ်ကွက်ပြန်သိမ်းဆည်း

အားမာန်

**ရန်ကုန်၊ အောက်တိုဘာ - ၅**

**နေပြည်တော်တွင်ဟိုတယ်ဆောက်လုပ်ရန် မြေကွက်ရယူထားပြီး လက်တွေ့လုပ်ငန်းဆောင်ရွက်ခြင်းမရှိသော ဟိုတယ်ခုနစ်လုံး၏ မြေကွက်များအား သက်ဆိုင်ရာက ပြန်လည်သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။**

နေပြည်တော်ကောင်စီမှ တာဝန်ရှိသူက စက်တင်ဘာ ၂၆ ရက်တွင် ပြုလုပ်ခဲ့သော နေပြည်တော်ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများနှင့် ဆွေးနွေးပွဲ၌ လုပ်ငန်းဆောင်ရွက်ခြင်းမရှိသောဟိုတယ်ခုနစ်လုံး၏ မြေကွက်များအား ပြန်လည်သိမ်းဆည်းခဲ့ခြင်းကို အသိပေးပြောကြားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအစည်းအဝေးသို့ တက်ရောက်ခဲ့သောဟိုတယ်လုပ်ငန်းရှင်အချို့က ပြောသည်။

မြေကွက် ပြန်အသိမ်းခံခဲ့ရသောဟိုတယ်များသည် မြေကွက်ရယူထားသည်မှာ တစ်နှစ်ဝန်းကျင်ရှိပြီဖြစ်သော်လည်း ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ခြင်းမရှိသောကြောင့်ဖြစ်သည်။ ထို ဟိုတယ်ပိုင်ရှင်များမှာ ပြန်လည်လုပ်ကိုင်ခွင့်ရလိုပါက သက်ဆိုင်ရာသို့ပြန်လည်လျှောက်ထားလျှင် ခွင့်ပြုချက်ပြန်ရနိုင်ဖွယ်ရှိကြောင်း ဟိုတယ်လုပ်ငန်းရှင်အချို့က ၎င်းတို့၏အမြင်ကိုပြောသည်။

ဟိုတယ်မြေပြန်အသိမ်းခံခဲ့ရသောဟိုတယ်ခုနစ်လုံးမှာ ဥတ္တရသီရိမြို့နယ်အတွင်းရှိ နေပြည်တော်ဟိုတယ်ဇုန်(၂)မှဖြစ်သည်။ ထိုဟိုတယ်မြေကွက်များမှာ ရန်ကုန်နှင့် မန္တလေးအခြေစိုက် ဟိုတယ်လုပ်ငန်းရှင်များက ရယူထားကြခြင်းဖြစ်သည်။ နေပြည်တော်ရှိ ဇမ္ဗူသီရိမြို့နယ်တွင် ဟိုတယ်ဇုန်(၁)၊ ဥတ္တရသီရိမြို့နယ်တွင် ဟိုတယ်ဇုန်(၂)ရှိသည်။ ယခုနှစ်ဆန်းပိုင်းမှစတင်၍ ပုဗ္ဗသီရိမြို့နယ်တွင် ဟိုတယ်ဇုန်(၃)ကို အကောင်အထည် ဖော်လျက်ရှိကြောင်းလည်းဒေသခံများကပြောသည်။

ယခုနှစ် နှစ်လယ်ပိုင်းအထိ ဖွင့်လှစ်ပြီးဟိုတယ် ၂၂လုံးရှိပြီး တည်ဆောက်ဆဲဟိုတယ်သစ်များမှာလည်း အလုံးရေဆယ်နှင့်ချီ၍ရှိသည်။ ဆောက်လုပ်ဆဲဟိုတယ်များကို ၂၀၁၃ အရှေ့တောင်အာရှအားကစားပြိုင်ပွဲမတိုင်ခင် အပြီးဆောက်လုပ်ရန် သက်ဆိုင်ရာက အချိန်သတ်မှတ်ပေးထားသည်။

၂၀၁၁ မေလ ဒုတိယပတ်ကလည်း နေပြည်တော်တွင် ဟိုတယ်ဆောက်လုပ်ရန် မြေကွက်ရယူထားပြီး လက်လွှဲရောင်းချမှုများပြုလုပ်ပါက မြေကွက်အားပြန်လည်သိမ်းဆည်းမည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနမှတာဝန်ရှိသူက ဟိုတယ်လုပ်ငန်းရှင်များကိုအသိပေးခဲ့သည်။

## လာမည့်ခရီးသွားရာသီတွင် ဧည့်သည်နှစ်ဆယ်ရာခိုင်နှုန်းခန့် တိုးမည်မှန်း



ယခုကဲ့သို့ မိုးရာသီကာလတွင် အများဆုံးလာရောက်သူများမှာ စပိန်ခရီးသွားများဖြစ်သည် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အောင်သူရ

**ရန်ကုန်၊ အောက်တိုဘာ-၆**

လက်ရှိရရှိထားသော စာရင်းများအရ လာမည့် ခရီးသွားရာသီတွင် နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှု ၂၀ရာခိုင်နှုန်းခန့် တိုးတက်လာနိုင်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးဦးတင်ထွန်းအောင်က ခန့်မှန်းပြောကြားသည်။

"အနောက်ဥရောပက ဧည့်သည်တွေနဲ့ ဥရောပက ဧည့်သည်တွေပိုများလာမယ် ထင်ပါတယ်" ဟု ဦးတင်ထွန်းအောင်က ဆိုသည်။ စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

# ကြက်သွန်နီပြည်ပတင်ပို့မှုကိုလည်းကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြု

**အားမာန်**

**ရန်ကုန်၊ အောက်တိုဘာ - ၆**

ကြက်သွန်နီ ပြည်ပတင်ပို့ခြင်းကို သက်ဆိုင်ရာက အခြားသော လယ်ယာထွက်ကုန်များ နည်းတူ ကုန်သွယ်လုပ်ငန်းခွန်၈ရာခိုင်နှုန်း ကင်းလွတ်ခွင့်ပြုခဲ့ကြောင်း မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက် သွန်ဖြူနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ကြက်သွန်နီပြည်ပပို့ခွင့်ပြုသော်လည်း ဈေးကွက်တွင် လက်လီဝယ်ယူစားသုံးသူတို့ကို သိသိသာသာသက်ရောက်မှုကမရှိသေးပေ**

လပေါင်းအတန်ကြာ ပြည်ပတင်ပို့မှုတားမြစ်ထားသော ကြက်သွန်နီကို ပြည်ပတင်ပို့ခွင့်ပြုခဲ့ရာပြီးခဲ့သည့် စက်တင်ဘာလကုန်ပိုင်းက စူပါစိုးကုမ္ပဏီက တန် ၆၀ ကို ပထမဆုံးအကြိမ်အဖြစ်တင်ပို့ခဲ့သည်။ ထိုသို့ အဆိုပါကုမ္ပဏီက ကြက်သွန်နီ ပြည်ပတင်ပို့ရာတွင် ယခင်က ပေးဆောင်ရသော ကုန်သွယ်လုပ်ငန်းခွန်၈ရာခိုင်နှုန်းကို ပေးဆောင်ရခြင်းမရှိဘဲ ဝင်ငွေခွန် ၂ရာခိုင်နှုန်းသာပေးဆောင်ခဲ့ရကြောင်း အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောသည်။

ကန့်သတ်ထားသော ပြည်ပပို့ကုန်များဖြစ်သော ကြက်သွန်နီ အပါအဝင် ကြက်သွန်ဖြူ၊ မြေပဲဆန်၊ ငရုတ်သီး စသောသီးနှံများကို ဩဂုတ်လ ၁၆ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများက စီးပွားရေး လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီးနောက် ပိုင်း ပြန်လည်ခွင့်ပြုခဲ့သည်။

သို့သော် ကြက်သွန်နီမှာ ပြည်တွင်းဈေးနှုန်း အနည်းငယ်မြင့် တက်လာခြင်း၊ ပြည်ပပို့ကုန် ရငွေတန်ဖိုးကျဆင်းနေခြင်း၊ နိုင်ငံတကာ ကြက်သွန်နီဈေးနှုန်း မကောင်းခြင်းတို့ကြောင့် ပြည်ပတင်ပို့ပါကလည်းတွက်ခြေမကိုက်နိုင်သည့်အတွက် စူပါစိုးကုမ္ပဏီတစ်ခုတည်းကသာ တန် ၆၀ စမ်းသပ်တင်ပို့ခဲ့သည်။ စမ်းသပ်တင်ပို့ပြီးနောက် အဆိုပါကုမ္ပဏီမှာလည်း ထပ်မံ၍ ပို့ကုန်လိုင်စင်လျှောက်ထားခြင်းမရှိတော့ကြောင်း အသင်းမှ တာဝန်ရှိသူက ပြောသည်။

နိုင်ငံတော်အစိုးရက ပြည်ပပို့ကုန်များအပေါ် အခွန်ကောက်ခံခြင်းကို ဇွန်လ ၃၀ ရက်မှစတင်၍ ကုန်သွယ်လုပ်ငန်းခွန် ၃ ရာခိုင်နှုန်း လျှော့ပေးခဲ့သည်။ ထို့နောက် ဩဂုတ်လ ၁၁ ရက်တွင် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရာဘာ၊ တိရစ္ဆာန်ထွက်ပစ္စည်းနှင့် ရေချို၊ ရေငန်ထွက်ပစ္စည်း(ကန့်သတ်ထားသော ပို့ကုန်မပါ)တို့ကို ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ထပ်မံကောက်ခံခြင်းမပြုတော့၍ ထိုကုန်စည်ခုနစ်မျိုးမှာ ဝင်ငွေခွန် ၂ ရာခိုင်နှုန်းသာ ပေးဆောင်ရသည်။ ထို့အပြင် ဩဂုတ်လလယ်ပိုင်းမှ စတင်၍ CMP နှင့် နိုင်ငံခြားဝင်ငွေရရှိသော လုပ်ငန်းလုပ်ကိုင်သူများအားလုံးအပေါ်မှ ကုန်သွယ်လုပ်ငန်းခွန် ၈ ရာခိုင်နှုန်းကောက်ခံမှုကို ခြောက်လကင်းလွတ်ခွင့်ပြုခဲ့သည်။

ထို့ကြောင့် ကြက်သွန်နီမှာ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုကြောင်း ကြေညာသည့် ကုန်စည်များတွင် မပါဝင်သော်လည်း ကင်းလွတ်ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။ ထိုသို့ ကင်းလွတ်ခွင့်ပြုခဲ့သော်လည်း ပို့ကုန်ရငွေ ကျဆင်းခြင်းနှင့်ပြည်ပဈေးမကောင်းခြင်းကြောင့် ကြက်သွန်နီပြည်ပတင်ပို့မှုမှာတွက်ခြေမကိုက်ကြောင်း သတင်းရရှိသည်။

## ကားတင်သွင်းခွင့်လိုင်စင်များကို ရုံးပိတ်ရက်များတွင်ပါ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဝန်ကြီးပြောကြား

**ထူးသန့်**

**နေပြည်တော်၊ အောက်တိုဘာ- ၅**

ကားဟောင်းအပ်နှံပြီး ကားသစ်တင်သွင်းခွင့် ရရှိရန် လိုင်စင်လျှောက်ထားသူများကို လိုအပ်လျှင် စနေနှင့်တနင်္ဂနွေနေ့များတွင်ပါ ရုံးဖွင့်ဆောင်ရွက်ပေးသွားမည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ယနေ့ပြောကြားသွားကြောင်း လိုင်စင်လျှောက်ထားသူတစ်ဦး၏ ပြန်လည်ပြောကြားချက်အရ သိရသည်။

“ဒီနေ့ဝန်ကြီးက ပါမစ်လျှောက်သူတွေကို လာပြောသွားတယ်။ ကားပါမစ်အတွက် လိုအပ်ရင် စနေ၊ တနင်္ဂနွေနေ့တွေမှာပါ ဆောင်ရွက်ပေးပါမယ်ဆိုပြီးတော့ပါ”ဟု ၎င်းက ပြန်လည်ပြောပြခဲ့သည်။ အဆိုပါဝန်ကြီးဌာနတွင် ကားတင်သွင်းခွင့်လိုင်စင် လျှောက်ထားသူ နေ့စဉ် ရာဂဏန်းအထိရှိနေကြောင်း ၎င်း၏အဆိုအရသိရသည်။

ယင်းအခြေအနေအရစနေ၊ တနင်္ဂနွေနေ့များတွင်ပါ ဖွင့်လှစ်ပြီး ဆောင်ရွက်လာပါက အခြားသွင်းကုန်လိုင်စင်များကိုပါ ဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိ/မရှိကိုမူ “အဲဒါကတော့ ဝန်ကြီးကထည့်မပြောဘူးဗျ”ဟု ၎င်းကဆိုသည်။ အဆိုပါဝန်ကြီးဌာနရှိ One Stop Service ထံသို့ စက်တင်ဘာ ၂၀ရက်မှ စတင်၍ ကားတင်သွင်းခွင့်လိုင်စင်များ လျှောက်ထားလျက်ရှိပြီး နေ့ချင်းပြီး ရရှိကြောင်းလည်းသိရသည်။

One Stop Service ဌာနတွင် အကောက်ခွန်၊ စီးပွားကူးသန်း၊ ကညန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဘဏ်စသည့် ဌာနများဖြင့် ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ယခုလ ၄ရက်အထိ မော်တော်ယာဉ်စီးရေ ၁၁၉၃ စီးအတွက် တင်သွင်းခွင့်ပါမစ်များ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။



7DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

## အရက်၊ ဘီယာတံဆိပ်တူ ရေသန့်၊ အချိုရည် ကြော်ငြာများကိုပါ ကြော်ငြာခွင့်ကန့်သတ်

ကျော်သီဟ

ရန်ကုန်၊ အောက်တိုဘာ - ၆

လိုင်းကားများတွင် အရက်၊ ဘီယာကြော်ငြာများ ကြော်ငြာခွင့် ပြုတော့မည်မဟုတ်ကြောင်းနှင့် အရက်၊ ဘီယာတံဆိပ်တူ ရေသန့်၊ အချိုရည်ကြော်ငြာများပါ ကန့်သတ်ခဲ့ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

အရက်၊ ဘီယာကြော်ငြာများကို ရုပ်မြင်သံကြားနှင့် မြို့တွင်းရှိ ဘေလ်ဘုတ်များတွင် ကြော်ငြာခွင့်ကို ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်ခန့်မှစတင်ကာ ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။ ယင်းကြော်ငြာများအား အားကစားပြိုင်ပွဲစပွန်ဆာအဖြစ် ကြော်ငြာခွင့်ကိုလည်း အမှတ်တံဆိပ်အဖြစ်သာ ကြော်ငြာရန် ကန့်သတ်ခဲ့သည်။

ယင်းကဲ့သို့ အရက်၊ ဘီယာကြော်ငြာများ ကန့်သတ်မှုအဆင့်ဆင့်ရှိခဲ့ရာမှ ယခုနောက်ဆုံးအနေဖြင့် ဘတ်စ်ကားများတွင် ကြော်ငြာခြင်းကို ဩဂုတ်လမှစတင်ကာ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနမှ အရက်၊ ဘီယာကြော်ငြာများ ခွင့်ပြုမှု ရပ်ဆိုင်းခဲ့ကြောင်း ဒဂုံဘီယာကုမ္ပဏီတစ်ခုမှတာဝန်ခံတစ်ဦးကဆိုသည်။

"ကြော်ငြာစာချုပ်စရိတ်ငွေ ပြန်အပ်ရတယ်။ ဝယက်အနည်းငယ်တော့ရိုက်သွားတယ်။ ဒါပေမဲ့ အမျိုးသားရေးအတွက်ကြိုဆိုပါတယ်"ဟု ဘီယာကုမ္ပဏီတစ်ခုမှ ကြော်ငြာတာဝန်ခံတစ်ဦးကပြောသည်။

အထူးသဖြင့် လူငယ်များ အတုယူမှားနိုင်သော အများပြည်သူမြင်သာသောနေရာများတွင် အခြားနိုင်ငံများ၌လည်း အရက်၊ဘီယာကြော်ငြာခွင့်ကိုပြုထားခြင်းမရှိကြောင်း အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။ ထို့အပြင် အရက်၊ ဘီယာအမှတ်တံဆိပ်တူ ရေသန့်၊ အချိုရည်များ အမှန်တကယ်ထုတ်လုပ်မှုမရှိဘဲ ကြော်ငြာခြင်းများကိုလည်း ရပ်ဆိုင်းထားသည်။






## ကလေးငယ်များ ပျောက်ဆုံး၊ ဖမ်းဆီးခံရသည့် ကောလာဟလများ ထွက်ပေါ်နေ

နေလင်းအောင်၊ သဇင်ထွေး

ရန်ကုန်၊ အောက်တိုဘာ - ၅

**ကလေးငယ်အများအပြားအား ကိုယ်တွင်းအင်္ဂါများရောင်းစားရန်နှင့် လူကုန်ကူးရန် အစုလိုက်အပြုံလိုက်ဖမ်းဆီးရမိသည်ဟူသော သတင်းများ ယခုရက်ပိုင်းအတွင်း ကျယ်ပြန့်စွာထွက်ပေါ် လျက်ရှိနေပြီး ယင်းသတင်းများမှာ ကောလာဟလဖြစ်နိုင်ချေသက်သက်သာဖြစ်ကြောင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ အရာရှိတစ်ဦးက 7Day News သို့ပြောကြားသည်။**

"ကလေးတွေပျောက်တယ်ဆိုတဲ့ သတင်းတွေတော့ကြားရတယ်။ ကျွန်တော်တို့က သတင်းရတိုင်း သက်ဆိုင်ရာ နယ်မြေစခန်းတွေနဲ့ ချိတ်ဆက်တော့ သတင်းအမှားတွေဆိုတာသိရတယ်"ဟု မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဗဟိုအဖွဲ့မှ ရဲမှူးကြီးညွန့်လှိုင်က ပြောသည်။

ပြီးခဲ့သည့်အပတ်အတွင်းက လှိုင်မြို့နယ်၊ ပိတောက်ချောင်းရဲစခန်းအနီးရပ်ထားသည့်ကုန်ကားပေါ်တွင် ကလေးငယ် ၂၀ဦးခန့်အား ကြိုးတုပ်ဖမ်းဆီးထားသည်ကို ရဲတပ်ဖွဲ့မှ ဖမ်းဆီးခဲ့သည်ဟု သတင်းထွက်ပေါ်ခဲ့ရာ ယင်းသတင်းနှင့်ပတ်သက်၍လည်း ရဲမှူးက ယခုကဲ့သို့ဆိုသည်။

"ကျွန်တော်တို့လည်း ဒီလိုသတင်းတွေကြားပါတယ်။သတင်းက ကောလာဟလပါ။ ပြောရရင်တော့ စစ တုန်းကလို အဖျက်အမှောက်တွေလုပ်တာပါ။ မဟုတ်တာကို အဟုတ်လုပ်ပြောပြီး ပြည်သူတွေထိတ်လန့်အောင်လုပ်နေတာပါ"ဟု ၎င်း၏အမြင်ကိုပြောကြားသွားသည်။


မြစ်ကြီးနားကားဝင်းအတွင်း ခရီးသည်များအား အသိပညာပေး လမ်းကမ်းစာစောင်များ ဝေငှစဉ်

အလားတူ အခြားသော ကောလာဟလများမှာလည်း ကလေးငယ်များအား ဖမ်းဆီး၍ သရက်ရွက်နှင့် ကျောက်ကပ်တို့ ထုတ်ယူ၍ အလောင်းများအား သင်္ချိုင်းအတွင်း စွန့်ပစ်ထားမှုများ ရှိသည်ဟုလည်းပေါ်ထွက်လျက်ရှိနေသည်။

ရန်ကုန်မြို့အပါအဝင် နယ်ဒေသများတွင် ကလေးငယ်များ ပျောက်ဆုံးလျက်ရှိသည်ဟူသော ကောလာဟလများကြောင့် အခြေခံပညာသင်ကျောင်းအချို့တွင် မိဘဆွေမျိုးများမှလွဲ၍ အပြင်လူများ ကျောင်းကြိုခြင်းမပြုရန် ကြေညာချက်များ ထုတ်ပြန်ထားကြောင်းလည်း သိရှိရသည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ရန်ကုန်နှင့်ပြင်ဦးလွင်တို့တွင် ကလေးငယ်များအား ဖြားယောင်းသွေးဆောင်မှု (သတင်းဖော်ပြခဲ့ပြီး အတွဲ-၁၀၊ အမှတ်-၂၉)များဖြစ်ခဲ့ပြီး ယခုနှစ်အတွင်း အလားတူဖြစ်ရပ်များမှာ ရန်ကုန်-မန္တလေးမြို့တို့တွင် အများအပြားဖြစ်ပွားခဲ့ကြောင်းလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဗဟိုအဖွဲ့မှ ထုတ်ပြန်သောသတင်းများအရသိရသည်။

ယခုအခါ ယင်းဖြစ်ရပ်များကြောင့် ကျောင်းများနှင့် ကလေးမိဘအများအပြား စိုးရိမ်လျက်ရှိကြစဉ် ယင်းသို့ကြေညာချက်များ ထွက်ပေါ်လာခြင်းဖြစ်သည်။

"ဆရာမတို့ကျောင်းက မူလတန်းကျောင်းဆိုတော့ မိဘတွေကို လာကြိုဖို့မှာထားတယ်။ လာကြိုဖို့ မိဘမအားရင် လူကြီးမိဘမဟုတ်ရင် သေချာမေးပြီးမှထည့်ပေးတယ်"ဟု မရမ်းကုန်းမြို့နယ်မှ အတန်းမှူးတာဝန်ယူထားသည့် ဆရာမတစ်ဦးက 7Day News သို့ပြောကြားသည်။

အလားတူဖြစ်ရပ်များကြောင့် လှိုင်၊ ရွှေပြည်သာ၊ ကမာရွတ်မြို့နယ်များရှိ ကျောင်းအချို့တွင်လည်း ကျောင်းကြိုခြင်းနှင့်ပတ်သက်၍ ကြေညာချက်များ ထုတ်ပြန်လျက်ရှိကြောင်းသိရသည်။

ယင်းကြေညာချက်များမှာ သက်ဆိုင်ရာမှ ထုတ်ပြန်ခြင်းမျိုးမဟုတ်ဘဲ မိမိတို့ ကျောင်းအလိုက်ကြေညာကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုဖြစ်ပွားမှုနှုန်းမြင့်တက်လာပြီး ယင်းသို့မြင့်တက်လာခြင်းမှာ တိုင်ကြားမှုများတိုးပွားလာခြင်းကြောင့် ဖြစ်ကြောင်းသတင်းရရှိသည်။



7DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

# ၂၀၁၂ နှစ်ဦးပိုင်းမှစတင် အမှိုက်ခွန် နှစ်ဆတိုးမြှင့်ကောက်ခံမည်

မြတ်စုမွန်

ရန်ကုန်၊ အောက်တိုဘာ - ၅

ရန်ကုန်မြို့တော်အတွင်းရှိ မီးဖိုချောင်သုံး နေ့စဉ်စွန့်ပစ်အမှိုက်များအတွက် အမှိုက်ခွန်(သန့်ရှင်းရေးဆောင်ရွက်ခ)ကို လာမည့် နှစ်ဦးပိုင်းမှစတင်၍ လက်ရှိနှုန်းထားထက် နှစ်ဆတိုးမြှင့်ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောသည်။

"ဇန်နဝါရီ၊ ဖေဖော်ဝါရီနဲ့ မတ်လမှာ နှုန်းသစ်နဲ့စကောက်မယ်။ သုံးလတစ်ကြိမ်စီကောက်ခံမယ်"ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူး ဦးနေမျိုးဦးက 7Day News သို့ပြောသည်။

ဌာနမှ လက်ရှိကောက်ခံနေသော မီးဖိုချောင်ထွက်အမှိုက် သိမ်းဆည်းခနှုန်းထားများသည် ဌာနအတွက် အရှုံးခံဝန်ဆောင်ပေးနေသောနှုန်းထားများဖြစ်ပြီး၊ အမှိုက်တစ်တန်သိမ်းဆည်းခကို အခြေခံတွက်ချက်ပါက ဝင်ငွေတစ်ကျပ်ရှိလျှင် ဌာနမှ သုံးစွဲရသည့်ငွေမှာ ခြောက်ကျပ်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"တကယ်တမ်းတော့ နှစ်ဆတိုးကောက်ပေမယ့်လည်း ရှုံးနေသေးတာပဲ။ အရင်းပြန်ကျေဖို့ဆိုရင် ခြောက်ဆတိုးမှ ကာမိမှာ။ ဒါပေမဲ့ မြို့တော်စည်ပင်ရဲ့ ဌာနတွေကရတဲ့ အခွန်တွေကို ဌာနအားလုံးက ဘတ်ဂျက်ပြန်ခွဲယူပြီး သုံးတာဖြစ်လို့ ဒီလိုလုပ်နိုင်တာ"ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့် ရှင်းရေးဌာနမှ လက်ထောက်ဌာန မှူး ဦးနေမျိုးဦးကပြောသည်။

စာ(၁၂)သို့



ရန်ကုန်မြို့ခံအများစုမှာ ကိုယ်ထူကိုယ်ထအမှိုက်စွန့်ပစ်စနစ်ဖြင့်သာ လည်ပတ်နေရသည်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံမည့်သူများ ငှားရမ်းလုပ်ကိုင်ခွင့်မရှိသည့် မြေငါးမျိုးသတ်မှတ်

ပြည့်သိမ်း

ရန်ကုန်၊ အောက်တိုဘာ-၆

ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသူများသည် မြေငါးမျိုး ငှားရမ်းခွင့်မရှိကြောင်းကို ပြည်ထောင်စုအစိုးရက ထုတ်ပြန်သည့် မြေ အသုံး ပြုခွင့်နှင့်ပတ်သက်သော အမိန့်ကြော်ငြာစာတွင်ပါဝင်သည်။

၎င်းမြေများမှာ သာသနာမြေများ၊ နိုင်ငံတော်ကာကွယ်ရေး နှင့် လုံခြုံရေးအတွက် ကန့်သတ်ထားသည့်မြေများ၊ အမှုအခင်းဖြစ်ပွားလျက်ရှိသည့်မြေများ၊ နိုင်ငံတော်ကအခါအားလျော်စွာ ကန့်သတ်ထားသည့်မြေများ၊ ရင်းနှီးမြှုပ်နှံသူ၏ စီးပွားရေးလုပ်ငန်းကြောင့် မြို့ပြလူနေထိုင်မှုတွင် ပတ်ဝန်းကျင်ကို ထိခိုက်စေခြင်း၊ အသံဆူညံမှုဖြစ်စေခြင်း၊ ယဉ်ကျေးမှုထိခိုက်စေခြင်းဖြစ်ပေါ်စေသည့်အရပ်ဒေသ(သို့)အဆောက်အအုံတည်ရှိသည့်မြေများဖြစ်သည်။

ထို့အပြင် ရင်းနှီးမြှုပ်နှံသူ ငှားရမ်းခဲ့သည့် မြေပေါ်တွင် မူလအဆိုပြုထားသည့်လုပ်ငန်းများမဟုတ်ဘဲ အခြားသောလုပ်ငန်းများလုပ် ကိုင်ခြင်း၊ မြေပေါ်မြေအောက်ရှိ သယံဇာတများ ထုတ်ယူခြင်းမပြုလုပ်ရဟု အမိန့်ကြော်ငြာစာတွင် ပါရှိသည်။

ငှားရမ်းထားမြေပေါ်၊ မြေအောက်တွင် ခွင့်ပြုချက်နှင့် မသက်ဆိုင်သည့် သဘာဝသယံဇာတပစ္စည်း၊ ရှေးဟောင်းဝတ္ထုပစ္စည်းတို့ကို တွေ့ခဲ့လျှင် ကော်မရှင်သို့အကြောင်းကြားရမည်၊ ကော်မရှင်က ခွင့်ပြုလျှင် ယင်းမြေပေါ်၌ ဆက်လက်လုပ်ကိုင်နိုင်ပြီး ခွင့်ပြုချက် မရရှိလျှင် အစားထိုးစီစဉ်ပေးသော နေရာသို့ ပြောင်းလဲရမည်ဟု အမိန့်ကြော်ငြာစာတွင် ပါဝင်သည်။

ရင်းနှီးမြှုပ်နှံသူသည် ငှားရမ်းထားသည့်မြေကိုလည်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး၏ ခွင့်ပြုချက်ရမှသာ မြေအနိမ့်အမြင့်၊ သဘာဝမြေမျက်နှာပြင်ကိုပြင်ဆင်ခွင့်ရှိသည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ရေထုလေထုညစ်ညမ်းမှုများဖြစ်လျှင် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ခွင့်မရှိပေ။ အသံဆူညံမှု၊ ယဉ်ကျေးမှုအရလည်းကောင်း၊ ပတ်ဝန်းကျင်၌ နေထိုင်သူများ အနှောင့်အယှက်ဖြစ်သည်ဟု သက်ဆိုင်သည့်လူများက တရားဝင် ကန့်ကွက်လျှင် ငှားရမ်းခွင့်(သို့) အသုံးပြုခွင့်ကို ရပ်ဆိုင်းမည်ဟု အမိန့်ကြော်ငြာစာတွင်ပါဝင်သည်။



7 DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

## ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၂ရက်မှ ၁၈ ရက်အထိ

## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ် လာနိုင်ပြီး ပိုမိုအားကောင်းလာဖွယ်ရာ ရှိပါတယ်။ ကျန်ဘင်္ဂလားပင်လယ်အော်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုကြောင့် လှိုင်းအသင့်အတင့်ရှိနိုင်ပါတယ်။ ရေပြင်မြေပြင်လေဟာတစ်နာရီ ၂၀ မိုင်မှ ၂၅ မိုင်ခန့်အထိ တိုက်ခတ်နိုင်ပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်း ရွာသွန်းခဲ့သော မိုးရေချိန်များမှာ မိုးရေချိန် ၀ ဒသမ ၂လက်မမှ ၀ ဒသမ ၈လက်မအထိ ရွာသွန်းသောဒေသများမှာ ချင်းပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်း၊ကချင်ပြည်နယ်မြောက်ပိုင်းစွန်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကယားပြည်နယ်၊ ပဲခူးတိုင်းအရှေ့မြောက်ပိုင်းနဲ့ အနောက်မြောက်ပိုင်း၊ မိုးရေချိန် ၂ ဒသမ ၀ လက်မမှ ၄ ဒသမ ၀ လက်မအထိ ရွာသွန်းသောဒေသများမှာ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ မကွေးတိုင်းအလယ်ပိုင်း၊ မွန်ပြည်နယ်မြောက်ဘက်ကမ်းရိုးတန်းဒေသ၊ ကရင်ပြည်နယ်အလယ်ပိုင်းဒေသ၊ မိုးရေချိန် ၀ ဒသမ ၈ လက်မမှ ၂ ဒသမ ၀ လက်မအထိ ရွာသွန်းသော ဒေသများမှာ ကျန်ဒေသများအားလုံးဖြစ်ကြပါတယ်။

လာမယ့် ခန့်မှန်းကာလ ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံဘက်ဆီကိုအရှေ့ဘက်ကရွေ့လျားလာတဲ့မုန်တိုင်းအကြွင်းအကျန်တိမ်တိုက်များ ဖြတ်သန်းသွားနိုင်ခြင်းမရှိပါ။ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပါတယ်။ လာမယ့် ရက်သတ္တတစ်ပတ်အတွင်း မိုးအားသိသိသာသာ လျော့ကျလာဖွယ်ရှိနေပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ မကွေးတိုင်းအလယ်ပိုင်း၊ မွန်ပြည်နယ်မြောက်ပိုင်း၊ ကရင်ပြည်နယ်အလယ်ပိုင်းတို့မှာ သုံးရက်၊ လေးရက်ခန့်နဲ့ ကျန်ဒေသများမှာ ၁ ရက်မှ ၂ ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာသွန်းနိုင်ပါတယ်။

**နေ့အပူချိန်များ**

နေ့အပူချိန်များ အနေနဲ့ကတော့ တစ်ပြည်လုံးမှာနေ့အပူချိန်များ ဖြစ်မြဲရဲ့အောက် လျော့နည်းနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံ တစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိရေအမှတ်များအောက်ကို ကျဆင်းသွားနိုင်ပါတယ်။ ဒါကြောင့် စိုးရိမ်ရေအမှတ်များအထက် ကျော်လွန်ရောက်ရှိနေသော မြစ်ရေများဟာ စိုးရိမ်ရေအမှတ်ရဲ့အောက်ကို ကျဆင်းသွားနိုင်ပြီး မြစ်ငယ်များကတော့ စိုးရိမ်ရေအမှတ်များ ဝန်းကျင်မှာပဲ ဆက်လက်ရှိနေနိုင်ပါတယ်။ အခြားသော မြစ်များတို့တွင် ရေများဆက်လက်တက်လာနိုင်သော်လည်း စိုးရိမ်ရေအမှတ်များကို ရောက်ရှိနိုင်ဖွယ်မရှိပါ။ ခြွင်းချက်အနေနဲ့ကတော့ မိုးဆက်တိုက် ၃ ရက်မှ ၄ ရက်ခန့် ဆက်တိုက်ရွာသွန်းပါက စစ်တောင်း၊ သံလွင်၊ ငဝန်နဲ့ ပဲခူးမြစ်တို့မှာ စိုးရိမ်ရေမှတ်များဆီကို ပြန်လည်ရောက်ရှိလာဖွယ်ရာ ရှိပါတယ်။

**တောင်တရုတ်ပင်လယ်ပြင် အခြေအနေ**

မြောက်ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းတွင် ခန့်မှန်းကာလအတွင်း မုန်တိုင်းတစ်လုံးဖြစ်ပေါ် လာနိုင်ပေမယ့်မြန်မာနိုင်ငံဘက်ဆီကိုတော့ရောက်ရှိလာနိုင်ဖွယ်ရာမရှိပါဘူးလို့ခန့်မှန်းရပါတယ်။

**ဒေါက်တာထွန်းလွင်**

**ပြင်ဆင်ချက်**

7Day News ဂျာနယ် အတွဲ(၁၀) အမှတ် (၂၈) စာမျက်နှာ ၁၄ တွင် ဖော်ပြပါရှိသည့် ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းများ ပြန်လည်ဆန်းစစ်သုံးသပ်သတင်းတွင် အဓိက သင်ရိုးညွှန်းတမ်းအစား အဓိကဆေးဝါး (Essential Drug) ကို သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းသင်ကြားမှုကို ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းဟူ၍ လည်းကောင်း၊ စာ(၂၂) တွင် ပါဝင်ခဲ့သော 'ပုဂ္ဂလိကကျောင်းများ ဖွင့်ရန်ပြင်ဆင်ကြပြီ' ဆောင်းပါးအဆုံးပိုဒ်၌ 'အညံ့စားကျောင်းတွေဖြစ်နေရအောင်' အစား 'ဖြစ်မနေရအောင်'ဟူ၍ လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**အယ်ဒီတာ**

# နိုင်ငံတော်သမ္မတ အိန္ဒိယသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

**ရန်ကုန်- အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံသမ္မတဦးသိန်းစိန်သည်အိန္ဒိယနိုင်ငံမှသမ္မတမစ္စစ်ပရာတီဘာဒေဗီဆင်းပတေးလ်၏ဖိတ်ကြားချက်ဖြင့် အိန္ဒိယနိုင်ငံသို့မကြာမီသွားရောက်မည်ဖြစ်ကြောင်း အောက်တိုဘာ၁၀ရက်ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးဖြစ်သူတို့သည် အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် အလည်အပတ်သွားရောက်မည်ဖြစ်ပြီး ယခုခရီးစဉ်သည် သမ္မတအဖြစ်တာဝန်ယူပြီးနောက် တတိယအကြိမ်အဖြစ်သွားရောက်သည့်ခရီးစဉ်ဖြစ်သည်။

မတ်လ၃၀ရက်နေ့မှစတင်ကာ သမ္မတအဖြစ်တာဝန်ယူခဲ့ပြီးနောက် သမ္မတဦးသိန်းစိန်သည် အင်ဒိုနီးရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ အိန္ဒိယနိုင်ငံသည်တရုတ်နှင့်ထိုင်းနိုင်ငံပြီးလျှင်မြန်မာနှင့်အများဆုံးကုန်သွယ်ဘက်နိုင်ငံဖြစ်ပြီး ယခုခရီးစဉ်မှာမြန်မာနှင့်အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်ရေးပိုမိုကောင်းမွန်လာစေရေးနှင့်နှစ်နိုင်ငံချစ်ကြည်ရေးအတွက် မျှော်လင့်ရသောခရီးစဉ်တစ်ခုဖြစ်ကြောင်းမြန်မာလုပ်ငန်းရှင်များကခန့်မှန်းနေကြသည်။ ကားတင်သွင်းခွင့်များတရားဝင်ခွင့်ပြုလိုက်ပြီးနောက် အိန္ဒိယနိုင်ငံထုတ် တာတာကားများကိုပြပွဲအဖြစ်ပြသသွားမည့် ပြပွဲတစ်ရပ်ကိုလည်းလာမည့်လအတွင်းကျင်းပသွားရန်ရှိနေသည်။

# ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် ငရုတ်သီးပြည်ပတင်ပို့မှု စားဖိုဆောင်သီးနှံအသင်းကို စီမံလုပ်ကိုင်ခွင့်ပြု

## ဆောင်းကြက်သွန်နီများကို ပြည်ပသို့ ဆက်တိုက်တင်ပို့ခွင့်ပြုမည်ဖြစ်၍ တောင်သူများ အားထည့်စိုက်ပျိုးရန် တာဝန်ရှိသူ အကြံပြု

**အားမာန်**

**ရန်ကုန်၊ အောက်တိုဘာ-၈**



ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် ငရုတ်သီးပြည်ပတင်ပို့မှုကိုမြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက် သွန်ဖြူနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်း၏ အစီအမံဖြင့် လုပ်ကိုင်ရန် ပထမဆုံးအကြိမ်ဖြစ်စတင်ခွင့်ပြုလိုက်ကြောင်း အဆိုပါအသင်းမှ တာဝန်ရှိသူက ပြောသည်။

"အသင်းကို ဦးဆောင်ပြီး ကြက် သွန် နီ၊ ကြက် သွန် ဖြူနဲ့ ငရုတ်သီးပြည်ပတင်ပို့မှုကို စီမံလုပ်ကိုင်ဖို့ ပထမဆုံး လုပ်ကိုင်ခွင့်ပေးလိုက်တာပါ။ကြက်သွန်နီ၊ကြက်သွန်ဖြူနဲ့ ငရုတ်သီးတို့ကို အခုပြည်ပတင်ပို့ခွင့် ပိတ်မထားတော့ဘူး"ဟု အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများက စီးပွားရေးလုပ်ငန်းရှင်များနှင့် သြဂုတ်လ ၁၆ ရက်တွင် တွေ့ဆုံပြီးနောက်ကြက်သွန်နီအပါအဝင်ကြက်သွန်ဖြူ၊ ငရုတ်သီး၊ မြေပဲ ဆံတို့ကို ပြည်ပတင်ပို့ခွင့်ပြုခဲ့သည်။ သို့သော် ယခင်ကန့်သတ်ထားသော အဆိုပါကုန်စည်များ တင်ပို့ခွင့်ပြုရာတွင် ယခင်ကဲ့သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စီမံခွင့်ပြုခြင်းမဟုတ်တော့ဘဲ မြန်မာနိုင်ငံကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကို ဦးဆောင်စီမံလုပ်ကိုင်စေခဲ့ခြင်းဖြစ်သည်။

ထိုသို့ အထက်ပါအသင်းကို ကြက်သွန်နီ ပြည်ပတင်ပို့မှု စီမံလုပ်ကိုင်ခွင့်ပြုရန် ခွင့်ပြုထားကြောင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်က သြဂုတ် ၁၉ ရက်တွင် 7Day News သို့ ပြောသည်။

အသင်းကို စီမံလုပ်ကိုင်ခွင့်ပြုသော်လည်း ကုမ္ပဏီ တစ်ခုသာကြက်သွန်နီ တန်ချိန် ၆၀ စမ်းသပ်တင်ပို့ခဲ့သည်။ ကြက်သွန်နီမှာ နိုင်ငံတကာဈေး မကောင်းခြင်း၊ ပြည်တွင်းရှိ သိုလှောင်ထားသော ကြက်သွန်နီများမှာ အညှောင့်ပေါက်ခါးနီးပြီး အရည်အသွေးကျဆင်းရန် နီးကပ်လာခြင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးကြက်သွန်အထွက်နည်းရခြင်းတို့ကြောင့် အသင်းက ပြည်ပတင်ပို့မှု ဆက်လက်ခွင့်ပြုရန်သင့်၊မသင့်ကိုတွက်ချက်နေသည်။

သို့သော်လက်ရှိအခြေအနေမှာပင် ပြည်ပတင်ပို့လိုသော ကုမ္ပဏီရှိလာပါကပြည်တွင်းဈေးကွက်အခြေအနေ၊ ပြည်ပဈေးကွက်အခြေအနေတို့ကို ချင့်ချိန်၍ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသင်းမှ တာဝန်ရှိသူက ဆက်လက်ပြောသည်။ စူပါစိုးကုမ္ပဏီ တန်ချိန် ၆၀ ပြည်ပတင်ပို့ပြီးနောက် ထပ်မံလျှောက်ထားသော ကုမ္ပဏီယနေ့အထိ မရှိသေးကြောင်းလည်း သတင်းရရှိသည်။

"ဒီနှစ်ဆက်လက် တင်ပို့နိုင်ရေးထက် လာမယ့်ဆောင်းကြက်သွန်နီကျမှ တောင်သူလည်း မထိခိုက်အောင်၊ စားသုံးသူလည်း မထိခိုက်အောင် ပြည်ပဈေးကွက်ကိုလည်း ရရှိအောင်၊တင်ပို့ခွင့်ကို ဖွင့်လိုက်၊ ပိတ်လိုက်လည်း မဖြစ်ရအောင် အသင်းကိုအားကောင်းလာအောင် လုပ်ထားဖို့ ပြင်ဆင်စီစဉ်ထားတယ်။ ဒါကြောင့် လာမယ့်ဆောင်းကြက်သွန်ကိုတော့ ပြည်ပတင်ပို့ခွင့် ပြုမှာ သိထားပြီး၊ တောင်သူတွေ များများ စိုက်ပျိုးစေချင်တယ်"ဟု အသင်းမှ တာဝန်ရှိသူက ပြောသည်။

လက်ရှိတွင်နိုင်ငံတကာဈေးကွက်၌ အိန္ဒိယကြက်သွန်နီ ပေါများစွာ ဝင်ရောက်နေပြီး ဈေးကျဆင်းနေခြင်း၊ ပြည်တွင်း၌ ပို့ကုန်ရငွေတန် ဖိုးကျဆင်းနေခြင်း၊ မိုးကြက်သွန် အထွက်လျော့နည်းနေခြင်းတို့ကြောင့် ယခုကာလတွင် ကြက်သွန်တင်ပို့ပါကလည်း တွက်ချေမကိုက်နိုင်ဟု ကြက်သွန်နီပြည်ပတင်ပို့သော ကုမ္ပဏီတစ်ခုတာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်တွင်း ဈေးကွက်တွင် ကြက်သွန်နီလက်ကားဈေးမှာ အနိမ့်ဆုံး ၈၀၀ ကျပ်ကျော်မှ အမြင့်ဆုံး ၉၅၀ ကျပ်အတွင်းရှိသည်။ အောက်တိုဘာလဆန်းပိုင်းအတွင်း မြစ်သားနှင့် ကျောက်ဆည်မြို့နယ်များတွင် မြစ်ရေလျှံသဖြင့် ကြက်သွန်နီစိုက်ခင်းများစွာ ပျက်စီးခဲ့ပြီး၊ အခြားကြက်သွန်နီစိုက်ပျိုးသောဒေသများတွင်လည်း ရာသီဥတု ဖောက်ပြန်မှုကြောင့် မိုးကြက်သွန်နီ အထွက်လျော့နိုင်ကြောင်း သတင်းရရှိသည်။

ငရုတ်သီးနှင့် ကြက်သွန်ဖြူတို့ကိုလည်း ပြည်ပတင်ပို့ခွင့်ပြုထားသော်လည်း အောက်တိုဘာလပထမပတ်အထိ ပို့ကုန်လိုင်စင်လျှောက်ထားသူ မရှိသေးကြောင်း သတင်းရရှိသည်။

အထက်ပါ အသင်းကို စက်တင်ဘာ ၅ ရက်က ပြန်လည်ဖွဲ့စည်းခဲ့သည်။ သို့သော် ဗဟိုအလုပ်ဆောင်အဖွဲ့ဝင် အများစုမှာ နေရာအပြောင်းအလဲမရှိ ပေ။ ဥက္ကဋ္ဌမှာ ဦးအုန်းဆိုင်ဖြစ်ပြီး၊ ဒုတိယဥက္ကဋ္ဌနှစ်ဦးရှိကာ ဦးအောင်ကျော်မိုးနဲ့ ဦးမောင်မောင်ခိုင်တို့ဖြစ်သည်။ အတွင်းရေးမှူးမှာ ဦးအောင်မြတ်ကိုဖြစ်ပြီး ဘဏ္ဍာရေးမှူးမှာ ဦးခင်ဟန်ဖြစ်ကာ ပြန်ကြားရေးတာဝန်ခံမှာ ဒေါ်ထူးထူးလတ်ဖြစ်သည်။

# သီးလေးသီးက ကိုယ်အင်္ဂါ မသန်စွမ်းသူများ အသင်း ရန်ပုံငွေပွဲကမည်

**မြတ်စုမွန်**


**ရန်ကုန်၊ အောက်တိုဘာ - ၈**

သီးလေးသီးဆေးရောင်စုံအငြိမ့်အဖွဲ့က မြန်မာနိုင်ငံကိုယ်အင်္ဂါ မသန်စွမ်းသူများ အသင်းရန်ပုံငွေပွဲအဖြစ် မန္တလေးမြို့အမျိုးသားကဇာတ်ရုံ၌ လာမည့် နိုဝင်ဘာ ၅ ရက်တွင် ညနေ ၇ နာရီမှ ည ၉ နာရီအထိ ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း အသင်းအတွင်းရေးမှူးကပြောသည်။

"သီးလေးသီးအငြိမ့်အဖွဲ့ မြန်မာပြည်ပြန်ရောက်ပြီးမှ ဒုတိယအကြိမ်ကပြမယ့်ပွဲပေါ့။ သူတို့က အသင်းအတွက် ရန်ပုံငွေရှာပေးမယ့်ကုသိုလ်ဖြစ်ပွဲပေါ့"ဟု မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းအတွင်းရေးမှူး ဦးအေးကိုကိုကပြောသည်။ အဆိုပါ ရန်ပုံငွေအငြိမ့်ပွဲတွင် လူရွှင်တော်များဖြစ်သည့် ကျော်ထူး၊ ဂေါ်ဇီလာ၊ စိန်သီး၊ ဇီးသီး၊ ခေါင်းဆောင်မင်းသမီးချောစုမျိုးနှင့် ရှေ့ထွက်မင်းသမီး သစ်သစ်လွင်တို့က ရွာစားစံရင်ဆိုင်းအဖွဲ့နှင့်ကပြ ဖျော်ဖြေသွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

မန္တလေးတွင်ပြုလုပ်မည့် သီး လေးသီးဆေးရောင်စုံအငြိမ့်အတွက် လက်မှတ်နှုန်းထားများကိုတစ်စောင်လျှင် တစ်သောင်းကျပ်၊ ငါးထောင်ကျပ်နှင့် သုံးထောင်ကျပ်ဟု သတ်မှတ်ထားပြီး၊ ယခုလ ၂၀ရက်နောက်ပိုင်းမှစတင်ကာမြန်မာနိုင်ငံကိုယ်အင်္ဂါ မသန်စွမ်းသူများ အသင်း(မန္တလေး)၊ အမှတ်-ဖ/၈၊ ၅၉လမ်း၊ မနော်ဟရီ(တောင်ဘက်)၊ ကန်သာယာရပ်ကွက်တွင် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

Life
7DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011



**“ဝုန်း” “ဂလုန်း”**

နံနက်ခင်းနေရောင်လင်း ခါစ အိမ်ရှေ့မှ ကျယ်လောင်သောအသံနှစ်ခု ထပ်ဆင့်ကြားလိုက်ရသည်။

“ဟိုက်၊ တစ်ခုခုတော့ ဝင်တိုက်ပြီ”ဟု ရေရွတ်ကာ ခြံရှေ့ကို ထွက်ကြည့်လိုက်တော့ ညာဘက်ဘေးအိမ်က ခြံတံခါးကို ကောင်လေးတစ်ယောက် ဆိုင်ကယ်စီးပြီး ဝင်တိုက်သော အသံဖြစ်သည်။

# ပြောင်မာသောနလုံးသားများ တံခါးအပွင့်မှာ

ရွှေပြည်သီရိ(ပြင်ဦးလွင်)

သံတံခါးမှာ အနံ့ငါးပေ၊ အလျားရှစ်ပေရှိပြီး အောက်ခြေတွင် သံဘီးတပ်ထား၍ လျှောက်လမ်းပါသော ဘေးတိုက်ထိုးတံခါးဖြစ်သည်။ သံတံခါးကို ဆိုင်ကယ်နှင့် “ဝုန်း” ခနဲ ဝင်တိုက်ကာ သံတံခါးလန်၍ ကျွံဝင်သွားသည်။ ထို့နောက် အရှိန်မသေသေးဘဲ အိမ်နံရံနှင့်ဝင် တိုက်ကာ ဆိုင်ကယ်လဲသွားသဖြင့် “ဂလုန်း” ခနဲ မြည်သွားပုံပေါ်သည်။

ဆိုင်ကယ်ပိ၍ လဲနေသော ကောင်လေးကို တစ်ဖက်ခြံရှေ့က သံပန်းသံတံခါးအလုပ်သမားများ လာထူပေးသည်ကို တွေ့လိုက်ရသည်။ အိမ်နံရံနှင့် ခေါင်းပစ်ဆောင့်လိုက်ပုံရသည်။ ဆိုင်ကယ်စီးဦးထုပ် ဆောင်းထားသဖြင့် ခေါင်းမကွဲဦးထုပ်ကွဲသွားသည်။ ကောင်လေးအတော် ကံကောင်းသည်။ ခေါင်းမထိ သွေးထွက်သံယိုများများစားစားမရှိ၊ ခြေထောက်တစ်ဖက်ကတော့ အတော်နာသွားပုံရသည်။ ဆိုင်ကယ်ပိ၍ဖြစ်နိုင်သည်။ ဆိုင်ကယ်မှာတော့ ရှေ့ဘီးနှင့် စတီယာရင်က တစ်ပိုင်း၊ အင်ဂျင်ထိုင်ခုံနှင့် နောက်ဘီးက တစ်ပိုင်းနှစ်ပိုင်းဖြစ်သွားသည်။

ပြင်ဦးလွင်မြို့၊ ဗိုလ်ချုပ်လမ်း၊ ကားလမ်းဘေးခြံမှာဖြစ်ပါသည်။ ကတ္တရာလမ်းအစပ်နဲ့ ခြံဝတံခါးတစ်ဆယ့်ငါးပေမျှဝေးပါသည်။ လမ်းပခုံးနှင့်ခြံဝမှာ ဆင်ခြေလျှောဖြစ်၍ တစ်ဆယ့်ခြောက်လက်မခန့်သာ နိမ့်ပါသည်။


ဆိုင်ကယ်စီး၍ ဝင်တိုက်သော ကောင်လေးမှာ အသက်အစိတ်လောက်သာရှိပုံရသည်။ မေးကြည့်တော့ သံပန်းတံခါးလုပ်ငန်းမှာ အလုပ်လုပ်နေသော ကောင်လေးဖြစ်ပါသည်။ ကောင်လေးစီးလာသော ဆိုင်ကယ်မှာ သူတို့အလုပ်ရှင် သံပန်းသံတံခါးဆရာ၏ ဆိုင်ကယ်ဖြစ်ပါသည်။

ဒီအဖြစ်အပျက်မှာ ဆိုင်ကယ်နဲ့ ဝင်တိုးမိလို့ သံတံခါးပွင့်သွား၊ လန်သွားသလို ခြံပိုင်ရှင်နဲ့ သံပန်းဆရာတို့ရဲ့ စိတ်ဓာတ်တံခါးနှစ်ချပ်ကလည်း ပွင့်အံလာပါတော့သည်။

မတော်တဆဖြစ်သွားတဲ့ ကောင်လေးကို “ဘာဖြစ်သွားသေးလဲ၊ ဆေးခန်းသွားမလား၊ ဆေးရုံသွားမလား” ဆိုတဲ့ ကရုဏာသံမကြားရ။ အိမ်ရှင်က ကောင်လေးဘာဖြစ်သွားလဲ စိတ်မဝင်စား။ သူ့ခြံတံခါးပျက်သွားတာကိုပဲ ဒေါသထွက်နေပုံရသည်။ သူ့ခြံတံခါးပျက်သွားပြီ။ ဘယ်လိုလုပ်ပေးမှာလဲလို့ ပြောချင်တဲ့ အကြည့်မျိုးနဲ့ ခါးထောက်ပြီး စူးစူးဝါးဝါးကြည့်နေသည်။ ကောင်လေးရဲ့ သံပန်းဆရာအလုပ်ရှင်ကလည်း အနာတရဖြစ်နေသော ကောင်လေးကို အာရုံမထားမသနား၊ ပျက်စီးသွားသော သူ့ဆိုင်ကယ်ကို တွေတွေကြီးကြည့်ကာ နှုတ်ခမ်းကိုက်လျက်ပင်။

စာ(၁၁)သို့



ဓာတ်ပုံ - ရဲမောင်မောင်(အမရပူရ)

**အိဖြူလွင်**

မိုးလေကင်းလွတ်၊ သီတင်းကျွတ်လ မီးထွန်းပွဲ၏ သင်္ကေတတစ်ခုဖြစ်သော ဆီမီးရောင်စုံတို့က လျှပ်စစ်မီးရောင်စုံအဖြစ် ပြောင်းလဲထိန်းညီးသော လရာသီအချိန်ခါ ရောက်ရှိနေပါပြီ။

ဆီနှင့် မီးစာကြိုးတပ်ထားသော ဆီမီးခွက်များ၊ ရောင်စုံဖယောင်းတိုင်များ ထွန်းညှိသော ခေတ်မှ လျှပ်စစ်မီးသီးရောင်စုံ မီးသီး၊ မီးပုံးများ၊ မီးကျည်များတို့ဖြင့် အလှဆင်သော ခေတ်သို့ ပြောင်းလဲသွားသည့်တိုင် သီတင်းကျွတ်အဆင်တန်ဆာအဖြစ် ရိုးရာ ကိုးကွယ်ယုံကြည်မှုအဖြစ် သီတင်းကျွတ်ကာလမှာ အလှဆင်မီးများရဲ့ မီးကျည်၊ မီးပန်းများရဲ့ ဈေးပွဲတော်တစ်ခုလည်းဖြစ်နေပါသေးတယ်။

သီတင်းကျွတ်ပွဲတော်ရက်တွင် မိမိနေအိမ်တစ်ခုတည်း အလှဆင်မီးရောင် ကင်းမဲ့မနေစေရန် လူကြီးများက အလှဆင် မီးပုံးများ ဝယ်ယူလေ့ရှိသလို ကလေးလူငယ်များကလည်း ရောင်စုံအလှဆင် မီးပုံး၊ မီးသီးများကို ဝယ်ယူတတ်ကြတာပါ။

ဒါ့ကြောင့် ဒီတစ်ပတ် ဈေးဝယ်ထွက်ချင်သူတွေကို မီးထွန်းပွဲတော်ရက်မှာ သူများနည်းတူ ကိုယ့်အိမ်လေး အလှဆင်နိုင်ဖို့အတွက် ရောင်စုံမီးပုံးလှလှတွေကို အစုံလင်ဆုံးရနိုင်တဲ့နေရာ သွားကြည့်ဖို့ တိုက်တွန်းချင်ပါတယ်။ ဒီတစ်ပတ်မှာ အရင်လိုဆိုင်တစ်ဆိုင်တည်းမလုံလောက်လို့ ဈေးတန်းတစ်ခုလုံးကို ဈေးဝယ်ထွက်ဖို့လမ်းညွှန်ချင်တာပါ။ ဈေးတန်းတစ်ခုလုံးမှာ ရောင်စုံမီးပုံးရောင်းတဲ့ ဆိုင်တွေကို အများအပြားတွေ့နိုင်သလို ဒီဇိုင်းစုံထွက်တဲ့ မီးပုံးအကြီးအသေးမျိုးစုံကိုလည်း တွေ့နိုင်ပါသေးတယ်။

ဒီနှစ်မှာ ဒီဇိုင်းသစ်ထွက်တဲ့ လေးဆင့်တွဲ မီးပုံးတွေ အပါအဝင် ပလတ်စတစ်အမာ အချပ်တွဲတွေနဲ့ပြုလုပ်ထားတဲ့ အတွန့်အခေါက်တွေ အများကြီးနဲ့ မီးပုံးတွေကိုလည်း တွေ့နိုင်ပါတယ်။

နေအိမ်တွေ၊ ဆိုင်တွေမှာ မီးပုံးတစ်လုံးတည်းနဲ့ အလှဆင်ချင်သူတွေက မီးပုံးအကြီးတွေကို ကြိုက်နှစ်သက်မှာဖြစ်ပြီး ရောင်စုံမီးပုံးသေးတွေကိုပဲ အများအပြားချိတ်ပြီး အလှဆင်ဖို့လည်း ရွေးချယ်နိုင်ပါသေးတယ်။ တချို့ မီးပုံးတွေက အထဲမှာ ဓာတ်ခဲနဲ့ထွန်းလို့ရတဲ့ မီးသီးလေးတွေပါ တစ်ခါတည်းပါပြီး တချို့မီးပုံးတွေကတော့ ဖယောင်းတိုင်ပဲ ထည့်ထွန်းလို့ရတဲ့ မီးပုံးတွေပါ။

တရုတ်နိုင်ငံက တင်သွင်းတဲ့ မီးပုံးတွေကတော့ စက္ကူသားနဲ့ အရောင်ပိုင်းတွေမှာ ပြည်တွင်းထုတ်မီးပုံးတွေနဲ့ ကွာခြားသွားပြီး ဈေးနှုန်းလည်းကွာပါတယ်။

ဒီနှစ်ထွက်တဲ့ မီးပုံးဒီဇိုင်းတွေက ကာတွန်းဇာတ်ကောင်ရုပ်လေးတွေနဲ့ အရောင်တောက်တောက်မီးပုံးလေးတွေ ပိုများလာပြီး ကလေးတွေအကြိုက်တွေ့မှာကတော့ အသေအချာပါပဲ။

ပြည်တွင်းထုတ်မီးပုံးတွေရဲ့ ဈေးနှုန်းက ကျပ် ၅၀၀ ဝန်းကျင်ခန့်ရှိပြီး တရုတ်နိုင်ငံကသွင်းတဲ့မီးပုံးတွေကတော့ ကျပ်၁၅၀၀ဝန်းကျင်ခန့်ကနေစပြီး အရွယ်အစားနဲ့ ပုံစံကိုလိုက်လို့ ဈေးနှုန်း ကွာခြားသွားတာပါ။ ဈေးတန်းတစ်ခုလုံးမှာ ရောင်စုံမီးပုံးတွေအပြင် ပွဲတော်ရက်အတွက် စားစရာမုန့်မျိုးစုံတွေ ဖယောင်းတိုင်အမွှေးတိုင်တွေလည်း အစုံရှိတော့ကြောင့် မီးထွန်းပွဲတော်အတွက် ဈေးဝယ်ထွက်မယ်ဆိုရင် လသာမြို့နယ်က တရုတ်တန်းလို့ခေါ်တဲ့ မဟာဗန္ဓုလလမ်းမပေါ်က ဈေးတန်းကို တစ်ခေါက်လောက်သာ လမ်းလျှောက်ကြည့်ဖို့ တိုက်တွန်းပါတယ်. . . .။





# ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဖီ

## ပဲပြားကြက်ဥကြော်

ဒီတစ်ပတ်တော့ ပေါ့ပေါ့ပါးပါး စားလို့ရမယ့် စားဖွယ်တစ်မျိုးကို စီစဉ်ထားပါတယ်။ ထမင်းဝိုင်းမှာထက် နံနက်စာ စားချိန်မှာ ဒါမှမဟုတ် နေ့ခင်း၊ နေ့လယ် အစာပြေစားလို့ အဆင်ပြေစေမယ့် ပဲပြားကြက်ဥကြော်ဖြစ်ပါတယ်။

ပဲပြားကြက်ဥကြော်အတွက် လတ်ဆတ်တဲ့ပဲပြားမာမာ နှစ်တုံး၊ ကြက်ဥတစ်လုံးပဲလိုပါတယ်။ ပဲပြားကြက်ဥကြော်အတွက် အဓိကတွဲဖက်စားမယ့် အချဉ်ရေကတော့ ပဲပြားကြော် အရသာတွေ့ဖို့အတွက် အဓိကကျပါတယ်။

ပထမဆုံး အချဉ်ရေစပ်ပါမယ်။ ကြက်သွန်ဖြူနဲ့ ချင်းအနည်းငယ်ကို ထောင်းပါမယ်။ မန်ကျည်းသီးမှည့်အနည်းငယ်ကို စင်ကြယ်စွာဆေးပြီး ရေနွေးနွေးနဲ့စိမ်ထားပါ။ ပြီးရင် မန်ကျည်းနှစ်ရအောင် ညှစ်ယူပြီး ထောင်းထားတဲ့ ချင်း၊ ကြက်သွန်ဖြူ ထည့်ပါမယ်။ ငရုတ်သီးစိမ်းနဲ့ နံနံပင် ပါးပါးလှီးထားတာထည့်ပါ။ ဆားနဲ့ဟင်းခတ်မှုန့်ထည့်ပြီး မွှေလိုက်ရင် အရသာရှိလှတဲ့ မန်ကျည်းချဉ်ရည်ရပါပြီ။

အချဉ်အဆင်သင့် ဖြစ်ရင် ပဲပြားကို စကြော်ပါမယ်။ အရင်ဆုံး ပဲပြားကို တြိဂံပုံပါးပါးလေးတွေရအောင် လှီးပါမယ်။ အထူအပါးညီဖို့ အရေးကြီးပါတယ်။ လှီးပြီးတဲ့ ပဲပြားလေးတွေကို ပဲငံပြာရည်အကြည်၊ ဆား၊ ဟင်းခတ်မှုန့်ရောမွှေထားတဲ့ အရည်နဲ့ အရသာဝင်အောင် သုပ်ပေးပါ။ ပြီးရင်ပဲပြားလေးတွေရဲသွားအောင် ကြော်လိုက်ပါမယ်။ အတွင်းသားကြက်အောင် ကြက်ဥမထည့်ခင် ကြော်တာဖြစ်ပါတယ်။ ပဲပြားလေးတွေ ဆီထဲက ဆယ်ပြီးရင် အရသာမထည့်ဘဲ မွှေထားတဲ့ ကြက်ဥထဲကို တစ်ခုချင်းစီ နှစ်၊နှစ်ပြီး တစ်ချပ်ချင်းစီ မီးအေးအေးနဲ့ ကြော်ရုံပါပဲ။

ဒါဆိုရင်တော့ အရသာစိမ့်စိမ့်နဲ့ပဲပြားကြော်လေးတွေကို မန်ကျည်းအချဉ်ရည်၊ ဆလပ်ရွက်တို့နဲ့ မြိန်ရှက်စွာသုံးဆောင်နိုင်ပြီပေါ့။

7DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

# ခရီးသည်တင်ယာဉ်များပေါ်တွင် စာရွက်ကမ်း၍ငွေတောင်းခံသူများလာ

**ရန်ကုန်၊ အောက်တိုဘာ-၅**

ခရီးသည်တင်ယာဉ်များပေါ် တွင် သံဃာအတုအယောင်များနှင့်လူအချို့ အလှူခံစာရွက်များဝေကာ ပိုက်ဆံတောင်းခံမှုများပြားလာသည်ဟု ကိုယ်တိုင်ကြုံတွေ့သူများ၏ပြောကြားချက်အရသိရသည်။

ထိုသူများမှာ ကားမှတ်တိုင်များတွင် ယာဉ်ရပ်နားထားစဉ် မိဘမဲ့ဖြစ်ကြောင်း၊ ခိုးကိုးရာမဲ့ဖြစ်နေကြောင်း စသဖြင့် ကွန်ပျူတာဖြင့် စာစီထားသည့် စာရွက်များပေးကာ ပိုက်ဆံတောင်းခံခြင်းဖြစ်သည်။

"မြေနီကုန်းမှာခဏခဏတွေ့တယ်။ နောက်ဆူးလေ၊ လသာ စသဖြင့် နေရာအစုံလှည့်တောင်းနေတာ။ ဒီလူတွေချည်းပဲဖြစ်နေတယ်။ ကြည့်လိုက်တော့လူတွေက သူတောင်းစားပုံစံမျိုးလည်း မဟုတ်ဘူး။ အရင်က လူတွေပဲဒီလိုမျိုးလုပ်တာ။ ခုတော့ဘုန်းကြီးအတုတွေပါပါလာပြီ" ဟုပြည်လမ်းကြောတွင် ပုံမှန်လိုင်းကားစီးသည့်ရုံးဝန်ထမ်းတစ်ဦးကပြောသည်။

သာသနာကို ခုတုံးလုပ်ကာ သက်န်းဝတ်နှင့်ပိုက်ဆံတောင်းခံမှုများ နေရာအနှံ့ရှိနေဆဲဖြစ်ပြီး အဆိုပါလုပ်ရပ်များကြောင့် အစစ်အမှန်သံဃာတော်များအပေါ် ကြည်ညိုမှု ထိခိုက်မည့်အနေအထားဖြစ်နေသည်ဟုသိရသည်။

"အရင်ကတည်းက ဒီလိုပုံစံနဲ့ ပိုက်ဆံတောင်းတာမျိုးကြုံဖူးပါတယ်။ ထိုင်ခုံရလို့ထိုင်နေရင်လက်ထဲစာရွက်အတင်းထည့်သွားတာပဲ။ စာရွက်လာသိမ်းတဲ့အခါပိုက်ဆံပါရင်တော့ ဘာမှမဖြစ်ဘူး။ စာရွက်ဒီတိုင်းပြန်ယူသွားရရင်တစ်ခါတလေ ပြောဆိုသွားတာခံရသေးတယ်။ အရင်က ကလေးလေးတွေပဲဒီလိုပုံစံလုပ်တာ။ ခုကတော့ခြေလက်အကောင်းလူကြီးတွေပါ ဒီလိုလုပ်လာကြပြီ။ လမ်းသွားရင်းနဲ့လည်း ဖိနပ်ပြတ်လို့တို့၊ ဆွမ်းလှူပါဦးတို့ဆိုပြီး တကယ် ဖိနပ်ဝယ်လှူမလို့လုပ်တော့ ပိုက်ဆံပဲပေးဆိုပြီး ပြောတယ်။ ဒီလိုနဲ့ လိုက်လိမ်နေတာ ခဏခဏကြုံတယ်" ဟု ကုမ္ပဏီဝန်ထမ်း အမျိုးသမီးတစ်ဦးကပြောသည်။

သာသနာတော်ညှိုးနွမ်းအောင်ပြုလုပ်သည့် ဝိနည်းနှင့်မညီသော သံဃာအတု၊ သီလရှင်အတုများအား မန္တလေးတိုင်းဒေသကြီးမှ သာသနာတော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဆရာတော်များက အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်သကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးတွင်လည်း အဆိုပါအရေးယူဆောင်ရွက်မှုမျိုးရှိသင့်ကြောင်း ရန်ကုန်မြို့တွင်း နေ့စဉ်သွားလာသူအချို့က သုံးသပ်ကြသည်။

# မြန်မာဖက်ရှင်ဒီဇိုင်နာဝက်ဘ်ဆိုက်လွှင့်တင်

**ရန်ကုန်၊အောက်တိုဘာ-၅**

ပြည်တွင်းဖက်ရှင်ဒီဇိုင်နာများ၏ ဖက်ရှင်ဒီဇိုင်းများကို ကြည့်ရှုနိုင်မည့် အင်တာနက်ဝဘ်ဆိုက် တစ်ခုကို ယခုလာရက်တွင် စတင်လွှင့်တင်လိုက်ကြောင်း အဆိုပါဝက်ဘ်ဆိုက်ကိုရေးဆွဲပေးခဲ့သည့် Myanmar Web Studio မှ သတင်းရရှိသည်။

မြန်မာဖက်ရှင်ဒီဇိုင်နာများအဖွဲ့၏ အဆိုပါဝက်ဘ်ဆိုက်လိပ်စာမှာ www.mfdesignergroup. comဖြစ်သည်။ မြန်မာနိုင်ငံ၏ ဖက်ရှင်ဒီဇိုင်နာများတီထွင်ဖန်တီးထားသည့် ဖန်တီးမှုဝတ်စုံများကို ပြည့်စုံစွာ ကြည့်ရှုနိုင်မည့်အဆိုပါဝက်ဘ်ဆိုက်သည်ပြည်တွင်း၏ ပထမဆုံးဖက်ရှင်နှင့်သက်ဆိုင်သည့် အင်တာနက်စာမျက်နှာတစ်ခုဖြစ်သည်ဟုလည်းသိရသည်။

အဆိုပါဝဘ်ဆိုက်တွင် ပြည်တွင်းမှ ဖက်ရှင်ပညာရှင် ၂၀ကျော်၏ ဒီဇိုင်းများကို ကြည့်ရှုနိုင်မည်ဖြစ်ပြီး ဖက်ရှင်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ တင်ဆက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။






၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

# စာ – ၉၊ပြောင်မာသောနှလုံးသားများတံခါးအဖွင့်မှာမှ

ပြီးတော့ ယမ်းပုံမီးကျဒေါသ အကြည့်မျိုးနှင့်ကြည့်ကာ စိတ်မထိန်းနိုင်ဘဲ အနာတရမျက်နှာငယ်လေးနဲ့ ရပ်နေတဲ့ ကောင်လေးကို ညာခြေနဲ့ ဝိုက်ကန်လိုက်ပါသည်။ သံပန်းဆရာ၏ခြေထောက်ကနောက်ဆုတ်ရှောင်ပေးသော ကောင်လေး၏ မျက်နှာနား ဝဲသွားပါသည်။

“သြော်” ဖြစ်မှ ဖြစ်ရလေ။ ကောင်လေးရဲ့ အသက်တစ်ချောင်းနဲ့သံတံခါးတစ်ချပ်၊ ကောင်လေးရဲ့ အသက်တစ်ချောင်းနဲ့ တရုတ်ဆိုင်ကယ်တစ်ပတ်နွမ်း၊ ဘယ်ဟာကို အဓိက ထားရမှာလဲ မသိကြဘူးလား။ လူတစ်ယောက်ရဲ့ တန်ဖိုးဟာ သံတံခါးတစ်ချပ်၊ တရုတ်ဆိုင်ကယ် အစုတ်ပလုတ်လောက် တန်ဖိုးမရှိဘူးလား။ စဉ်းစားစရာပါပဲ။

ဒါနဲ့ ဆက်စပ်ပြီး ၁၉၈၃ လောက်က အဖြစ်အပျက်တစ်ခုကို သွားသတိရမိတယ်။ အဲဒီအချိန်မှာ စာရေးသူလည်း ပုသိမ်၊ မုံရွာလမ်း စီမံကိန်းမှာ တာဝန်ထမ်းဆောင်နေတယ်။ ပုသိမ်-မုံရွာလမ်းစီမံကိန်း(မြောက်ပိုင်း)မှာ ဘူဒိုဇာတစ်စီး မှောက်သွားဖူးတယ်။ စက်က တောင်ဖဲ့နေတုန်း ချောက်ဘက်ကိုလျှောကျပြီးမှောက်သွားတာ။ စက်သမားရဲ့ ပေါ့ဆမှုကြောင့် မဟုတ်ဘူး။ အတွေ့အကြုံမရင့်ကျက်တဲ့အတွက် မမြင်ရတဲ့ အန္တရာယ်ကြောင့်ဖြစ်ရတာ။ ချောက်ဘက်ကို မြေထိုးချတုန်း ကမ်းပါးယံနားမှာကျောက်တုံးတစ်တုံးကိုဝင်တိုးမိတယ်။ ကျောက်တုံးက သပ်တစ်ချောင်းလို မြေကြီးထဲစိုက်နေတာ သပ်လိုစိုက်နေတဲ့ ကျောက်တုံးကို စက်ရှိန်မြင့်ပြီး တွန်းလိုက်တော့ ကမ်းပါးယံကိုခွဲချသလိုဖြစ်ပြီး စက်က လျှောကျသွားတယ်။ လျှောကျနေတုန်းစက်မောင်းက ခုန်ချလွတ်မြောက်သွားတယ်။ စက်က တအိအိနဲ့လျှောကျပြီး မှောက်သွားတယ်။ စက်မောင်းက အသက်နှစ်ဆယ်ကျော်ကျော်သာ ရှိသေးသည့် လူငယ်တစ်ယောက်၊ အလင်းဝင်ရဲဘော်ဟောင်း၊ ချင်းလူမျိုးလေးစိုးထက်မြိုင်ပါ။

စက်မှောက်သွားတယ်ဆိုတော့ မြေလုပ်ငန်းတာဝန်ခံ အေအီးရောက်လာတယ်။ “စက်ဘာဖြစ်သွားလဲ”လို့ မေးတယ်။ အဲဒီအချိန်မှာ ချင်းကလေးက ဒေါသဖြစ်ပြီး အေအီးကိုပြောတယ်။ “ဟေ့ကောင် အေအီး ငါကလူကွ မင်းလူကို အရင်မေးရမှာ။ မင်းစက်က အရေးကြီးလား။ ငါက အရေးကြီးလား”လို့ခပ်မာမာပြောပြီး လုပ်ငန်းခွင်ထဲကနေ အပြင်ကိုထွက်သွားတယ်။ တစ်ပတ်ကျော်ကျော်လောက် အနားယူပြီးမှ ပြန်လာတယ်။ ဒီချင်းကလေးကလည်း နှယ်နှယ်ရရတော့ မဟုတ်ဘူး။ အလင်းဝင်ဗိုလ်ကြီးတစ်ဦးရဲ့ မွေးစားသားတစ်ယောက်ပဲ။

ကျွန်တော်တို့ လူမှုပတ်ဝန်းကျင်မှာ၊ လုပ်ငန်းခွင်တွေမှာ၊ ဌာနဆိုင်ရာ စီမံကိန်းကြီးတွေမှာ အသက်အန္တရာယ်ကာကွယ်မှုကို အဓိကမထား၊ လူတန်ဖိုးမထားတာတွေ အများကြီး ကြုံဖူးပါတယ်။ ကျွန်တော်တို့ ဥရောပတိုက် ပြည်ပကုမ္ပဏီတစ်ခုနဲ့ အလုပ်လုပ်တုန်းက အတွေ့အကြုံနဲ့ ယှဉ်ပြောမယ်ဆိုရင် စိတ်ဓာတ်ချင်းက မိုးနဲ့မြေလိုကွာတယ်။


၁၉၉၆ စက်တင်ဘာ၊ မိုးနှောင်းကာလမှာ တနင်္သာရီတိုင်း၊ ထားဝယ်၊ကံပေါက်ဒေသရှိရတနာဓာတ်ငွေ့လိုင်းမှာ အလုပ်လုပ်ခဲ့ကြစဉ်တုန်းက ဖြစ်ပါသည်။ ဓာတ်ငွေ့ပိုက်လိုင်းလုပ်ငန်းကို တာဝန်ယူထားတာက Total ပြင်သစ်ကုမ္ပဏီပါ။

ဓာတ်ငွေ့ပိုက်လိုင်းအတွက် လမ်းတိုတစ်ခုကို စဖောက်ရပါတယ်။ ဒီလုပ်ငန်းခွင်မှာ (Scraper) မြေခြစ်သယ်စက် ငါးစီး၊ (Bull Dozer)မြေထိုးစက်နှစ်စီး၊ (Combine Roller) တာယာနှစ်လုံးနှင့် သံဘီးတစ်လုံးပါ တုန်ခါ၍ ကြိတ်နိုင်သော လမ်းကြိတ်စက်နှစ်စီး၊ (Grader)မြေညှိအချောသပ်စက်တစ်စီး၊ ရေသယ်ရေဖြန်းကားတစ်စီး (ပြင်သစ်အခေါ် Water Lolly)စက်အားလုံးတစ်ဆယ့်တစ်စီးနှင့် အလုပ်လုပ်ကြပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိအခြေအနေ၌ အကြီးဆုံး (Bull Dozer)မြေထိုးစက်တစ်စီးဖြစ်သော Caterpillar အမျိုးအစား D9N ကို စက်မောင်းကိုခင်မောင်ဝင်းက မောင်းပါသည်။ ထိုစက်ထက် အနည်းငယ်သေးသော D8K ကို စာရေးသူကမောင်းပါသည်။ စက်မောင်းသည့်အခန်းမှာ မှန်လုံခန်းနှင့် လေအေးစက်နှင့်ဖြစ်ပါသည်။

Scraper (စကရေပါ)ဆိုသောစက်မှာလူတစ်ရပ်ကျော်ကျော်ရှိတာယာလေးလုံးနှင့် ခါးချိုးကွေ့နိုင်သော စက်ကြီးဖြစ်ပါသည်။ ထိုစက်ကြီးဖြင့် တောင်ကုန်းပေါ်မှ မြေများကို ဝိုက်ထောက်ပြီး သစ်သားကို ရွှေဘော်ထိုးသလို မြေကိုခြစ်ယူနိုင်ပါသည်။ နှစ်ကျင်းခန့်မြေဆံ့သော (Bucket)ထဲတွင် မြေပြည့်သွားပါက (Apron) ခေါ် မြေတံခါးကို ပိတ်ကာ (Bucket) မြေသယ်ခွက်ကို မြေကြီးနှင့်လွတ်အောင် ပြန်မပါသည်။ ပြီးလျှင် မြေဝိုတ်နှင့် မောင်းထွက်ကာ မြေဖို့လို၊ မြေပစ်လိုသော နေရာသို့ သွားကာ မြေချပါသည်။ မြေချရာတွင် ညီညာစွာ ဖြန့်ချပါသည်။ စက်မောင်းရင်း(Bucket) ဘက်ကက်ကို မြေကြီးနှင့် ခြောက်လက်မခန့် အကွာထိနှိမ့်ချပြီး (Apron)အေပရွန်(ခေါ်)တံခါးကို အပေါ်သို့မ,ဖွင့်လိုက်ပါသည်။ ပြီးလျှင် (Injector)အင်ဂျက်တာနှင့် တွန်းကာ မြေပြန်ချပါသည်။

စကရေပါစက်ကြီးဖြင့် တောင်မြေကို ဝိုက်ထောက်ခြစ်ယူရာတွင် ဘူဒိုဇာတစ်စီးက နောက်မှကူတွန်းပေးရပါသည်။ ဤသို့တွန်းခြင်းကို(Pusher)ပွတ်ရှာလုပ်သည်ဟု ခေါ်ပါသည်။



## တရားရချင်ရင် အမြင်မှန်အောင်ကျင့်ဖို့လိုတယ်။ ။ ။

ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

ဝိပဿနာတရားအားထုတ်တဲ့အခါ ရုပ်နဲ့နာမ်ပဲမြင်ရပါမယ်။ တခြား အာရုံတွေပေါ် လာရင်လည်း နှလုံးမသွင်းဘဲနဲ့ ကိုယ်ရှုနေတဲ့ရုပ်နာမ်ပဲ ဆက်ပြီးရှုမှတ်နေရမယ်။ ဒီလိုရှုမှတ်ခြင်းအားဖြင့် ငါ့ကိုယ်ဆိုတဲ့ဒိဋ္ဌိစွဲ ပျောက်သွားပါတယ်။ တစ်လောကလုံးမှာ ရုပ်နဲ့နာမ်ပဲရှိတယ်လို့မြင်တာဟာ အမြင်မှန်ပါ။ တရားသိမြင်တဲ့အရိယာပုဂ္ဂိုလ်တွေမြင်နေတာ ဒီအတိုင်းမြင်နေကြပါတယ်။ ငါ၊ သူတစ်ပါး၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမဆိုတဲ့အမြင်မျိုး အရိယာတွေမှာမရှိဘူး။ တရားရှုမှတ်တယ်ဆိုတာ အမြင်မှန်အောင်ကျင့်နေတာပါ။ ရုပ်နာမ်မြင်လိုက်တာနဲ့တစ်ပြိုင်နက် ငါ့ကိုယ်ဆိုတဲ့အမြင်မရှိတော့ပါဘူး။ ငါဆိုတာလည်းမရှိတော့ဘူး။ ငါဆိုတာ မရှိတော့ရင် မာနစွဲလည်းပျောက်သွားတယ်။ ငါပိုင်တဲ့ဥစ္စာ ပစ္စည်းတွေဆိုတဲ့အမြင်လည်းမရှိတော့ပါဘူး။ ငါ့လက်၊ ငါ့ခြေ၊ ငါ့ခေါင်း ဆိုတာလည်းမရှိတော့ပါဘူး။ ဘာရှိသေးလဲဆိုရင် ရှုမှတ်နေတဲ့ အရှုခံရုပ်နာမ်ပဲရှိပါတော့တယ်။

ရုပ်ကလည်း ရုပ်ရဲ့အလုပ်ကိုလုပ်နေတယ်။ နာမ်ကလည်း နာမ်ရဲ့အလုပ်ကိုလုပ်နေတယ်။ ရုပ်နဲ့နာမ်နှစ်ခုပေါင်းစပ်ပြီး တော့လှုပ်ရှားနေတယ်၊ သွားလာနေတယ်၊ စားသောက်နေတယ်၊ နေထိုင်နေတယ်၊ တကယ့်အရင်းခံသဘာဝကြည့်လိုက်တော့ ရုပ်နာမ်သာရှိတယ်လို့မြင်ရင် အမြင်မှန်ပါ။ အမြင်မမှန်ရင်လည်း တရားမှန်မရနိုင်ဘူး။ တရားရချင်တယ်ဆိုရင် အမြင်မှန်အောင်ကျင့်ဖို့လိုတယ်။

ရည်ညွှန်း-‘ဓမ္မလမ်းပေါ် မှာ’ ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ

စကရေပါငါးစီးကို ဘူဒိုဇာတစ်စီးက (Pusher)အလှည့်ကျလုပ်ပါသည်။ ဒီလုပ်ငန်းခွင်မှာ စက်မောင်းကိုခင်မောင်ဝင်းက D9N နဲ့တွန်းပေးနေပါသည်။ စာရေးသူက D8K နဲ့မြေဖြန့်ခြင်း၊ တောင်ကုန်းမြေကို စက်နောက်က ထွန်ခြစ်နဲ့ ခြစ်ပေးခြင်းစသဖြင့် လိုအပ်သလို လုပ်ပေးရပါသည်။

လုပ်ငန်းကျွမ်းကျင်ပြီး အတွေ့အကြုံရင့်ကျက်သော ကိုခင်မောင်ဝင်းပင်လျှင် အမှားတစ်ခုနှင့်ကြုံရသည်။ ပင်ပန်းလွန်း၍ဖြစ်ပါသည်။ ကိုခင်မောင်ဝင်း ဘူဒိုဇာနဲ့ စကရေပါကကို တွန်းနေတုန်း မြေပြည့်သည့်တိုင် ဆက်၍ တွန်းနေသည်။ ရှေ့က စကရေပါသမားက ဟွန်းတီး၍ အချက် ပေးသော်လည်း မရပ်၊ ရှေ့ကစက်က တဖြည်းဖြည်းနဲ့ချောက်ဘက်ကိုဦးတည်နေပြီကိုခင်မောင်ဝင်းက တွန်းနေတုန်း။

အခြေအနေကို ရိပ်စားမိသော စာရေးသူက D8K ပေါ်မှ ဆင်းကာ Total အရာရှိ မစ္စတာထရီဗီနိုကို လက်ညှိုးထိုးပြသည်။ မစ္စတာထရီဗီနိုကလည်းစာရေးသူကို ခေါင်းညိတ်ပြပြီး သူ့ကားပေါ် အမြန်တက်စေကာ ကိုခင်မောင်ဝင်းစက်ရှိရာ အမြန်သွားကြပါသည်။ ကိုခင်မောင်ဝင်း စက်နားရောက်သောအခါ ကားဟွန်းတီး၍ မစ္စတာထရီဗီနိုက ရပ်ခိုင်းသည်။ စာရေးသူက ကားပေါ်မှဆင်း၍ မြေကြီးခဲသေးသေးဖြင့် ကိုခင်မောင်ဝင်းကိုလှမ်းပစ်လိုက်သည်။ မြေကြီးခဲက ပွင့်နေသောမှန်ပေါက်မှဝင်ကာ ကိုခင်မောင်ဝင်းကိုထိသည်။ ကိုခင်မောင်ဝင်း စာရေးသူဆီ အကြည့်ရောက်မှ လက်နှစ်ဖက်ကိုလက်သီးဆုပ်ကာ ကြက်ခြေခတ်လုပ်၍ ထောင်ပြမှ ကိုခင်မောင်ဝင်းအတွန်းရပ်သွားသည်။ ရှေ့ကစက်မောင်းကလည်း သူ့ခေါင်းကိုသူ လက်နဲ့ပုတ်ပြီး “တော်သေးတာပေါ့ချောက်ထဲကျတော့မလို့”ဆိုတဲ့ အမူအရာလုပ်ပြပါသည်။ ပြီးတော့ ခေါင်းခါ၍ ရယ်ပြပါသည်။

ကိုခင်မောင်ဝင်းကို မစ္စတာထရီဗီနိုက သူ့ဆီလာဖို့ လက်ယပ်ခေါ်ပါသည်။ ကိုခင်မောင်ဝင်း ထိုင်ခုံခါးပတ်ကိုဖြုတ်၊ စက်ရဲ့ဂေါ်ကို မြေကြီးထိအောက်ချပြီး စက်ရပ်ကာ ဖြေလေးစွာဆင်းလာသည်။ မျက်တွင်းက ဟောက်ပက်မသွက်လက်သော ခြေလှမ်းများက ပင်ပန်းနွမ်းနယ်မှုကို သက်သေပြနေပါသည်။ ပြီးနောက် ပြစ်မှုတစ်ခုကို ကျူးလွန်သလို ခံစားရသည့်အလား ကိုခင်မောင်ဝင်း မစ္စတာထရီဗီနိုရှေ့မှာ ခြေစုံရပ်၍ လက်နှစ်ဖက်ကိုဘေးချကာ သတိဆွဲသလိုမျိုးရပ်၍ နေပါသည်။

ကိုခင်မောင်ဝင်းတော့ ကျားရှေ့မှောက်ရက်လဲဖြစ်သွားပြီ။ Total ပြင်သစ်အရာရှိရှေ့မှာမှ စက်အချင်းချင်း ချောက်ထဲတွန်းချသလိုမျိုးဖြစ်ရတယ်။ ဆူပူကြိမ်းမောင်းပြီး အလုပ်ထုတ်ပစ်တော့မယ်ထင်တယ်။ ဖြစ်ရလေကိုခင်မောင်ဝင်းရယ်လို့ စိုးရိမ်စိတ်နှင့် တွေးကာ စိတ်မကောင်းဖြစ်မိတယ်။ ကိုခင်မောင်ဝင်းမှာလည်း မျက်နှာငယ်လေးနဲ့ စိုးရိမ်ထိတ်လန့်စွာ ကျောက်ဆစ်ရုပ်တစ်ရုပ်လို မလှုပ်မယှက် ရပ်နေရှာပါသည်။

မစ္စတာထရီဗီနိုက ကိုခင်မောင်ဝင်းကို ခြေဆုံးခေါင်းဆုံး ကြည့်ကာ အနားကပ်သွားသည်။ မစ္စတာထရီဗီနိုကိုခင်မောင်ဝင်းနားကိုရောက်တော့ သူ့ရဲ့ညာဘက်လက်ကို ဆန့်တန်းပြီး ကိုခင်မောင်ဝင်း၏ ဘယ်ဘက်ပုခုံးကို ညင်သာစွာပုတ်ကာ ပြုံးရောင်သမ်းသော မျက်နှာနှင့် စကားဆိုပါသည်။ မစ္စတာထရီဗီနို အင်္ဂလိပ်ဘာသာစကားကို အသုံးပြု၍ ပြောပါသည်။ “မစ္စတာခင်မောင်ဝင်း မင်းပင်ပန်းနေပြီ။ ပင်ပန်းလွန်းလို့(Memorylost) စိတ်ဓာတ်မှာ သတိတရားတွေ ကင်းလွတ်သွားပြီ။ ဒီအတိုင်းအလုပ်ဆက်လုပ်နေရင် အန္တရာယ်ရှိတယ်။ အခုလောလောဆယ်လည်း ခဏနားပါ။ မနက်ဖြန်ကစပြီး Days off ခွင့်ယူပါ။ နားချိန်တန်မနားဘဲနဲ့ အလုပ်ဆက်လုပ်နေရင် ဒီလိုပဲဖြစ်တတ်တယ်။ အိမ်ပြန်နားပါ။ မိသားစုနှင့်အတူနေပြီး လန်းဆန်းတက်ကြွစွာနဲ့ အလုပ်ပြန်လုပ်ပါ” ဟူ၍ ပြောပါသည်။ ထို့နောက် မစ္စတာထရီဗီနိုသူ့ကားဆီသို့ပြန်လျှောက်သွားပါသည်။ ကားထဲမှ စာရွက်တစ်ရွက်ကိုထုတ်ကာ ကိုခင်မောင်ဝင်းအတွက် ခွင့်ထောက်ခံစာရေးပေးပါသည်။ ပြီးနောက် ကိုခင်မောင်ဝင်းမောင်းသည့် စက်ကို မစ္စတာထရီဗီနိုကိုယ်တိုင် တက်မောင်းကာ ကိုခင်မောင်ဝင်းကို နားစေပါသည်။

မစ္စတာထရီဗီနိုဆိုသည်မှာ Total ပြင်သစ်ကုမ္ပဏီ၏ နံပါတ်ငါးအဆင့် သူဌေးဖြစ်ပါသည်။

သူ့ရဲ့ မြန်မာငွေနဲ့သိန်းထောင်ချီတန်သည့်စက် ချောက်ထဲကျမှာကိုတွေးပြီး ပစ္စည်းဇောမဇွန်တဲ့အပြင် အလုပ်သမားတစ်ယောက်ကို ကိုယ်ချင်းစာတရားနဲ့ နားလည်မှုပေးပြီး နွေးထွေးစွာ ဆက်ဆံတတ်တာ အံ့သြမိတယ်။ ချီးကျူးမိတယ်။

ကျွန်တော်တို့နှစ်ယောက်စလုံး အပြုံးကိုယ်စီဖြင့် မစ္စတာထရီဗီနိုရှိရာဘက် မျက်နှာမူကာလေးစားစွာဖြင့် ကြည့်မိပါသည်။ ကိုခင်မောင်ဝင်းမှာ မစ္စတာထရီဗီနိုကို စလုဒ်ဆွဲ၍ အလေးပြုလိုက်ပါသည်။

မစ္စတာထရီဗီနိုတစ်ယောက်တည်း ဤသို့နူးညံ့သိမ့်မွေ့စွာ ဆက်ဆံတတ်သည်မဟုတ်ပါ။ Total အရာရှိ အများအပြားပင် မစ္စတာထရီဗီနိုနီးပါး ဆက်ဆံရေးကောင်းကြပါသည်။

ဖိုလ်မင်ကို ထွန်းဦးပါဝင်သောကြံ့ခိုင်ရေးကားအသစ်တစ်စီး မတော်တဆ ချောက်ထဲချော်ကျသွားပါသည်။ ကံကောင်းထောက်မ၍ သစ်ပင်ကြီးတစ်ပင်က ကန့်လန့်ခံနေသဖြင့် ချောက်နက်နက်ထဲ လုံးဝကျမသွားပါ။ ကားမှာ လေကာမှန်ကွဲ၊ မီးလုံးများကွဲကာ တချို့နေရာ ပိန်ရှုံ့သွားပါသည်။ Total အရာရှိများ ရောက်လာသောအခါ“ကားပေါ်မှာ ပါသော လူသုံးယောက်ဘာဖြစ်သွားသလဲ”မေးပါသည်။ လူသုံးယောက်ဘာမှ ကြီးကြီးကျယ်ကျယ် ဒဏ်ရာမရကြောင်း သိရသောအခါ “(No Problem) ပြဿနာမရှိပါ”ဟု ပြောပါသည်။

ကျွန်တော်တို့ အလုပ်လုပ်ရသည်မှာ (Safety First) “အန္တရာယ်ကင်းရှင်းရေး အဓိက” ဟူသော ဆောင်ပုဒ်ဖြင့်အလုပ် လုပ်ကြရပါသည်။ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအတွက် အကာအကွယ်ဝတ်စုံများ ဝတ်ဆင်စေပါသည်။ အန္တရာယ်ကင်းရှင်းရေးအတွက် စောင့်ကြပ်ကြည့်ရှုပေးသော Safety Man, Security Man အဖွဲ့အစည်းများထားပါသည်။ Social Eco လို လူမှုရေးပြဿနာဖြေရှင်းရေးအဖွဲ့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ အရေးပေါ်ကယ်ဆယ်ရေး သူနာပြုအဖွဲ့၊ မီးသတ်တပ်ဖွဲ့စသဖြင့် စနစ်တကျဖွဲ့စည်းကာ စောင့်ရှောက်ပါသည်။

အန္တရာယ်နှင့်ကြုံ၍ ထိခိုက်ဒဏ်ရာရလျှင်လည်း လူနာတင်ကား၊ ရဟတ်ယာဉ်၊ လေယာဉ်ပျံ အဆင်သင့်ရှိပါသည်။ မတော်တဆဆုံးသွားလျှင်လည်း ထိုက်တန်သော လျော်ကြေးပေးပါသည်။ Total ကုမ္ပဏီကိုကြည့်၍ ကျွန်တော်တို့လုပ်ခဲ့ဖူးသော စီမံကိန်းကြီးများ၊ လုပ်ငန်းကြီးများနှင့် နှိုင်းယှဉ်ကြည့်သောအခါ များစွာကွာခြားနေပါသည်။

ကျွန်တော်တို့ ကြုံဆုံခဲ့ဖူးသောပြည်တွင်းမှ စီမံကိန်းဒါရိုက်တာကြီးများနှင့် လုပ်ငန်းရှင်ကြီးများမှာ လူသားချင်းစာနာထောက်ထားသော လုပ်ရပ်များဖြစ်သည့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအမံများနှင့်အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကိုလုပ်ရကောင်းမှန်းသိမှ သိပါလေစဟူ၍ပင် စဉ်းစားမိပါသည်။ သို့သော် ကျွန်တော်တို့ထက်ပင် ပိုသိနိုင်သော ဘွဲ့အထပ်ထပ်နှင့် ပညာတတ်နိုင်ငံခြားပြန်ကြီးများသာ ဖြစ်ကြပါသည်။ မသိကျိုးကျွံပြုကာ နှာစေးနေကြသည်ပဲ ဖြစ်ဟန်တူပါသည်။ တကယ်တော့ လူကိုအဓိကမထား သူတို့လုပ်ငန်းအောင်မြင်ဖို့၊ လုပ်ငန်းခွင်ပစ္စည်းများ မပျက်စီးဖို့သာ အဓိကထားလွန်းသော၊ သူတို့၏ စိတ်နှလုံးသားများမှာ ကာဗွန်စတီးနှင့်လုပ်၍ ခရိုမီယမ်နီကယ် အုပ်ထားသည့်အလား ပြောင်မာလွန်းသည်ပဲဖြစ်နိုင်ပါသည်။ သူတို့၏ပြောင်မာလွန်းသောစိတ်တံခါးများအကြောင်း အားလျော်စွာ ပွင့်အန်လာသောအခါ မျက်စိကိုမှိတ်၊ နားကိုပိတ်၍ အံကြိတ်ကာ ဒေါသကို မျိုသိပ်ခဲ့ရပါသည်။ သြော် ဒေါသကို မမျိုသိပ်ပြန်ရင်လည်း ခါချဉ်ကောင်မာန်ကြီးလို့ တောင်ကြီးကို ဖြိုမယ့်ကြံ ခါးကမသန် ဆိုသလိုသာ ဖြစ်ခဲ့ပါလိမ့်မည်။

7DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

## ကားတင်သွင်းရန် ဝန်ဆောင်မှုပေးနေသော ကုမဏီများ စီးပွား/ကူးသန်း၏ လုပ်ထုံးလုပ်နည်းများနှင့်မညီဟု ဆို

“အကျိုးဆောင်လုပ်ပေးမယ်ဆိုပြီး ကြော်ငြာနေတဲ့ကုမ္ပဏီတွေနဲ့ မော်တော်ကားအဟောင်းကို အစားထိုးပြီးပြည်ပကနေ ကားတစ်စီးဝယ်ယူတင်သွင်းခွင့် ပြုထားလို့ ပါမစ်လာလျှောက်နေတဲ့ လူတွေကြားက ဆောင်ရွက်မှုတွေက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ လုပ်ထုံးလုပ်နည်းများနဲ့ တစ်ထပ်တည်း မဖြစ်ပါဘူး။ ဒါတွေကို တရားဝင်လုပ်ကြမယ်ဆိုရင် လုပ်ထုံးလုပ်နည်းတွေရှိပါတယ်”ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းအောင်ကအောက်တိုဘာ ၇ ရက်တွင် 7Day News ၏ မေးမြန်းမှုကိုပြန်လည်ဖြေကြားသည်။

အဆိုပါဝန်ဆောင်မှုကို တရားဝင်လုပ်ကိုင်မည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် အကျိုးဆောင်လုပ်ငန်းလိုင်စင်ရယူရမည်ဖြစ်ပြီး ထိုလိုင်စင်ရရှိပါက စီးပွား/ကူးသန်းတွင် ထပ်မံ၍ စီးပွားရေးအကျိုးဆောင်လိုင်စင်လျှောက်ထားရမည်ဖြစ်သည်။ ထို့အပြင် ပြည်ပရှိကားကုမ္ပဏီမှ မြန်မာနိုင်ငံတွင် ထိုကုမ္ပဏီအား ကိုယ်စားလှယ်အဖြစ် လွှဲအပ်ကြောင်း အထောက်အထားများကိုလည်း တင်ပြရမည်ဖြစ်သည်။ ထိုအချက်အလက်များ ပြည့်စုံပါမှ တရားဝင်ကားတင်သွင်းရောင်းချပေးသော ဝန်ဆောင်မှုကို လုပ်ကိုင်နိုင်မည်ဖြစ်သည်။ ထိုသို့ စီးပွား/ကူးသန်းက ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝန်ဆောင်လုပ်ကိုင်လိုသော ကုမ္ပဏီများရှိပါကလည်း တရားဝင် လျှောက်ထားလုပ်ကိုင်နိုင်ကြောင်း တာဝန်ရှိသူက ဆက်လက်ပြောသည်။

သို့သော် လက်ရှိအခြေအနေတွင် အထက်ပါလုပ်ထုံးလုပ်နည်းများနှင့်အညီ ဝန်ဆောင်မှုလုပ်ကိုင်ပါက အချိန်ကြာမြင့်ပြီး ကုန်ကျစရိတ် များပြားနိုင်သည့်အတွက် ပို့ကုန်ရငွေရှိပြီး ကားရောင်းဝယ်ခြင်းလုပ်ငန်းလုပ်ကိုင်နေသော ကုမ္ပဏီအများစုက အဆင်ပြေသလို လုပ်ကိုင်နေကြခြင်းဖြစ်သည်။ ထိုကုမ္ပဏီများက ဝန်ဆောင်မှုပေးနေခြင်းမှာလည်း အရေးပါပြီး ယင်းတို့ကသာ ဝန်ဆောင်မှုမပေးပါက ကိုယ်တိုင် ကားတင်သွင်းခွင့်လိုင်စင်လျှောက်ထားပြီး ပြည်ပမှ ကားဝယ်ယူလုပ်ကိုင်တတ်သူနည်းပါးလှသောကြောင့် ကားတင်သွင်းမှုလုပ်ငန်းအခက်အခဲရှိနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

အောက်တိုဘာ ၇ ရက်အထိ ကားအဟောင်းများအစားထိုးရန် ကားသွင်းခွင့်လိုင်စင်ပေါင်း ၂,၀၄၀ စီးအတွက် လိုင်စင်ခွင့်ပြုခဲ့ပြီး၊ လိုင်စင်လျှောက်ထားသူအားလုံး၏ ၉၉ ရာခိုင်နှုန်းခန့်မှာ အထက်ပါဝန်ဆောင်မှု ကုမ္ပဏီများမှတစ်ဆင့်လျှောက်ထားကြခြင်းဖြစ်သည်။

လက်ရှိတွင် ဘဏ်ငွေစာရင်းဖွင့်သည်မှစတင်ကာကားသွင်းခွင့်လိုင်စင် လျှောက်ထားခြင်း၊ ရန်ကုန်ဆိပ်ကမ်းအရောက်ကားတင်သွင်းခြင်း ဝန်ဆောင်မှု ဆောင်ရွက်ပေးနေသော ကုမ္ပဏီပေါင်း ဆယ်ဂဏန်းနှင့်ချီပြီးရှိသည်။ ထိုကုမ္ပဏီများထဲ မှ တစ်ခုကမိမိတို့ လုပ်ငန်းအနေဖြင့်လုပ်ငန်းအပ်သူနှင့် ကုမ္ပဏီကြား နောက်ပိုင်းတွင် ပြဿနာဖြစ်ပွားခြင်းမရှိရန် စနစ်တကျ စာချုပ်ချုပ်လုပ်ကိုင်ခြင်းဖြစ်သောကြောင့် နောက်ဆက်တွဲပြဿနာဖြစ်ရန် မရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီနှင့် ကားတင်သွင်းခွင့် စလစ်အပ်၍ကားတင်သွင်းသောသူများအကြား ပြဿနာဖြစ်ပွားမည်ကို များစွာ စိုးရိမ်ရန်မလိုကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကလည်းပြောသည်။ ကုမ္ပဏီက အလွဲသုံးစားပြုလုပ်ပြီး ကားသွင်းလာပါက ထို ကားများကိုလိုင်စင်ဝင်သည့်အချိန်တွင် ကညနက သိရှိပြီးအရေးယူ၍ရကြောင်း၎င်းကရှင်းပြသည်။

ထို့ကြောင့် ဝန်ဆောင်မှုပေးသော ကုမ္ပဏီများထံတွင် အလုပ်အပ်နှံပြီး ပြဿနာဖြစ်ပွားလာပါက ကားအဟောင်းအပ်နှံပြီး ကားအသစ်တင်သွင်းသူများအနေဖြင့် ရဲစခန်း၊ စီးပွားကူးသန်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနများသို့ ကြိုတင်အကြောင်းကြားတိုင်ကြားသင့်ကြောင်းရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူကပြောသည်။

“လက်ရှိလုပ်နေတဲ့လုပ်ငန်းရှင်တွေ လုပ်နေတဲ့ကိစ္စကတော့ စီးပွား/ကူးသန်းက ချမှတ်ထားတဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့အညီမဟုတ်ပါဘူး။ ဒီရောင်းသူနဲ့ ဝယ်သူကြားမှာ မြန်မာနိုင်ငံမှာရှိတဲ့ တည်ဆဲဥပဒေတွေအရ တာဝန်ရှိကြပါတယ်”ဟု ဦးသန်းအောင်က ပြောသည်။

## မျက်နှာဖုံး-အလှူမှကျွေးသော အစားအစာများကြောင့် အစာအဆိပ်သင့်မှုဖြစ်ပွား မှ



အားဆေးပုလင်းချိတ်တာ နှစ်ပုလင်း၊ သုံးပုလင်းလောက် ကုန်တော့ သက်သာလာတာနဲ့ ဆေးရုံကနေ ပြန်ဆင်းလာကြတယ်။ ကျွန်တော်လည်း သူများတွေဖြစ်တာ လိုက်လုပ်ပေးနေတာ၊ ကိုယ်လည်း စားတာပဲလေ။ မဖြစ်ဘူးပေါ့။ ဒါပေမဲ့ ညနေ ၃ နာရီလောက်ကျမှ ဝမ်းထဲကနေ လှိုက်လှိုက်လှိုက်လှိုက်ဖြစ်လာပြီး အန်တယ်။ ပြီးတော့ ဝမ်းလည်းသွားတယ်။ အဲဒါနဲ့ အားဆေးချိတ်လိုက်တာ။ ခုတော့သက်သာသွားတယ်” ဟု အလှူပွဲမှ အစားအသောက်များကိုစားသောက်ခဲ့သူ အသက်(၆၁) နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးက ပြောသည်။

အမရပူရမြို့ရှိ မဟာဂန္ဓာရုံကျောင်းတိုက်၊ သံဃာဆေးရုံမှ အစာအဆိပ်သင့်လူနာများ ကုသရန် ဆေးဝါးများလည်း ထောက်ပံ့သည့်အပြင် အမရပူရမြို့ ပြည်သူ့ဆေးရုံမှလည်း အခင်းဖြစ်ပွားရာ ရပ်ကွက်တွင် ယာယီဆေးခန်းဖွင့်ကာ ကုသပေးခဲ့ရသည်။

ဒေသခံလုပ်ငန်းရှင်အချို့နှင့် အမရပူရမြို့နှင့် မန္တလေးမြို့ရှိ လူမှုရေးအကူအညီပေးသည့် အဖွဲ့အစည်းများကလည်း ဆေးဝါးများ၊ လူနာတင်ယာဉ်များ အကူအညီပေးကြကြောင်း အမရပူရမြို့နယ် ပြည်သူ့ဆေးရုံမှ မြို့နယ်ဆရာဝန် ဒေါက်တာဖုန်းနိုင်က ပြောသည်။ အစာဆိပ်သင့်မှုကြောင့် အမရပူရမြို့နယ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့လာရောက်ကုသသူ ၁၁၂ ဦးရှိပြီး ၎င်းဖြစ်ပွားသူလူဦးရေထဲတွင် ကလေး ၁၇ ဦးပါဝင်သည်။ မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသသူ ၃၀ ဦးအထက် ရှိသည်။ ဆေးရုံမရောက်ဘဲ ဆေးခန်းတွင် ကုသသွားသူများလည်းရှိပြီး အသေအပျောက် တစ်စုံတစ်ရာ မရှိကြောင်း သတင်းရရှိသည်။ အမရပူရမြို့နယ် ဆေးရုံသို့ လာရောက်ကုသသူ ၁၁၂ ဦးမှာလည်း ဖြစ်ပွားသည့် ညနေခင်းပိုင်းတွင်ပင် သက်သာလာသောကြောင့် ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ပြီး ယခု ကလေးငယ်တစ်ယောက်သာ ကျန်တော့ကြောင်း ဆရာဝန်ကြီးက အောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီဝန်းကျင်တွင်ပြောသည်။

“ကျွန်တော်တို့ အမရပူရဆေးရုံကနေ မနိုင်လို့ မန္တလေးဆေးရုံကြီးကိုပို့တာမဟုတ်ပါဘူး။ ဖြစ်တဲ့လူနာတွေက များတော့ နောက်ထပ်လာကြတဲ့ လူနာတွေက မန္တလေးဆေးရုံကြီးကို တစ်ခါတည်း တန်းသွားကြတာပါ” ဟု ဆရာဝန်ကြီးက ဖြည့်စွက်ပြောသည်။ ဆေးရုံတွင် တစ်ဦးတည်းကျန်နေသော အစာအဆိပ်သင့်ခဲ့သည့် အသက် ၆ နှစ်အရွယ် သားငယ်၏ ဆွေမျိုးတော်စပ်သူ တစ်ဦးက “ဒီကလေးက အလှူအိမ်သွားတာ မဟုတ်ပါဘူး။ အလှူအိမ်က သူ့အဖေကို ထည့်ပေးလိုက်တာတွေ စားပြီး ခုလိုဖြစ်တာပါ။ ဒီမနက်တော့ ဝမ်းနည်းနည်းသွားသေးတယ်။ ခုတော့ တော်တော်လေး သက်သာနေပါပြီ။ သူ့အဖေလည်း သက်သာသွားပြီ”ဟု ပြောသည်။

“အလှူအိမ်မှာ ကျွေးတဲ့နတ်သုဒ္ဓါထမင်း၊ ကြက်သားဟင်း၊ ရေခဲမုန့်၊ ကိတ်မုန့်၊ လက်ဖက်ပူစီနာနဲ့ နတ်သုဒ္ဓါထဲထည့်တဲ့ နို့စိမ်းဘူး သရက်သီးသနပ်တို့ကို ဓာတ်ခွဲခန်းပို့ပြီး စစ်ဆေးမှု ပြုလုပ်နေပါတယ်။ ခုတော့ အစားအသောက်ချက်ပြုတ်တဲ့ လူတွေကိုလည်း စစ်ဆေးဖို့လုပ်နေတယ်။ အဲဒီရပ်ကွက်မှာရှိတဲ့ ရေတွင်းတွေမှာလည်း ရေသန့်ဆေးတွေထည့်နေပါတယ်။ ခုလောလောဆယ်ဘာကြောင့်ဖြစ်တယ်ဆိုတာကို ဓာတ်ခွဲခန်းအဖြေရမှသာ ပြောနိုင် မှာပါ” ဟု အမရပူရမြို့နယ်ဆေးရုံဆရာဝန်ကြီးကပြောသည်။

အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့သော အလှူပွဲမှ အလှူရှင်ဒေါ်အမာက “ကျွန်မ မျက်ရည်တောင်ကျပါတယ်။ အလှူတစ်ခုလုပ်ဖို့ဆိုတာ လွယ်တာမှမဟုတ်တာ။ အနှစ်နှစ် အလလက စုဆောင်းထားတာတွေနဲ့ လှူရတာကို ခုလိုဖြစ်သွားတော့ တော်တော် ဝမ်းနည်းမိပါတယ်”ဟုပြောသည်။ အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့သည့် ပွဲတော်ရပ်ကွက် ကြံတန်းရပ်တွင် ဖွင့်လှစ်ထားသော အမရသုခကုသိုလ်ဖြစ်ဆေးခန်းအမှတ် ၂ မှ တာဝန်ရှိသူတစ်ဦးက “လူနာတွေအရေအတွက်က ၃၇၁ ဦးဖြစ်ပါတယ်။ အကုန်လုံးသက်သာသွားပါပြီ။ ဆေးရုံတက်နေတဲ့လူနာတွေလည်း အကုန်လုံး သက်သာလို့ ဆင်းလာကြပါပြီ”ဟုပြောသည်။

## စာ-၇၊ ၂၀၁၂ နှစ်ဦးပိုင်းမှစတင် အမှိုက်ခွန် နှစ်ဆတိုးမြှင့်ကောက်ခံမည် မှ

ရန်ကုန်မြို့တော်အတွင်း နေ့စဉ်စွန့်ပစ်အမှိုက်ခွန်များကောက်ခံမှုကို သုံးလတစ်ကြိမ် ဆောင်ရွက်ခြင်းဖြစ်ရာ ယာယီ ခေတ္တနေထိုင်သူများထံမှ အမှိုက်ခွန်ဆုံးရှုံးမှုရှိကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

“သန့်ရှင်းဆောင်ရွက်ခ ကောက်ခံဖို့အတွက် စီမံဌာနက ပြေစာထုတ်ပေးရတယ်။ သန့်ရှင်းရေးဆောင်ရွက်ခကို သုံးလ တစ်ကြိမ်သွားကောက်တော့ ပြေစာထဲက နာမည်ပိုင်ရှင်က အိမ်ငှားဆိုတော့ အိမ်ပြောင်းသွားပြီ။ သန့်ရှင်းရေးဆောင်ရွက်ခမရခင် ပြေစာ စာရွက်ထုတ်ခဆုံးရှုံးတယ်။ အမြဲမနေသူတွေဆီက သန့်ရှင်းဆောင်ရွက်ခဆုံးရှုံးတယ်”ဟု အထက်ပါလက်ထောက်ဌာနမှူးက ဆက်လက်ရှင်းပြသည်။

ရန်ကုန်မြို့တွင် လက်ရှိကောက်ခံလျက်ရှိသည့် အမှိုက်သိမ်းဆည်းခနှုန်းထားများမှာ ရန်ကုန်မြို့တွင်းခြောက်မြို့နယ်တွင် တစ်ရက်လျှင် ၁၀ကျပ်၊ အဆိုပါခြောက်မြို့နယ်နှင့်ဆက်စပ်သောမြို့နယ်များတွင် ခုနစ်ကျပ်ခွဲနှင့် တောင်ဥက္ကလာ၊ မြောက်ဥက္ကလာကဲ့သို့ မြို့စွန်ရှိမြို့နယ်များတွင် တစ်ရက်လျှင် ငါးကျပ်နှုန်းဖြင့် ၂၀၀၅-၀၆ ဘဏ္ဍာရေးနှစ်မှ စတင်ကောက်ခံခဲ့ကြောင်းသိရ သည်။

ထို့အပြင် ခြံထွက်အမှိုက်များကို သတ်မှတ်အမှိုက်ကန်များတွင် စွန့်ပစ်ခွင့်မရှိကြောင်း၊ စွန့်ပစ်မည်ဆိုပါ သက်ဆိုင်ရာ မြို့နယ်စည်ပင်ရုံးများထံ ဆက်သွယ်ကာ အမှိုက်ကား တောင်းခံရမည်ဖြစ်ပြီး သတ်မှတ်နှုန်းထားများမှာ ကားတစ်ခေါက်လျှင် ၁၇,၅၀၀ ကျပ်နှင့်ခရီးအကွာအဝေးပေါ် မူတည်၍ ကုန်ကျမည့်စက်သုံးဆီပမာဏကို ကုန်ကျခံရမည်ဖြစ်ကြောင်းသိရသည်။

ရန်ကုန်မြို့တွင် တစ်ရက်လျှင် စွန့်ပစ်အမှိုက်တန်ချိန်ပေါင်း ၁,၅၄၀ တန်ထွက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှသိရသည်။

## စာ-၄၊ လာမည့်ခရီးသွားရာသီတွင် ဈေးသည်နှစ်ဆယ်ရာခိုင်နှုန်းခန့် တိုးမည်မှန်း မှ

ထိုအပြင် ယခုနှစ်ရရှိထားသော ကြိုတင်မှာယူမှုများထဲတွင် အုပ်စုလိုက်အဖွဲ့များပါဝင်လာပြီး ၂၅ ယောက်အဖွဲ့များပင် ပါဝင်လာကြောင်း Myanmar Pole Star ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယခုနှစ်လာရောက်သော ဧည့်သည်များထဲတွင် အလည်အပတ်လာရောက်သူများအပြင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ အများအပြားပါဝင်လာပြီး နိုဝင်ဘာလတွင် ရန်ကုန်မြို့၌ဟိုတယ်အခန်းများရရှိရန် ခက်ခဲနေကြောင်း ခရီးသွားလုပ်ငန်းရှင်များက ဆိုသည်။ ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်သည့်နှုန်း ၈၀၀ကျပ်အောက်လျော့နည်းသွားခြင်း၊ ဟိုတယ်နှင့်ပို့ဆောင်ရေးစရိတ်များ တက်လာသဖြင့် ဈေးနှုန်းများကြီးလာသဖြင့် ဥရောပမှ ခရီးသွားကုမ္ပဏီအချို့မှာ မြန်မာနိုင်ငံသို့ ရောင်းချခြင်းကို ရပ်နားခဲ့သည်။

သို့သော် ယခုဝင်ရောက်မည့် ဧည့်သည်များမှာ ယမန်နှစ်က ရောင်းချသော ဧည့်သည်များဖြစ်ပြီး တစ်ဒေါ်လာလျှင် ၈၀၀ကျပ်အထက်ပြန်ရောက်လာခြင်းနှင့် ပို့ဆောင်ရေးစရိတ်များ လျော့သွားခြင်းကြောင့် ထင်ထားသလို မရှုံးတော့ပေ။

၂၀၀၉ ခုနှစ်မှစ၍ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု မြင့်တက်လာခဲ့ပြီး ပြီးခဲ့သည့် နှစ်က ရန်ကုန်လေဆိပ်မှ ခရီးသည် သုံးသိန်းနီးပါးဝင်ရောက်ခဲ့သည်။

## မျက်နှာဖုံး-တာတာကုမဏီ ကားပြပွဲ နိုဝင်ဘာလတွင် ရန်ကုန် ကျင်းပမည် မှ

ပြပွဲတွင် တာတာကုမ္ပဏီ၏ နာမည်ကျော်နာနိုကားငယ်များပါ ပြသဖွယ်ရှိကြောင်းလည်း အထက်ပါတာဝန်ရှိသူကပြောသည်။

တာတာ ကားကုမ္ပဏီက အဆိုပါကားပြပွဲကိုကျင်းပပြီး မြန်မာနိုင်ငံ၏ ကားဈေးကွက်အခြေအနေကို လေ့လာမည်ဖြစ်ကာ အဆိုပါကုမ္ပဏီအတွက် ကားအရောင်းပြခန်းဖွင့်ရန် မဖွင့်ရန် ဈေးကွက်အခြေအနေကိုကြည့်၍ ဆုံးဖြတ်ဖွယ်ရှိကြောင်းလည်း အထက်ပါတာဝန်ရှိသူကပြောသည်။

ပြည်ပကားကုမ္ပဏီတစ်ခုတည်းမှ ကားအမျိုးအစားအစုံအလင်လာရောက်ပြသခြင်းသည် ပထမဆုံးအကြိမ်ဖြစ်မည်ဖြစ်သည်။ အဆိုပါကုမ္ပဏီမှာ အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့်ပူးပေါင်း၍ မကွေးတိုင်းဒေသကြီးတွင် တာတာထရပ်ကားများထုတ်လုပ်မည့် စီမံကိန်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။

Vol.10, No.30 · OCTO

## သေကြောင်းကြံစည်ရခြင်းအကြောင်း

သီဟ

**ပြီးခဲ့သည့် ၂၀၁၀ပြည့်နှစ်အတွင်းက ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ မိသားစုတစ်စုလုံး ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံစည်မှုဖြစ်ပွားခဲ့သည်ဟူသော ဖြစ်ရပ်၏ နောက်တွင် တိုက်ပေါ်မှပြုတ်ကျ သေဆုံးခြင်း(ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံသည်ဟုယူဆရသော) အမှုအခင်းများ မကြာခဏဆိုသလို သတင်းများတွင် မြင်တွေ့ဖတ်ရှုလာနေရသည်။**

ကိုယ့်ကိုယ်ကိုယ် သေကြောင်း ကြံစည်မှုသည် ယခင်ကမြန်မာနိုင်ငံတွင် ဘာသာတရား၏ အဆုံးအမကြောင့်လည်းကောင်း၊ ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံစည်ပါက အဖန်ငါးရာငါးကမ္ဘာ ပြန်လည်ကာ ထပ်တလဲလဲ ထိုသို့ပြုမူနေရတတ်သည်ဟူသော ယုံကြည်မှုကြောင့်လည်းကောင်း ထိုသို့သော အမှုအခင်းမျိုး နည်းပါးခဲ့သော်လည်း နောက်ပိုင်းတွင် ပိုမိုများပြားလာခဲ့သည်ကို တွေ့ရသည်။

ယေဘုယျအားဖြင့် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ခြင်းသည် အကြောင်းအရင်း လေးမျိုးကြောင့်ဖြစ်ပွားတတ်ကြောင်း စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာဦးဇော်စိန်လွင်ကပြောသည်။

အဆိုပါလေးမျိုးမှာ စိတ်ကျရောဂါခံစားနေရသူများ၊စိတ်ဖောက်ပြန်နေသူများ၊မူးယစ်ဆေးဝါးနှင့် အရက်အလွန်အကျွံသုံးစွဲသူများ၊ စိတ်ဖိစီးမှု ပြင်းပြင်းထန်ထန်ခံစားနေရသူများဖြစ်ကြကြောင်း သိရသည်။

အဆိုပါလေးမျိုးတွင် စိတ်ကျရောဂါခံစားနေရသူများသည် သေကြောင်းကြံစည်မှု အများဆုံးပြုလုပ်လေ့ရှိကြကြောင်း သိရပြီး စိတ်ဖောက်ပြန်နေသူများသည် တစ်ခါတစ်ရံတွင် ၎င်းတို့အပြုအမူသည် သေစေသည့် အပြုအမူမှန်း မသိလိုက်ဘဲနှင့် ပြုမူလိုက်မိသဖြင့် သေဆုံးသွားကြသည်များလည်း ရှိတတ်ကြောင်း ဒေါက်တာဦးဇော်စိန်လွင်ကပြောသည်။

မူးယစ်ဆေးဝါးနှင့် အရက်ကို အလွန်အကျွံသုံးစွဲသူများသည်လည်းတစ်ခါတစ်ရံတွင်စိတ်ဖောက်ပြန်မှုနှင့်တွဲဖက်ကာ သေကြောင်းကြံစည်မှုများပြုလုပ်လေ့ရှိကြကြောင်း သိရသည်။

စိတ်ဖိစီးမှုပြင်းပြင်းထန်ထန် ခံစားနေရသူများသည် တစ်ခါတစ်ရံတွင်စိတ်ထွက်ပေါက်အနေဖြင့် သေကြောင်းကြံစည်ရန် ဆန္ဒဖြစ်ပေါ်လာတတ်ကြကြောင်း သိရသည်။

ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ခြင်းသည် လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ ကိုးကွယ်သည့်ဘာသာအပေါ် မူတည်၍ သေကြောင်းကြံစည်မှုအပေါ် ထားရှိသည့်သဘောထားများမတူညီမှုကြောင့် သေကြောင်းကြံစည်မှုနှုန်းများလည်း ကွာဟတတ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည်လည်း ဘာသာရေးအဆုံးအမကြောင့် ၎င်းတရားရေးဟန့်တားမှုကြောင့် ၎င်းအတိုင်းအတာတစ်ခုအထိ လျော့နည်းခဲ့သော်လည်း ယခုနောက်ပိုင်းတွင်မူ “အခုအချိန်မှာ ယဉ်ကျေးမှုတွေ ဆက်နွယ်လာတယ် ယှဉ်ပြိုင်မှုတွေကပိုများလာတော့ ဆန္ဒနောက်ကို ဒေါသလိုက်သွားတဲ့အခါမှာ ဒါတွေသည်အတိုင်းအတာတစ်ခုအထိတော့ပိုများလာတယ်” ဟု ဒေါက်တာဦးဇော်စိန်လွင်ကပြောသည်။

သို့သော် မြန်မာနိုင်ငံတွင်မူ အဘိုးအဘွား၊ အဖေအမေ၊သားသမီးအစရှိသည့် မျိုးဆက်သုံးဆက်ခန့် စုစည်းနေထိုင်ကြသည့် မိသားစုကြီးပုံသဏ္ဍာန်နေထိုင်မှုကြောင့်လည်း တစ်ဦးနှင့်တစ်ဦး ညှာတာမှု၊ ထောက်ထားမှုများကြောင့် သေကြောင်းကြံစည်ရန် အားထုတ်မှုများနည်းကြောင်း သိရသည်။

သို့သော် “လူနေမှုစရိုက်တွေပြောင်းသွားတာနဲ့အမျှ ကိုယ့်ရဲ့ ပုဂ္ဂလိကဆန္ဒကိုအားပေးတဲ့အခါကျတော့ ဒီအတွေးအခေါ်တွေက စိမ့်ဝင်သွားတတ်တယ်။ ဒါကြောင့် အခုခေတ်မှာ ဒါတွေကတိုးတက်လာတယ်လို့ သတိထားမိတယ်”ဟု ဒေါက်တာဦးဇော်စိန်လွင်ကပြောသည်။

ကိုယ့်ကိုယ့်ကိုယ် သေကြောင်းကြံစည်မှုအား ဥပဒေအရတားမြစ်မှုအနေဖြင့်လည်း မိမိကိုယ်ကို သေကြောင်းကြံစည်သူသည် ကြံစည်မှုအထမြောက်သွားပါက မည်သို့မျှအရေးယူ၍မရတော့သော်လည်း အထမမြောက်ခဲ့လျှင်မူ ကြံစည်သူအား ဥပဒေပုဒ်မ ၃၀၇အရအမြင့်ဆုံးထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်နိုင်ကြောင်း သိရသည်။

**စာ(၁၄)သို့**





## ယဉ်ကျေးမှုအစဉ်အလာ၊ ကျန်းမာရေးပြဿနာကြားက
# ကူးစက်ခံ အမျိုးသမီးများ

ဝတ်ရည်

**အရှေ့တောင်အာရှနိုင်ငံများရှိအမျိုးသမီးများသည် အမျိုးသားများနှင့်ယှဉ်လျှင် ငယ်စဉ်ကတည်းက မိဘဆွေမျိုးများ၏ ဆုံးမပဲ့ပြင်မှု၊ ကိုးကွယ်သည့်ဘာသာတရား၏ အဆုံးအမနှင့်ယဉ်ကျေးမှု ထုံးတမ်းစဉ်လာတို့၏ အောက်တွင် ကြီးပြင်းလာကြရသည်။**

ဗုဒ္ဓဘာသာတိုင်းပြည်များတွင် မွေးဖွားကြီးပြင်းလာသည့် အမျိုးသမီးများသည် အခြားသော အနောက်နိုင်ငံများမှ အမျိုးသမီးများထက် ပိုမိုအစဉ်အလာကြီးသည့် ယဉ်ကျေးမှုအရိပ်အောက်တွင် ကြီးပြင်းလာရပြီး ထိုစွဲမြဲသည့်ယဉ်ကျေးမှုအစဉ်အလာများက မိမိ၏ အိမ်ထောင်ဖက် အမျိုးသားများထံမှ အသက်ပင်သေစေနိုင်သည့် ကူးစက်ရောဂါများ ကူးစက်ခံရနိုင်သည့် အခွင့်အရေးများပြားစေခြင်းသည်လည်း သတိပြုသင့်သည့်အကြောင်းအရာတစ်ခုဖြစ်သည်။

အရှေ့တောင် အာရှနိုင်ငံများတွင် ထိုင်း၊ မြန်မာ၊ ကမ္ဘောဒီးယားနိုင်ငံများသည် ခုခံအားကျဆင်းမှုရောဂါအများဆုံးဖြစ်ပွားသည့် နိုင်ငံများဖြစ်ကြသည်။

မိမိလက်ထပ်ယူထားသည့် အမျိုးသမီးမှအပြင် အခြားသော အမျိုးသမီးများနှင့် လိင်ပိုင်းဆိုင်ရာကိစ္စများပတ်သက်သူသည် အိမ်ထောင်ရေးတွင် တစ်လင်တစ်မယားစနစ်ကိုသာ လက်ခံကျင့်သုံးကြသည့် လူမျိုးများအတွက် အိမ်ထောင်ရေးဖောက်ပြန်မှုဆိုသည့်မှာ အကြီးကျယ်ဆုံးသော အပြစ်ကျူးလွန်မိခြင်းဖြစ်၍ လူမှုဝန်းကျင်ကလည်း ခွင့်လွှတ်ရိုး မရှိပေ။

ထိုကဲ့သို့ အမျိုးသားများထံမှ ရောဂါပိုးများကူးစက်နိုင်သည်ကို အမျိုးသမီးအများစုက မိမိ၏ကံအကျိုးပေးကြောင့်သာ ဖြစ်သည်ဟုလက်ခံထားရသည်။

**စာ(၁၄)သို့**

## အိတ်ချ်အိုင်ဗီကူးစက်ခံရမှု ၂၅နှစ်မှ ၂၉နှစ်ကြား လူငယ်များဖြစ်နေ

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ - ၄**


မြန်မာနိုင်ငံ၌အိတ်ချ်အိုင်ဗီရောဂါ ကူးစက်ဖြစ်ပွားမှုသည် အသက် ၂၅ နှစ်မှ ၂၉ နှစ်အရွယ် လူငယ်များတွင် အများဆုံးတွေ့ရှိနေရကြောင်း အိတ်ချ်အိုင်ဗီရောဂါပိုးရှာဖွေစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် PSI မှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ အိတ်ချ်အိုင်ဗီရောဂါပိုး ရှာဖွေစစ်ဆေးနိုင်ရန် ဖွင့်လှစ်ထားသည့် ကျူစီစင်တာများ၌ လာရောက်စစ်ဆေးခံမှုသူများတွင် ၂၅ နှစ်မှ ၂၉ နှစ်အရွယ်သည် ၆၁ ရာခိုင်နှုန်းရှိပြီး အသက်ကိုးနှစ်မှ ၂၄ နှစ်အရွယ်မှာ ၃၃ ရာခိုင်နှုန်းရှိကြောင်းသိရသည်။

ယင်းတို့တွင် ရောဂါပိုးတွေ့ရှိမှုနှုန်းမှာ အသက် ၂၅ နှစ်မှ ၂၉ နှစ်အရွယ်တွင် ၈၃ ရာခိုင်နှုန်းရှိနေပြီး အသက် ၉နှစ်မှ ၂၄ နှစ်အရွယ်တွင် ၁၂ ရာခိုင်နှုန်းရှိနေကြောင်းသိရသည်။

“ရောဂါပိုးကူးစက်ရခြင်းရဲ့ အဓိက အကြောင်းရင်းကတော့ လိင်ဆက်ဆံမှုကြောင့်ဖြစ်ရတာပါပဲ။တခြားအကြောင်းကတော့ တော်တော်ရာခိုင်နှုန်းနည်းပါတယ်။ မြန်မာနိုင်ငံမှာ အိမ်ထောင်သည်တွေရောဂါကူးစက်ဖြစ်ပွားမှုနှုန်းလည်း မြင့်နေပါတယ်”ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

အိတ်ချ်အိုင်ဗီရောဂါပိုး ကူးစက်ခြင်းမှ ကာကွယ်တားဆီးရန်အတွက် အဓိကအချက်သုံးချက်မှာ ကွန်ဒုံးအသုံးပြုခြင်း၊ ကုသ၍ရသော ကာလသားရောဂါဖြစ်ပွားပါက ဆောလျင်စွာ ကုသခြင်းနှင့် အမျိုးသားလိင်အင်္ဂါအရေပြားထိပ်ဖြတ်တောက်ထားခြင်းတို့ဖြစ်ကြောင်းသိရသည်။

7DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

## အိတ်ချ်အိုင်ဗီရောဂါပိုး ကူးစက်ခံများ အကြံ   ဏ်နှင့် ဆေးဝါးလမ်း ညွှန်မှုတောင်းခံနိုင်

မြတ်စုမွန်

ရန်ကုန်၊ အောက်တိုဘာ - ၃

**အိတ်ချ်အိုင်ဗီရောဂါပိုး ကူးစက်ခံထားရပြီး အကြံဉာဏ်လိုအပ်နေသူများနှင့် အေအာရ်ဗီဆေးဝါးသောက်သုံးရန် လိုအပ်နေသူများအား အကြံဉာဏ်နှင့်လမ်းညွှန်မှု များပေးရန် အဆင်သင့်ရှိကြောင်း နှင့်လိုအပ်သောအကူအညီများကိုတောင်းခံနိုင်ကြောင်း Myanmar Positive Group၏ဥက္ကဋ္ဌက မြန်မာနိုင်ငံ အိတ်ချ်အိုင်ဗီပေါ့စတစ်များတွေ့ဆုံပွဲတွင် ပြောကြားသည်။**

“ကျွန်တော်တို့ မြန်မာပေါ့စတစ်ဂရု(ပ်)ထဲက ကိုယ့်ဘာသာကိုယ် ဆေးသောက်နေရတဲ့ လူတွေကို ပြည်တွင်းအလှူရှင်တစ်ယောက်ရဲ့ ပံ့ပိုးမှုနဲ့ ၅၇ဦးအထိ ဆေးပေးနိုင်ခဲ့တယ်။ နှစ်သိမ့်ဆွေးနွေးမှုတွေပေးနိုင်တယ်။ MPG ကို ဆက်သွယ်ရင် အေအာရ်ဗီဘယ်မှာရနိုင်တယ်ဆိုတာလည်း လမ်းညွှန်ပေးနိုင်ပါတယ်”ဟု Myanmar Positive Group ၏ဥက္ကဋ္ဌ ဦးမျိုးသန့်အောင်ကပြောသည်။

မြန်မာနိုင်ငံရှိအိတ်ချ်အိုင်ဗီရောဂါပိုးဖြင့် အသက်ရှင်နေထိုင်သူများကွန်ရက်သို့ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိအိတ်ချ်အိုင်ဗီနှင့် အေအိုင်ဒီအက်စ်ကူးစက်ပြန့်ပွားမှု ကာကွယ်တားဆီးရေး လူမှုရေးအဖွဲ့အစည်းများပူးပေါင်းပါဝင်ချိတ်ဆက်မှုအားကောင်းလာပြီး ယခင် ၄၇ဖွဲ့ရှိရာမှ ယခု ၂၀၉ ဖွဲ့အထိ မြင့်တက်လာကြောင်း အထက်ပါပုဂ္ဂိုလ်ကဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံရှိအိတ်ချ်အိုင်ဗီရောဂါပိုးဖြင့် အသက်ရှင်နေထိုင်သူများ ကွန်ရက်တွေ့ဆုံပွဲကို ရွှေဂုံတိုင် Excel Treasure Tower တွင်ယနေ့ပြုလုပ်ခဲ့ရာပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်ကူးစက်ပြန့်ပွားမှု ကာကွယ်တားဆီးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့်အဖွဲ့ပေါင်း ၂၀၀ ကျော်တက်ရောက်ခဲ့ကြောင်း ကွန်ရက်၏ တာဝန်ရှိသူတစ်ဦးကပြောသည်။

“မတူညီတဲ့ဒေသတွေကမတူညီတဲ့အတွေ့အကြုံတွေကိုဖလှယ်ဖို့အတွက် ဒီလိုတွေ့ဆုံပွဲကိုလုပ်တာပါ။ ဒီနေ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးက အဖွဲ့ပေါင်း ၂၀၉ ဖွဲ့ရဲ့ ကိုယ်စားလှယ်ပေါင်း ၂၅၀ တက်တယ်။ ကွန်ရက်ထဲမှာ ARTဆေးစပေးနေတဲ့အဖွဲ့နှစ်ဖွဲ့ရှိတယ်”ဟု မြန်မာပေါ့စတစ်များကွန်ရက်ဥက္ကဋ္ဌ ဦးမျိုးသန့်အောင်ကပြောသည်။

မြန်မာ ပေါ့စတစ်ဂရု(ပ်)သို့ ဆက်သွယ်လိုသူများသည် အမှတ်(12/F)၊ပြည်သူလမ်း၊၇မိုင်၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-၀၁-၆၆၂၄၈၄၊၀၁-၆၆၅၉၀၄၊ ၀၁-၆၆၆၅၃၂လိုင်းခွဲ-၂၁၄၊ဖုန်း-၀၉-၄၃၀၃၂၉၅၁သို့လည်းကောင်း၊ အီးမေးလ်-myanmar positive group@gmail.com သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း အဆိုပါအဖွဲ့မှသတင်းရရှိသည်။

## AFTA အသက်ဝင်ချိန်တွင် ကျန်းမာရေး အဆင့်အတန်းမီ နိုင်ငံဖြစ်နေစေရန်ဝန်ကြီးပြောကြား

သီဟ

ရန်ကုန်၊အောက်တိုဘာ-၇

လာမည့်၂၀၁၅တွင်အကောင်အထည်ပေါ် လာမည့်အာဆီယံလွတ်လပ်သည့် ကုန်သွယ်ရေး သဘောတူညီမှု ASEAN Free Trade Agreement(AFTA)ဖြစ်မြောက်ရာတွင် မြန်မာနိုင်ငံသည်လည်း ကျန်းမာရေး အဆင့်အတန်းမီသည့်နိုင်ငံအဖြစ် ပါဝင်နိုင်ရေးသည်လည်း အရေးကြီးသည့် ကိစ္စတစ်ရပ်ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပါမောက္ခဒေါက်တာဖေသက်ခင်က ယနေ့ပြောကြားသည်။

ပြည်ထောင်စု ဝန်ကြီးက သူနာပြုတက္ကသိုလ်တွင် ယနေ့ကျင်းပပြုလုပ်သည့်မြန်မာနိုင်ငံဆေးပညာရှင်များအဖွဲ့၏ ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင်မိန့်ခွန်းပြောကြားရာ၌ အထက်ပါအတိုင်းပြောကြားသွားခြင်းဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးက နိုင်ငံတော်သမ္မတ၏ ပြည်ပရောက် မြန်မာများအား ဖိတ်ခေါ်မှုနှင့်ပတ်သက်၍လည်းထည့်သွင်းပြောကြားရာတွင် ယနေ့ နိုင်ငံတော်သမ္မတကြီးအနေဖြင့်လည်း ပြည်တွင်းရှိ ပညာရှင်များသာမက အကြောင်းအမျိုးမျိုးကြောင့် ပြည်ပရောက်မြန် မာ ပညာရှင်များနှင့် မြန်မာနိုင်ငံသားများကို အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် လက်ကမ်းကြိုဆိုရာတွင် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဝင်များသည်လည်း တစ်တပ်တစ်အား ပါဝင်ကြရန် တိုက်တွန်းပြောကြားသွားသည်။

## စာ-၁၃၊ ယဉ်ကျေးမှုအစဉ်အလာ၊ ကျန်းမာရေးပြ   နာကြားက ကူးစက်ခံအမျိုးသမီးများ မှ

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများရှိ အမျိုးသမီးများတွင် ခုခံအားကျဆင်းမှုရောဂါ(HIV/AIDS)ဖြစ်ပွားမှုသည်ယခုအချိန်တွင် တဖြည်းဖြည်း များပြားလာပြီး နောင်တွင်အမျိုးသားများတွင် ဖြစ်ပွားမှုနှုန်းထက် ပိုမိုများပြားလာနိုင်သည်ဟု အဆိုပါရောဂါဆိုင်ရာ ကာကွယ်၊ ကုသ၊ ပညာပေးရေးလုပ်ဆောင်နေသည့် ကျွမ်းကျင်ဆရာဝန်များက ပြောကြားသည်။

လက်ရှိတွင် အဆိုပါရောဂါဆိုင်ရာ ကာကွယ်၊ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ တွေ့ရှိချက်များအရ အပြင်၌ Sex worker များနှင့် အတူနေပြီး အိမ်ထောင်ဖက်မှ ဇနီးသည်သို့ ကူးစက်သည့်နှုန်းမှာ အများဆုံးဖြစ်နေကြောင်း UNAIDS မှသိရသည်။

“အနောက်နိုင်ငံတွေနဲ့ ယှဉ်ရင် အရှေ့တောင်အာရှနိုင်ငံတွေမှာ အိတ်ချ်အိုင်ဗီဖြစ်နှုန်းက သိသိသာသာကို များပြားနေတယ်။ ဒီလောက်လွတ်လပ်ပြီး ပျော်စရာတွေများတဲ့ နေရာမှာ ဖြစ်နှုန်းက မတက်ဘဲနဲ့ ဒီလိုတိုင်းပြည်တွေမှာ ဖြစ်နှုန်းများလာတယ်ဆိုတာ ကြီးပြင်းလာတဲ့ နေထိုင်မှုပုံစံတွေ၊ ကျန်းမာရေးအသိပညာတွေနဲ့လည်း အများကြီးပတ်သက်တယ်”ဟုခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး ဆောင်ရွက်နေသူ ဒေါက်တာမြင့်ဇော်က ပြောကြားသည်။

ထိုကဲ့သို့ တိုင်းပြည်များတွင် အိမ်ထောင်သည်အမျိုးသားများ ညအိပ်ညနေခရီးသွားလာသည့် အခါတွင် အိမ်ထောင်ဖက်အမျိုးသမီးများကိုယ်တိုင် ရောဂါကာကွယ်ရေးအတွက် ကွန်ဒုံးပါ၊ မပါ သတိပေးမှုများရှိသည့် အလေ့အကျင့်များပါရှိသည်ဟု အဆိုပါဆရာဝန်က ဆက်လက်ပြောသည်။

“အဲဒါဟာ လိင်ကိစ္စကို မြှောက်ပေးတာလည်း မဟုတ်ပါဘူး။ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေဆိုတာရှိတယ်။ အဲဒီအခြေအနေပေါ်မှာ ကျန်းမာရေးရှုထောင့်အနေနဲ့ သုံးခိုင်းတာဖြစ်တဲ့ အပြင် ကျန်းမာရေးအသိအရ မိမိကိုယ်လည်း ရောဂါပိုးပြန်လည်ကူးစက်နိုင်တဲ့ အခြေအနေကို တားဆီးရာလည်းရောက်တယ်”ဟု ဒေါက်တာမြင့်ဇော်ကပြောကြားသည်။

အမျိုးသားများအတွက် လိင်ပိုင်းဆိုင်ရာ ကိစ္စများသည်အခြေအနေ အချိန်အခါသင့်သည့်အချိန်မျိုးတွင် ဖြစ်ပွားနိုင်ခြင်းမျိုးဖြစ်ပြီး လူတိုင်းမရှောင်နိုင်သည့် အဆိုပါ ကိစ္စများမှတစ်ဆင့် ဖြစ်ပေါ်သည့်အတွက် ရောဂါဖြစ်ပွားကူးစက်နှုန်းများပြားခြင်းဖြစ်ကြောင်း HIV ရောဂါကုသရေး၊ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေသူတစ်ဦးကပြောကြားသည်။

မြန်မာတို့၏ လက်ခံထားသည့် ယဉ်ကျေးမှုအရအိမ်ထောင်သည်အမျိုးသမီးများအနေဖြင့် ညအိပ်ညနေ ခရီးသွားလာသည့် အမျိုးသားအား ရောဂါကာကွယ်ရေးအတွက် ကွန်ဒုံးဆောင်သွားရန် ပြောဆိုမှုသည် မဖြစ်နိုင်သော်လည်း အပြင်တွင် အခြားအမျိုးသမီးတစ်ဦးနှင့်အတူရှိပြီး နောက်ရောဂါကူးစက်ခံလာရသည့် အမျိုးသားမှတစ်ဆင့် မိမိသို့ ရောဂါပိုးများပြန်လည် ကူးစက်နိုင်သည် အချက်ကိုအားမမေ့လျော့သင့်ပေ။

“နယ်က ကျွန်တော့်သူငယ်ချင်းတွေဆို နယ်မှာ ကာရာအိုကေခန်းတွေ လိင်ပိုင်းဆိုင်ရာဝန်ဆောင်မှုပေးတဲ့သူတွေရှိပေမယ့် နယ်မှာဆိုတော့ လူသိမှာစိုးတဲ့အတွက် ဘာမှမလုပ်ကြဘူး။ အဲဒီမှာ ရန်ကုန်ရောက်လာတယ်။ အဲလိုကိစ္စမျိုးဆိုပြီး ရည်ရွယ်ထားတာ မဟုတ်ပေမယ့်ကာရာအိုကေဆိုင်တွေ၊ နိုက်ကလပ်တွေရောက်သွားတဲ့အခါ အဆင်သင့်လည်းဖြစ်လာတဲ့အခါ ဖြစ်သွားနိုင်တယ်။ အဲဒီအခါမှာ သူ့အတွက်ကာကွယ်ပေးနိုင်မယ့် ကွန်ဒုံးလည်း မပါဘူး။ လတ်တလော ရခဲ့တယ်ဆိုရင်လည်း အရည်အသွေး၊ ရက်လွန်နေမနေမသိနိုင်တဲ့အတွက်ရောဂါပိုးကူးစက်ခံရမှုဆိုတာတွေရှိပြီး အိမ်က အိမ်ထောင်ဖက်ကို ပြန်ကူးနိုင်တာတွေလည်း ရှိကြတယ်”ဟု ရောဂါဆိုင်ရာပညာပေး လုပ်ငန်းများ ဆောင်ရွက်နေသည့် ဆရာဝန်တစ်ဦးက ပြောကြားသည်။

အမျိုးသားများထံမှ ကူးစက်ရနိုင်သည့် ရောဂါများမှာ ခုခံအားကျဆင်းမှုကဲ့သို့ ရောဂါများအပါအဝင် ကာလသားရောဂါကဲ့သို့ ဖြစ်ပွားမှု များပြားသည့် ရောဂါများနှင့် အခြားလိင်မှတစ်ဆင့် ကူးစက်နိုင်သည့် ရောဂါများလည်း ရှိကြောင်းသိရသည်။

အိတ်ချ်အိုင်ဗီပိုးသည် သွေး၊ သုတ်ရည်နှင့် အမျိုးသမီးကိုယ်မှ ထွက်ရှိသောအရည်များထဲတွင် အများဆုံးပါဝင်နေပြီး အမျိုးသမီးများ၏ ခန္ဓာကိုယ်ဖွဲ့စည်းမှုအရ ရောဂါပိုးရှိသော အမျိုးသားနှင့် အတူနေပြီးသည့်အချိန်တွင်ရောဂါပိုးများ စုအောင်းပြီး ရောဂါပျံ့နှံ့မှုများပြားစေအောင် ဖန်တီးပေးနေသည့်အတွက် အမျိုးသမီးများသည် အမျိုးသားများထက် အိတ်ချ်အိုင်ဗီပိုး ပိုမိုကူးစက်ခံရမှု များပြားနေကြောင်း ဒေါက်တာမြင့်ဇော်ကပြောကြားသည်။

မြန်မာနိုင်ငံအတွင်း အိတ်ချ်အိုင်ဗီရောဂါဆိုင်ရာ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများအတွက် အဓိက ရင်ဆိုင်နေရသည့်ပြဿနာမှာ ကျန်းမာရေးဆိုင်ရာ အသိပညာနည်းပါးခြင်း၊ ရှက်ကြောက်မှုများပြားခြင်း၊ ပြည်တွင်းအဖွဲ့အစည်းများ၏ လှုပ်ရှားမှုအား သိရှိမှုနည်းပါးခြင်း စသည့်အချက်များကြောင့် ရောဂါထိန်းချုပ်မှု ဆောင်ရွက်ရာတွင် အခက်အခဲများစွာ ရှိနေကြောင်း သိရသည်။

ရောဂါပြန့်ပွားမှုနည်းပါးလာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လုပ်ငန်းလုပ်ဆောင်နေသည့် အဖွဲ့များအနေဖြင့် ရောဂါပိုးကူးစက်စေနိုင်သည့် လိင်ပိုင်းဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်နေသူ အမျိုးသမီးများ၏ အမူအကျင့်ပြောင်းလဲမှုများအတွက် ကွန်ဒုံးအသုံးပြုရန် ပညာပေးမှုများ ဆောင်ရွက်နေသော်လည်း အဆိုပါအမျိုးသမီးများ၏ ဖောက်သည်များမှတစ်ဆင့် သူတို့၏ ဇနီးသည်များအား ရောဂါကူးစက်မှုနည်းပါးစေရန် ဖောက်သည်များကိုပါ ပညာပေးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

Sex Worker များအား ကျန်းမာရေးဆိုင်ရာ ပညာပေးမှုများ ပြားလာခြင်းကြောင့် အဆိုပါသူများတွင် ရောဂါဖြစ်ပွားနှုန်း ကျဆင်းလာသော်လည်း သူတို့၏ ပါတနာများတွင် ဖြစ်နှုန်းတက်လာကြောင်း ပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

“ရောဂါပြန့်ပွားမှုကို ဖြတ်တောက်ဖို့အတွက် ကွန်ဒုံးကိုစနစ်တကျမဖြစ်မနေ အသုံးပြုခြင်းကတော့ အကောင်းဆုံးနည်းလမ်းပါပဲ”ဟု ဒေါက်တာမြင့်ဇော်က ဆက်လက်ပြောကြားသည်။

## စာ-၁၃၊ သေကြောင်းကြံစည်ရခြင်းအကြောင်း မှ

ဆယ်ကျော်သက်များသည် ၎င်းတို့၏ ပတ်ဝန်းကျင်တွင် အချစ်ရေး၊ စီးပွားရေး၊ ပေါင်းသင်း ဆက်ဆံရေးအစရှိသည်များအား အလိုမကျသည့်အခါများတွင် ထွက်ပေါက်အနေဖြင့် မိမိကိုယ်ကို သေကြောင်းကြံစည်လေ့ရှိကြသည်ဟု စိတ်ပညာရှင်များကဆိုသည်။

မိမိကိုယ်သေကြောင်းကြံစည်ရာတွင် သေစေရန်ကြံစည်မှုနှင့် ကြံစည်မှု အထမြောက်ခြင်းဟူ၍နှစ်ပိုင်းရှိသည်။ အမျိုးသမီးများသည် ကြံစည်မှုပိုမိုပြုလုပ်လေ့ရှိကြပြီး အမျိုးသားများသည် ကြံစည်မှုအား အထမြောက်စေရန်ပြုလုပ်မှုပိုမိုများပြားသည်ဟု သိရသည်။

မိမိကိုယ်ကို သေကြောင်းကြံစည်ရန်စိတ်ကူးပေါ် သူများသည် သေကြောင်းကြံရန် ဆန္ဒပေါ် ချိန်သည်မိနစ်အနည်းငယ်ခန့်သာဖြစ်ပေါ်တတ်ပြီး နောက်ပိုင်းပြန်စဉ်းစားချိန်တွင် အဆိုပါစိတ်ကူးသည်မှားသည်ဟု ကာယကံရှင်ကိုယ်တိုင် ခံစားရလေ့ရှိသော်လည်း အဆိုပါမိနစ်ပိုင်းအတွင်း ထမြောက်အကောင်အထည်ပေါ် သွားပါက ပြန်လည်ပြင်ဆင်၍မရနိုင်တော့ကြောင်း ဒေါက်တာဦးဇော်စိန်လွင်ကပြောသည်။

သေကြောင်းကြံစည်ရန် အကြံအစည်ပေါ် တတ်သည့် အချိန်များမှာ တိတ်ဆိတ်ငြိမ်သက်ကာ ဆိတ်ကွယ်ရာရှိနေသည့် အချိန်၊အထီးကျန်ဖြစ်နေသည့်အချိန်၊ တွယ်ရာမဲ့နေချိန်၊ အခက်အခဲများမှ လွတ်လမ်းမမြင်ချိန်နှင့်အခက်အခဲမှလွတ်မြောက်ရန်ကြံစည်မှုများသည်လက်ရှိကြုံတွေ့နေရသည့် အခက်အခဲအား မည်သို့မျှထိုးဖောက်ရန် မတတ်နိုင်သည့်အချိန်များတွင် သေကြောင်းကြံရန် ကြံစည်လေ့ရှိတတ်ကြကြောင်း သိရသည်။

လေ့လာမှုများအရ သေကြောင်းကြံရန် စိတ်ကူးနေသူများ၏ ၈၀ မှ ၉၀ ရာခိုင်နှုန်းသည် ၎င်းတို့၏ အကြံအစည်အား တစ်ပါးသူသို့ တစ်နည်းနည်းဖြင့်ပြောပြတတ်လေ့ရှိသည်ဟု ပညာရှင်များကပြောသည်။

ထိုအချိန်တွင် အမှတ်တမဲ့မနေသင့်ဘဲ ဂရုစိုက်ကာ ကာယကံရှင်၏ အခက်အခဲများအား နားလည်မှုရှိစွာနှင့် စာနာနားထောင်ပေးခြင်း ဆွေးနွေးတိုင်ပင်ပေးခြင်းတို့ပြုလုပ်ပေးခြင်းဖြင့် တစ်ဦးတစ် ယောက်၏ သေကြောင်းကြံစည်ခြင်းအား ကာကွယ်နိုင်ကြောင်းသိရသည်။

အလားတူ သေကြောင်းကြံရာတွင် အသုံးပြုနိုင်သည့် ဆေးဝါး၊ လက်နက်များကိုလည်း အလွယ်တကူရရှိနိုင်သည့် နေရာတွင်မထားရှိဘဲ သေချာစွာ သိမ်းဆည်းထားခြင်းဖြင့်လည်း ကာကွယ်နိုင်သည်။

မိမိကိုယ်ကို သေကြောင်းကြံခြင်းမှ ကာကွယ်နိုင်ရန်အတွက် အခြားသောနည်းလမ်းများမှာ မိမိတွင် စိတ်ကျရောဂါရနေပါက စောစီးစွာကုသခြင်း၊ အရက် မူးယစ်ဆေးဝါးပြဿနာများရှိပါက ကြိုတင်ဆွေးနွေးကုသခြင်းများ ပြုလုပ်ခြင်း၊ ဆယ်ကျော်သက်များတွင် စိတ်ဖိစီးမှုများကြုံတွေ့လာပါက ရင်ဖွင့်တိုင်ပင်နိုင်မည့် အဖော်မွန်ဖြစ်သည့် မိဘ၊ဆွေမျိုး၊ညီအစ်ကို မောင်နှမများရှိခြင်း အစရှိသည်တို့ဖြစ်သည်။

ထို့ကြောင့် မိမိကိုယ်ကို သေကြောင်းကြံစည်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် ပြဿနာတစ်စုံတစ်ခုနှင့်ကြုံတွေ့နေပါက ကိစ္စတိုင်းတွင် အခြားနည်းလမ်းရှိသည်ဆိုသည့်အချက်ကို မမေ့သင့်ဘဲ ပြဿနာအား မှန်ကန်သည့် နည်းလမ်းဖြင့် ချဉ်းကပ်ဖြေရှင်းကြရန် လိုအပ်ကြောင်း စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာဦးဇော်စိန်လွင်ကပြောသည်။

“ကမ္ဘာကျော်တီထွင်ပညာရှင်ကြီး သောမတ်စ်အက်ဒီဆင် ပြောသလိုပေါ့၊ အောင်မြင်မှုတစ်ခုအတွက် ဆုံးရှုံးမှုတွေဟာ ၉၉၉ ကြိမ်ရှိပါတယ်၊ အဲဒီတော့ တစ်ကြိမ်မအောင်မြင်တာကို နောက်တစ်ကြိမ်ထပ်ကြိုးစားရင် အောင်မြင်နိုင်တာကို ဘာကြောင့် အရှုံး ပေးမှာလဲ”ဟု ဒေါက်တာဦးဇော်စိန်လွင်က အကြံပြုပြောကြားသည်။

Regional
7 DAY NEWS JOURNAL
Vol.10, No.30 • OCTOBER 13, 2011

## နွေစပါးစံချိန်တင် ဈေးကျချိန်တွင် ငွေလိမ်ခံရမည်စိုး၍ လက်ငင်းစနစ်ဖြင့်သာ ရောင်းသူပိုများ

ရန်နိုင်ကျော်

**မုံရွာ၊ အောက်တိုဘာ- ၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စပါးအများဆုံးစိုက်ပျိုးထုတ်လုပ်သော ရွှေဘိုခရိုင်တွင် တန့်ဆည်မြို့နယ်၊ရေဦးမြို့နယ်နှင့် ဒီပဲယင်း မြို့နယ်အတွင်း နွေစပါးစိုက်ခင်း များရိတ်သိမ်းခြွေလှေ့ပြီးချိန်တွင် စပါးရောင်းဝယ်သူအချို့ ငွေလိမ်လည်မှုများ ကြုံတွေ့ခဲ့သည့်နောက်ပိုင်း လက်ငင်းငွေချေစနစ်ဖြင့်သာ ရောင်းချသူပိုများခဲ့ကြောင်း အဆိုပါဒေသခံတောင်သူများ၏ပြောပြချက်အရ သိရှိရသည်။

မနှစ်ကနွေစပါးပေါ် ချိန်မှာ စပါးတစ်တင်း ၂,၈၀၀ ဈေးစဖွင့်ခဲ့တာ ဒီနှစ်နွေစပါး ဈေးစဖွင့်တာ ၂,၅၀၀ ဆိုတော့ငါးနှစ်တာကာလအတွင်း နွေစပါးဈေးဖွင့်ချိန်မှာ အနိမ့်ဆုံးဈေးလို့ပြောလို့ရတယ်။နွေစပါးဈေးက စံချိန်တင်ကျတဲ့ အချိန်အရင်နှစ်တုန်းကလိုကြိုပွဲငွေစနစ်နဲ့စပါးဝယ်သူကလည်းမရှိသလောက်နည်းတယ်။ နွေစပါးဈေးကျချိန်မှာကိုစပါးပွဲစားတွေငွေလိမ်မှုတွေအဖြစ်များလို့တောင်သူတွေ ကလက်ငင်းငွေချေစနစ်နဲ့ရောင်းကြဝယ်ကြတယ်။စပါးပွဲစားတွေ ကတောင်သူတွေရဲ့ယုံကြည်မှုနဲ့ ရောင်းဝယ်လာခဲ့တာနှစ်အတော်ကြာပြီဆိုပေမယ့် ဒီနှစ်မှငွေလိမ်မှုတွေစဖြစ် ခဲ့တာပါ” ဟု တန့်ဆည်မြို့နယ် ဗိုလ်မြရပ်ကွက်ဒေသခံတောင်သူတစ်ဦးကပြောကြားသည်။

ရွှေဘိုခရိုင်၊ရေဦးမြို့နယ်၊ ဒီပဲယင်းမြို့နယ်နှင့်တန့်ဆည်မြို့နယ် အတွင်းစိုက်ပျိုးသောနွေစပါးတင်း ၁၀၀ လျှင် ကျပ်နှစ်သိန်းခွဲမှ ကျပ်သုံးသိန်းအထိယခုနှစ်တွင် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခုနှစ်အတွင်းမိုးသည်းထန်စွာရွာသွန်းသောကာလများတွင် ကျေးရွာများရှိစပါးတင်နွားလှည်းများသွားလာမရသဖြင့်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်လမ်းမကြီးဘေးဝဲယာကျေးရွာများမှတောင်သူများ စပါးဈေးကစားကြရာ နွေစပါးတစ်တင်းလျှင် ၃,၀၀၀ ကျပ်အထိ ဈေးမြင့်တက်ခြင်းဖြစ်ကြောင်း ဒေသခံတောင်သူများ၏ ပြောပြချက်အရသိရှိရသည်။

နွေစပါးငွေလိမ်လည်မှုများကြောင့် အဆိုပါမြို့နယ်များတွင်သက်ဆိုင်ရာသို့ အမှုဖွင့်တိုင်ကြားအရေးယူမှုများဆောင်ရွက်ခဲ့ပြီး စပါးစိုက်တောင်သူအချို့မိုးစပါးစိုက်ပျိုးရန် စိုက်ပျိုးစရိတ်အခက်အခဲများကြုံတွေ့ခဲ့ရသည်ဟုဆိုသည်။ နွေစပါးဈေးကွက်တွင် ၂၀၁၀ပြည့်နှစ်ကစပါးတစ်တင်းလျှင် ၂,၈၀၀ ကျပ်မှ ၃,၅၀၀ အထိရောင်းချခဲ့ပြီး ယခုနှစ်တွင်နွေစပါးတစ်တင်းလျှင် ၂,၅၀၀ ကျပ်မှ ၃,၀၀၀ ကျပ်ဈေးနှုန်းဖြင့် ရောင်းချခဲ့ကြောင်း သိရှိရသည်။

## နေပြည်တော်တွင် အိမ်ရာ၊ အဆောင်အသစ်များ ထပ်မံဆောက်လုပ်ရန် အစီအစဉ်မရှိ

ထူးသန့်

**နေပြည်တော်၊ အောက်တိုဘာ-၇**

နေပြည်တော်တွင် ဝန်ထမ်းများနေထိုင်ရန် လိုအပ်ချက်တောင်းခံမှုများရှိသော်လည်း နောက်ထပ်အိမ်ရာနှင့် အဆောင်အသစ်များ ထပ်မံဆောက်လုပ်ရန် အစီအစဉ် မရှိတော့ကြောင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ကြီးဌာနများသို့ ပေးပို့သောထုတ်ပြန်ချက်များအရ သိရှိရသည်။

*စာ(၁၈) သို့*

# ရမည်းသင်းရွှေတောရှိ သတ္တုမြေစာမှ ရွှေထုတ်ယူခွင့် ကုမ္ပဏီတစ်ခု ငါးနှစ်လုပ်ကိုင်ခွင့်ရ

ဦးလွင်

**မန္တလေး၊ အောက်တိုဘာ-၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၊ မိုးထိ မိုးမိဒေသ၊ ရွှေစင်တောင်၊ ထုံးကြီးတောင် နေရာတွင် သတ္တုမြေစာများမှ သန့်စင်ပြီး ၉၉ ဒသမ ၉၉ ရွှေစင် ထုတ်ယူခြင်း ဆောင်ရွက်မှုလုပ်ငန်းကို အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်က ငါးနှစ် လုပ်ကိုင်ခွင့်ရရှိသွားကြောင်း သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ စုံစမ်းသိရှိရသည်။

ထိုသို့ဆောင်ရွက်မှုလုပ်ငန်းလုပ်ကိုင်ခွင့်အတွက် အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက်သည် ဈေးအမြင့်ဆုံးပေးပြီး ကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်း အမှတ်(၂) သတ္တုတွင်းဝန်ကြီးဌာန စီမံကိန်းဌာနခွဲမှ တင်ဒါအဖွဲ့တွင် ပါဝင်ဆောင်ရွက်သူတာဝန်ရှိသူတစ်ဦးကပြောသည်။

“အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက်က ဈေးအမြင့်ဆုံးပေးပြီး ကမ်းလှမ်းခြင်းဖြစ်တဲ့အတွက် ဆောင်ရွက်ခွင့်ရရှိတာပါ” ဟု ၎င်းကပြောသည်။ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီက ရမည်းသင်းဒေသတွင် မြေဇာမှ သန့်စင်ထုတ်ယူခွင့်ရရှိသည်မှာမှန်ကန်ကြောင်း ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးကလည်း အတည်ပြုပြောကြားသည်။

အဆိုပါ ဒေသတွင် သတ္တုမြေစာများမှ သန့်စင်ပြီး ၉၉ ဒသမ ၉၉ ရွှေစင်ထုတ်ယူခြင်းဆောင်ရွက်မှုလုပ်ငန်းကို အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက်က ငါးနှစ်လုပ်ကိုင်ခွင့်ရရှိကြောင်း သိရှိရပြီး ယင်းကုမ္ပဏီသည် အစိုးရကိုရွှေ၅ဒသမ၇၇တန်ရွှေပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းသည် ရွှေသတ္တုတူးဖော်လိုသူ နိုင်ငံသားပိုင် ပြည်တွင်းသတ္တုတူးဖော်ရေးကုမ္ပဏီများနှင့် ပူးပေါင်းပြီး ယင်းနေရာကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် ဆောင်ရွက်နိုင်ရန် ပြီးခဲ့သည့် စက်တင်ဘာ ၄ ရက်က နိုင်ငံပိုင်သတင်းစာတွင် ကြေညာ၍ ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ အစိုးရဘက်မှ ကမ်းလှမ်းချက်တွင် ငွေကြေးပိုင်း၌ တင်ဒါလျှောက်ထားလိုသည့် နိုင်ငံသားပိုင် ပြည်တွင်းသတ္တုတူးဖော်ရေးကုမ္ပဏီများသည် အနည်းဆုံးမတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာ ၂ သန်းနှင့် မြန်မာကျပ်ငွေသန်းပေါင်း ၁,၅၀၀ ရင်းနှီးနိုင်ရမည်ဖြစ်ကြောင်းနှင့် ငွေကြေးခိုင်မာမှု (Bank Statement) တို့ ပါဝင်သည်။

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နေရာအချို့ရေကြီး



*ရေကြီးရေလျှံမှုများကြောင့် ဒေသခံများ ကျန်းမာရေးထိခိုက်လာခြင်းဖြစ်သည်*

ဓာတ်ပုံ-ညီညီဇော်

ညီညီဇော်


**မန္တလေး၊ အောက်တိုဘာ-၆**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်မြို့နယ်၊ မြစ်သားမြို့နယ်၊ တံတားဦးမြို့နယ်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းရာမှ စက်တင်ဘာ(၃)ရက်မှစတင်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သတင်းရရှိသည်။

“၂၀၀၆ တုန်းကလည်းနေရာ တော်တော်များများရေမြုပ်ခဲ့သေးတယ်၊ အခုမြို့လယ်နေရာတွေ မှာကိုရေတွေ လူကြီးဒူးဆစ်လောက်အထိ ရေအနက်ရှိတယ်” ဟု မြစ်သားမြို့နယ်တွင် နေထိုင်သော လုပ်ငန်းရှင် အမျိုးသားတစ်ဦးက ပြောသည်။ ကျောက်ဆည်မြို့နယ်ရှိ ကြက်မင်းတွန်ရပ်ကွက်၊ မြို့လည်ရပ်ကွက်၊ တံတားလည်ရပ်ကွက်အစရှိသည့် ရပ်ကွက်များလည်း ရေနစ်မြုပ်နေပြီး မန္တလေးမြို့ပေါ်မှ လူမှုရေးအဖွဲ့အစည်းများနှင့် ကျောက်ဆည်မြို့မှ လုပ်ငန်းရှင်အချို့ လာရောက်လှူဒါန်းကြကြောင်း ရေဘေးသင့်သူများက ပြောကြားသည်။

မြစ်သားမြို့ဒေသခံများပြောကြားချက်အရယခင်ကမိုးရွာလျှင် မိုးရေများသည် ပန်းလောင်မြစ်ထဲသို့စီးဝင်သွားပြီး ယခုကဲ့သို့ရေကြီးရေလျှံမှုများ မဖြစ်ကြောင်း၊ ပန်းလောင်မြစ်တွင် စမာရေလွှဲဆည် တည်ဆောက်ပြီးကတည်းက ပန်းလောင်မြစ်ပေါင်များ မြင့်မားမှုကြောင့် မြစ်သားမြို့တွင်းရှိမိုးရေများ ပန်းလောင်မြစ်အတွင်းသို့ စီးဆင်းနိုင်မှု မရှိတော့ဘဲ မိုးရွာတိုင်း မိမိတို့မြို့ ရေနစ်မြုပ်ကြောင်း၊ထို့ပြင် မြစ်သားမြို့ရှိ သောက်ရေမှာ အနံ့ရောအရောင်အဆင်းပါ ပြောင်းလာကြောင်း၊ နွေအခါဆိုလျှင် ရေ၏အနံ့ ပိုမိုနံလာလေ့ရှိပြီး အရောင်အဆင်းမှာလည်းဝါလာကြောင်း၊မြစ်သားမြို့တွင် ရေဝပ်ဧရိယာ ကျယ်ပြန့်လာမှုကြောင့်ခြင်များ ပေါက်ပွားလာပြီး ကလေးငယ်များသည် သွေးလွန်တုပ်ကွေးရောဂါပိုမိုဖြစ်ပွားလာကြကြောင်း၊မြစ်သားမြို့ ရပ်မိရပ်ဖများ၊ လုပ်ငန်းရှင်များနှင့် ဆရာတော် သံဃာတော်များက မိန့်ကြားပြောဆိုကြသည်။

ကျောက်ဆည်မြို့နယ်နှင့် မြစ်သားမြို့နယ်ရှိ ရေဝင်ရောက်ရာဒေသခံများကယခင်က မိမိတို့ရပ်ကွက်များ၌ ယခုကဲ့သို့ ရေကြီးရေလျှံမှုအဖြစ်နည်းကြောင်း၊ ရေလွှဲဆည်များ တည်ဆောက်ပြီးကတည်းက ရေကြီးရေလျှံမှုအဖြစ်များလာကြောင်း ပြောဆိုကြသည်။






7 DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

# မန္တလေး – ဂန့်ဂေါလမ်းပိုင်းတစ်နေရာတွင် တောင်ပြိုမှုကြောင့် ကားများပိတ်နေ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ - ၅**

မန္တလေး-ဂန့်ဂေါလမ်းမကြီးပေါ်တွင် ပုံတောင်တောင်ထိပ်အနီး သရက်ပင်ကွေ့၌ တောင်ပြိုကျမှုကြောင့် ယာဉ်အစီး ၁၀၀ နီးပါး ရပ်ထားရကြောင်း အဆိုပါလမ်းကြောင်းသွား ကုန်တင်ယာဉ်မောင်းတစ်ဦးကပြောသည်။

တောင်ပြိုကျမှုမှာ ယခုလ ၂ရက်က စတင်ဖြစ်ပွားခဲ့သော်လည်း ယခုလ ၅ ရက်ထိတိုင်ယာဉ်များရပ်ထားရဆဲဖြစ်ကြောင်း သိရသည်။

“ဒီလမ်းက လမ်းခဏခဏ ပျက်တယ်။ တောင်ပြိုတာ နှစ်ရက်ကျော်သွားပြီ။ ခရီးသည်တင်ကားရော၊ကုန်တင်ကားတွေပါဟိုဘက်ဒီဘက် အစီးရေ ၁၀၀ လောက်ရှိတယ်”ဟု အထက်ပါယာဉ်မောင်းကပြောသည်။

ထို့အပြင် ၎င်းလမ်းရှိကလေးမြို့အနီး ကျွန်းသစ်နှင့် ထည်လော့်ရွာနား ချောင်းများ၌လည်း ကုန်ကားကြီးများ နေ့တိုင်းနီးပါး နစ်လေ့ရှိကြောင်း ယင်းလမ်းကြောင်းသွား ကုန်တင်ယာဉ်မောင်းများက ပြောသည်။

ယခုလ ၁ ရက်မှစ၍ လမ်းတံတားကြေးမြင့်တက်သည်ဟုဆိုသော်လည်း ၎င်းလမ်းကြောင်းပေါ်ရှိဂန့်ဂေါမှ ကလေးမြို့နယ်အထွက် မြစ်သာမြစ်ကူး စိုင်ဒူးတံတားတွင် ယခုလ ၂၇၊ ၂၈ ရက်က ကုန်ချိန်တစ်တန်ခွဲ၊ နှစ်တန်ပိုတင်သော ၁၂ဘီးကားအချို့ကို ကျပ် ၁၅၀,၀၀၀ အထိဒဏ်ရိုက်ခြင်းများလည်းရှိခဲ့ကြောင်း သိရသည်။

“လမ်းကြေးတံတားတွေကို တိုးမြှင့်သတ်မှတ်လိုက်သလို လမ်းပြုပြင်မှုအပိုင်းကိုလည်း တိုးမြှင့်ပြီးတော့ သက်ဆိုင်ရာက လုပ်ပေးသင့်တယ်”ဟု ယင်းလမ်းကြောင်းသွား ယာဉ်မောင်းတစ်ဦးကပြောသည်။

# မုံရွာမြို့အဝင်တိုးဂိတ် ဖွင့်လှစ်ပြီးနောက်ပိုင်း ယာဉ်ဖြတ်သန်းခများ မြင့်တက်

**ရန်နိုင်ကျော်**

**မုံရွာ၊ အောက်တိုဘာ- ၅**

မုံရွာမြို့အဝင် အောင်သာကျေးရွာအနီး ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ၏ လမ်းအသုံးပြုခကောက်ခံသည့်တိုးဂိတ်ကို စက်တင်ဘာလအတွင်းဖွင့်လှစ်ကောက်ခံခဲ့သည့်နောက်ပိုင်း ယာဉ်ဖြတ်သန်းသွားလာခ အခွန်များမြင့်တက်ခဲ့ကြောင်း မုံရွာမြို့ဒေသခံယာဉ်ပိုင်ရှင်များက ပြောကြားသည်။

“ထော်လာဂျီယာဉ်တွေကိုအရင်ကအသွား ၂၀၀၊ အပြန် ၂၀၀ ကောက်ခံရာက သုံးဆတိုးပြီး အသွား ၆၀၀၊ အပြန် ၆၀၀ ပေးဆောင်ရတယ်။ သုံးဘီးဆိုင်ကယ်တွေလည်းအရင်အသွား ၁၀၀၊ အပြန် ၁၀၀ ကနေ ၅၀၀ ဖြစ်သွားတယ်။ ခရီးသည်တင်ယာဉ်တွေလည်းသတ်မှတ်ချက်အတိုင်း ကောက်ခံတယ်ဆိုပေမယ့် အရင်ပေးဆောင်ရတဲ့ အခွန်ထက် သုံးဆလောက်ပိုပေးရတယ်။ ကုန်တင်ယာဉ်တွေလည်း အရင် ၇,၀၀၀၊ ၈,၀၀၀ ဝန်းကျင်ပေးဆောင်ရတဲ့ ကားတွေ တန်ပိုယာဉ်ဆိုပြီး နှစ်သောင်းကျော် သုံးသောင်းအထိ ပေးဆောင်နေရတယ်”ဟု မုံရွာ-မန္တလေးခရီးသည်တင်ယာဉ်မောင်းတစ်ဦးက ပြောသည်။

*စာ(၁၈) သို့*



7 DAY NEWS JOURNAL
Vol.10, No.30 • OCTOBER 13, 2011

# လူကုန်ကူးသူသုံးဦးအားရမည်းသင်းခရိုင်တရားရုံးမှ ထိရောက်သောပြစ်ဒဏ်များချမှတ်

**စိုင်းသာအောင်**

**မန္တလေး၊**
**အောက်တိုဘာ-၇**

မန္တလေးတိုင်းဒေသကြီး လူကုန်ကူးမှုများအား ကားဂိတ်၊ ဘူတာ၊ ဈေးများတွင် စောင့်ကြည့်လေ့လာလျက်ရှိပြီး ဖမ်းဆီးရမိသောသူများအား ထိရောက်သော ပြစ်ဒဏ်များရရှိရေးအတွက် ဥပဒေအရ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့ (မန္တလေး)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးတိုင်း ဒေသကြီး ရမည်းသင်းခရိုင် တရားရုံးက ပျော်ဘွယ်မြို့မှ လူကုန်ကူးသူသုံးဦးအား စက်တင်ဘာ ၁၂ ရက်က အလုပ်ကြမ်းနှင့် ထောင်ဒဏ်များ ချမှတ်ခဲ့ကြောင်း၊ အမှုမှာ ၂၀၀၈ ခုနှစ် ဇန်နဝါရီလဆန်းက ပျော်ဘွယ်မြို့မှ အမျိုးသမီးတစ်ဦး သဘောတူညီမှုမရှိဘဲ တစ်ဖက်နိုင်ငံသို့ရောင်းစားခံခဲ့သဖြင့် အရေးယူပေးရန် တိုင်ကြားခဲ့သော အမှုဖြစ်သည်။ ၎င်းအမှုအား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့မှ စုံစမ်းစစ်ဆေးပြီး ပြစ်မှုထင်ရှားသဖြင့် ပျော်ဘွယ်မြို့ ရေပြည်နိုင်ရပ်နေသူများဖြစ်ကြသော တရားခံ မချိုချိုဦးအား အကုန်ကြမ်းနှင့် ထောင်ဒဏ် ၁၅ နှစ်၊ မမိချိုအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်၊ ဖြိုးကြီး(ခ) သိန်းဝင်းအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ် အသီးသီးချခံရန် ရမည်းသင်းခရိုင်တရားရုံးမှ စက်တင်ဘာ ၁၂ ရက်က အမိန့်ချလိုက်ခြင်းဖြစ်သည်။

၎င်းအပြင် မန္တလေးတိုင်း ဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့အနေဖြင့် လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင်၊ ထမင်းဆိုင်၊ စက်ရုံ၊ အလုပ်ရုံများတွင် အရွယ်မရောက်သေးသော ကလေးငယ်များအား ထမင်းဝအောင်မကျွေး၊ ညှင်းပန်းနှိပ်စက်ပြီး လူမဆန်စွာခိုင်းစေပြီး ခေါင်းပုံဖြတ်ခြင်းခံရသဖြင့် လူ့အခွင့်အရေးဆုံးရှုံးနစ်နာမှု ပပျောက်စေရေးအတွက် စောင့်ကြည့်လေ့လာလျက်ရှိကြောင်း သိရသည်။

# မူဆယ်-မန္တလေးလမ်းတိုးဂိတ်များ တန်ပိုကြေးကောက်ယူနေမှုများကြောင့် တန်ဆာခမြင့်

**စိုင်းသာအောင်**

**မန္တလေး၊ အောက်တိုဘာ-၇**

မန္တလေး-မူဆယ်လမ်းတွင် ၁၂ ဘီး၊ ၁၀ ဘီးကုန်တင်ကားကြီးများ တန်ပို့တင်သည့်အတွက် တန် ၅၀ အထိတင်သော ၁၂ ဘီးကုန်တင်ကားကြီးတစ်စီးသည် ဒဏ်ကြေးနှင့် ကုန်ပစ္စည်းကဲ့ခအတွက် ကျပ်သိန်း ၃၀ ခန့် ကုန်ကျကြောင်း၊ မန္တလေး-မူဆယ် အဝေးပြေးကုန်တင်ယာဉ်အသင်းမှ ယာဉ်မှူးတစ်ဦးက ပြောသည်။

မူဆယ်မှ မန္တလေးအဆင်းတွင် တိုးဂိတ် ၁၄ ခုနှင့် တံတားနှစ်စင်းအပါအဝင် စုစုပေါင်းတန်ပိုကြေး ၁၆ နေရာပေးရပြီး ၁၂ ဘီးကုန်ကားတစ်စီးသည် တန် ၅၀ တင်လာပါက တိုးဂိတ်တစ်ခုတန်ပိုခ ကျပ်နှစ်သိန်းနှင့် ၂၈ သိန်း၊ တံတား ၂ ခု ဒဏ်ကြေးကျပ် ပေါင်းပါက တန်ပိုကြေးကျပ်သိန်း ၃၀ ကုန်ကျခြင်းဖြစ်ကြောင်း သိရသည်။

သို့သော် ၁၂ ဘီး ကုန်တင်ကားတစ်စီးသည် သတ်မှတ်တန်ချိန်အတိုင်း ၂၅ တန်သာ တင်မည်ဆိုပါက တိုးဂိတ်ပုံမှန်ကြေး ၃၅၀၀ ကျပ်သာကုန်ပြီး ခရီးစဉ်တစ်လျှောက်လုံး လမ်းအသုံးပြုခကျပ် ၅၀၀၀၀ ကျပ်သာကုန်ကျမည်ဖြစ်သည်။

"မူဆယ်-မန္တလေးလမ်းမှာ ၁၆ မိုင်ကျော်ချော်တိုးဂိတ်တစ်ခုသာ သတ်မှတ်ကုန်ချိန်အတိုင်း



မန္တလေးအဝင် တိုးဂိတ်တစ်ခုအနီးတွင် တွေ့ရသော ကုန်တင်ယာဉ်များ

ဖြတ်သန်းခွင့်ပြုတဲ့အတွက် ကုန်တွေကဲ့သယ်ရတဲ့အတွက် အလုပ်ပိုပါတယ်။ ကျန်တဲ့ တိုးဂိတ်တွေကတော့ ဒဏ်ကြေးသာ ပေးဆောင်ရပြီး ကုန်ပစ္စည်းတွေပါတဲ့အတိုင်း သယ်ယူနိုင်ပါတယ်။ ဒဏ်ကြေးကတော့ ၁၂ ဘီးကုန်တင်ကားကြီးဒါမှမဟုတ် ၁၂ ဘီးကုန်တင်ကားကြီးတစ်စီးဟာ တန် ၃၀ တင်လာခဲ့ရင် ပိုတဲ့ ၅ တန်အတွက် သတ်မှတ်တင်ကြေး သုံးဆဒဏ်ဆောင်ပါတယ်။

၃၀ တန်မှ ၅၀ တန်အထိ တင်လာရင်တော့ပိုတင်တဲ့ကုန်တန်ချိန်ကို သတ်မှတ်ဒဏ်ကြေးထက် ၁၀ ဆပိုဆောင်ရပါတယ်။ ဒီတန်ပိုဒဏ်ကြေးတို့ကြောင့် ကျွန်တော်တို့ဟာ ယခင်မူဆယ်-မန္တလေး တစ်ပိဿာကုန်တင်ခ ၁၀၀ ကျပ်မှ ယခုတစ်ပိဿာ၁၅၀ ကျပ် ယူရပါတယ်။ သီပေါတံတားနဲ့ ကျင်သီတံတားကတော့ သတ်မှတ်တန်ချိန်ထက် ကုန်ပိုတင်ရင် ၁၀ ဆဒဏ်ဆောင်ရပါတယ်" ဟု အဆိုပါလိုင်းမှ ကုန်တင်ယာဉ်မှူးတစ်ဦးက 7 Day News သို့ ပြောသည်။

မန္တလေးဆန်ဈေးကွက်သို့ ညောင်လေးပင်၊ ပဲခူး၊ ဖြူးမြို့တို့မှ ဆန်များဝင်လာကြောင်း ယခင်က ဆန်တစ်အိတ် သယ်ယူခ ၁၂၀၀ ကျပ်ငွေရှင်းရာမှ တန်ပိုကြေးပေးရမှုကြောင့် ဆန်တစ်အိတ်သယ်ယူခ ၆၀၀ ကျပ် တက်သွားကာ သယ်ယူခ ၁,၈၀၀ ကျပ် ပေးချေရကြောင်း မန္တလေးမြို့ မလွန်ငါးပိတန်းခိုင်ရွှေဝါဆန်ပွဲရုံမှ ဦးဝင်းဖေက ပြောသည်။

မူဆယ်-မန္တလေးလမ်းကြောင်းတွင်ကုန်တင်ကားအခက်အခဲကြောင့် ကုန်များသတ်မှတ်တန်ချိန်ထက် ပိုတင်ရသော်လည်း တိုးဂိတ်အများစုက ဒဏ်ကြေး ၁၀ ဆကောက်ယူ၍ ဖြတ်သန်းခွင့်ပြုပြီး ၁၆ မိုင် ကျော်ချော်တိုးဂိတ်က သတ်မှတ်တန်ချိန်အတိုင်းသာ ဖြတ်သန်းခွင့်ပြုသဖြင့် အချိန်ကုန်လူပန်းဖြစ်ရကြောင်း အဆိုပါ တိုးဂိတ်များအားလုံးကို အေးရှားဝေါလ်ကုမ္ပဏီကပိုင်ဆိုင်ပြီး စည်းမျဉ်းဥပဒေတစ်ညီတည်းဖြစ်သင့်ကြောင်း ကုန်တင်ကားယာဉ်မှူးများက 7 Day News သို့ ရှင်းလင်းပြောကြားသည်။

# လွှတ်ကျောင်းနွားများကို ခွေးအ များ အုပ်စုလိုက် ကိုက်ဆွဲနေ

**မာန်ယုကျော်**

**မင်းပြား၊ စက်တင်ဘာ-၂၉**

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်ရှိကျောင်းတောင်အုပ်စု၊ ခွဆုံကျေးရွာအနီးတောင်တန်းများတွင် ခွေးအ များသောင်းကျန်းနေကြောင်း သိရသည်။

အဆိုပါတောင်တန်းအနီးဝန်းကျင် ကျေးရွာများမှ နွားများကို လွှတ်ကျောင်းစနစ်ဖြင့် လွှတ်ကျောင်းထားရာ ခွေးအ များ အုပ်စုလိုက် လာရောက်ကြပြီး နွားများအား ကိုက်ဆွဲ၍ ခွေးအ များကြောင့် နွားများ ဒဏ်ရာရရှိကြသည့်အပြင်သေဆုံးနေရကြောင်း သိရသည်။

"အဲဒီ့ခွေးအတွေက အုပ်စုလိုက်လာပြီး သောင်းကျန်းကြတာလေ။ တောင်တန်းတွေမှာ နွားတွေလွှတ်ထားတော့ အဲဒီနွားတွေကိုပဲ သူတို့ဝင်ရောက်ကိုက်သတ်နေကြတယ်။ နွားတွေဒဏ်ရာရတဲ့အပြင် သေဆုံးမှုတွေလည်း ရှိပါတယ်။ နောက်ပိုင်းဒေသခံလူတွေကို အန္တရာယ်ပြုလာနိုင်ပါတယ်"ဟု ဒေသခံတစ်ဦးကပြောသည်။

ခွေးအ များကိုကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသား များပူးပေါင်းကာ မောင်းထုတ်ကြသော်လည်း အဆိုပါခွေးအ များဝင်ရောက်ကိုက်သတ်မှုကြောင့် စက်တင်ဘာ ၁၇ ရက်မှ ၂၂ ရက် အထိ နွားကောင်ရေ ၁၉ ကောင်သေဆုံးခဲ့ပြီး ငါးကောင်ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။ ယခုအခါ တောင်တန်းများတွင် ကျွဲ၊ နွားများကို လူကိုယ် တိုင်ထိန်းကျောင်းစနစ်ဖြင့် ဂရုစိုက်ထိန်းကျောင်းနေကြရပြီးသွားရောက်မည်ဆိုပါက ခွေးအ များအားစောင့်ကြည့်ပြီးမှ သွားရောက်သင့်ကြောင်းဖြင့် တာဝန်ရှိသူက ညွှန်ကြားထားကြောင်းလည်း သိရသည်။

# ဗုဒ္ဓဂယာပုံစံတူ စီမံကိန်းအနီးကျေးရွာများ မြေဈေးမြောက်

**ထူးသန့်**

**နေပြည်တော်၊ အောက်တိုဘာ-၈**

အိန္ဒိယနိုင်ငံမှ ဗုဒ္ဓဂယာနှင့် ပုံစံတူ၊ အရွယ်တူ သတ္တသတ္တာဟဌာနများကို နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် တည်ထားပူဇော်လျက်ရှိရာ အဆိုပါစီမံကိန်းအနီးရှိကျေးရွာများ၏ အိမ်ခြံမြေဈေးမြင့်တက်လျက်ရှိကြောင်း ဒေသခံအိမ်ခြံမြေရင်းနှီးမြှုပ်နှံသူများနှင့် ကျေးရွာသားအချို့ထံမှ မေးမြန်းသိရသည်။

အဆိုပါ တည်ဆောက်ရေးစီမံကိန်းနှင့်အနီးတွင် သပြေစမ်းကျေးရွာနှင့် အောင်သီရိကျေးရွာများတည်ရှိပြီး သပြေစမ်းရွာတွင် မြေဈေးပိုကောင်းကြောင်း၊ အဆိုပါ ကျေးရွာ၏ မြေကွက်ဈေးများမှာ တစ်ကွက်လျှင်ကျပ်သိန်း ၅၀ မှ ၇၀ ခန့်အထိ မြင့်တက်သွားခဲ့ကြောင်း အိမ်ခြံမြေရင်းနှီးမြှုပ်နှံသူတစ်ဦးက ပြောကြားသည်။

"နေပြည်တော်မှာတော့ သိတဲ့အတိုင်းပဲလေ။ အလားအလာရှိတယ်။ မာတယ်ဆိုရင် အဲဒီနေရာကို ပြေးဝယ်တော့တာပဲ"ဟူ၍ ၎င်းက ဆက်လက်ပြောကြားခဲ့ပြီး ထိုကဲ့သို့ဝယ်ယူမှုများရှိလာသောကြောင့် မြေဈေးသတ်မှတ်ထားမှုများပြောင်းလဲသွားခဲ့ကြောင်း သိရသည်။ သပြေစမ်းကျေးရွာမှ ဒေသခံတစ်ဦးကလည်း "ဒီလိုပဲ ဟိုကလာမေးလိုက်၊ ဒီက လာမေးလိုက်နဲ့ အချို့ကတော့ ရောင်းပြီးပြီ။ နောက်ထပ်တော့ ရောင်းဦးမယ် မထင်ဘူး" ဟူ၍ ပြောကြားခဲ့ပြီး အခြား ကျေးရွာများဖြစ်သော အောင်သီရိနှင့် ကျွန်းတော်ကြီးကျေးရွာများတွင်လည်း အနည်းငယ် အဝယ်လိုက်လျက်ရှိကြောင်း ၎င်းတို့ထံမှ သိရသည်။

အဆိုပါ ကျေးရွာများအနီး တည်ဆောက်ပူဇော်လျက်ရှိသော သတ္တသတ္တာဟ အဆောက်အအုံများအနက် ဆွမ်းစားဆောင်မှာ ပြီးစီးနေပြီး တရားစခန်း ၂၄ လုံးမှာလည်း ပြီးစီးလုဖြစ်နေကြောင်း၊ သတ္တသတ္တာသာ စေတီတော်နှင့် မုစ္စလိန္ဒာအိုင်စသည့် သာသနိကအဆောက်အအုံများမှာမူ တည်ဆောက်လျက်ရှိသည်။

# ပွိုင့်ကမ်းခြေ၌ ကျင်းတစ်ရာအောက် သဲထုတ်ယူခွင့်ပြု

**ကေရာဇ်**

**စစ်တွေ၊**
**အောက်တိုဘာ-၆**

စစ်တွေပွိုင့်ကမ်းခြေ၌ သဲထုတ်ယူသုံးစွဲမှုကို တားမြစ်ထားခဲ့ရာမှ ယခုအခါ ကျင်းတစ်ရာအောက် သဲထုတ်ယူသုံးစွဲမှုအား ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

စစ်တွေမြို့နယ်အတွင်း ဆောက်လုပ်ရေး၊ စီမံကိန်းလုပ်ငန်းများနှင့် ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သဲများကို စစ်တွေပွိုင့်ကမ်းခြေမှ ထုတ်ယူသုံးစွဲမှုအား တားမြစ်ပိတ်ပင်ထားခဲ့ပြီး စစ်တွေမြို့၊ ရှုခင်းသာလမ်းအောက်ပိုင်းမှ ထုတ်ယူသုံးစွဲခွင့်ပြုထားခဲ့ရာ ပုဂ္ဂလိက သဲထုတ်လုပ်သူများအနေဖြင့် ကျားမသောက်၊ အောင်ဒိုင်အစရှိသော ဒေသများမှ သဲများကို မြို့တွင်းသို့ သယ်ယူရာ၌ သယ်ယူစရိတ်များခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာခြင်း စသည့် အခက်အခဲများကြောင့် ကျင်း ၁၀၀ အောက်သဲများအား ပွိုင့်ကမ်းခြေမှ ထုတ်ယူခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

"အခုလို သဲထုတ်ယူခွင့်ပြုတာကို ပုဂ္ဂလိကသဲလုပ်ငန်းရှင်တွေအနေနဲ့ ဝမ်းသာအားရဖြစ်တာတော့ အမှန်ပါ။ အရင်ကဆိုရင် ရှုခင်းသာလမ်းအောက်ကနေထုတ်ယူခွင့်ပြုတယ်ဆိုပေမယ့် ရေထဲကနေ စက်နဲ့ငင်ယူရတာဆိုတော့ ဒီဇယ်ဖိုးတွေ အလုပ်သမားဖိုးတွေနဲ့ ဘယ်လိုမှ မမျှတပါဘူး။ ကျားမသောက်၊ အောင်ဒိုင်အစရှိတဲ့ ဒေသတွေက ယူပြန်တော့လည်း သယ်ယူစရိတ်ရယ်၊ ခရီးဝေးတာရယ်၊ ပြီးတော့လုပ်ငန်းကြန့်ကြာမှုရယ်ကြောင့်ဘယ်လိုမှတွက်ခြေမကိုက်ပါဘူး။ အခုတော့ ပွိုင့်ကမ်းခြေက ကျင်း ၁၀၀ အောက် ထုတ်ယူခွင့်ပြုလိုက်ပြီဆိုတော့ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့အနေနဲ့ ဝမ်းသာအားရဖြစ်မိပါတယ်" ဟု ပုဂ္ဂလိက သဲလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခုလက်ရှိစစ်တွေမြို့တွင်း သဲနှစ်ကျင်းဆံ့ (ကားတစ်စီး) ကို ကျပ် ၃၅၀၀၀ ဝန်းကျင် ဝယ်ယူနေကြရပြီး ပွင့်လင်းရာသီ၌ ဆောက်လုပ်ရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာမှုအပေါ် မူတည်၍ သဲဈေးနှုန်းများ တက်လာဖွယ်ရှိကြောင်း သဲဝယ်ယူသူတစ်ဦးက ပြောကြားသည်။

7 DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

# လှိုင်ကော်မြို့နယ်တွင် မိုးကြိုးပစ် လူတစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရ

**ကြီးမြင့်နိုင်(လှိုင်ကော်)**

**လှိုင်ကော်၊အောက်တိုဘာ-၃**

ကယားပြည်နယ်၊ လှိုင်ကော်မြို့နယ်၊ ပန်ကန်ကျေးရွာအုပ်စု၊ မှုံပြာကျေးရွာအနီး လယ်ကွင်းထဲရှိ လယ်စောင့်တဲတစ်ခု၌ မိုးကြိုးပစ်၍ လူတစ်ဦးသေဆုံးပြီး လူနှစ်ဦး ဒဏ်ရာရရှိခဲ့သောဖြစ်ရပ် ယခုလ ၁ ရက်က ဖြစ်ပွားခဲ့ကြောင်းသိရသည်။

မိုးကြိုးပစ်ခံရ၍ သေဆုံးခဲ့ရသူမှာ လှိုင်ကော်မြို့နယ်၊ ပန်ကန်းကျေးရွာအုပ်စု၊ မှုံပြာကျေးရွာနေဦးထွန်းထွန်းဦးဖြစ်ပြီး ဒဏ်ရာရရှိခဲ့သူ နှစ်ဦးတို့မှာ တစ်ရွာတည်းနေမခင်ဖြူနှင့်မောင်စည်သူအောင်တို့ဖြစ်ကာ ဒဏ်ရာရရှိသူနှစ်ဦးကို လှိုင်ကော်ဆေးရုံသို့ ပို့ဆောင်ထားရှိပြီး စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ အောက်တိုဘာ ၁ရက်မွန်းလွဲ ၁ နာရီခွဲအချိန်ခန့်က မိုးရွာသွန်းနေချိန် ဦးထွန်းထွန်းဦး၊ မခင်ဖြူနှင့် မောင်စည်သူအောင်တို့ သုံးဦးသည် လယ်စောင့်တဲအတွင်း၌ ရေဒီယိုဖွင့်၍ နားထောင်နေစဉ် မိုးကြိုးပစ်ခဲ့ကြောင်း ဦးထွန်းထွန်းဦးမှာ ဝဲဘက်နားရွက်နောက်ဦးခေါင်းအတွင်း သစ်သားစတစ်ခုစူးဝင် ဒဏ်ရာဖြင့် နေရာမှာပင်သေဆုံးခဲ့ကြောင်း၊ ကျန်နှစ်ဦးမှာ နားအူနားလေးဖြစ်သွားပြီး ခြေထောက်များ ထုံကျင်ဒဏ်ရာဖြစ်ပေါ်ခဲ့သော်လည်းအောက်တိုဘာ ၂ ရက်တွင် ကောင်းမွန်စွာ ပြန်လည်လမ်းလျှောက်နိုင်ပြီဖြစ်သည်။

မိုးကြိုးကြောင့် ရေဒီယိုမှာ တစ်စစီ ကွဲထွက်လွင့်စဉ်သွားပြီး လယ်စောင့်တဲတိုင်တစ်ခုမှာလည်း ကြေမွသွားသည့် အပြင် အနီးရှိ စတီးပန်းကန်များ၊ ပိုးသတ်ဆေးပုံးများလည်း ပျက်စီးကုန်ကြောင်း၊ ဦးထွန်းထွန်းဦး၏ အလောင်းကို လှေဖြင့်သွားရောက်သယ်ဆောင်ခဲ့သူ အဆိုပါကျေးရွာနေဦးသန်းထွန်းကပြောသည်။

အခင်းဖြစ်ပွားရာတွင် ပါဝင်ကြသူများမှာ တစ်ရွာတည်းနေထိုင်သူများဖြစ်ပြီး ဆွေမျိုးတော်စပ်ခြင်းမရှိကြောင်း၊ စပါးများရင့်မှည့်၍ ရိတ်သိမ်းရန် စီစဉ်ဆောင်ရွက်နေကြစဉ် မိုးရွာ၍ လယ်စောင့်တဲတစ်ခု၌မိုးခိုကြစဉ် ရေဒီယိုနားထောင်ရင်း ထိုသို့ကြုံတွေ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုဖြစ်ရပ်အပေါ် လှိုင်ကော်ရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁၈/၂၀၁၁ အရအမှုဖွင့်စုံစမ်းစစ်ဆေးကြောင်း သိရသည်။

မိုးကြိုးပစ်ခံရခြင်းအကြောင်းရင်းများတွင် မိုးသည်းထန်စွာရွာသွန်းချိန်၌ရေဒီယိုနားထောင်ရာမှ လျှပ်စစ်စီးလှိုင်းဝင်ရောက်ပြီး မိုးကြိုးထိမှန်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရှိရသည်။

# စာ(၁၅) နေပြည်တော်တွင် အိမ်ရာ၊ အဆောင်အသစ်များ ထပ်မံဆောက်လုပ်ရန် အစီအစဉ်မရှိ မှ

လက်ရှိ အိမ်ရာအနေအထားအရဝန်ထမ်းများ နေထိုင်ရန် လိုအပ်ချက် တောင်းခံမှုများကို လောလောဆယ် ချထားပေးရန် မရှိသဖြင့် ဝန်ကြီးဌာန အစီအစဉ်ဖြင့် ပြင်ပ၌ ငှားရမ်းနေထိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ထုတ်ပြန်အသိပေးထားခြင်းဖြစ်ကြောင်း ဝန်ထမ်းများထံမှ စုံစမ်းသိရှိရသည်။

လောလောဆယ်ရွှေ့ပြောင်းလာသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ မြေတိုင်းဦးစီးဌာနမှ ဝန်ထမ်းများအတွက်လည်း နေထိုင်ရန်အတွက် ပြင်ပမှ ငှားရန်စီစဉ်နေကြောင်း အဆိုပါဌာနမှ သိရသည်။ "ပြီးခဲ့တဲ့ အပတ်က လိုက်စစ်တယ်လို့ကြားတယ်။ အမှန်တကယ် မနေဘဲ အခန်းယူထားတဲ့သူတွေလည်း ပြန်အပ်ရတယ်။ အိမ်ငှားနေတဲ့သူတွေလည်း ညှော်စာရင်းမရှိလို့ အရေးယူခံထားရတယ်" ဟုအရာထမ်းတစ်ဦးက ပြောကြားသည်။

၎င်းအပြင် ဝန်ထမ်းအိမ်ရာနှင့် အဆောင်များ၌ ခေါင်းဆောင်များ သတ်မှတ်ထားရန်၊ အိမ်ရာနေထိုင်မှု အမည်စာရင်းနှင့်အမှန်တကယ် နေထိုင်သူတို့ ကိုက်ညီစေရန်၊ အမည်ပေါက်နေထိုင်သူ၏ အမည်နှင့် ရာထူးကို ဝင်ပေါက်၌ သိသာထင်ရှားစွာ ကပ်ထားရန် စသည့် စည်းကမ်းချက်များလည်း ပါရှိကြောင်း သိရှိရသည်။

ယခုအစီအစဉ်အတွက် နေပြည်တော်အထူးစီမံကိန်းရုံး၌ အောက်တိုဘာ ၅ ရက်က ကျင်းပပြုလုပ်ခဲ့သော အိမ်ရာအစည်းအဝေးတွင် ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်းဝန်ထမ်းများအသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။

# PSA မြန်မာက မြင်းခြံရှိ ဘာကကျောင်းသို့ ငွေလှူ

**ရန်ကုန်၊အောက်တိုဘာ-၈**

စင်ကာပူ ဆိပ်ကမ်းအာဏာပိုင်တွင်အလုပ်လုပ်လျက်ရှိသည့် PSA မြန်မာမိသားစုမှ ဇူလိုင်လအတွက်အလှူငွေ ကျပ်တစ်ဆယ့်ငါးသိန်းအား မြင်းခြံမြို့ မဟာနန္ဒာကန်ရိုးဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့အား ဆဲဗင်းဒေးဂျာနယ်မှတစ်ဆင့်ပေးပို့လှူဒါန်းခဲ့သည်။ အလားတူ ဩဂုတ်လအတွက်အလှူငွေကိုလည်း လှိုင်မြို့နယ် ၁၃ ရပ်ကွက်ရှိ မေတ္တာဝါဒီဟသ်ာတပရဟိတဘုန်းတော်ကြီးကျောင်းသို့ ကျပ်တစ်ဆယ့်ခြောက်သိန်းအား ပေးပို့လှူဒါန်းခဲ့သည်။ မြင်းခြံမြို့ မဟာနန္ဒာဘုန်းတော်ကြီးသင်ပညာရေးကျောင်းသည်သက်တမ်း ၁၀ နှစ်ခန့်ရှိပြီဖြစ်ပြီး သူငယ်တန်းမှစတုတ္ထတန်းအထိ ကျောင်းသား ၃၀၀ ခန့်နှင့် ဆရာဆရာမခုနစ်ဦးရှိသည်။ မေတ္တာဝါဒီဟသ်ာတ ပရဟိတဘုန်းတော်ကြီးကျောင်းသည် သက်တမ်းနှစ်ပေါင်း ၃၀ ခန့်ရှိပြီး တိုင်းနှင့်ပြည်နယ်ပေါင်းစုံမှ မိဘမဲ့၊မိမဲ့၊ဖမဲ့၊ဆင်းရဲနွမ်းပါးကလေး ၄၀၀ ကျော်မှီတင်းနေထိုင်လျက်ရှိသည်။

# စာ(၁၆) မုံရွာမြို့အဝင် တိုးဂိတ်ဖွင့်လှစ်ပြီးနောက်ပိုင်း ယာဉ်ဖြတ်သန်းခများ မြင့်တက် မှ

မုံရွာ-မန္တလေးအဝေးပြေးလမ်းမကြီးတွင် စစ်ကိုင်းမြို့အဝင် အုန်းတောတိုးဂိတ်၊ မြင်းမူမြို့အဝင် တိုးဂိတ်နှင့်မုံရွာမြို့အဝင် အောင်သာတိုးဂိတ် စသည့်လမ်းအသုံးပြုကောက်ခံရေးစခန်းအား ယခုနှစ်အတွင်း သာမန်လမ်းအသုံးပြုခ ကောက်ခံရေးမှ အဆင့်မြင့်တန်ပို စစ်ဆေးရေးစနစ်များပါဝင်သည့် တိုးပလာဇာအဆင့်အဖြစ် တိုးချဲ့ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။

ဝန်ထမ်းအလိုရှိသည်
Assistant Manager (Administration)
Assistant Manager (Business)
Marketing Supervisor
Assistant Accountant
Sales & Delivery Staff
IT
[illegible]

အလိုရှိသည်
[illegible]

ဝန်ထမ်းအလိုရှိသည်
Sales Supervisor
[illegible]

ဝန်ထမ်းအလိုရှိသည်
[illegible]

# ယာယီမှတ်ပုံတင်ထုတ်ပေးမှုရပ်ဆိုင်းထားခြင်းကြောင့် ပြည်တွင်း အလုပ်အကိုင် ရှာဖွေရေးအေဂျင်စီအချို့အခက်တွေ့

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ - ၅**

ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီထူထောင်ထားသူများမှာ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနက ယာယီမှတ်ပုံတင်ချထားပေးမှုတစ်နှစ်ခွဲကျော်ကြာ ရပ်ဆိုင်းထားခြင်းကြောင့် အခက်အခဲများ ကြုံတွေ့နေရကြောင်း အေဂျင်စီဖွင့်လှစ်ထားသည့်လုပ်ငန်းရှင်များက ပြောသည်။

"အရင်က ဆားဗစ်ကုမ္ပဏီ ရှိရင် ကြော်ငြာထည့်လို့ရတယ်။ အခုနောက်ပိုင်း ယာယီမှတ်ပုံတင် မရှိရင်ထည့်လို့မရဘူးဆိုပြီး ချုပ်ကိုင်လိုက်တော့ အေးဂျင့်အများစု အဆင်မပြေဖြစ်နေရတယ်" ဟု ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီထူထောင်ထားသူတစ်ဦး ကပြောသည်။



အထည်ချုပ်လုပ်ငန်းခွင်တစ်ခုအား မြင်ရစဉ်

အလုပ်အကိုင် ရှာဖွေရေး အေဂျင်စီများကိုယာယီမှတ်ပုံတင် လျှောက်ထားရန် ၂၀၁၀ ပြည့်နှစ် ဧပြီ ၉ ရက်က နောက်ဆုံးခေါ်ယူခဲ့ပြီး ယင်းအချိန်ကလည်း ယာယီမှတ်ပုံတင်လျှောက်ထားသူများမှာ ခေါ်ယူသည့်ရက်မတိုင်မီ ကုမ္ပဏီ သက်တမ်း ခြောက်လရှိရန်လိုအပ်သည်။

ထိုအချိန်က အလုပ်အကိုင် ရှာဖွေရေးအေဂျင်စီ ၁၀ ခုကိုသာ ယာယီမှတ်ပုံတင်ချထားပေးနိုင်ခဲ့ကြောင်း နေပြည်တော် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယာယီမှတ်ပုံတင်လျှောက်လွှာ နောက်ဆုံးခေါ်ယူစဉ်တွင် ကုမ္ပဏီအများစုမှာ လျှောက်လွှာလျှောက်ထားမှုနောက်ကျခြင်းနှင့် service သက်တမ်းခြောက်လမရှိခြင်းများကြောင့် မရရှိခဲ့ကြောင်း သိရသည်။

"အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတွေများရင်ကောင်းတယ်။ အင်တာဗျူးများများဝင်ရတော့ အလုပ်ရတာမြန်တယ်။ ကြိုက်တဲ့အလုပ်လည်း ရွေးလို့ရတယ်။ ပြီးတော့ နာမည်ကြီးအေးဂျင့်တွေကို အေးဂျင့်ကြေးဆိုပြီး အလုပ်ရရင် လစာရဲ့ထက်ဝက်ထိ တောင်းတဲ့သူတွေရှိတယ်။ အေးဂျင့်ကြေး မပေးရတဲ့ကုမ္ပဏီတွေကျတော့ အလွယ်တကူမသိဘူး။ အချင်းချင်းပြောမှပဲ သိရတယ်"ဟု အေဂျင်စီများမှ တစ်ဆင့် အလုပ်လျှောက်ထားသူအမျိုးသမီးတစ်ဦးက ၎င်း၏ အတွေ့အကြုံကိုပြောသည်။

ထို့ကြောင့်ယာယီမှတ်ပုံတင် ရရှိထားခြင်းမရှိသောကုမ္ပဏီများက အလုပ်သမားခေါ်ယူမှုများပြုလုပ်ပါက ၁၉၅၀ပြည့်နှစ်ကပြဋ္ဌာန်းထားသောအလုပ်သမားဥပဒေအရအရေးယူသွားမည်ဖြစ်ကြောင်း အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူကပြောကြားသည်။

# ကျောက်စိမ်း၊ ကျောက်မျက်ပညာ လုပ်ငန်းခွင် သင်တန်းဖွင့်မည်

**ညီညီဇော်**

**မန္တလေး၊ အောက်တိုဘာ-၈**

ကျောက်စိမ်းလုပ်ငန်း လုပ်ကိုင်လိုသူများ၊ ကျောက်စိမ်းဆိုင် ဖွင့်လှစ်လိုသူများ၊ ကျောက်စိမ်းလုပ်ကွက်လုပ်ကိုင်သူများ၊ ကျောက်စိမ်း အချောထည်လုပ်ကိုင်လိုသူများနှင့် ဘူမိဗေဒကျောင်းသား၊ ကျောင်းသူများအတွက် လက်တွေ့၊ စာတွေ့ ကျောက်စိမ်းပညာကို သိရှိလုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ ကျောက်စိမ်းကျောက်မျက်ပညာ လုပ်ငန်းခွင်သင်တန်းကို Myanmar Gemological Institute မှကြီးမှူး၍ ၁၅ ရက် သင်တန်းဖွင့်လှစ်မည်ဟု သတင်းရရှိသည်။

အဆိုပါ သင်တန်းတွင် ကျောက်လုပ်ကွက် ရွေးချယ်နည်း၊ ကျောက်စိမ်း အရောင်းဆိုင်အတွက် နေရာကောင်း ရွေးချယ်နည်း၊ ကျောက်မျက်ရတနာပြပွဲ (အင်ပိုရီယမ်)တွင် ဝယ်၊ ရောင်းနည်း၊ ကျောက်စိမ်းအရိုင်းတုံး(ခဲ)များ အမျိုးအစားခွဲခြားဝယ်ယူရောင်းချနည်း၊ လွှာချပ်၊ လက်ကောက်၊ ပန်းပု၊ အပွင့်(စိမ်း)၊ ဘော်ဒီပွင့်များ ရွေးချယ်ဝယ်ယူရောင်းချနည်း၊ ဘော်ဒီအသားဆန်းများဝယ်ရောင်းနည်း၊ ဖားကန့်၊ မန္တလေး၊ ရွှေလီကျောက်ဝိုင်းများတွင်ဝယ်ယူရောင်းချနည်းနှင့် ကျောက်စိမ်းအတုအစစ် ခွဲခြားနည်း စသည့်ဘာသာရပ်များကို ကျောက်စိမ်းရတနာလုပ်ငန်းတွင် လုပ်ကိုင်နေသော ကျောက်မျက်ပညာရှင်ကိုယ်တိုင် လက်တွေ့ပို့ချသွားမည်ဖြစ်သည်။

သင်တန်းပြီးဆုံးပါကကျောက်စိမ်းရတနာလုပ်ငန်း အမှန်တကယ်လုပ်မည့်သူများကို လုပ်ငန်းခွင်အရောက်ကူညီ ဆောင်ရွက်ပေးမည်ဖြစ်သည်။ ယင်းသင်တန်းကို ၁၇-၁၀-၂၀၁၁ မှ စတင်ပြီး၃၁-၁၀-၂၀၁၁ထိပိတ်ရက်မရှိ သင်ကြားပို့ချပေးမည်ဖြစ်သည်။

တန်းခွဲတစ်ခုလျှင် လူဦးရေ ၃၀ လက်ခံမည်ဖြစ်ပြီး Myanmar Gemological Institute (MGI) 09-9100 1818, 09-4711 7788, 02-69321 email: mgi.myanmar@ gmail.com, www.myanmar gems.org သို့ ဆက်သွယ်နိုင် ကြောင်း သတင်းရရှိသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**အမြန်အလိုရှိသည်**
Quality Controller - M/F(2) Posts
English (သို့) Japan စကားပြောနိုင်သူနှင့် အတွေ့အကြုံရှိသူဦးစားပေးမည်။
ken2myanmar@gmail.com
**ဖုန်း-၀၉-၄၃၀၇၅၈၇**

-------------------------

**အလိုရှိသည်**
Accountant - ၁ ဦး
စာရင်းကိုင်အတွေ့အကြုံရှိရမည်။ စီမံခန့်ခွဲနိုင်ရမည်။ စား၊စရိတ်ငြိမ်း၊ လစာကောင်းမည်။
**ဖုန်း-၃၈၆၅၃၉၊ ၃၉၂၈၈၆**

-------------------------

**အလိုရှိသည်**
- Admin Manager - ကျား
- စတိုတာဝန်ခံ - ကျား၊မ
ဖုန်း-၀၁-၆၈၅၀၉၀၊ ၆၈၅၀၉၁

-------------------------

**အလိုရှိသည်**
စက်ရုံ အထွေထွေမန်နေဂျာ- ကျား၊ မ - ၁ ဦး
**ဖုန်း-၀၉-၅၀၁၀၁၃၇**

-------------------------

**အလိုရှိသည်**
အမျိုးသမီး၊ အမျိုးသားဝတ်စုံ၊ ဖက်ရှင်ဒီဇိုင်း၊ Pattern ကျွမ်းကျင်၊ ညှပ်/ချုပ်-ကျွမ်းကျင်၊ အမျိုးသမီးဝန်ထမ်းအလိုရှိသည်။
**ဖုန်း-၀၉-၅၀၄၉၁၁၀**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
- Admin Manager - M(2) Posts ၊ - Procurement Officer/ Purchaser - F 2 Posts
**ဖုန်း-၃၈၉၅၂၃၊ ၅၈၅၁၀၃**

-------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**
၁။ အိမ်ခြံမြေလုပ်ငန်း (Marketing) - ကျား ၆ ဦး၊ မ ၆ ဦး
၂။ ယာဉ်မောင်း - ၃ ဦး
ဝါးတန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

-------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ B.E (Civil) or M.E (Civil) - 1 Post၊ ၂။ Marketing - 5 Posts
ပထမထပ်၊ ၇၃ လမ်း၊ ၂၈×၂၉ လမ်းကြား၊ အမှတ်(၄၉)၊ မန္တလေး။

-------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Sales Promoter - 5 Posts
၂။ Accountant - 1 Post
HORN Fashion & TELE-TUBB-IES Shop
**ဖုန်း-၀၁-၂၉၈၇၉၈၊ ၀၉-၅၀၂၈၈၅၃**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
Sale & Marketing - Female 2 Posts
**ဖုန်း-၀၉-၇၃၁၈၉၉၆၆၊ ၄၀၀၅၇၆**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
Assistant Teachers - မ ၃ ဦး
**ဖုန်း-၀၉-၇၃၀၃၁၄၀၇**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Front Office Manager - ကျား/မ(၁)ဦး၊ ၂။ Guest Relation Officer (German) - ကျား/မ(၁)ဦး၊ ၃။ Guest Relation Officer (Chinese, Spainish, Other) - ကျား/မ (၁)ဦး၊ ၄။ F & B Manager - ကျား/မ(၁) ဦး၊ ၅။ Chief Accountant - ကျား/မ(၁)ဦး၊၆။Pastery Cheef - ကျား/မ(၂)ဦး၊
၇။ Garden Supervisor - ကျား (၁)ဦး
Amazing Holidays
၀၄-၀၆၊၀၅-၀၆၊၀၆-၀၆၊၆လွှာ၊ ဗိုလ်မြတ်ထွန်းကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်း ။

-------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Accountant - ကျား/မ(၁) ဦး၊ ၂။ Web & Graphic Designer - ကျား/မ(၁)ဦး၊ ၃။ Sales & Marketing Executive - မ (၁)ဦး၊ ၄။ ယာဉ်မောင်း - ကျား(၁)ဦး
**Amazing Holidays**
၀၄-၀၆၊၀၅-၀၆၊၀၆-၀၆၊၆လွှာ၊ ဗိုလ်မြတ်ထွန်းကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်း ။

-------------------------

**အလိုရှိသည်**
အနှိပ်ကျွမ်းကျင် - ကျား(၅)ဦး
မြင့်မိုရ်ရိုးရာအကြောပြင်အကြောနှိပ်။ ထီးလှိုင်ရှင်လမ်း၊ ၈ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။
**ဖုန်း-၀၉-၄၉၃၀၄၁၈၁**

-------------------------

**အင်ဂျင်နီယာအလိုရှိသည်**
၁။ Site Engineer - ကျား(၃)ဦး
၂။ AutoCAD -ကျား(၁)ဦး(ကျွမ်းကျင်)
**ဖုန်း-၀၉-၅၄၁၀၇၂၉**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
IT Technicians - M(2)Posts
**ဖုန်း-၀၁-၆၄၆၉၉၁**

-------------------------

GDT Co., Ltd မှ ၁၀ တန်း အရည်အချင်းရှိ အရောင်းစာရေး အလိုရှိသည်။ နယ်တွင်လုပ်နိုင်ရမည်။(စားစရိတ်ငြိမ်း)
**ဖုန်း-၀၉-၇၃၀၅၀၇၅၄**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ အိမ်ခြံမြေ မန်နေဂျာ - ၁ ဦး၊
၂။ အိမ်ခြံမြေ(Marketing) - ၅ ဦး
**ဖုန်း-၀၉-၅၀၃၄၆၇၇**

-------------------------

**Gym နည်းပြအလိုရှိသည်**
Slim xpress body fitness center
အမှတ်(၃၂၀)၊ဒုတိယထပ်၊အနော်ရထာလမ်းမ၊ကုန်ဈေးတန်းမှတ်တိုင်အနီး၊ ၂၅လမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

-------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Accounting - မ(၁)ဦး၊ ၂။ Management Manager -မ(၁)ဦး၊ ၃။ Marketing - မ(၂) ဦး
**ဖုန်း-၀၁-၅၂၇၃၀၃**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
အဲကွန်းကျွမ်းကျင် - ၁ ဦး၊
သင်တန်းသားအလုပ်သမား- ၂ဦး
ကမာရွတ်မြို့နယ်နှင့်အနီးဆုံး
**ဖုန်း-၀၉-၅၀၉၅၉၁၆**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
Tour Operator - ကျား/မ အလိုရှိသည်။
**ဖုန်း-၀၁-၃၈၆၄၆၉**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ မန်နေဂျာ-ကျား(၁)ဦး၊ ၂။ စီမံရေးရာ-ကျား(၃)ဦး၊ ၃။ စာရင်းကိုင်-မ(၃)ဦး၊ ၄။ DTP- မ(၂)ဦး၊ ၅။ Marketing -ကျား/မ(၁၅) ဦး၊(၁၀)ဦး၊၆။ ယာဉ်မောင်း-ကျား (၂)ဦး
**ဖုန်း-၀၉-၄၃၁၁၁၀၀၁**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
- Professional Tour Operator - M/F(1)Post
- Sales & Marketing Tour Manager-M/F(1)Post
**ဖုန်း-၀၉-၇၃၁၉၇၇၉၉**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Sales Promoter - မ(၃)ဦး၊
၂။ လျှပ်စစ်နှင့်စက်ပိုင်းကျွမ်းကျင် - ကျား(၂)ဦး
အမှတ်(၉၇၂/ခ)၊ သံသုမာလမ်း၊ (၅)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

-------------------------

**ဝန်ထမ်းအလိုရှိသည်**
- အရောင်းမြှင့်တင်ရေး-ကျား/မ (၃၀)ဦး၊ အဖွဲ့ခေါင်းဆောင် (Supervisor) - ကျား/မ(၅)ဦး
**ဖုန်း-၀၉-၇၃၀၂၉၄၃၃**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Marketing - Female(5) Posts
2. Office Staff - Female(5) Posts
**ဖုန်း-၂၁၀၆၅၆၊ ၀၉-၇၃၁၁၂၀၇၉**

-------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


"FOR TUNES LYRICS CONTEST"
Pop
Rock
Hip Hop/ R & B
Sample Audio = wav/mp3 (file format)
Lyrics
November 30th
For Tunes Channel


NIBBAN®
Makes Life Great !
သီတင်းကျွတ် အထူးအရောင်း
မြှင့်တင်ရေး အစီအစဉ်
Capital Hypermarket (Yangon Mandalay), Sein Gay Har
Victoria
Orange All Branches (Wedding Fair)

# Education

7DAY NEWS JOURNAL

Vol.10, No.30 · OCTOBER 13, 2011




# ဘယ်နိုင်ငံကို ရွေးကြမလဲ

နေလင်းထွန်း

**နိုင်ငံတကာအဆင့်မီပညာရပ်များ လေ့လာရန်နှင့် ရွှေ့ပြောင်းအလုပ်အကိုင် အခွင့်အလမ်းတို့ကြောင့် မြန်မာကျောင်းသားများ ပြည်ပနိုင်ငံများသို့ ထွက်ခွာလျက်ရှိကြသည်။ ပညာရေးရင်းနှီးမြှုပ်နှံမှုအနေဖြင့် နိုင်ငံရပ်ခြားတက္ကသိုလ်၊ ကောလိပ်များတွင် ငွေကြေးအကုန်အကျခံ၍ ကျောင်းတက်ရောက်ခွင့်ရရှိနိုင်ရန် ကြိုးပမ်းကြပြီး အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိရန် ရုန်းကန်ကြရသည်။ ကျောင်းသားများ စိတ်ဝင်စားမှုမြင့်တက်နေသောကြောင့် ဈေးကွက်တစ်ခုအသွင်ဆောင်လာသည့် ပြည်ပ ပညာရေးနယ်ပယ်သည် ယခုနှစ်ပိုင်းအတွင်း အပြောင်းအလဲများဖြစ်ပေါ်လျက်ရှိသည်။ မြန်မာကျောင်းသားအများစု သွားရောက်ပညာသင်ယူလျက်ရှိသော နိုင်ငံအချို့သည် ပြည်ဝင်ခွင့် ခက်ခဲလာခြင်း၊ ကျောင်းဝင်ခွင့်တင်းကျပ်လာခြင်း၊ ကျောင်းလခများ မြင့်တက်လာခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်ရန် အရည်အချင်းလိုအပ်ချက်မြင့်မားလာခြင်းတို့ကြောင့် ပြည်ပ ပညာရေးဈေးကွက်ကို အပြောင်းအလဲအချို့ဖြစ်ပေါ်လာစေသည်။**

လက်ရှိမြန်မာကျောင်းသားအများစုသည် ပြည်ပ ပညာသင်အခွင့်အလမ်းအတွက် အနောက်နိုင်ငံများဖြစ်သော အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော စင်ကာပူ၊ မလေးရှား၊ ထိုင်းနိုင်ငံသို့ သွားရောက်လိုကြသည်။ ၎င်းတို့တွင် စင်ကာပူနှင့် ဗြိတိန်နိုင်ငံတို့သည် ကျောင်းသားများ၏ စိတ်ဝင်စားမှုအများဆုံးနှင့် ပြည်ပပညာရေးဈေးကွက်ဝေစုအများဆုံးရရှိနေပြီး ပညာသင်ယူခွင့်နှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ အပြောင်းအလဲအများဆုံး ဖြစ်ပေါ်နေသော နိုင်ငံများဖြစ်ကြောင်း ပညာရေးဝန်ဆောင်မှုလုပ်ငန်းများမှသိရသည်။ နိုင်ငံရပ်ခြားပညာသင် အခွင့်အလမ်းအတွက် ကျောင်းသားများ၏စိတ်ဝင်စားမှုသည် အဆိုပါနိုင်ငံများ၏ အလုပ်အကိုင် အခွင့်အလမ်းကောင်းမွန်မှုနှင့်တိုက်ရိုက်ဆက်စပ်နေသလို ပြည်ဝင်ခွင့်အခြေအနေ၊ ကျောင်းစရိတ်ကုန်ကျမှုတို့ပေါ်တွင်လည်း မူတည်နေသည်။ စင်ကာပူနိုင်ငံသည် ပြည်ပ ပညာရေးဈေးကွက်တွင် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး ဟိုတယ်ဝန်ဆောင်မှု၊ စာရင်းကိုင်စသည့် အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာမှုကြောင့် အသက်မွေးဝမ်းကျောင်း ဘာသာရပ်များ သွားရောက်သင်ယူကြရာ ၂၀၀၈ခုနှစ်၌ မြန်မာကျောင်းသားသွားရောက်မှု အမြင့်ဆုံးအဆင့်သို့ရောက်ရှိခဲ့ကြောင်း နိုင်ငံတကာ ပညာရေးသုံးသပ်ချက် စစ်တမ်းတစ်ခုအရသိရသည်။ ကျောင်းသားအများစုသည် ဒီပလိုမာအဆင့်ရှိ အသက်မွေးဝမ်းကျောင်း ဘာသာရပ်များ လေ့လာသင်ယူကြပြီးနောက် ကျောင်းပြီးချိန်တွင် အလုပ်အကိုင် အခက်အခဲဖြစ်ပေါ်ကြသော သတင်းများထွက်ပေါ်လာခြင်းကြောင့် ၂၀၀၉ ခုနှစ်တွင် စင်ကာပူနိုင်ငံသို့ ပညာသင်သွားရောက်ရန် စိတ်ဝင်စားမှု သိသိသာသာ ကျဆင်းသွားခဲ့သည်။

သို့သော်အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဈေးကွက်ခိုင်မာနေဆဲဖြစ်ကြောင်း ၎င်းစစ်တမ်းတွင် ဖော်ပြထားသည်။ စင်ကာပူပညာရေးဈေးကွက် လျော့ကျနိမ့်ဆင်းခဲ့သော ၂၀၀၉ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၌ ကျောင်းသားပြည်ဝင်ခွင့်မူဝါဒအပြောင်းအလဲ ဖြစ်ပေါ်ခဲ့ပြီး ပြည်ဝင်ခွင့်လွယ်ကူအဆင်ပြေခဲ့ခြင်းကြောင့် ကျောင်းသားများ၏စိတ်ကူး အိပ်မက်များအတွက် ဦးတည်ရာဖြစ်လာသည်။ သို့သော် ၂၀၁၀ ခုနှစ်မှ စတင်၍ ပြည်ဝင်ခွင့်မူဝါဒများ စိစစ်တင်းကျပ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းအတွက်ဖန်တီးထားသည့် အတုအယောင် ကျောင်းများနှင့် အလုပ်လုပ်ကိုင်ရန် ရည်ရွယ်၍ လာရောက်သောကျောင်းသားများကို ရှာဖွေဖော်ထုတ်ခြင်းများ ဗြိတိန်က ဆောင်ရွက်လာခဲ့သည်။

စာ(၁၀)သို့

**ပညာရေးသတင်းတိုများ**

## ပညာရပ်ဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန်၊ အောက်တိုဘာ - ၆**

"ပညာရပ်တစ်ခုအတွက် အောင်မြင်မှုသော့ချက်" အမည်ဖြင့် ဟောပြောပွဲအား အောက်တိုဘာလ ၂၀ရက် ညနေ ငါးနာရီခွဲတွင် ဗြိတိသျှကောင်စီ၌ ကျင်းပမည်ဖြစ်သည်။ ဟောပြောပွဲတွင် ဆရာဦးအောင်ဝင်းက ပညာရပ်တစ်ခု သင်ကြားရာ၌ လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ရန် ကြိုးပမ်းမှုအပြင် ရင်ဆိုင်ကြုံတွေ့ရမည့်အခက်အခဲများကိုကျော်လွှားနိုင်ရန် နည်းလမ်းများကို အကြံပြုဆွေးနွေးမည်ဖြစ်သည်။

## မလေးရှား ပညာရေးဟောပြောပွဲ ကျင်းပမည်

**ရန်ကုန်၊ အောက်တိုဘာ - ၆**

မလေးရှားနိုင်ငံတွင် ဘွဲ့လွန်ဆေးပညာဒီပလိုမာ သင်တန်းတက်ရောက်လေ့လာလိုသူများအတွက် ပညာရေးဟောပြောပွဲအား အောက်တိုဘာလ ၁၅ ရက်၊ နေ့လယ် ၂နာရီမှ ညနေ ၆ နာရီထိ ပဲ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ Vision College တွင် တစ်နှစ်ကြာတက်ရောက်ပညာသင်ယူရမည့် ဒီပလိုမာသင်တန်းအကြောင်း ရှင်းလင်းဆွေးနွေးပွဲသို့ စိတ်ဝင်စားသူများ လေ့လာနိုင်မည်ဖြစ်ကြောင်း ဂျန်ကို ပညာရေးအေဂျင်စီမှသိရသည်။

## အခြေခံ ပြင်သစ်စာသင်တန်းများ ဖွင့်မည်

**ရန်ကုန်၊ အောက်တိုဘာ - ၆**

ပြင်သစ်ယဉ်ကျေးမှုဌာနမှ အခြေခံပြင်သစ်စာသင်တန်းသစ်များကို ယခုလတွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။ သင်တန်းများအတွက် သင်တန်းကြေးမှာ တစ်လလျှင် အမေရိကန် ၁၆ဒေါ်လာဖြစ်ပြီးစနေ၊ တနင်္ဂနွေနေ့ သင်တန်းများအတွက် သင်တန်းကြေးမှာ တစ်လလျှင် အမေရိကန်ဒေါ်လာ ၂၀ဖြစ်ကာ ဝင်ကြေးမှာ အမေရိကန် ၁၅ဒေါ်လာဖြစ်ကြောင်း သိရသည်။

## ဩစတြေးလျကျောင်းသားဗီဇာတင်းကျပ်မှု အနည်းငယ်ဖြေလျှော့မည်

သီဟ

**ရန်ကုန်၊အောက်တိုဘာ - ၅**

ယခင်က တင်းကျပ်ခဲ့သည့်နိုင်ငံတကာကျောင်းသားများ၏ ဩစတြေးလျ ကျောင်းသားဗီဇာလျှောက်ထားခြင်းအတွက် လိုအပ်ချက်များကို အနည်းငယ်ဖြေလျှော့ပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရှိ ပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် Crown Education တစ်ဆင့်သိရသည်။

သို့သော် အဆိုပါဖြေလျှော့မှုသည် ဩစတေးလျရှိ တက္ကသိုလ်များသို့သာ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများ၊ ကောလိပ်များနှင့် အင်္ဂလိပ်စာသင်ကျောင်းများတွင် အကျိုးသက်ရောက်မှုမရှိနိုင်ကြောင်း သိရသည်။

သို့သော် အဆိုပါကျောင်းများအတွက် နောက်တစ်ကြိမ်ထပ်မံသုံးသပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်က ကျောင်းသားများ ဗီဇာလျှောက်ထားရာတွင် နိုင်ငံအလိုက်ခွဲခြားသတ်မှတ်ချက်များ ရှိခဲ့သော်လည်း ယခုပြောင်းလဲသတ်မှတ်မည့် စည်းမျဉ်းအရနိုင်ငံအားလုံးအား တစ်တန်းတည်းသတ်မှတ်လိုက်ကြောင်း သိရသည်။ဖြေလျှော့ပေးမည့် ဗီဇာဆိုင်ရာစည်းကမ်းချက်များတွင် ငွေကြေးပြရမည့် ပမာဏလျှော့နည်း သွားခြင်း၊ဗီဇာစစ်သည့်အချိန် ပိုမိုမြန်ဆန်လာခြင်း၊အင်္ဂလိပ်စာနှင့် ပတ်သက်သည့် လိုအပ်ချက်များအားလျှော့ပေါ့ပေးခြင်းတို့ ပါဝင်ကြောင်း သိရသည်။

"အင်္ဂလိပ်စာလိုအပ်ချက် လျှော့ပေးတယ်ဆိုပေမယ့် ကျောင်းတက်ဖို့အတွက်ပဲလျှော့ပေးတာပါ။ အလုပ်ခွင်ထဲဝင်ဖို့အတွက်ဆိုရင်တော့ အရင်သတ်မှတ်ထားတဲ့ လိုအပ်ချက်အတိုင်းပါပဲ"ဟု Crown Education မှ ကိုအောင်ကျော်ဆန်းကပြောသည်။

ပြောင်းလဲလာမည့် ဗီဇာမူဝါဒသစ်မှာ လာမည့် ၂၀၁၂ ဒုတိယစာသင်နှစ်တွင်အကျုံးဝင်မည်ဖြစ်ကြောင်းသိရသည်။


Graces English Speech and Drama Academy
Vacancy Announcement for an English Teacher. Native speakers & Myanmar nationals are encouraged to apply.
Attractive terms and conditions and full support.
Orientation/training in Singapore for the right candidate.
Classes are of adults & young children.
Background in Drama is an advantage but not essential.

KMD Computer Centre
University of Greenwich(UK)
Diploma
20 October 2011 (Mon to Fri) 11:30am to 3pm

7 DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

## ရိုတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်းကို KOICA ကူညီ

သီဟ ရန်ကုန်၊အောက်တိုဘာ-၅

မန္တလေးတိုင်းဒေသကြီး ထုံးဘိုမြို့နယ်တွင် ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း စီမံကိန်းတစ်ခုအား ကိုရီးယား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(KOICA)မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅သန်းအကုန်အကျခံ တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။


အဆိုပါ စီမံကိန်းအား KOICA နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့နှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ပြီး စီမံကိန်းကာလအား ၂၀၁၁ မှ ၂၀၁၃ အထိ သတ်မှတ်ထားကြောင်းသိရ သည်။

ယင်းသင်တန်းကျောင်းတွင် ကိုရီးယားနိုင်ငံမှ ရိတ်သိမ်းချိန်လွန်နည်းပညာရပ်ဆိုင်ရာများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် တောင်သူများအား သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းကာလကို ၂၀၁၃ခုနှစ်အထိ သတ်မှတ်ထားသော်လည်း နောက်ဆက်တွဲ ကူညီမှုများလည်း အခါအားလျော်စွာ ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်သည်ဟု KOICAမှတာဝန်ရှိသူတစ်ဦးက ပြောသည်။ KOICA မှနည်းပညာပံ့ပိုးမှုများအနေဖြင့် မြန်မာနိုင်ငံမှ အစိုးရအရာထမ်း အမှုထမ်းများအား ကိုရီးယားနိုင်ငံသို့ဖိတ်ခေါ်ကာ ရက်တိုရက်ရှည်သင်တန်းများပေးခြင်းအပြင် ယခုကဲ့သို့ သင်တန်းကျောင်း စီမံကိန်းများလည်း ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

## မြန်မာဘာသာစကားသင်ကြားမည့်ပါမောက္ခတစ်ဦး ဗြိတိန်တက္ကသိုလ်တစ်ခုက ခေါ်ယူ

နေလင်းထွန်း ရန်ကုန်၊ အောက်တိုဘာ - ၄



မြန်မာဘာသာစကားသင်ကြားမည့် လက်ထောက်ပါမောက္ခတစ်ဦးအဖြစ် လုပ်ကိုင်ရန်ဗြိတိန်နိုင်ငံရှိတက္ကသိုလ်တစ်ခုမှအလုပ်လျှောက်လွှာခေါ်ယူလျက်ရှိကြောင်း သိရသည်။

Northern Illionis University ရှိ နိုင်ငံခြားဘာသာစကားနှင့် ယဉ်ကျေးမှုဌာနတွင် တာဝန်ထမ်းဆောင်ရန်အတွက် မြန်မာစာလက်ထောက်ပါမောက္ခတစ်ဦး လိုအပ်နေကြောင်း အဆိုပါတက္ကသိုလ်၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားခြင်းဖြစ်သည်။ အထက်ပါအလုပ်အကိုင်အခွင့်အလမ်းအတွက် ယခုနှစ်၊ ဒီဇင်ဘာလ ၁ရက်နောက်ဆုံးလျှောက်ထားရမည်ဖြစ်ပြီး၊ မြန်မာဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားတို့ကို ကျွမ်းကျင်ရမည်ဖြစ်သည်။ မြန်မာစာဘာသာစကားဖြင့် ပါရဂူဘွဲ့ရရှိထားသူ၊ သို့မဟုတ် ယင်းဘွဲ့နှင့် ကိုက်ညီသောနယ်ပယ်တွင် လုပ်ကိုင်နေသူဖြစ်ရန် လိုအပ်ကြောင်းသိရသည်။ မြန်မာစာ လက်ထောက်ပါမောက္ခအဖြစ် ရွေးချယ်ခံရပါက မြန်မာဘာသာစကားအား သင် ရိုးအဆင့်အားလုံးအတွက် သင်ကြားပို့ချရမည်ဖြစ်သည်။ အဆိုပါအလုပ်အကိုင်အခွင့်အလမ်းအတွက် www.hr.niu.edu တွင် ဝင်ရောက်ကြည့်ရှုလျှောက်ထား နိုင်သည်။

## ဂျပန်တက္ကသိုလ်ကျောင်းလခထောက်ပံ့ကြေး လျှောက်ထားရန် နောက်ဆုံးရက်သတ်မှတ်

နေလင်းထွန်း ရန်ကုန်၊ အောက်တိုဘာ - ၃

ဂျပန်နိုင်ငံရှိအာဆာကာဆန်ဒေဲတက္ကသိုလ်တွင်ပညာသင်ယူရန်ကျောင်းလခထောက်ပံ့ကြေးလျှောက်ထားလိုသူများအနေဖြင့် အောက်တိုဘာ ၁၄ရက် နောက်ဆုံးလျှောက်ထားနိုင်ကြောင်း မြန်မာ-ဂျပန်ဘာသာစကားသင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပညာသင်ထောက်ပံ့ကြေးလျှောက်ထားရန်တက္ကသိုလ်ပထမနှစ်နှင့်အထက်အောင်မြင်ထားရမည်ဖြစ်ပြီး စီမံခန့်ခွဲမှုဘာသာရပ်အား လေ့လာသင်ယူလိုသူများဖြစ်ရမည့်အပြင် ဂျပန်စာအရည်အချင်းစစ်စာမေးပွဲအဆင့်-၂ အောင်မြင်ထားသူဖြစ်ရန် လိုအပ်ကြောင်း သိရသည်။ ပညာသင်ထောက်ပံ့ကြေး ရရှိရန် ကျောင်းဝင်ခွင့်အား သတ်မှတ်ရက်အမီ လျှောက်ထားရမည်ဖြစ်ပြီး ကျောင်းသားနှစ်ဦးကို ရွေးချယ်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ဂျပန်နိုင်ငံရှိ အာဆာကာမြို့၌ တည်ရှိသောတက္ကသိုလ်တွင် ပညာသင်ယူလိုသူများအနေဖြင့် www.nyushi. osaka-sandai. ac.jp အင်တာနက်စာမျက်နှာသို့ဝင်ရောက်လေ့လာနိုင်ကြောင်းသိရသည်။

## စင်ကာပူတွင် ဖက်ရှင်ဒီဇိုင်းဒီပလိုမာ တက်ရောက်နိုင်

သီဟ ရန်ကုန်၊အောက်တိုဘာ-၆

ဖက်ရှင်ဒီဇိုင်းဘာသာရပ်အား စိတ်ပါဝင်စားသူများအတွက် စင်ကာပူနိုင်ငံ Management Development Institute of Singapore (MDIS) ရှိ Fashion Department မှဖွင့်လှစ်သည့် ဖက်ရှင်ဒီဇိုင်းဒီပလိုမာဘာသာရပ်အား တက်ရောက်နိုင်ကြောင်း သိရသည်။

အဆိုပါဖက်ရှင်ဒီပလိုမာဘာသာရပ်အားတက်ရောက်လိုသူများသည် တက္ကသိုလ်ဝင်တန်း အောင်မြင်ရန်လိုအပ်ပြီး သင်တန်းကာလမှာ ၁၀ လကြာမြင့်မည်ဖြစ်သည်။ သင်တန်းတွင် ဒီဇိုင်းကျွမ်းကျင်မှု၊ဈေးကွက်ချဲ့ထွင်မှုအစရှိသည့် ဘာသာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဒီပလိုမာတန်းတက်ရောက်ပြီးပါက MDIS၌ပင်ယူကေရှိNottinghan Trent Universityမှပေးအပ်သည့်ဘွဲ့သင်တန်းများကိုလည်း တက်ရောက်နိုင်ကြောင်း သိရသည်။ အဆိုပါသင်တန်းများနှင့် ပတ်သက်၍ ရှင်းလင်းချက်များနှင့် ဖက်ရှင်ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲအား Study Abroad နှင့် MDIS တို့ပူးပေါင်းကာ လာမည့်၁၆ရက်တွင် ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

DANAR Management & Services Oversea Employment Agency
No .168 , Ground Floor , 37th Street , Kyauktada Township , Yangon ,Myanmar .Tel :01- 253808 , 01- 391468
Free fast visa & joining ticket, two years vacation ticket free
1. U .A. E ရှိ No.1 Franchise Group ပိုင် 5 Star Restaurants
Interview Date - 13 to 14 . October , 2011 . ( 9 :00 am at Arak Training Center )
1.Team Member ( Waitstaff ) 500 900 – 1000 Dhs + Tips
COSTA
2. U .A. E ရှိ No.1 biggest retail & Hypermarket Group Products such as Food Item , Fashion Clothes , Foot Wear , Home Applicant , Watches & Jewellary , Computer , Cosmetic , Electronic and ..........etc
Interview Date - 15 October ,2011 ( 9: 00 am at Arak Training Center )
1.Sales /Cashiers 100 1450 – 1600 Dhs
2.Stockers /Checkers 50 1450 – 1600 Dhs
3.Butchers /Fish Mongers 20 1450 – 1600 Dhs
4.Receiving Clerk / Clerk( IT ) 15 1450 – 1600 Dhs
5.Data Entry 15 1450 – 1600 Dhs
6.Technician ( maintenance ) 10 1450 – 1600 Dhs
7.Baker /Pastry 15 1450 – 1600 Dhs
Required Big number, Good Chance to get good job, to join Biggest Group in UAE!!!
* free accommodation* free transportation , 8 hours /day ,6 days /week work , age 20-35 years old .
*free medical & free life insurance, yearly Bonus
Wow!! Position တိုင်းအတွက် သင်တန်းများ ပေးထားပါသည်
3. Malaysia အတွက် 16 . Oct . 2011 တွင် Interview ရှိသည်။
Production Operator 100 RM 1000 – 1500

# Technology

7 DAY NEWS JOURNAL

Vol.10, No.30 · OCTOBER 13, 2011

## စတိပ်ဂျော့ဘ်အတွက် မြန်မာနိုင်ငံမှ ကွန်ပျူတာအသင်းများက ဝမ်းနည်းကြောင်း သဝဏ်လွှာပို့

ယုဇနကိုကို

**ရန်ကုန်၊အောက်တိုဘာ-၇**

မြန်မာနိုင်ငံကွန်ပျူတာဆိုင်ရာ အသင်းများက ယခုလ ၅ ရက်တွင် အမေရိကန်ပြည်ထောင်စု၊ကယ်လီဖိုးနီးယားပြည်နယ်၊ပေါ်လိုအော်လ်တိုမြို့တွင်ကွယ်လွန်ခဲ့သော ကမ္ဘာကျော်Apple အမှတ်တံဆိပ်နည်းပညာပစ္စည်းများတီထွင်ထုတ်လုပ်ခဲ့ပြီး Apple Inc. ကို ပူးတွဲတည်ထောင်ခဲ့သူ မစ္စတာစတိဗ်ဂျော့ဘ်(Steve Jobs) အတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာကို ပေးပို့ခဲ့ကြောင်း ယင်းအသင်းများမှ သတင်းရရှိသည်။

ပြည်တွင်းကွန်ပျူတာအသင်းများဖြစ်သည့်မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်(MCF)၊ကွန်ပျူတာပညာရှင်အသင်း(MCPA) နှင့်လုပ်ငန်းရှင်အသင်း(MCIA)တို့မှ ပေးပို့သော ထိုဝမ်းနည်းသဝဏ်လွှာတွင် စတိဗ်ဂျော့ဘ်ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းပါကြောင်း မှတ်တမ်းအပြင် Apple ကွန်ပျူတာများ၌ မြန်မာစာကို ပထမဆုံးအကြိမ်အဖြစ်တရားဝင်ထည့်သွင်းပေးခဲ့ခြင်းကြောင့်မြန်မာနိုင်ငံ၏ အိုင်တီကဏ္ဍအတွက် အထောက်အပံ့များပိုမိုရရှိလာစေမည်ဖြစ်ကြောင်း ထည့်သွင်းရေးသားခဲ့ကြသည်။

ပြည်တွင်းနည်းပညာဈေးကွက်တွင် Apple ၏ထုတ်ကုန်အချို့ဖြစ်သော iPod၊ iPad ၊ iPhone အစရှိသည့် ပစ္စည်းများသည် ဈေးကွက်ဝေစုပမာဏတစ်ခုကို ရရှိထားသည့် နည်းပညာပစ္စည်းများဖြစ်ကြသည်။



## ငါးသိန်းတန် စီဒီအမ်အေဖုန်းများ ပြန်ရောင်းပေး၍ ဂျီအက်စ်အမ်ဝယ်အား ချက်ချင်းကျ

**ယုဇနကိုကို**

**ရန်ကုန်၊အောက်တိုဘာ- ၅**

ကျပ်ငါးသိန်းတန် စီဒီအမ်အေ 450 MHz နှင့် 800 MHz ဖုန်းများကို ပုဂ္ဂလိကကုမ္ပဏီများမှ ပြန်လည်ရောင်းချပေးလာပြီး ရက်အနည်းငယ်အတွင်းမှာပင် ကျပ်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းများ၏ ဝယ်လိုအားများလျော့ကျသွားခဲ့ကြောင်း မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းရောင်းချသည့် ဈေးကွက်မှစုံစမ်းသိရှိရသည်။

“စီဒီအမ်အေဖုန်းတွေရောင်းတာရပ်လိုက်တော့ ဂျီအက်စ်အမ်ဖုန်းတွေရဲ့ ရောင်းအားကသိသိသာသာတက်လာတယ်။ အခု စီဒီအမ်အေတွေပြန်ချပေးတော့ ဂျီအက်စ်အမ်ငါးသိန်းက သိသိသာသာပြန်ကျသွားပြန်ရော။ အဓိကက စီဒီအမ်အေတွေက အားသာချက်တွေပိုများနေတာကြောင့်ပါ” ဟု လူကြီးမင်းမိုဘိုင်းဖုန်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက လက်ရှိကျပ်ငါးသိန်းတန်မိုဘိုင်းဖုန်းဈေးကွက်နှင့်ပတ်သက်ပြီး သုံးသပ်ပြောကြားသည်။

အဆိုပါစီဒီအမ်အေဖုန်းများ အများပြည်သူသို့ ရောင်းချခြင်းကို ယခုနှစ်ဇူလိုင်လက ရပ်ဆိုင်းလိုက်ခြင်းဖြစ်ပြီး အောက်တိုဘာ ၁ ရက်တွင် အစိုးရက ပုဂ္ဂလိကကုမ္ပဏီများနှင့်ပူးပေါင်းကာ ပြန်လည်ရောင်းချခဲ့ခြင်းဖြစ်သည်။

ပုဂ္ဂလိကကုမ္ပဏီများဖြစ်သော ရတနာပုံ တယ်လီပို့၊ အီလိုက်တက်ခ် အစရှိသည့် လုပ်ငန်းကြီးများကို တစ်ဆင့်ပြန်လည်ရောင်းချခွင့်ပေးလိုက်ခြင်းဖြစ်သည်။

ယင်းကုမ္ပဏီကြီးများက ရန်ကုန်မြို့တွင်းဖွင့်လှစ်ထားကြသည့် မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းရောင်းချသည့် ဆိုင်များသို့တစ်ဆင့်ပြန်လည်ရောင်းချခွင့်များပြန်ပေးထားသည်ဟု သိရသည်။

စာ(၂၄)သို့

## စီဒီအမ်အေ ၈၀၀ဖုန်းများ နောက်ထပ် မြို့ကြီးခြောက်မြို့သို့ပါ သယ်ဆောင်နိုင်ပြီ

ယုဇနကိုကို

**ရန်ကုန်၊အောက်တိုဘာ-၈**

ကျပ်ငါးသိန်းတန် စီဒီအမ် အေ ၈၀၀ မဂ္ဂါဟာဇ်ဖုန်းလိုင်းများ ကို ယခုလပထမပတ်မှစတင်ကာ နောက်ထပ်မြို့ကြီးခြောက်မြို့သို့ သယ်ဆောင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှသတင်းရရှိသည်။

ထပ်မံတိုးချဲ့လိုက်သောမြို့များမှာ မြစ်ကြီးနား၊ လားရှိုး၊ ပုသိမ်၊ မော်လမြိုင်၊ ဖားအံနှင့် စစ်တွေမြို့တို့ဖြစ်ကြသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ယခုကဲ့သို့ စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာဇ်ဖုန်းများကို အထက်ပါမြို့များသို့ သယ်ဆောင်အသုံးပြုနိုင်ရန်ဆောင်ရွက်အပြီးတွင် တစ်နိုင်ငံလုံးအတိုင်းအတာ အသုံးပြုနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ယခုလက်ရှိတွင် အဆိုပါ ကျပ်ငါးသိန်းတန်ဖုန်းများကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အ မြန်လမ်းမတစ်လျှောက်တွင်ပါ အသုံးပြုနိုင်နေပြီဖြစ်ကြောင်းသိရသည်။

ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီက စတင်ချထားပေးခဲ့သည့် အဆိုပါဖုန်းများသည် စတင်ချထားပေးခဲ့စဉ်က အထိုင်ဖုန်းများအဖြစ်သာအသုံးပြုနိုင်ခဲ့သည်။

ထို့နောက် လအနည်းငယ်အကြာတွင် ရန်ကုန်နှင့် မန္တလေးမြို့များသို့ မိုဘိုင်းဖုန်းများအဖြစ် သယ်ဆောင်အသုံးပြုလာနိုင်ရာမှ ယခုအချိန်တွင်မူ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအများစုသို့သယ်ဆောင်အသုံးပြုနိုင်နေပြီဖြစ်သည်။

လက်ရှိအချိန်တွင် CDMA MHz ဖုန်းများကို လိုင်းပေါင်းနှစ်သိန်းငါးသောင်းကျော်ချထားပေးပြီးဖြစ်သည်။

ပြီးခဲ့သည့် လအနည်းငယ်ခန့်က ရောင်းချမှုများရပ်ဆိုင်းခဲ့သော်လည်း ယခုလဆန်းပိုင်းမှစတင်ကာ ပုဂ္ဂလိကကုမ္ပဏီများထံတွင် ပြန်လည်လျှောက်ထားရယူနိုင်နေပြီဖြစ်သည်။





## အောင်ဘာလေသိန်းဆုဌာနခွဲက အွန်လိုင်းတွင် ထီတိုက်နိုင်ရန် ဝက်ဘ်ဆိုက်လွှင့်တင်

**မေဝင်းမွန်**

**ရန်ကုန်၊ အောက်တိုဘာ – ၅**

အောင်ဘာလေသိန်းထီဆုပေါက်မဲများကို (၂၇၃)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲမှစ၍ အွန်လိုင်းမှကြည့်ရှုပြီး ထီပေါက်စဉ်ထုတ်ယူနိုင်ပြီဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲမှ သတင်းရရှိသည်။

ပြည်တွင်းအခွန်များဦးစီးဌာနမှလွှင့်တင်ထားသည့် www.irdmyanmar.gov.mm ဝက်ဘ်ဆိုက်တွင် ထီတိုက်နိုင်မည်ဖြစ်ပြီး အောင်ဘာလေသိန်းဆုဌာနခွဲမှ သိန်းထီပေါက်စဉ်များအခမဲ့ပေးဝေမှုကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဟုသိရသည်။

အောင်ဘာလေသိန်းဆုပေါက်မဲများကို ထီဖွင့်ပွဲပြုလုပ်ပြီး ၄ ရက်အကြာတွင် အွန်လိုင်းမှ ထီတိုက်ခြင်း၊ အခမဲ့ပေါက်စဉ်ထုတ်ယူခြင်းများကိုပြုလုပ်နိုင်မည်ဖြစ်သည်။

အွန်လိုင်းမှအောင်ဘာလေထီတိုက်နိုင်ရန် ရွှေမြန်မာထီဆိုင်အုပ်စုကလည်း www.shwemyanmarlottery.com ဝက်ဘ်ဆိုက် လွှင့်တင်ပေးထားပြီး ယခုအခါ ဌာနဆိုင်ရာဝက်ဘ်ဆိုက်တွင်ပါ ထီတိုက်နိုင်ပြီဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးတွင် ထီတစ်စောင် ၂၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်သည့်ဆိုင်စာရင်းကိုလည်း ဌာနမှထုတ်ဝေသည့် အောင်ဘာလေသိန်းထီပေါက်စဉ်တွင် ဖော်ပြထားကာစုစုပေါင်း ၄၁ ဆိုင်ရှိသည်ဟုသိရသည်။


## စာ(၂၃) - ငါးသိန်းတန် စီဒီအမ်အေဖုန်းများ ပြန်ရောင်းပေး ဂျီအက်စ်အမ်ဝယ်အား ချက်ချင်းကျ မှ


စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာဇ် ဖုန်းများသည် အထိုင်ဖုန်းအဖြစ်ပါ အသုံးပြုနိုင်ခြင်း၊ 3G Network စနစ်ဖြင့် အင်တာနက်ကိုချိတ်ဆက် အသုံးပြုနိုင်ခြင်း၊ စီဒီအမ်အေ ၄၅၀ မဂ္ဂါဟာဇ်ဖုန်းများမှာမူ ဝေးလံလွန်းသည့်ဒေသများအတွက် လိုင်းဆွဲအားပိုမိုကောင်းမွန်ခြင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာကို ဖုန်းအိမ်မပြောင်းလဲဘဲ အသုံးပြုနိုင်ခြင်းတို့ကြောင့် လူကြိုက်များရခြင်းဖြစ်ကြောင်း သုံးစွဲသူများထံမှသိရသည်။

လက်ရှိအချိန်တွင် အဆိုပါ စီဒီအမ်အေဖုန်းများကို အသုံးပြုသူဦးရေ လေးသိန်းနှင့်အထက်ရှိပြီဖြစ်သည်။









# ထွေးညို က သေဒဏ် ကိုသိန်းတန်က တစ်သက်တစ်ကျွန်း

မောင်သာချို

(တစ်)

လူတွေဇရာထောင်းလာတော့ ဟိုဆေးခန်းပြ သည်ဆေးခန်းပြ ဟိုဆရာဝန်ဆီဆေးစစ် သည်ဆရာဝန်ဆီဆေးစစ် လုပ်လာကြသလို ကျွန်တော်တို့ မှီတင်းနေထိုင်ကြရာကမ္ဘာမြေကြီး အိုမင်းယိုယွင်းလာပြီဆိုသည့်အကြောင်း ခပ်ရေးရေး သဘောပေါက်လာကြသောအခါ ဘာ့ကြောင့် သည်လိုဖြစ်ရတယ်ဆိုသော ရောဂါ၏ အရင်းခံအကြောင်းတရားကို ရှာဖွေလာကြသည်နှင့်အမျှ ဘယ်လိုကုသကြရင်ကောင်းမလဲဆိုသည့် ကုထုံးကိုပါ စဉ်းစား၍ လာကြပါသည်။

မုန်တိုင်းတွေ မကြာခဏ တိုက်သော ကမ္ဘာ၊ လျှပ်စီးတွေ မကြာခဏ လျှပ်သော ကမ္ဘာ၊ နေရာအနှံ့ ရေကြီး၍ ရေလျှံသော ကမ္ဘာ၊ သီးနှံအထွက်နှုန်း ဆွံ့အသော ကမ္ဘာ၊ အပူရှိန် တငွေ့ငွေ့ တက်နေသော ကမ္ဘာ၊ သောက်သုံးရေခန်းခြောက်သော ကမ္ဘာ၊ သဘာဝသယံဇာတ မြုံ၍သွားသောကမ္ဘာ စသည်စသည်ဖြင့် ဒဏ်ရာဒဏ်ချက်တွေက ဗရပွ။

သည်မှာ အဓိက လက်သည်တရားခံအဖြစ် ကာဗွန်ကို သွားတွေ့ပါသည်။ ရေခဲသေတ္တာတွေက၊ လေအေးပေးစက်တွေက၊ စက်ရုံအလုပ်ရုံတွေက၊ မော်တော်ကား မော်တော်ဆိုင်ကယ်က၊ လေယာဉ်တွေက၊ သစ်ပင်သစ်တောပြုန်းတီးမှုတွေကထုတ်လွှတ်ထွက်ရှိလာသော ကာဗွန်ဟု အဖြေထုတ်ပါသည်။

ပရင်စတန် တက္ကသိုလ်က "Princeton University Carbon mitigation initiative" ဟု အစီအစဉ်တစ်ခု ဆွဲပါသည်။ ကာဗွန်သက်သာရေး ဆောင်ရွက်ချက်တဲ့။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်တို့ကမူ Carbon Foot Prints ခေါ် ကာဗွန်ခြေရာတိုင်းခြင်းဖြင့် မည်သည့်နိုင်ငံက ကာဗွန်အများဆုံး ထုတ်လွှတ်သလဲဟုဆိုကာ အဖြေရှာကြပါသည်။ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့က လူ ၂ ဒသမ ၂ သန်းကမူ ၂၀၀၇ ခုနှစ်က Earth hour ဟုလှုံ့ဆော်ကာ တစ်နာရီတိတိ လျှပ်စစ်မီးများကို ပိတ်ထားခဲ့ဖူးပါသည်။ ၂၀၀၈ ခုနှစ်မှာမူ နိုင်ငံပေါင်း ၃၅ နိုင်ငံက လူပေါင်းသန်း ၅၀ က Earth Hour အဖြစ် လှုံ့ဆော်ကာ လျှပ်စစ်မီးများကို တစ်နာရီတိတိ ပိတ်ထားခဲ့ပြန်ပါသည်။ ၂၀၁၁ ခုနှစ်အတွင်းတွင်မူ စင်ကာပူနိုင်ငံက First ever Earth hour night work ဟုဆိုကာလူတစ်ယောက်လျှင် ၁၅ ဒေါ်လာစီထည့်ပြီး ၃၅ ကီလိုမီတာရှည်သော ခရီးကို အမှောင်ထဲ၌ တစ်နာရီတိတိ လမ်းလျှောက်ခဲ့ကြပါသည်။

ဒါတွေ အားလုံးကို ပြန်ပြီး အနှစ်ချုပ်လိုက်တော့ ပျက်ယွင်းစပြုလာသော ကမ္ဘာမြေကို အတတ်နိုင်ဆုံး ပြန်ပြီး ကုသဖို့ဟု အဖြေထွက်ပါသည်။

(နှစ်)

ယခုအခါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ တက်ကြွလှုပ်ရှားသူတို့က ဟောပြောပွဲများကျင်းပခြင်း၊ စာတမ်းဖတ်ခြင်း၊ စာရေးခြင်း၊ ပန်းချီခတ်ပုံပြပွဲများကျင်းပခြင်း၊ မှတ်တမ်းရုပ်ရှင်ရိုက်ကူးတင်ပြခြင်း စသည်စသည်ဖြင့် ကမ္ဘာမြေကို စောင့်ရှောက်ဖို့နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းလာကြပါတယ်။ စက်ရုံအလုပ်ရုံတွေ လျှော့ချဖို့၊ ကားသုံးစွဲတာ ခြိုးခြံချွေတာဖို့၊ ရေခဲသေတ္တာမသုံးဖို့၊ လေအေးပေးစက် မသုံးဖို့၊ သစ်တောတွေ မခုတ်ဖို့ စသည်စသည်ဖြင့်။ တကယ်တော့ ဒါတွေကို ကျူးလွန်တာက ငွေရှင်ကြေးရှင်လုပ်ငန်းရှင်များကသာ ဖြစ်ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပတ်ဝန်းကျင်နှင့် သဘာဝသစ်တောရေးရာဝန်ကြီး မစ္စတာရာမန်ခန်းပြောသလို လူသန်း ၁၅၀ ရှိသော ဘင်္ဂလားဒေ့ရှ်၌ သန်း ၃၀ တို့ သဘာဝဘေးဒုက္ခသင့်နေကြရခြင်းမှာဖွံ့ဖြိုးပြီး နိုင်ငံများကြောင့်ဟု စွပ်စွဲပြီး လျော်ကြေးပေးဖို့ လေသံပစ်လာခဲ့သည့်မှာ လျော်ကန်သောတောင်းဆိုမှုဟု ယူဆမိပါသည်။

၂၀၁၁ ခုနှစ်၏ CNN Weather News Report ကိုကြည့်။ carbon foot print ခေါ် ကာဗွန်ခြေရာအထူထပ်ဆုံးနိုင်ငံတွေက အမေရိကန်က တစ်တဲ့။ ဗြိတိန်က နှစ်၊ ဂျာမနီက သုံး၊ ရုရှားကလေး၊ ပြင်သစ်က ငါး၊ တရုတ်က ခြောက်။ ဒါဆိုကာဗွန်လှိုင်လှိုင် ထုတ်နေတာ ကမ္ဘာကိုပူအောင်လုပ်နေတာမှာ ဆင်းရဲသောဖွံ့ဖြိုးဆဲဖြစ်သော နိုင်ငံတို့မပါဝင်တာသေချာပါပြီ။

လူတစ်ဦးချင်း တစ်ယောက်ချင်းမှာလည်း ဆင်းရဲသူ၊ ဝင်ငွေနိမ့်ကျသူ၊ ကျေးတောနေသူတို့ကြောင့်တော့ဖြင့် ကာဗွန်မထူထပ်နိုင်ပါ။ သူတို့တွေ ရေခဲသေတ္တာမသုံး။ သူတို့ဆီမှာ လေအေးပေးစက်မရှိ။ မိသားစုဝင်တို့ ကားတစ်ယောက်တစ်စီး မသုံးဘဲ တစ်စီးတည်းကိုသာ မျှသုံးဖို့ နားချစရာအကြောင်းမရှိ။ နဂိုမူလကိုက သူတို့က ကားမရှိသူတွေ။ နေ့စဉ်ဘဝအသက်ရှင်သန်ဖို့အတွက် ဟိုတောစပ်ထင်းဝင်ခုတ်၊ သည်တောစပ်မီးသွေးဝင်ဖုတ်တာမျိုးတွေ့ရှိနိုင်ပါ၏။ သို့သော် တစ်တောလုံးပြောင်၍ တစ်တောင်လုံးရှင်းအောင်လုပ်ကာ သန်းကြွယ်သူဌေးဖြစ်ကြံသူတွေထဲ၌ ထိုသူတို့မပါ။

ခက်နေသည်က အိမ်တွင်လူငါးယောက် ကားငါးစီးရှိသူ၊ အခန်း ၁၀ ခန်းတွင် လေအေးပေးစက် ၁၀ လုံးတပ်ဆင်ထားသူ၊ သာမန်အိမ်ခန်းတစ်ခန်းစာလောက်နီးနီး ရေခဲသေတ္တာကြီးထဲ၌ သစ်သီးဝလံပေါင်းစုံကိုထည့်ကာ မြုံ၍နေသူ၊ မီးခိုးတလူလူ ထွက်နေသည့် စက်ရုံအလုပ်ရုံတို့ကို ပိုင်ဆိုင်ထားသူ၊ သစ်ပုံပေါ်တက်ထိုင်ကာ နိုင်ငံခြားငွေ အထပ်လိုက်ကိုင်ထားသူတွေက ကမ္ဘာမြေကိုစောင့်ရှောက်ထိန်းသိမ်းကြဖို့ စကားများပြောကြ စာများရေးကြလုပ်နေသည်ကို ဘာတစ်ခုမှ မကျူးလွန်သူ သာမန်လူထုက ပါးစပ်အဟောင်းသားဖြင့် စာတတ်ပေတတ်ကြီးတွေပါလားဟု ဆိုကာငေးကြည့်နေကြရခြင်း ဖြစ်ပါသည်။

(သုံး)

မြို့နေအောက်ခြေလူတန်းစားများနှင့်အတူ ရွာတိုင်းရွာတိုင်းလိုလို၌ ကားမရှိပါ။ ရေခဲသေတ္တာမရှိပါ။ လေအေးပေးစက်မရှိပါ။ စက်ရုံအလုပ်ရုံ မရှိပါ။ သစ်လုပ်ကွက်ကျောက်လုပ်ကွက် ရွှေလုပ်ကွက်မရှိပါ။

သို့သော် သဘာဝပတ်ဝန်းကျင်ပျက်စီး၍ ရေကြီးရေလျှံ၊ သီးနှံဆွံ့အ၊ မုန်တိုင်းတိုက်၊ လျှပ်စီးလျှပ်၊ မြေကမ္ဘာပူနွေးသော ဒဏ်ကို အများဆုံး ခံရတာကတော့ အောက်ခြေလူတန်းစားများနှင့် တောသူတောင်သားတို့ပဲ ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု၌ အသိပညာနုံချာ ချို့တဲ့လေခြင်းဟုဆိုကာ ထွေးညိုကို အပြစ်တင် ကိုသိန်းတန်ကို ရှုတ်ချ၍ မရနိုင်ပါ။ ထွေးညို ဟိုအပင်ချိုးသည်အပင်ချိုး လုပ်မိတာက ထမင်းအိုးဟင်းအိုးကလေး ချက်လောက်ရုံမျှသာ။ ကိုသိန်းတန် မီးသွေးကလေးခိုးဖုတ်မိတာက ထမင်းတစ်လုတ် စားနိုင်ရုံမျှသာ။ တကယ်အပြစ်ကြီးသူတွေက ဝိသမလောဘနဲ့ ဇောတိက နံပါတ်ဝမ်းဖြစ်ချင်သူတွေ၊ စိန်တစ်ရစ် မြတစ်ရစ်နဲ့ အဆီယစ်နေသူတွေ။ အခုတော့ထိုသူတွေကပဲ ရေးသားကာ ဟောပြောမြွက်ဟပြန်လို့။ ထွေးညိုတို့ ကိုသိန်းတန်တို့ကပဲ အသိဉာဏ်ဆင်းရဲလို့အပြစ်ရှိသယောင်ယောင်။ အော် . . ဟူ၍သာ။ ။



ထွေးညို ဟိုအပင်ချိုးသည်အပင်ချိုး လုပ်မိတာက ထမင်းအိုးဟင်းအိုးကလေး ချက်လောက်ရုံမျှသာ။ ကိုသိန်းတန် မီးသွေးကလေးခိုးဖုတ်မိတာက ထမင်းတစ်လုတ် စားနိုင်ရုံမျှသာ။ တကယ်အပြစ်ကြီးသူတွေက ဝိသမလောဘနဲ့ ဇောတိက နံပါတ်ဝမ်းဖြစ်ချင်သူတွေ၊ စိန်တစ်ရစ် မြတစ်ရစ်နဲ့ အဆီယစ်နေသူတွေ . . .

# ရွာကိုလွမ်းတဲ့ည

လွင်ချန်ဖြိုး(နတ်မောက်)

အလုပ်တာဝန်အရ မြို့ကြီးပြကြီးမှာ အခြေချနေထိုင်ဖြစ်ခဲ့တာ ဆယ်စုနှစ်တစ်ခုကျော်ခဲ့ပါပြီ။ အဘိုး၊ အဘွားတွေ ခေါင်းချခဲ့ရာ ဇာတိမြေကို အေးအေးဆေးဆေးမရောက်ဖြစ်ခဲ့တာလည်း ကြာခဲ့ပါပြီ။ ဒီအချိန်၊ ဒီရာသီ၊ ဒီအသံတွေကြားပြီဆိုမှဖြင့် ရွာသို့အပြေးရောက်သွားချင်မိသည်။ ကျွန်တော်နေထိုင်ရာ တစ်လမ်းလုံး၊ တစ်ရပ်ကွက်လုံးက တက္ကသိုလ်ကျောင်းအနီး ကျောင်းသား၊ ကျောင်းသူ များ လက်ခံသည့် ပုဂ္ဂလိကဘော်ဒါဆောင်တွေက ပြည့်လို့နေပါသည်။

သီတင်းကျွတ်လပြည့်နေ့မတိုင်မီ နှစ်လလောက်အလိုကတည်းက ပတ်ဝန်းကျင်အရပ်ရပ်မှ တအုန်းအုန်း၊ တဒိုင်းဒိုင်းအသံတွေကိုကြားနေရပါသည်။ ဒီအသံတွေကိုစပြီးကြားလိုက်ရတော့ ကိုယ်ကပဲပြက္ခဒိန်အကြည့်မှားနေသလား ဇဝေဇဝါဖြစ်ရသည်။ မမှားပါ။ သူတို့တွေက သီတင်းကျွတ်ကာလကိုဝီရိယကောင်းကောင်းဖြင့် စောစီးစွာကြိုဆိုနေကြခြင်းသာဖြစ်ပါသည်။ သီတင်းကျွတ်လပြည့်ရက်နားနီးလာသည်နှင့်အမျှ ကြိုဆိုမှုတွေက များပြားပြင်းထန်လာပြီး အမျှင်မပြတ် ခပ်စိတ်စိတ်ဖြစ်လာပါတော့သည်။ တချို့မြည်သံများဆိုလျှင် တုန်ခါလွင့်စဉ်မတတ်ပင်ဖြစ်ရပါသည်။ သီတင်းကျွတ်လပြည့်ညဆိုလျှင်ဖြင့် အိပ်မရတော့။ ညလုံးပေါက် ပစ်ဖောက်ကြပါသည်။

ကျွန်တော်ကပဲ သူတို့ခေတ်နဲ့ ကင်းကွာနေတယ်လို့ဆိုရမလား။ ဒီလိုရက်မျိုးတွေဆိုလျှင် မြို့ပြကိုစွန့်ခွာချင်သလိုလို ဖြစ်မိသည်။ ကျွန်တော်တို့ငယ်ငယ်တုန်းကမရှိမဟုတ်ရှိပါသည်။ ထိုအချိန်က လက်လုပ်ပစ္စည်းများနှင့်ရောင်းတမ်းပစ္စည်းများ၏ မြည်သံမှာ ယခုလောက် ဆိုးဆိုးရွားရွား မဟုတ်ပါ။ ပြီးတော့ သီတင်းကျွတ်လပြည့်ရက်ဝန်းကျင် တစ်ပတ်၊ ဆယ်ရက်ခန့်သာကြားကြရပါသည်။ ရောင်စုံမီးပွား၊ မီးပုံး၊ မီးကြိုး၊ မီးပန်းများကလည်း ယခုခေတ်လို ဆန်းဆန်းပြားပြား များများစားစား မရှိသေးပေ။ ခုများဖြင့် အိမ်နီးချင်းပေါက်ဖော်တွေရဲ့ လက်ရာအရောင်အသွေးဒီဇိုင်း စွဲမက်စရာကောင်းသည့် အသွင်သဏ္ဌာန်အမျိုးမျိုးက နေရာအနှံ့ ကျယ်ကျယ်ပြန့်ပြန့် ခရီးပေါက်နေပြီဖြစ်ပါသည်။ မြန်မာ့ရိုးရာလက်ဖြစ်စစ်စစ် အလှမီးပုံးများမှာ အတော်လေးရှားပါးပျောက်ကွယ်စပြုနေပါပြီ။

ကျွန်တော့် သမီးလေးအတွက် မီးပုံးဝယ်ပေးချင်သည့်အတွက် ရိုးရာလက်မှုအထည်အဆင်မီးပုံးတစ်ပုံးကို တကူးတက လိုက်ရှာပြီး ဝယ်ပေးမိသည်။ သမီးလေးမှာ အရွယ်ငယ်သော်လည်း ကျွန်တော်ဝယ်ပေးသော မြန်မာမီးပုံးလေးထက် ပို၍ ဆွဲဆောင်မှုအား ကောင်းသော ရေခြားမြေခြား မီးပုံးလေးကိုသာ လိုချင်တပ်မက်ဟန်ပြပါသည်။ အသံမြည်ကိရိယာနှင့် မီးပွား၊ မီးပန်းများကိုဖြင့် သမီးလေးအားလုံးဝထိတွေ့ခွင့်မပြုဟု ကျွန်တော်ကြိုတင်စဉ်းစားဆုံးဖြတ်ပြီးသားမို့ ဝယ်မပေးခဲ့ပါ။ ဒီအချိန်အခါရောက်ရင် ဒီလိုလုပ်ရတယ်ဆိုတာကို သမီးလေးသိမှတ်မှားစွဲမြဲမသွားစေချင်တဲ့ ဆန္ဒကြောင့် ဖြစ်ပါသည်။

သီတင်းကျွတ်လပြည့်ညမှာ ဘာကြောင့်မီးထွန်းကြရတယ်ဆိုတာတွေ၊သီတင်းကျွတ်အခါသမယရဲ့ အဓိပ္ပာယ်တွေ၊ ဓလေ့ထုံးတမ်းစဉ်လာတွေကို ကလေးလူငယ်တွေ အမှန်အတိုင်း သိရှိစေရန်မှာ ကျွန်တော်တို့ လူကြီးမိဘဆရာသမားတွေ၏ တာဝန်ပင်ဖြစ်ပါသည်။ အခုတော့ မူလ



တန်းနဲ့ မူကြိုကျောင်းသားအရွယ်များကပင် မီးရှူးမီးပန်းများကို ကိုယ်တိုင်ပစ်ဖောက်တတ်နေကြပါသည်။ ပတ်ဝန်းကျင်ရှိဆယ်ကျော်သက်များ၏ ရှေ့ဆောင်လမ်းပြမှုများသည်လည်း ကလေးငယ်များအတွက် အတုမြင်အတတ်သင်စရာ ဖြစ်နေပါသည်။ ယနေ့ခေတ်မိဘများမှာလည်း သားသမီးကိုချစ်၍ သူများနှင့်ယှဉ်လျှင် အောက်မကျအောင်ဟုဆိုကာ အလိုလိုက်လျက် အပြိုင်အဆိုင် ဝယ်ပေးတတ်ကြပါသည်။ သီတင်းကျွတ်ခြင်း၏ မူလရည်ရွယ်ရင်းတွေကို သူတို့မသိကြ၊ စိတ်မဝင်စားကြလေပြီ။ ***စာ(၄၀) သို့***

7 DAY NEWS JOURNAL
Vol.10, No.30 • OCTOBER 13, 2011



# သီတင်းကျွတ်လပြည့် အဘိဓမ္မာနေ့

ချမ်းငြိမ်း

"ချစ်သား သာရိပုတ္တရာ . . ယနေ့ ငါဘုရားသည် ဤသို့ ဤသို့သော အချင်းအရာဖြင့် ဤမျှအတိုင်းအ ရှည်ရှိသော အဘိဓမ္မာတရားတော်ကို ဟောကြားအပ်ပြီ။ သင်ချစ်သားသည် မိမိ၏ ရဟန်းငါးရာတို့အား ပို့ချလေလော့" ဟု မိန့်တော်မူသောအခါ ပညာအရာ၌ ဧတဒဂ်ရတော်မူသော အရှင်သာရိပုတ္တရာသည် ကောင်းစွာနာခံပြီး အဘိဓမ္မာတရားအား မကျဉ်းမကျယ်ပြန်လည်ဟောကြားရန် စန္ဒကူးတောမှ ဖယ်ဖွာခဲ့ပါသည်။ ဘုရားရှင်သည်လည်း သာဝတိံသာ နတ်ပြည်သို့ ပြန်ကြွကာ နိမ္မိတရုပ်ပွားတော်နေရာ၌ပြန်လည် သီတင်းသုံး၍ ကျန်ရှိနေသော အဘိဓမ္မာတရားတော်အား ဆက်လက်ဟောကြားခဲ့သည်မှာ ဝါတွင်း သုံးလကာလပတ်လုံးဖြစ်ပါသည်။

**နတ်ပြည်သို့ ဘုရားရှင် ကြွတော်မူခြင်းအကြောင်းရင်း**

မဟာသက္ကရာဇ် ၁၀၈ ခုနှစ် ဝါဆိုလပြည့်နေ့တွင် ဂေါတမဘုရားရှင်သည် ဂန္ဓကုဋီကျောင်းတော် ရတနာမဏ္ဍပ်၌တန်ခိုးပြာဋိဟာ ဖန်ဆင်းပြသပြီးနောက် ရှေးရှေးမြတ်စွာဘုရားတို့၏ အစဉ်အလာအတိုင်း သာဝတိံသာနတ်ပြည်၌ သတ္တမမြောက်ဝါကပ်ရန် ကြွတော်မူပါသည်။ ယင်းသို့ဘုရားရှင်ကြွရောက်ရခြင်း အကြောင်းရင်းမှာ နှစ်ချက်ရှိခဲ့သည်။ ပထမအချက်မှာ မိခင်လောင်း(မယ်တော်မာယာ)သန္တုသိတနတ်သားအား ကျေးဇူးဆပ်ရန်နှင့် ဒုတိယအချက်မှာ ရှည်လျားခက်ခဲသော အဘိဓမ္မာတရားတော်ကို အချိန်သုံးလမျှဖြင့် အစမှအဆုံးတိုင်နာယူနိုင်သည့် ပရိသတ်မှာ နတ်ဗြဟ္မာများသာ ဖြစ်ခြင်းကြောင့်တည်း. . . ။

နတ်ဗြဟ္မာများသည် အစားစားသုံးခြင်း၊ ကိုယ်လက်သန့်စင်ခြင်း၊ အိပ်စက်နားနေခြင်းစသည့် လုပ်ငန်းဆောင်တာများ လုပ်ကိုင်ရခြင်း မရှိကြ၍ တရားတော်ကို စဉ်ဆက်မပြတ်နာကြားနိုင်ကြသည်။ မြတ်စွာဘုရား လူ့ပြည်မှ နတ်ပြည်သို့ကြွချီတော်မူသည်ကို ထိုစဉ်က လူ့ပြည်လောက၌တန်ခိုးအရာတွင် ဧတဒဂ်ရသော အရှင်မောဂ္ဂလာန်မှလွဲ၍ မည်သူမျှမသိခဲ့ချေ။

ဘုရားရှင်သည်သာဝတိံသာ နတ်ပြည်၌ ပင်လယ်ကသစ်ပင်ရင်းအောက် ကမ္ဗလာကျောက်ဖျာထက် တင်ပျဉ်ခွေ ယှက်၍ **ကုသလာဓမ္မာ အကုသလာဓမ္မာ၊ အဗျာကတာ ဓမ္မာ** အစရှိသော အဘိဓမ္မာတရားတော်ကြီးကို တသွင်သွင် စီဆင်းသည့် မြစ်တစ်စင်းပမာ အင်္ဂါရှစ်ပါးပြည့်စုံသော အသံတော်ဖြင့် ဝါတွင်းသုံးလပတ်လုံး ဟောတော်မူလေသည်။

**နိမ္မိတရုပ်ပွားတော် ဖန်ဆင်းခြင်း၊ အရှင်သာရိပုတ္တရာနှင့် ဆုံတွေ့ရန် ဘုရားရှင်လူ့ပြည်ဆင်းခြင်း**

ဘုရားရှင်သည် အဘိဓမ္မာတရားတော်ကို နတ်ဗြဟ္မာတို့အား ဟောကြားတော်မူရင်း ဆွမ်းခံချိန်ကျရောက်သော် နိမ္မိတရုပ်ပွားတော်ကို ဖန်ဆင်းပြီး တရားတော်အား ဆက်လက်ဟောစေရင်း ကိုယ်တိုင်ကမူ သပိတ်နှင့် သင်္ကန်းကို ယူဆောင်ကာ အနောတတ်အိုင်၌ ကိုယ်လက်သန့်စင်ခြင်း၊ ဆွမ်းခံကြွတော်မူခြင်းနှင့် သိကြားမင်းဆက်ကပ်သော ဆွမ်းကို ဘုန်းပေးခြင်း ဆောင်ရွက်ပြီး အရှင်သာရိပုတ္တရာနှင့် ဆုံတွေ့ရန် စန္ဒကူးတောသို့ ကြွတော်မူပါသည်။ ဘုရားရှင်သည် ပုံတူကိုယ်ပွား နိမ္မိတရုပ်ပွားတော်ကို ဤမတိုင်ခင် မဟာသမယသုတ် ဟောတော်မူစဉ်ကပင် သပိတ်သင်္ကန်းကို ကိုင်ယူပုံ၊ ရှေ့သို့ကြည့်ပုံ၊ စောင်းငဲ့၍ ကြည့်ပုံ၊ ကွေးပုံ၊ ဆန့်ပုံအလုံးစုံ တစ်သားတည်းတူညီသော အခြားဘုရားတစ်ဆူဖြစ်စေရန် အဓိဋ္ဌာန်ဇောဝီထိတို့ဖြင့် ပရိကံပြုခဲ့ပြီးဖြစ်သည်။ ယခုလည်း စဉ်ဆက်မပြတ်သော အဘိဓမ္မာတရားတော်ကို ရေတံခွန်သဖွယ် အခါမလပ်အောင် နိမ္မိတရုပ်ပွားတော်က ဆက်လက်ဟောတော်မူစဉ် ကိုယ်တိုင်ကမူ လူ့ပြည်ရှိစန္ဒကူးတော၌ တပည့်ရင်းဖြစ်သူ အရှင်သာရိပုတ္တရာအား ဟောကြားခဲ့သည်မှာ တစ်ဝါတွင်းကာလပတ်လုံးဖြစ်ပါသည်။ ယင်းသို့ ပကတိခတ်သားမြတ်စွာဘုရား လူ့ပြည်သို့ပြန်ကြွသွားခြင်းကိုသော်လည်းကောင်း၊ လူ့ပြည်မှ နတ်ပြည်သို့ ပြန်ကြွတော်မူပြီး နိမ္မိတရုပ်ပွားနှင့် လဲလှယ်လိုက်သည်ကိုသော်လည်းကောင်း တန်ခိုးကြီးသော နတ်ဗြဟ္မာတို့မှတစ်ပါး အခြားမည်သူမျှ မသိလိုက်ကြ။

ဘုရားရှင်သည် သာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရား ဟောကြားခြင်းပြီးဆုံးချိန်နှင့် အရှင်သာရိပုတ္တရာလူ့ပြည်၌အတိတ်က လင်းနို့သားငါးရာဖြစ်ဖူးသည့် တပည့်ရဟန်းငါးရာအား အဘိဓမ္မာခုနစ်ကျမ်း အပြည့်အစုံဟောကြားခြင်း ပြီးဆုံးချိန်သည် တစ်ပြိုင်နက် တစ်ချိန်တည်း ဖြစ်ပါသည်။ ဝါတွင်းသုံးလပတ်လုံး ဘုရားရှင်ဟောကြားသော အဘိဓမ္မာတရားတော်သည် အဆုံးမထင် မနှိုင်းယှဉ်လောက်အောင် ကျယ်ပြန့်ပြီး အရှင်သာရိပုတ္တရာ ဟောကြားသော တရားတော်သည် ယခု ရွတ်ဖတ်နေသည့် ပဋ္ဌာန်းတရားတော်ကြီး ဖြစ်ပါသည်။

ထို့ကြောင့် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်အများစု စွဲနေသလို ဘုရားရှင်သည် ဝါတွင်းသုံးလပတ်လုံး နတ်ပြည်၌ စံတော်မူနေခြင်းမဟုတ်၊ လူ့ပြည်နှင့် အခေါက်ခေါက်အခါခါ နေ့စဉ်ကြွမြန်းနေပြီး ထိုသို့ကြွမြန်းလာစဉ် အခြားပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မျှ ဆုံတွေ့ခြင်းမရှိဘဲ ပညာအရာ၌ ဧတဒဂ်နှင့် တရားစစ်သူကြီးဟု ခေါ်ဝေါ်ကြသော အရှင်သာရိပုတ္တရာနှင့်သာ ဆုံတွေ့ခြင်းရှိခဲ့ကြောင်း သတိပြုရာ၏။

ထို့ကြောင့် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်အများစု စွဲနေသလို ဘုရားရှင်သည်ဝါတွင်းသုံးလပတ်လုံး နတ်ပြည်၌ စံတော်မူနေခြင်းမဟုတ်၊ လူ့ပြည်နှင့် အခေါက်ခေါက် အခါခါ နေ့စဉ်ကြွမြန်းနေပြီး ထိုသို့ ကြွမြန်းလာစဉ် အခြားပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ ဆုံတွေ့ခြင်းမရှိဘဲ ပညာအရာ၌ ဧတဒဂ်နှင့်တရားစစ်သူကြီးဟုခေါ်ဝေါ်ကြသော အရှင်သာရိပုတ္တရာနှင့်သာ ဆုံတွေ့ခြင်းရှိခဲ့ကြောင်း သတိပြုရာ၏။

**သီတင်းကျွတ် လပြည့်နေ့တွင် လူ့ပြည်သို့ပြန်လည်ကြွခြင်း**

ဂေါတမဘုရားရှင်သည် နတ်ပြည်၌ သတ္တမဝါကပ်ပြီး ဝါကျွတ်လေသောအခါသီတင်းကျွတ်လပြည့် (မဟာပဝါရဏာနေ့)တွင် မဇ္ဈိမဒေသသင်္ကဿမြို့သို့ ဆင်းသက်ရန် ကြံသောအခါ အရှင်မောဂ္ဂလာန်အား ဤသို့မိန့်ကြား၏။

"ချစ်သား မောဂ္ဂလာန် ငါဘုရားသည် ယနေ့မှ နောက်ခုနစ်ရက်မြောက်ဖြစ်သော သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့ဝယ် သင်္ကဿမြို့တံခါး၌ သက်ဆင်းပေအံ့၊ ငါဘုရားကို ဖူးမြော်လိုသူတို့သည် ထိုအရပ်သို့လာရောက်ကြစေကုန်၊ သာဝတ္ထိပြည်မှ သင်္ကဿမြို့ တံခါးတိုင်အောင် ယူဇနာသုံးဆယ်ဝေးကွာလေသောအခါ ဤမျှ ရှည်လျားသော ခရီး၌ ရိက္ခာယူဆောင်စရာမလို၊ ဥပုသ်နေ့၌ ဥပုသ်ဆောက်တည်ကြပြီး မြို့ဦးကျောင်း၊ ရွာဦးကျောင်း သွားကြသလို လာရောက်ကြရန် ထိုလူများအား ပြောပါလေတော့" ဟု မိန့်ကြားပြီး မိန့်ကြားသည့်အတိုင်း သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည်သို့ ဆင်းသောအခါ သိကြားမင်းက ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း စောင်းတန်းသုံးသွယ်ဖန်ဆင်း၍ ဘုရားရှင်အားပူဇော်ပါသည်။

သာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ရောက်သော် ဘုရားရှင်သည် သင်္ကဿမြို့တံခါးဝ၌ ရှေးဘုရားရှင်များအတိုင်း ပထမဆုံး လကျ်ာခြေတော်ကို ချလိုက်ရာ 'ဘုရားရှင်တို့ မစွန့်ပစ်အပ်ဘဲ မြဲသော အရပ်ဌာန အဝိဇဟိတဌာနလေးပါးအနက် တစ်ပါးအပါအဝင်ဖြစ်သွားသည်။ ဗုဒ္ဓဘုရားရှင် ထိုသို့ခြေချမိလျှင် ချချင်း အရှင်သာရိပုတ္တရာက ရှေးဦးစွာရှိခိုးဖူးမြော်ပူဇော်ပြီးမှ ကျန်ပရိသတ်က ဘုရားရှင်အား ဖူးမြော်ကန်တော့ကြပါသည်။

မြတ်စွာဘုရားရှင် ဝါတွင်းသုံးလကာလပတ်လုံး နတ်ပြည်၌ ဟောကြားသော အဘိဓမ္မာတရားတော်သည် ဘုရားပွင့်တော်မူပြီး အဘိဓမ္မာတရားကို ပထမဆုံးအကြိမ် ဟောခြင်းဖြစ်ပြီး စန္ဒကူးတော၌ အရှင်သာရိပုတ္တရာအား မကျဉ်းမကျယ်ဟောခြင်းသည် လူ့ပြည်၌ အဘိဓမ္မာတရားကို ပထမအကြိမ်ဟောခြင်းဖြစ်ပါသည်။ နတ်ပြည်၌ ဟောကြားစဉ် ကုဋေပေါင်းရှစ်သောင်းသော နတ်ဗြဟ္မာတို့ကျွတ်တမ်းဝင်၍ မယ်တော်မိနတ်သားမှာ သောတာပတ္တိဖိုလ်တည်ခဲ့သလို သီတင်းကျွတ်လပြည့်နေ့တွင် သင်္ကဿမြို့၌ 'သာရိပုတ္တသုတ်'ကိုဟောတော်မူသောအခါ အရှင်သာရိပုတ္တရာ၏ တပည့်ရဟန်းငါးရာ အပါအဝင် ကုဋေသုံးဆယ်သောလူနတ်ဗြဟ္မာတို့သည် သစ္စာလေးပါးကိုသိမြင်၍ အရိယာများဖြစ်သွားကြပါသည်။

ဤနေရာတွင် ထိုမျှလောက်များပြားသည့် အရေအတွက်ကို ကြားသိရသည့်အတွက် ဘုရားရှင်အပေါ်၊ ဗုဒ္ဓဘာသာအပေါ် မယုံသင်္ကာစိတ် စဉ်းငယ်မျှ မဖြစ်သင့်ပါ။ ထိုသို့ ဖြစ်ပေါ်ခြင်းသည်ပင်လျှင် ရတနာသုံးပါးမတည်ခြင်းသဘော သက်ဝင်နေပါသည်။ ထူးခြားမြင့်မြတ်သော သီတင်းကျွတ်လပြည့်နေ့တွင် သူတော်ကောင်းတရားဖြင့် မွေ့လျော်နိုင်ခြင်းသည် အကောင်းဆုံး အမွန်မြတ်ဆုံးဖြစ်ပေသည်။

*ရည်ညွှန်း- ပဋ္ဌမ ငါးခုနှ်ဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကျမ်း၊ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင်နှင့် ဦးရွှေအောင်၏ဗုဒ္ဓ(သို့မဟုတ်)အနှိုင်းမဲ့စာအုပ်များအား မှီငြမ်းရေးသားပါသည်။*

TRADEMARK CAUTION
Apollo Tyres A.G., a company(Aktiengesellschaft) incorporated under the laws of Switzerland at Mellingerstrasse 2a, 5400 BADEN, Switzerland is the Owner and Sole Proprietor of the following Trademarks:-

APOLLO HAWKZ
Reg:No.4/4097/2011

APOLLO ENDURACE
Reg:No.4/ 4098/2011

APOLLO ALNAC
Reg:No.4/4099/2011

In respect of : Int.l Class 12 : Tyres, tubes and flaps for automobiles.
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mlpadvocate.com
Ph: 371 990 13 Oct 2011

Current Affairs
7DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011



# “မြစ်ဆုံကိစ္စနဲ့ဖုန်းကိစ္စကတစ်ကန့်စီပါပဲ။ တန်ဖိုးနည်းဖုန်းတွေကို ပြည်သူတွေကိုပြောထားတဲ့အတိုင်း ချပေးသွားမှာပါ”

**ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းဌာနမှ တာဝန်ရှိသူတစ်ဦးနှင့်တွေ့ဆုံခြင်း**

ယုဇနကိုကို

**လက်ရှိပြည်တွင်း၏ မိုဘိုင်းဖုန်း အသုံးပြုသူများကြားတွင်ဖြစ်ပေါ်နေသည့်ပြဿနာများ၊အခက်အခဲအခြေအနေများအပြင် ထပ်မံထွက်ရှိလာတော့မည့်တန်ဖိုးနည်းဂျီအက်စ်အမ်ဖုန်းများအကြောင်းနှင့် ပတ်သက်ပြီး ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းဌာနမှ တာဝန်ရှိသူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းထားသည်များကိုပြန်လည်ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**ကျပ်တစ်ဆယ့်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းအသုံးပြုသူတွေဘက်ကဖုန်းဘီလ်တွေကိုကိုယ်သုံးစွဲထားတာထက်ပိုပြီး ပေးဆောင်လာရတာကြာပြီလို့ ဆိုနေကြပါတယ်။ အဲ့ဒီကိစ္စနဲ့ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။**

အဲဒါတွေက ကောလာဟလတွေဖြစ်ပါလိမ့်မယ်။ ကိုယ်ပြောတာထက်ပိုပြီးတော့ ဖုန်းဘီလ်တွေကျစရာအကြောင်းမရှိပါဘူး။ အဲ့ဒီလိုဖြစ်လာခဲ့တယ်ဆိုရင်လည်း ဆက်သွယ်ရေးရုံးကို ကာယကံရှင်ကိုယ်တိုင်ချက်ချင်းလာရောက်ပြီး စစ်ဆေးနိုင်ပါတယ်။ လိုအပ်ရင် ကျွန်တော့်ဆီကို တိုက်ရိုက်လာပြီး တွေ့နိုင်ပါတယ်။ ငွေစာရင်းဌာနကိုလည်းသွားပြီး ရှင်းရှင်းလင်းလင်း မေးမြန်းလို့ရပါတယ်။ ဘာပဲဖြစ်လာဖြစ်လာ ချက်ချင်းကိုလာပြီး ပြဿနာကို ရှင်းလင်းနိုင်ပါတယ်။

**ဒါဆိုရင် တစ်ဆယ့်ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်းသမားတွေအတွက်အဆင်ပြေအောင်ဘာတွေလုပ်ဆောင်ပေးဖို့ရှိပါသလဲ။**

ဆယ့်ငါးသိန်း ဂျီဖုန်းသမားတွေကို အဆင်ပြေအောင်လို့ ဖုန်းအသုံးပြုခငွေ ပေးဆောင်ရာမှာ ကြိုတင်ငွေဖြည့်ကတ်စနစ်တွေနဲ့ ပြောင်းလဲသွားဖို့ရှိပါတယ်။ အမြန်ဆုံး နိုဝင်ဘာလဆန်းနဲ့ အနောက်ကျဆုံး ဒီဇင်ဘာလဆန်းပိုင်းမှာ အပြောင်းအလဲဖြစ်တော့မှာပါ။

**ဂျီအက်စ်အမ်ဖုန်းတွေ အခုနောက်ပိုင်းလိုင်းပြတ်တောက်မှုတွေပိုပြီးဖြစ်လာတယ်လို့လည်း ပြောပါတယ်။ ပြည်တွင်းက ဂျီအက်စ်အမ်ဖုန်းလိုင်း ပြဿနာကိုရော ဘယ်လိုဖြေရှင်းဆောင်ရွက်သွားဖို့ရှိပါသလဲ။**

အခုနောက်ပိုင်းမှာ ဂျီအက်စ်အမ်ဖုန်းတွေကို တော်တော်လေးသုံးလာကြတယ်။ ငါးသိန်းတန်တွေထွက်လာပြီးနောက်ပိုင်းမှာ တစ်ရက်ကို အလုံးရေတစ်ထောင်လောက်ရောင်းလာရတော့ လက်ရှိတာဝါတိုင်အင်အားနဲ့လိုင်းအရေအတွက်မမျှတာတွေကြောင့်ဖြစ်နေတာပါ။ ဒီပြဿနာကို ဖြေရှင်းနိုင်ဖို့အတွက် စက်ပိုင်းဆိုင်ကို ပြန်လည်ပြုပြင်ရေးတွေလုပ်နေပါတယ်။ နောက်ပိုင်းမှာ ဂျီအက်စ်အမ်ဖုန်းတွေ ပိုပြီးခေါ်ဆိုရလွယ်ကူလာမှာပါ။

**မူလလက်ဟောင်းဂျီအက်စ်အမ်ဖုန်းတွေကိုကြိုတင်ငွေဖြည့်ကတ်စနစ်ကို ပြောင်းလိုက်ရင် အခုလက်ရှိဆက်သွယ်ရေးကိုနှစ်လတစ်ကြိမ် ဖုန်းဘီလ်တွေသွားပြီးဆောင်နေရတဲ့ပုံစံက ဘယ်လိုဖြစ်သွားမှာပါလဲ။**

ကြိုတင်ငွေဖြည့်ကဒ်စနစ်ပြောင်းလိုက်ပေမယ့် အွန်လိုင်းပေါ်ကနေ ဖုန်းဘီလ်ဆောင်လို့ရတဲ့ Online Phone Billing System ကရှိနေမှာဖြစ်တဲ့အတွက် ကိုယ်ကြိုက်နှစ်သက်တဲ့၊ အဆင်ပြေမယ့် ဝန်ဆောင်မှုကို ရွေးချယ်လို့ရပါတယ်။

**မကြာခင်မှာ ထွက်ရှိလာတော့မယ်လို့ပြောနေတဲ့ တန်ဖိုးနည်းဂျီအက်စ်အမ်ဖုန်းတွေအကြောင်း သိချင်ပါတယ်။ လောလောဆယ်အပြင်မှာထွက်နေတဲ့သတင်းတွေအရ ဧရာဝတီမြစ်ဆုံ စီမံကိန်းကို မြန်မာနိုင်ငံဘက်က လတ်တလောရပ်ဆိုင်းလိုက်တဲ့အတွက် တရုတ်နိုင်ငံကုမ္ပဏီတွေဘက်ကနေပြီး တန်ဖိုးနည်းဂျီအက်စ်အမ်စီမံကိန်းကိုရပ်လိုက်တယ်ပြောပါတယ်။ အဲ့ဒီကိစ္စ ဟုတ်၊မဟုတ် သိချင်ပါတယ်။**

လုံးဝမဟုတ်ပါဘူး။ မြစ်ဆုံကိစ္စနဲ့ဖုန်းကိစ္စက တစ်ကန့်စီပါပဲ။ တန်ဖိုးနည်းဖုန်းတွေကို ပြည်သူတွေကိုပြောထားတဲ့အတိုင်းချပေးသွားမှာပါ။

**အခုအစိုးရရဲ့ငါးနှစ် စီမံကိန်းအတွင်းမှာသန်းသုံးဆယ်ချထားပေးမယ့် တန်ဖိုးနည်း ဂျီအက်စ်အမ်မိုဘိုင်းဖုန်းစီမံကိန်းကိုတရုတ်နိုင်ငံဘက်ကကုမ္ပဏီ ဘယ်နှခုနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်ထားတာပါလဲ။**

အဓိကတော့ တရုတ်နိုင်ငံရဲ့ ကုမ္ပဏီတွေဖြစ်တဲ့ Huawei နဲ့ZTE ကုမ္ပဏီတွေက ဆက်သွယ်ရေးဆိုင်ရာ စက်ပစ္စည်းတွေနဲ့ အများဆုံးအသုံးပြုသွားမှာပါ။

**စတင်ချပေးမယ့် အချိန်အတိအကျကိုပြောလို့ရမလား။**

တန်ဖိုးနည်းဖုန်းတွေကို သက်ဆိုင်ရာ အကျိုးတူပူးပေါင်းထားတဲ့ နိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီတွေကစီမံကိန်းပေါ်မူတည်ပြီး ဒီဇင်ဘာလကုန်ဝန်းကျင်လောက်မှာ စတင်ရောင်းချနိုင်မယ်လို့ မျှော်မှန်းထားပါတယ်။

**ဖုန်းတန်ဖိုးအတိအကျကရော ဘယ်လောက်နှုန်းထားဖြစ်မှာပါလဲ။**

တန်ဖိုးအတိအကျကို အခုအချိန်မှာပြောလို့မရသေးပါဘူး။ ဒါပေမဲ့သေချာတာတစ်ခုကတော့ ကျပ်သုံးသိန်းထက်လုံးဝမ ပိုပါဘူး။ သူ့ထက်လျော့ရင်သာလျော့ပါမယ်။

**သုံးသိန်းမကျော်တဲ့တန်ဖိုးနည်းဖုန်းတွေရဲ့ ဖုန်းခေါ်ဆိုခတွေမှာ အဝင်ခေါ်ဆိုမှုအတွက် ပေးဆောင်ရဖို့ရှိပါသလား။**

ဒီမှာအသုံးပြုနေတဲ့ ဖုန်းတွေအားလုံး အဝင်ခေါ်ဆိုခမှမပေးရတာ။ တန်ဖိုးနည်းဖုန်းတွေလည်း အလားတူပါပဲ။ အားလုံးအတူတူပါပဲ။ အဓိကအချက်ကဖုန်းကတ်တွေရဲ့ ဈေးနှုန်းတွေကျသွားတာပါ။

**ဘယ်လိုဝန်ဆောင်မှုတွေနဲ့ရောင်းချပေးမှာပါလဲ။**

စီမံကိန်းမှာ ပါဝင်တဲ့ ပြည်နယ်တိုင်းအသီးသီးက မြို့နယ်အသီးသီးမှာရှိတဲ့ နီးစပ်ရာဆိုင်တွေမှာ အလွယ်တကူဝယ်ယူနိုင်မှာဖြစ်ပါတယ်။

**ဒီဇင်ဘာဝန်းကျင်မှာ ဝယ်ယူနိုင်တော့မယ့်ဂျီအက်စ်အမ်ဖုန်းတွေက ဘာစနစ်ဖြစ်လာမှာပါလဲ။ အင်တာနက်သုံးစွဲနိုင်မယ့် စနစ်တွေရောပါလာမှာပါလား။**

အင်တာနက်ကို အသုံးပြုနိုင်မယ့် 3G Network စနစ်ဖြစ်တဲ့WCDMA ဖုန်းတွေကိုစီမံကိန်းမှာပါဝင်တဲ့ တချို့မြို့နယ်တွေမှာ ချထားပေးသွားမှာပါ။ အင်တာနက်အသုံးပြုနိုင်တဲ့ ဝန်ဆောင်မှုကိုပါ တစ်ပါတည်း ရောင်းချပေးမှာပါ။

**အကျိုးတူပူးပေါင်းထားတဲ့ ကုမ္ပဏီတွေကဘယ်လိုပုံစံမျိုးတွေနဲ့ရောင်းချပေးမှာပါလဲ။**

ပုဂ္ဂလိက ကုမ္ပဏီတွေအနေနဲ့ သတ်မှတ်ထားတဲ့ ရောင်းချခွင့်ပမာဏကို ကြိုက်နှစ်သက်ရာ ဘယ်မြို့နယ်မှာမဆို ရောင်းချလို့ရပါတယ်။ ဆက်သွယ်ရေးကတော့ သူတို့ကို ချပေးထားတဲ့ ဖုန်းလိုင်းပမာဏကို ထိန်းချုပ်ထားမှာပါ။

**အခုလက်ရှိမြန်မာတစ်နိုင်ငံလုံးအတိုင်းအတာမှာဆယ့်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းနဲ့ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်းတွေကိုအလုံးရေဘယ်လောက်ရောင်းချပြီးသွားပါပြီလဲ။**

ဆယ့်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းတွေက အခုလက်ရှိ တစ်နိုင်ငံလုံးမှာ လိုင်းပေါင်း သုံးသိန်းခုနစ်သောင်းဝန်းကျင်ရှိပါပြီ။ ငါးသိန်းတန် ဂျီအက်စ်အမ်အသုံးပြုသူတွေကတော့တစ်သိန်းခြောက်သောင်းဝန်းကျင်လောက်ရှိပါပြီ။

**ဆက်သွယ်ရေးဘက်က ပြောကြားချင်တာများရှိသေးရင်ပြောကြားပေးစေလိုပါတယ်။**

မိုဘိုင်းတယ်လီဖုန်းသုံးစွဲတဲ့ ပြည်သူတွေအနေနဲ့ ဘယ်လိုအဆင်မပြေတဲ့ကိစ္စတွေဖြစ်လာဖြစ်လာ၊ သက်ဆိုင်ရာဆက်သွယ်ရေးရုံးကို အချိန်မရွေးလာရောက်တင်ပြဖြေရှင်းနိုင်ပါတယ်။ ဆက်သွယ်ရေးရုံးတွေက အချိန်မရွေးပြန်လည်ဖြေရှင်းပေးသွားမှာပါ။ မကြာခင်မှာ အသုံးပြုနိုင်တော့မယ့် ကြိုတင်ငွေဖြည့်ကဒ်ဖြစ်တဲ့ Online Charging System(OCS) စနစ်ကိုအသုံးပြုလာရင်ဖုန်းနဲ့ပတ်သက်တဲ့အဆင်မပြေတာတွေရှိမှာမဟုတ်တော့ပါဘူး။ အဲဒီစနစ်ကြောင့် လက်ရှိဖြစ်နေတဲ့ကောလာဟလတွေ ရှင်းသွားမှာပါ။

## အချပ်ပို-လကမာအလား လမ်းများက အသုံးပြုသူများအတွက် အန္တရာယ်ဖြစ်လာ မှ

“လမ်းတွေက အခုဆိုချိုင့်ဖြစ်တာမဟုတ်ဘဲချောက်နဲ့တောင်တူနေပါပြီ။ အခုပျက်နေတဲ့ လမ်းတွေက ဘယ်လိုမှကားသွားလို့မရတော့လို့ ကားသွားတဲ့ လမ်းမကြီးတွေဘက်ကို သွားသွားပြီးစီးနေရပါတယ်” ဟု တောင်ဒဂုံမြို့နယ်တွင်နေထိုင်သူ အသက် ၂၈ နှစ်အရွယ် ကုမ္ပဏီဝန်ထမ်းအမျိုးသမီးတစ်ဦးကပြောသည်။

ပျက်စီးလာသောလမ်းများကြောင့် ယာဉ်ကြောများပိတ်ဆို့ခြင်းပြဿနာများကို လိုင်းကားစီးအခြေခံလူတန်းစား အများစုနေ့စဉ်ကြုံတွေ့နေရသည်ဟုသိရသည်။

“လမ်းတွေပျက်တော့ ကားတွေကပါ လိုက်ကျပ်ကုန်ရော။ အလုပ်ကို ဘယ်လောက်ပဲစောပြီးထွက်ထွက် ဘေလီတံတားအတက်အဆင်းနားမှာ ကားတွေတအားကျပ်တယ်။ အဲ့ဒီနားတောက်လျှောက်မှာ နေ့တိုင်းမိနစ်နှစ်ဆယ်၊ သုံးဆယ်လောက်စောင့်ပြီးမှရန်ကုန်ဘက်ကိုထွက်နိုင်တယ်” ဟု မြောက်ဒဂုံမြို့နယ်၌ နေ ထိုင်သူ အသက် ၂၄ နှစ်အရွယ် ကုမ္ပဏီဝန်ထမ်းအမျိုးသား တစ်ဦးကပြောသည်။

ထို့အပြင် ရန်ကုန်မြို့လယ်ခေါင်ရှိ အနော်ရထာလမ်းမကြီးအပါအဝင် ကျန်လမ်းမကြီးများတွင်လည်း ပျက်စီးခြင်း ပိုမိုဖြစ်ပေါ်နေကြောင်း ယင်းနေရာအနီးတစ်ဝိုက်တွင် နေထိုင်သူများက ဆိုကြသည်။

“ဘားလမ်း၊ ပန်းဆိုးတန်းမှတ်တိုင်နားတွေဆို အရမ်းဆိုးတယ်။ မိုးရွာနေချိန်မဟုတ်တောင် လမ်းကပျက်နေတော့ ညစ်ပတ်တယ်။ မသန့်ရှင်းဘူး။ ပြီးတော့ ဆူးလေဘုရားလမ်းမှာလည်းပျက်စီးနေပြီ။ မြို့တော်ခန်းမနဲ့ နီးတဲ့နားလေးတွေတစ်ဝိုက်တော့ သေသေချာချာလေး ပြန်ပြင်ဆင်သင့်ပါတယ်” ဟု ကျောက်တံတားမြို့နယ်တွင်းနေထိုင်သူ အသက် ၂၆ နှစ်အရွယ် အမျိုးသမီးတစ်ဦးကပြောသည်။

ပျက်စီးလာသည့်လမ်းများကြောင့် ကားပိုင်ရှင်များအနေဖြင့် ကားအောက်ပိုင်းပြုပြင်မှုများ မကြာခဏပြုလုပ်လာရ၍ ကားဘော်ဒီပြုပြင်ရေးလုပ်ငန်းများ အလုပ်များပိုမိုကောင်းလာကြကြောင်းလည်း သိရသည်။

“အခုနောက်ပိုင်း ကားတွေပြင်ရင် ကားအောက် ပိုင်းဘော်ဒီပျက်တာတွေများတယ်။ အဓိကအချက်က လမ်းတွေပျက်လို့ ကားအောက်ပိုင်းတွေပျက်စီးလာတာပါ။ ကားဘော်ဒီလုပ်ငန်းတွေကတော့ ပိုပြီးဝင်ငွေပိုလာတယ်လို့ပြောလို့ရပါတယ်” ဟု စမ်းချောင်းမြို့နယ်အတွင်းရှိ ကားဘော်ဒီရုံတစ်ခုမှတာဝန်ရှိသူတစ်ဦးက ဆိုသည်။

ရန်ကုန်မြို့တွင်း ဖြစ်ပေါ်ခဲ့သည့် ယာဉ်မတော်တဆမှုဖြစ်စဉ်များအနက်မှ အချို့သောဖြစ်ရပ်များမှာ လမ်းပျက်စီးမှုကြောင့် ယာဉ်များတိမ်းချော်ရာမှ ဖြစ်ပေါ်ခဲ့ခြင်းများဖြစ်ကြောင်း ယာဉ်မောင်းများကပြောသည်။

သက်ဆိုင်ရာ အနေဖြင့်မူ ယခုနောက်ပိုင်းကာလများတွင် ပျက်စီးလာသည့် အဓိကယာဉ်သွားလမ်းမကြီးများကိုကောင်းမွန်စွာပြန်လည်ဖောက်လုပ်ခြင်းများ၊ ပြုပြင်ခြင်းများမရှိသော်လည်း ချိုင့်ခွက်ဖြစ်ပေါ်သည့်နေရာများတွင် ကတ္တရာများဖြင့်ပြန်လည်ဖာထေးခြင်းများကိုမူ အစဉ်မပြတ်လုပ်ဆောင်ပေးနေသည်ဟုသိရသည်။

7 DAY NEWS JOURNAL
Vol.10, No.30 • OCTOBER 13, 2011

# အချက်အလက်မပြည့်စုံဘဲ မှတ်ပုံတင်ထားသည့်ကုမဏီများ သတ်မှတ်ကာလအတွင်း ဆက်သွယ်ခြင်းမရှိပါက မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်မည်

**ပြည်သိမ်း**

**ရန်ကုန်၊ အောက်တိုဘာ - ၁၀**

ကုမ္ပဏီမှတ်ပုံတင်ချိန်က အချက်အလက်မပြည့်စုံသောကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ အောက်တိုဘာ ၁၁ရက်မှစတင်၍ တစ်လအတွင်းလာရောက်ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း အဆိုပါညွှန်ကြားမှုဦးစီးဌာနမှ ကြေညာချက်ထုတ်ပြန်ထားသည်။

ယင်းကာလအတွင်း ဆောင်ရွက်မှုမရှိပါက ထုတ်ပေးထားသော ကုမ္ပဏီမှတ်ပုံတင်ဖွဲ့စည်းခွင့်လက်မှတ်(ယာယီ)နှင့် ကုမ္ပဏီမှတ်ပုံတင် သက်တမ်းတိုးလက်မှတ်(ယာယီ)တို့အား ကုမ္ပဏီမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်မည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင်ဖော်ပြထားသည်။

ကုမ္ပဏီအချို့သည် မှတ်ပုံတင်ချိန်က လိပ်စာတွင် ဖွင့်လှစ်နေထိုင်မှုမရှိခြင်း၊ ဒါရိုက်တာလိပ်စာအတည်တကျမရှိခြင်း၊ လိုအပ်သည့်စာရွက်စာတမ်းတင်ပြနိုင်မှုမရှိခြင်းတို့ စိစစ်တွေ့ရှိရသဖြင့် ယခုကဲ့သို့ ထုတ်ပြန်ကြေညာရခြင်းဖြစ်ကြောင်းသိရှိရသည်။

မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသောကုမ္ပဏီနှစ်သောင်းခွဲကျော်ရှိပြီး ယင်းတို့ထဲမှ အချက်အလက်မပြည့်စုံသောကုမ္ပဏီ ၁၇၅ခုရှိကာ အများစုမှာ ရန်ကုန်တိုင်းဒေသကြီးမှဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ကုမ္ပဏီ ၁၄၁ခု၊ နေပြည်တော်တွင် ခြောက်ခု၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၅ခု၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် ၁၃ခုစီ၊ မွန်ပြည်နယ်တွင် နှစ်ခု၊ ရှမ်းပြည်နယ်တွင် ရှစ်ခုရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ကြေညာချက်အရသိရသည်။



နိုင်ငံအနှံ့ဒေသများတွင် ရာသီဥတုဒဏ်ကြောင့် သီးနှံပျက်စီးမှုများဖြစ်ပေါ်လျက်ရှိရာ အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာဖွယ်ရှိနေသည်

# မိုးစပါးစိုက်ဧကယမန်နှစ်ကထက် သိန်းဂဏန်းလျော့နည်းနိုင်

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ - ၁၀**

ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် မိုးစပါးစိုက်ဧကမှာ ယမန်နှစ်ကထက် သိန်းဂဏန်းခန့်လျော့နည်းနိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်ကပြောသည်။

"ဧရာဝတီ၊ ပဲခူး(တိုင်းဒေသကြီး)၊ မွန်နဲ့ ကရင်ပြည်နယ်တွေမှာလျော့နည်းနိုင်တယ်"ဟု ဦးစိန်ဝင်းလှိုင်ကဆိုသည်။

ယမန်နှစ်မိုးစပါးစိုက်ဧကမှာ ၁၇သန်းကျော်ရှိခဲ့သော်လည်း ယခုနှစ် မိုးစပါးစိုက်ဧကမှာ ၁၆ သန်းကျော်(၁၆,၅၆၂,၇၀၈) သာရှိသည်ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်း၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေမြုပ်ခဲ့သောလယ်များမှာအောက်တိုဘာလဆန်းမှစ၍ ရေပြန်ကျသွားသော်လည်း ပြန်လည်စိုက်ပျိုးရန် ခက်ခဲနေကြကြောင်း ဧရာဝတီတိုင်းဒေသကြီး ဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"မိုးရော နွေရောစိုက်လို့ရတဲ့လယ်တွေ ဒီနှစ်တော့ နှစ်သီးမရတော့ဘူး။ နောက်ကျသွားပြီ။ နွေစပါးစိုက်ဖို့အတွက်"ဟု အဆိုပါတာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုနှစ်စိုက်ပျိုးသော စိုက်ဧကဖြင့် တွက်ချက်ပါက ဆန်တန်ချိန်တစ်သန်းနှင့် ခုနစ်သောင်းငါးထောင်ကျော်သာ ပိုလျှံမည်ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ တွက်ချက်ထားသည်။

# ငါးလုပ်ငန်းအထူးပြုကုမ္ပဏီများ ဖွဲ့စည်းဖွယ်ရှိ

**သန်းဌေး**

**ရန်ကုန်၊ အောက်တိုဘာ-၈**

ငါးလုပ်ငန်းအထူးပြုကုမ္ပဏီများ ဖွဲ့စည်းရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက အောက်တိုဘာ၆ရက်တွင်မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ပြောကြားသည်။

"နိုင်ငံတကာက ပညာရှင်တွေကလည်း အကြံပေးလို့ အခုတော့ ငါးလုပ်ငန်းဆိုင်ရာ အထူးပြုကုမ္ပဏီဖွဲ့ဖို့ရာ ဆွေးနွေးညှိနှိုင်းနေဆဲပါ" ဟု အဆိုပါ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးဝင်းကြိုင်က 7 Day News သို့ပြောသည်။

ငါးလုပ်ငန်းအထူးပြုကုမ္ပဏီများ ဖွဲ့စည်းပြီးပါက ငါးမြစ်ချင်းငါးမွေးမြူထုတ်လုပ်သူများအနေဖြင့် နောင်ကာလများတွင် အခြေအနေပိုမို ကောင်းမွန်လာရန် မျှော်လင့်ထားပါကြောင်း မြန်မာနိုင်ငံငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းလွင်က ပြောသည်။

"နောင်မှာ အခြေအနေကောင်းလာမယ်လို့မျှော်လင့်ချက်ရှိပါတယ်။ လက်တွေ့အကောင်အထည်ဖော်ရသေးတာ မဟုတ်ဘူး။ ကျွန်တော်တို့ ဆွေးနွေးညှိနှိုင်းနေကြတုန်းပါပဲ။ အထူးပြုကုမ္ပဏီဖွဲ့ကြဖို့တော့ ကျွန်တော်တို့ သဘောတူထားပါတယ်" ဟု ၎င်းကပြောသည်။

ယခုကဲ့သို့ငါးလုပ်ငန်းအထူးပြုကုမ္ပဏီများ ဖွဲ့စည်းမည့် အစီအစဉ်ကို ဝမ်းသာစွာကြိုဆိုပါကြောင်း တွံတေးမြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းကျော်ကလည်း ပြောကြားသည်။

"ငါးမွေးတဲ့တောင်သူတွေမှာ အဆင်ပြေတဲ့ လူရှိသလို အဆင်မပြေလို့ ကျွေးစရာ အစာဖိုးတောင် မရှိတဲ့လူများပါတယ်။ အခုလို လုပ်မယ်ဆို ဝမ်းသာစရာပါ။ အသေးစိတ်ကိုတော့ ညှိနှိုင်းနေဆဲပါ" ဟု ၎င်းကပြောသည်။

ငါးလုပ်ငန်းကဏ္ဍတွင်ပြည်ပမှ ပညာရှင်များ၏ အကြံဉာဏ်ရယူခြင်း၊ ပြည်ပလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုရယူခြင်းနှင့် ပြည်ပမှ နည်းပညာများလက်ခံရယူခြင်းများ ပြုလုပ်လျက်ရှိနေရာမှ ယခုအခါ ဆန်နှင့်ပဲ စိုက်ပျိုးရေးလုပ်ငန်းကဲ့သို့ မွေးမြူရေးလုပ်ငန်း ငါးကဏ္ဍတွင်လည်း အထူးပြုကုမ္ပဏီများ မကြာမီပေါ်ပေါက်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။



7DAY NEWS JOURNAL
Vol.10, No.30 • OCTOBER 13, 2011



# ထိုင်းနိုင်ငံသို့အလုပ်သမားသစ်များစေလွှတ်ရေး နှစ်နိုင်ငံတာဝန်ရှိသူများဆွေးနွေးမည်

**ရန်ကုန်၊**
**အောက်တိုဘာ- ၁၀**

ထိုင်းနိုင်ငံသို့မြန်မာအလုပ်သမားသစ်များထပ်မံစေလွှတ်ရေးနှင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ အရေးကိစ္စများကို နှစ်နိုင်ငံ တာဝန်ရှိသူများ အစည်းအဝေးတစ်ရပ် ပြုလုပ်ကာ သုံးရက်ကြာဆွေးနွေးသွားမည်ဖြစ်ကြောင်းမြန်မာကိုယ်စားလှယ်အဖွဲ့တွင်ပါဝင်သည့်ရဲမှူးကြီးဝင်းနိုင်ထွန်းကပြောသည်။

ထိုဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဘက်မှ အလုပ်သမားဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမြင့်သိန်း ဦးဆောင်ကာသွားရောက်မည်ဖြစ်ပြီး အစည်းအဝေးကို အောက်တိုဘာ ၁၁မှ ၁၃ရက်အထိ ထိုင်းနိုင်ငံဘန်ကောက်မြို့တွင်ပြုလုပ်သွားမည်ဖြစ်သည်။

ယင်းဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံရောက်မြန်မာအလုပ်သမားများ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရရှိစေရေး၊ မြန်မာအလုပ်သမားများ တရားဝင်အခွင့်အရေးများ အပြည့်အဝရရှိစေရေးတို့အတွက် လုပ်ငန်းတိုးချဲ့ဆောင်ရွက်ရန်နှင့် လိုလောက်သည့် အကာအကွယ်များပေးနိုင်ရန်အလေးပေးဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။


ထိုင်းနိုင်ငံတွင် မြန်မာရွှေ့ပြောင်းလုပ်သား သန်းနှင့်ချီ၍နေထိုင်လျက်ရှိသည်

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စယင်လပ်ရှင်နာဝပ်ထရာ လာရောက်စဉ်က မြန်မာနိုင်ငံ သမ္မတဦးသိန်းစိန်နှင့်တွေ့ဆုံခဲ့ပြီး ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအရေးကိစ္စကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်ဟု ထိုင်းနိုင်ငံမှသတင်းဌာနများတွင်ဖော်ပြကြသည်။

## ပုဂ္ဂလိကဘဏ်အချို့ ကာလတိုချေးငွေ နိုဝင်ဘာတွင်စတင်မည်

**ပြည်သိမ်း၊ ဇာဇာနီ**

**ရန်ကုန်၊ အောက်တိုဘာ - ၆**

ပြည်တွင်းပုဂ္ဂလိကဘဏ်အချို့သည် ကာလတိုချေးငွေဖြစ်သော Higher Purchase ချေးငွေကို နိုဝင်ဘာလမှစတင်ကာ လုပ်ကိုင်မည်ဖြစ်ကြောင်း အဆိုပါဘဏ် အသိုင်းအဝိုင်းမှစုံစမ်းသိရသည်။

လက်ရှိအချိန်၌ အဆိုပါချေးငွေစနစ်ကို စိတ်ဝင်စားသည့်အတွက် ကုန်ပစ္စည်းရောင်းချလိုသည့် ကုမ္ပဏီများသည် ဘဏ်များသို့ လာရောက်ဆက်သွယ်နေကြကြောင်းလည်း စုံစမ်းသိရသည်။

"လောလောဆယ်ကျွန်တော်တို့ဘဏ်ကိုလာဆက်သွယ်နေတာ ကုမ္ပဏီ ၁၀ခုကျော်လောက်ရှိတယ်"ဟု အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်(AGD)မှ ဒါရိုက်တာဦးသက်လွင်ရွှေကပြောသည်။

အဆိုပါချေးငွေစနစ်ကို ဗဟိုဘဏ်မှ ပုဂ္ဂလိကဘဏ်များသို့ လုပ်ဆောင်ခွင့်ပြုထားပြီးဖြစ်သည်။ အဆိုပါချေးငွေစနစ်သည် လက်ရှိအချိန်၌ တစ်နှစ်ကာလသာရှိပြီး ကာလတိုချေးငွေအမျိုးအစားဖြစ်သည်။

ယင်းကြောင့် ဝယ်ယူမည့် ပစ္စည်းများမှာလည်း တန်ဖိုးပမာဏမများသည့် ပစ္စည်းများသာဝယ်နိုင်သည်။ လက်ရှိအချိန်၌ တီဗီ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်ကဲ့သို့ အိမ်အသုံးအဆောင် ပစ္စည်းများ၊ လက်တွန်းထွန်စက်၊ ရေစုပ်စက်ကဲ့သို့ လယ်ယာသုံးစက်ပစ္စည်းများကို ဤချေးငွေစနစ်ဖြင့်ဝယ်ယူနိုင်သည်။

ထို့အပြင် အဆိုပါချေးငွေစနစ်ဖြင့် ပစ္စည်းများဝယ်ယူမည်ဆိုပါက ဝယ်မည့်ပစ္စည်း၏ တန်ဖိုးရာခိုင်နှုန်းအချို့ကို ဘဏ်၌အရင်ပေးသွင်း၍ ကျန်ငွေကိုအတိုးပါပေါင်း၍ အရစ်ကျပြန်ဆပ်ရမည်။ ယင်းချေးငွေကိုရယူလိုပါက ဘဏ်၌ ငွေစာရင်းဖွင့်ထားသူ အနည်းဆုံးတစ်ဦး အာမခံပေးရန်လည်း လိုအပ်ကြောင်းသိရသည်။

"ဒီချေးငွေစနစ်က ပြည်တွင်းရဲ့ဝယ်လိုအားကိုမြင့်တက်စေဖို့အတွက်စီစဉ်တာပါ။ လက်ရှိပြည်တွင်းမှာ ကားဟောင်းလဲလှယ်တဲ့ စနစ်တချို့ကြောင့် တချို့လူတွေ လက်ထဲမှာ ငွေတွေရှိနေကြတယ်။ ဒီအချိန်မှာ ဝယ်လိုအား ပြန်မြင့်အောင် အခုလိုဆောင်ရွက်ပေးခြင်းပါ"ဟု ပြည်တွင်းပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ကားဟောင်းလဲလှယ်မှုစနစ်ကြောင့် ယခင်က ကျပ် ၁၀ သိန်း၊ ၁၅ သိန်းဝန်းကျင်သာရှိသည့် ကားများသည် ကျပ်သိန်း ၁၀၀ ဝန်းကျင်ထိ စျေးတက်လာပြီး ပိုင်ရှင်များက ရောင်းချမှုများရှိနေသည်။ ထို့အပြင် ကားအပ်ပြီး စလစ်များကိုလည်း ကျပ်သိန်း ၁၀၀ ကျော်ဖြင့် အရောင်းအဝယ်ရှိသည်။ ယင်းကြောင့် လူအချို့တွင် ငွေကြေး ပိုင်ဆိုင်မှုမြင့်တက်လာသဖြင့် ဝယ်လိုအားကိုမြှင့်တင်ရန် ယခုစနစ်ကို ပြုလုပ်ရခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ထို့အပြင် လက်ရှိချေးငွေစနစ်သည် လူလတ်တန်းစားများ၏ ဝယ်လိုအားကိုလည်းမြင့်တက်လာစေပြီး လစဉ် ပုံမှန်ဝင်ငွေ ရှိသူမှာ အရစ်ကျစနစ်ဖြင့် လိုအပ်သည့်ပစ္စည်းများကို ဝယ်ယူလာနိုင်မည်ဖြစ်သည်။ နိုင်ငံတကာ၌ ယင်းစနစ်သည် အိမ်ခြံမြေ၊ တိုက် ခန်း၊ ကွန်ဒို၊ ကားများအထိ ချေးငွေဖြင့် ဝယ်ယူနိုင်သောစနစ်ဖြစ်သည်။



7 DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

## စာ-၂၁၊ ဘယ်နိုင်ငံကို ရွေးကြမလဲ မှ

ဗြိတိန်ပညာ ရေးဈေးကွက်အခြေ အနေကောင်းမွန်မှုသည့် ကာလ အပိုင်းအခြားသာဖြစ်ပေါ်ခဲ့ပြီး ယခုအခါကျောင်းသားများ ဗြိတိန်နိုင်ငံသို့ ထွက်ခွာမှုသိသိသာသာ ကျဆင်းနေကြောင်း ဗြိတိန်ပညာရေးဝန်ဆောင်မှု လုပ်ငန်းများမှ သိရသည်။

လက်ရှိ ပြည်ပပညာရေးဈေးကွက်သည်နိုင်ငံတစ်ခုချင်းသို့ ဦးတည်နေရာမှ နိုင်ငံစုံသို့ ပြန့်သွားနိုင်ပြီး ပြည်ဝင်ခွင့်လွယ်ကူအဆင်ပြေ၍ အနောက်နိုင်ငံများထက်ကျောင်းလခသက်သာသော မလေးရှားနှင့် ထိုင်းနိုင်ငံတို့အနေဖြင့်ကျောင်းသားဈေးကွက်ပိုမိုရရှိလာနိုင်ကြောင်း ပြည်ပပညာရေးဝန်ဆောင်မှုလုပ်ကိုင်နေသူများကဆိုသည်။ ပြည်ပပညာရေးဈေးကွက်တွင် အိမ်နီးချင်းနိုင်ငံများ ဝေစုပိုမိုရရှိလာနိုင်သော အခြားအကြောင်းရင်းတစ်ခုမှာ မြန်မာကျောင်းသား၏ ပညာရေး အရည်အချင်းပြီးဆုံးမှု မှတ်တမ်းအား ဥရောပနိုင်ငံများ၏ အသိအမှတ်ပြုမှုဖြစ်သည်။ ပြည်တွင်းတက္ကသိုလ်တွင် ဘွဲ့ဒီဂရီတစ်ခုရရှိထားသည်ဆိုပါက အဆိုပါဘွဲ့အား ဥရောပနိုင်ငံကြီးများထက် အဆင့်နိမ့်၍ မလေးရှားနှင့် ထိုင်းနိုင်ငံကဲ့သို့ အိမ်နီးချင်းနိုင်ငံတို့သည် အထိုက်အလျောက် အသိအမှတ်ပြုခြင်းရှိနေသည်။ ထို့ကြောင့် ပြည်တွင်းတက္ကသိုလ်တစ်ခုခုတွင် ပညာပြီးဆုံးပြီးနောက် ပြည်ပပညာသင်သွားရောက်လိုသူများသည် မိမိရရှိထားသည့် ဘွဲ့ဒီဂရီ၏ ပညာရပ်ကို ဆက်လက်လေ့လာလိုပါက အိမ်နီးချင်းနိုင်ငံများကို ရွေးချယ်နိုင်သည်။

"ပြည်တွင်းမှာ ဆရာဝန်ဘွဲ့ရထားတယ်။ ဩစတြေးလျမှာ ပညာသွားသင်ချင်တာ၊ အဲ့ဒါ ဒီဘွဲ့ကို အသိအမှတ်မပြုဘူးဆိုတော့ ထိုင်းမှာလာတက်ရတာပေါ့။ ကျောင်းလခလည်းသက်သာတယ်လေ။ ဆေးပညာတော့ သင်လို့မရဘူး။ Master of Public Health (ပြည်သူ့ကျန်းမာရေးမဟာဘွဲ့) တက်နေတယ်" ဟု အသက် ၂၄ နှစ်အရွယ် ကျောင်းသူတစ်ဦးက အွန်လိုင်းမှ တစ်ဆင့် ပြောသည်။ ပြည်ပပညာရေးဈေး ကွက်ကို ဦးဆောင်နေသည့် စင်ကာပူနှင့် ဗြိတိန်နိုင်ငံတို့သည် နိုင်ငံတကာကျောင်းသားများ ကျောင်းဝင်ခွင့်နှင့် ပတ်သက်၍ တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းများကို ဥပဒေစည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်လျက်ရှိနေပြီး ကျောင်းသားများသာမက ကျောင်းများကိုလည်းစိစစ်ကြပ်မတ်လျက်ရှိသည်။ ထို့ပြင် အလုပ်အကိုင် အခွင့်အလမ်းရရှိရန်အရည်အချင်းလိုအပ်ချက်မြင့်မားလာခြင်းကြောင့် ယင်းနိုင်ငံများ၏ ပြည်ပပညာရေးဈေးကွက်မှာ အရှိန်တန့်နေခြင်းဖြစ်ကြောင်း ပညာရေးလေ့လာသူများကသုံးသပ်ကြသည်။

ပြည်ပပညာရေးဈေးကွက် အပြောင်းအလဲနှင့်ပတ်သက်၍ "နိုင်ငံတွေ ပိုကျယ်ပြန့်လာတယ်။ ကျောင်းသားတွေအတွက် ရွေးချယ်စရာတွေပိုများလာတယ်ဗျာ။ လုံးဝ U-Turn လိုမျိုးတော့ပြောင်းမသွားနိုင်ဘူးဗျ။ သူတို့လဲ (ဗြိတိန်၊ ဩစတြေးလျ) အပြောင်းအလဲတွေလုပ်ပါလိမ့်မယ်။ ဥပမာ- ဩစတြေးလျစလုပ်နေပြီ" ဟု Crown ပညာရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်ထားသည့် ဦးအောင်ကျော်ဆန်းကသုံးသပ်သည်။ ကျောင်းစရိတ်ကြီးမားရုံသာမက ပြည်ဝင်ခွင့်၊ ကျောင်းဝင်ခွင့်တို့အတွက် လိုအပ်ချက်မြင့်မားသော ဩစတြေးလျနိုင်ငံသည်အလုပ်အကိုင် အခွင့်အလမ်းနှင့်ပြည်ဝင်ခွင့်တို့အတွက် စည်းမျဉ်းစည်းကမ်း အချို့လျှော့ပေါ့ပေးခဲ့ခြင်း ဖြစ်သည်။ နိုင်ငံရပ်ခြား၌ သွားရောက်ပညာသင်ယူကြရာတွင် ကျောင်းဝင်ခွင့် လက်ခံမှု၊ မိဘအုပ်ထိန်းသူ၏ ကြွယ်ဝမှု၊ ကျောင်းသား၏ ပညာအရည်အချင်း၊ သက်ဆိုင်ရာနိုင်ငံတို့၏ ပြည်ဝင်ခွင့် အခြေအနေတို့သည် ကျောင်းသားများ တက္ကသိုလ်၊ ကောလိပ်နှင့် သွားရောက်မည့် နိုင်ငံရွေးချယ်ရန်အတွက် အခြေခံကျသောအချက်များဖြစ်သည်။

"ပြည်ပ ပညာသွားသင်တာမှာအုပ်စုနှစ်စုရှိတယ်။ မိဘပိုက်ဆံချမ်းသာတယ်၊ ကျောင်းသားက ပညာထူးချွန်တယ်ဆိုရင် ယူကေ ယူအက်စ်အေတို့မှာ သွားသင်တယ်။ ကျန်တဲ့အများစုကတော့ စင်ကာပူ၊ မလေးရှားတို့လို အိမ်နီးချင်းနိုင်ငံတွေကိုသွားနေကြတယ်။ ကျောင်းသားအထွက်လည်း နည်းနေတယ်။ နံပါတ်တစ်ကတော့ ဗီဇာ (ပြည်ဝင်ခွင့်) ပြဿနာပဲ၊ နံပါတ်နှစ်ကတော့ ကျောင်းလခတွေမြင့်တက်လာတာပါ" ဟု နဝရတ်ပညာရေးဝန်ဆောင်မှုလုပ်ငန်းတည်ထောင်ထားသောဒေါက်တာနေကပြောသည်။ ပြည်ပပညာရေးဈေးကွက် အပြောင်းအလဲများတွင် စောင့်ကြည့်ရမည့်အချက်မှာ နိုင်ငံတကာပညာရေးအဖွဲ့အစည်းအသီးသီး၏ နည်းအမျိုးမျိုးဖြင့် ဈေးကွက်ချဲ့ထွင်လာခြင်းနှင့်အတူ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ တိုးပွားလာခြင်းဖြစ်သည်။ နိုင်ငံအသီးသီးရှိ ပညာရေးလုပ်ငန်းများမှ ဈေးကွက်ရှာဖွေရေးဝန်ထမ်းများသည်ပြည်တွင်းရှိ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများသို့ ဆက်သွယ်ချိတ်ဆက်၍ ကျောင်းသားရှာဖွေခြင်းကို အရှိန်မြှင့်လုပ်ဆောင်လာကြကြောင်း ပညာရေးဝန်ဆောင်မှုလုပ်ငန်းများမှသိရသည်။ "ဒီနှစ်မှာ မြန်မာကျောင်းသားတွေ အပေါ် ပညာရေးဈေးကွက်တစ်ခုအနေနဲ့ စိတ်ဝင်စားမှုတော်တော်များလာတာတွေ့ရတယ်။ အရင်ကလည်း စိတ်ဝင်စားခဲ့တယ်။ အခုပိုပြီးအာရုံစိုက်လာတာကိုတွေ့ရတယ်။ နည်းအမျိုးမျိုးနဲ့ ဈေးကွက်ချဲ့ထွင်လာတာလည်းရှိတယ်။ ဒီလိုချဲ့ထွင်လာတာနဲ့အမျှ သတိထားစရာ အကြောင်းအရာတွေလည်း အများကြီးလိုအပ်လာတယ်။

ကျောင်းကတရားဝင်ခန့်အပ်ထားတဲ့ကိုယ်စားလှယ်အနေနဲ့ရပ်တည်မလား။ ဒါမှမဟုတ် မြန်မာနိုင်ငံက မိဘတွေနဲ့ ကျောင်းသားတွေရဲ့ ယုံကြည်စိတ်ချရတဲ့ ကိုယ်စားလှယ်အနေနဲ့ ရပ်တည်မလားဆိုတာကို အခုချိန်ကတည်းက ဂရုတစိုက်နဲ့စဉ်းစားထားဖို့ လိုအပ်တယ်လို့ထင်ပါတယ်" ဟု နိုင်ငံတကာကျောင်းများ ဈေးကွက်ချဲ့ထွင်လာမှုနှင့်ပတ်သက်၍ MSI ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာဒေါ်စုစုလှိုင်ကဆိုသည်။

TRADEMARK CAUTION

SCHIESSER 95 5

13.Oct.2011

JOB VACANCY ANNOUNCEMENT

# စစ် သွေး တွေ က တဝေဝေ

ကျော်ဝင်း

**နှစ်ပေါင်းခြောက်ဆယ်ကျော်က စကား**

အချိန်မှာ လွန်ခဲ့သော နှစ်ပေါင်း၆၀ ကျော်။ အတိအကျဆိုရလျှင်၆၄နှစ်။ ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးပြီးခါစအချိန်။ ဝါရင့်သမ္မာရင့် နိုင်ငံရေးသမားကြီးတစ်ဦး၏ လန်ဒန်တိုင်း(မ်)သတင်းစာသို့ ပြောကြားခဲ့သော မှတ်ချက်စကား။ ယခုလို. . ။

“မြန်မာလူငယ်တွေဟာလက်နက်ကို အရူးအမူးစွဲလမ်းသွားကြပြီ။ ဂျပန်ဆီက သူတို့ရခဲ့တာနှစ်ခုရှိတယ်။ ‘နိုင်ငံရေးမှာ နာမည်ကြီးဖို့လူထုကို အသုံးချ၊ အာဏာရဖို့ လက်နက်ကို အသုံးချ’ ဒီအတိုင်းသာဆိုရင်နောင် . . . တိုင်းပြည်အနာဂတ်ကိုမဲရုံတွေက မဆုံးဖြတ်ဘဲ လက်နက်နဲ့ စကားပြောကြတော့မှာ စိုးရိမ်မိတယ်”စသဖြင့်။

ဤစကားတွေကို စာရေးသူဖတ်ရသည်မှာ ၁၉၆၂ ခုနှစ်က ထုတ်ဝေခဲ့သော၊ဒေါက်တာမောင်မောင်၏စာအုပ် "A Trial in Burma: The Assassination of Aung San" မှဖြစ်သည်။ ဝန်ခံရလျှင် ဤစာအုပ်ကို ပထမဦးဆုံးအကြိမ်ဖတ်ဖူးစဉ်က ဆိုခဲ့ပါစကားကို မျိုမကျနိုင်ခဲ့ပါ။ ဒေါက်တာဘမော်ဆိုသော ပုဂ္ဂိုလ်ကြီးကို (ကိုယ်တိုင်ဟုတ်ဟုတ်ငြားငြား မသိလှဘဲ လူပြောသူပြောနှင့်) မကြည်ညိုနိုင်သောကြောင့် ဖြစ်နိုင်သလို “နိုင်ငံရေးအာဏာဆိုတာ သေနတ်ပြောင်းဝကထွက်တာပါ” ဆိုသော ကမ္ဘာသိလက်ဝဲခေါင်းဆောင်ကြီး၏ အမှာစကားကိုမလွန်ဆန်နိုင်သောကြောင့်လည်းဖြစ်ပါလိမ့်မည်။ နောက်ဆုံး မိမိကိုယ်တိုင် လက်နက်တွေကြားရောက်သွားပြီး လက်နက်ကိုင်တိုက်ပွဲဆိုသည်ကို ဘေးထွက်ဆိုးကျိုးများနှင့် ဒုတ်ဒုတ်ထိကြုံရတော့မှ ဒုတိယအတွေးဖြင့် ပြန်လည်ဆင်ခြင်မိတော့သည်။ ဆိုရလျှင်ထိုစဉ်ကတည်းက ဒေါက်တာဘမော်၏ နှစ်ပေါင်းခြောက်ဆယ်ကျော်က စကားတွေမှာ စာရေးသူကိုမကြာခဏဆိုသလိုထမင်းလုံးတစ္ဆေခြောက်နေခဲ့တော့သည်။

ယခုတစ်ကြိမ်၊ ဒုတိယအတွေးကို စေ့ဆော်လှုပ်နှိုးလိုက်ပြန်သည်မှာ ဆရာအတ္တကျော်ဖြစ်ပါသည်။ မကြာသေးမီကဆရာနှင့် အတူမော်လမြိုင်စာပေဟောပြောပွဲသို့ သွားဖြစ်ခဲ့သည်။ ဤဟောပြောပွဲမှာပင် ဆရာက အဆိုပါ ဒေါက်တာမောင်မောင်၏ စာအုပ်ကိုကိုးကားပြီး ဆိုခဲ့ပါ ဒေါက်တာဘမော်၏စကားကို ပြန်လည်ပဲ့တင်ထပ်လိုက်ရာ စာရေးသူမှာ ဘာစကားမှ မဆိုနိုင်။ နောက်တစ်ကြိမ် ထမင်းလုံးတစ္ဆေအခြောက်ခံလိုက်ရသည်။ နှစ်ပေါင်းခြောက်ဆယ်ကျော်မြန်မာ့နိုင်ငံရေးခရီး၊ ထိုခရီးစဉ်ထက်မှ မိမိဘဝ၏ အကွေ့အကောက်၊အဆစ်အပိုင်းများနှင့် ဒုတိယအတွေးများ။ နောက်ဆုံး. . လက်ရှိမြန်မာ့နိုင်ငံရေးအလှည့်အပြောင်းအပေါ် တင်ကြည့်လိုက်ရာ၊ မိမိပတ်ဝန်းကျင်မှ “ရဲတင်းသံ”တွေကို ကြားနေရဆဲရှိသည်။ ယြော် စစ်သွေးတွေဝေကြဆဲပါလား. . ။

(ဒေါက်တာမောင်မောင် စာအုပ်ကိုအလွယ်တကူပြန်ရှာမရ၍ စာမျက်နှာအညွှန်းနှင့် မဖော်ပြနိုင်သည်ကို ခွင့်လွှတ်စေချင်သည်။ စကားလုံးအတိအကျမဟုတ်သည့်တိုင်ဆိုလိုချက်မှာမလွဲနိုင်ဟုထင်ပါသည်။ ဤကားစကားချပ်)

**လမ်းနှစ်သွယ် (ဂင်္ဂါနှင့် ရော)**

စာရေးသူတို့နိုင်ငံနှင့် အိမ်နီးချင်း အိန္ဒိယနိုင်ငံကြီးတို့ကြားတွင် တူညီသော ဖြတ်သန်းမှုတွေ အတော်များများရှိခဲ့သည်ထင်ပါသည်။ ဗြိတိသျှ နယ်ချဲ့စနစ်၏ ကိုလိုနီဘဝကို နှစ်ပေါင်း မြောက်မြားစွာ ဖြတ်သန်းခဲ့ရတာချင်းတူသည်။ အမျိုးသားလွတ်လပ်ရေးအတွက် ကာလတာရှည်ရုန်းကန်ခဲ့ရတာချင်းလည်း တူသည်။ ဤမျှရှည်ကြာသော သမိုင်းခေတ်ကြီးကို ဖြတ်သန်းရင်း နှစ်နိုင်ငံခေါင်းဆောင်များ အထိအတွေ့ အဆက်အဆံများလည်းရှိသလောက်ရှိခဲ့ကြသည်သာဖြစ်ပါသည်။ သို့နှင့်တိုင် မတူသည်များလည်း ရှိနေသည်ဟု သဘောရသည်။ အထူးသဖြင့် နိုင်ငံများလွတ်လပ်ရေးရပြီးနောက်ပိုင်း ကြုံခဲ့ဆုံခဲ့ရသည့်ဖြစ်စဉ်ဖြစ်ရပ်များကို ထုဆစ်ပုံသွင်းပေးလိုက်သောလမ်းကြောင်းနှစ်သွယ်။ လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလကတည်းက မတူခြားနားစွာရှိခဲ့လေသလား စဉ်းစားမိသည်။

ပြောရလျှင် သူတို့အိန္ဒိယအမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုတွင်လည်း လမ်းကြောင်းနှစ်သွယ်ရှိခဲ့သည်သာဖြစ်သည်။ “ဂန္ဒီလမ်းကြောင်း”နှင့် “ဆူဘတ်ချိန်ဒရာဘို့လမ်းကြောင်း”ဟု ယေဘုယျဆိုနိုင်ပါလိမ့်မည်။ အားလုံးသိကြသည့်အတိုင်း ဂန္ဒီကြီးက အကြမ်းမဖက်ရေး လမ်းကြောင်းဖြင့် လွတ်လပ်ရေး တိုက်ပွဲဝင်သည်။ လွတ်လပ်ရေး ရည်မှန်းချက်ချင်းတူသည့်တိုင်၊ ဘို့ကမူ လက်နက်ကိုင်တိုက်ပွဲလမ်းကြောင်းကိုပိုအားရုံကျခဲ့သည်။ အိန္ဒိယလူထုရွေးလိုက်သည်က ဂန္ဒီလမ်းကြောင်း။ ဤလမ်းကြောင်းဖြင့်ပင် လွတ်လပ်ရေးအရယူနိုင်ခဲ့သည်။ လွတ်လပ်သော အိန္ဒိယနိုင်ငံကြီး ပြဿနာပေါင်း သောင်းခြောက်ထောင်နှင့် နပန်းလုံးခဲ့ရသည့်တိုင် ဒီမိုကရေစီနိုင်ငံရေးစနစ်ခိုင်ခိုင်မြဲမြဲ အမြစ်တွယ်နိုင်ခဲ့သည်မှာဆိုခဲ့ပါဂန္ဒီလမ်းကြောင်းနှင့် ဆက်စပ်နေမည်လား စဉ်းစားစရာရှိသည်။ သေချာသည့်အချက်ကို ဆိုရလျှင် ဂင်္ဂါတွင် စစ်သွေးတွေ မဝေခဲ့. . ။

ဧရာဝတီတွင်ကား သွေးချင်းချင်းနီခဲ့ရသည်။ ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ဘီဒီအေ၊ပီဘီအက်(ဖ)၊ ဖက်ဆစ်တော်လှန်ရေး။ ဤတော်လှန်ရေးအဆင့်ဆင့်နှင့် တော်လှန်ရေးခေါင်းဆောင်များ၏ ကျေးဇူးကြောင့် အမျိုးသားတပ်မတော်ရခဲ့သည်မှာမှန်သည်။ လွတ်လပ်ရေးအရယူနိုင်ခဲ့သည်မှာလည်း မှန်သည်။ သို့တစေ မြန်မာ့ နိုင်ငံရေးအင်အားစုများကြား စစ်သွေးဝေကျန်ရစ်ခဲ့သည်ကိုလည်း ငြင်းဖို့ခက်လိမ့်မည်ထင်သည်။ နောက်ဆုံး လွတ်လပ်ရေးတိုက်ပွဲ၏ အပြီးသတ်အဆင့်တွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ကဂန္ဒီလမ်းကြောင်းကို ရွေးချယ်ခဲ့၍သာ အေးအေး ညောင်းညောင်းဖြင့် လွတ်လပ်ရေးအရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဤအတွက် ဗိုလ်ချုပ်ကိုယ်တိုင်မှာ စစ်သွေးတွေဝေနေဆဲသူ့မိတ်ဆွေကွန်မြူနစ်များနှင့် လမ်းခွဲခဲ့ရသည်။ နောက်ဆုံး စစ်သွေးကြွနိုင်ငံရေးတွင် အသက်ပင်စတေးခဲ့ရသည်။ ဇာတ်နာကြီးမှာ ဤမျှနှင့်မဆုံး။ လွတ်လပ်ရေး ဖွားဖက်တော် ပြည်တွင်းစစ်။ စစ်သွေးတွေကြားမှ တိုးထွက်လာရသော ဒီမိုကရေစီသစ်ပင် သက်တမ်းမရှည်သည်မှာ အမှန်စင်စစ် ဘာမှမဆန်း။ ဤသည်ပင် ဧရာဝတီ၏ ကံကြမ္မာဖြစ်ရတော့သည်။

**အကွေ့အကောက်၊ အလှည့်အပြောင်းနှင့် အထုအထောင်း**

ဥပါဒန်အစွဲအလမ်းများ၊အဘယ်မျှအကြောမာလိုက်ပါသနည်းဆိုလျှင် ပုရွက်ဆိတ်တစ်ကောင်ပင်သတ်ဖို့ဝန်လေးသော၊ စာရေးသူကိုယ်တိုင်ပင် လက်နက်ကိုင်တစ်ယောက်ဖြစ်သွားသည်အထိပင်။ ဤအဖြစ် ဤသနစ်တွေကို ပြန်ပြောရလျှင် ဘဝ၏ထေ့ငေါ့သရော်ချင်စရာ (ironic) ဟူ၍ပင် ဆိုရလေမလားမသိ။ စာရေးသူ၏ အစွဲအလမ်းထုထည်ကြီး (ဟိုစဉ်က အမြင်အရဆိုလျှင်တော့ ယုံကြည်မှုအစိုင်အခဲကြီး) တဖြည်းဖြည်း အရည်ပျော်သွားခဲ့သည်မှာ လက်နက်ကိုင်တော်လှန်ရေးဆိုသည်ကို ဦးဆောင်နေသော ပါတီကြီးတစ်ခု၏ အလံတော်အောက်ရောက်တော့မှ ဖြစ်သည်။ နေ့မြင်ညပျောက် လူ့အသက်များ၊ ကြေကွဲစရာကောင်းလောက်အောင် တိတ်ဆိတ်နေသော လူသူကင်းမဲ့သည့် ရွာကြီးများ(ဒေသအခေါ် ‘ရွာဆိုး’များ)၊ အိုင်တီခေတ်ဦးတွင် မော်တော်ကားကိုမှ မမြင်ဖူးသော ရှမ်းနေတောင်သူများ။ နိစ္စဓူဝမြင်ကွင်းများက စာရေးသူ၏ ယုံကြည်မှုမာနကို အဆက်မပြတ်ထုရိုက်ဆုံးမနေခဲ့သည်။ “ပြည်တွင်းစစ်တွေဟာ တိုင်းပြည်ရဲ့ဖွံ့ဖြိုးရေးသစ်ပင်ကို အခြေက သင်းသတ်ပစ်လိုက်သလိုပဲ”ဆိုသော ခေတ်ပြိုင်သမိုင်းပညာရှင် နီး(လ)ဖာဂူဆန်၏ စကားကို သည်တော့မှ ဆဝါးနိုင်တော့သည်။

သွေးမြေကို ကျောခိုင်းခဲ့ပြီးသည့်နောက် စာရေးသူ၏ အတွေးအမြင်တွေ တစ်ဆစ်ချိုး ပြောင်းသွားခဲ့ပါသည်။ တစ်ဖက်က ကျူရှင်ဆရာလုပ်ရင်း တစ်သက်လုံးစာပဲဖတ်နေတော့မည်ဟု စိတ်ကူးထားခဲ့သည်။ ရှစ်လေးလုံးအလွန်လူငယ်တွေဟိုပြေးသည်ပြေးလုပ်ကြတော့မနေနိုင်ပြန်။လက်လှမ်းမီသလောက် တားရဆီးရသည်။ ဘာရယ်မဟုတ် ကိုယ့်လို အမြီးမပြတ်စေချင်၍ဖြစ်သည်။ သို့တိုင်အောင် စစ်သွေးတွေ ဝေနေသော သူတို့တစ်တွေက နားမဝင်ကြပါ။ တပည့်ရင်း ကျောင်းသားတစ်ယောက်ကဆိုလျှင် “ကျွန်တော်တို့ အာဏာရရင် ဆရာ့ကို အရင်ဆုံးလာသတ်မယ်” ဟူ၍ပင် ကြိမ်းမောင်းသွားခဲ့သည်။ စိတ်မကောင်းဖြစ်မိရုံမှလွဲ၍ စိုးစဉ်းမျှစိတ်မဆိုးမိပါ။ မည်သို့ပင်ရှိစေ၊ သူတို့တစ်တွေမှာ စာရေးသူတို့ မျိုးဆက်ထက်တော့ ကံကောင်းသည်ထင်ပါသည်။ သွေးမြေတွင်အကြာကြီးမနေခဲ့ရ။ ပြောင်းလဲလာသော ကမ္ဘာ့နိုင်ငံရေးတူရှုချက်နှင့်လည်း ဆိုင်ပါလိမ့်မည်။ (ကြမ်းရှသော လက်နက်ကိုင် တော်လှန်ရေးကို ကမ္ဘာကြီးကလက်မခံတော့။) ဂန္ဒီလမ်းကြောင်းပေါ် ခြေမြဲလက်မြဲရပ်တည်ခဲ့သော ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ကျေးဇူးတင်ကြရမည် ထင်ပါသည်။ (ဒေါ်အောင်ဆန်းစုကြည်၏အမြင်အချို့ကို သဘောမတွေ့နိုင်သည့်တိုင် ရှစ်လေးလုံးအလွန် လူငယ်အများစုကို ပြည်တွင်းစစ်မီးလျှံများထဲ တိုးဝင်မသွားစေရန် ဂန္ဒီရပ်တည်ချက်ဖြင့် ထိန်းထားနိုင်ခဲ့သည်ကိုမူ အသိအမှတ်ပြုကြရပါလိမ့်မည်။)

နောက်ပိုင်း အကြောင်းအားလျော်စွာ စာရေးဖြစ်တော့လည်း မိမိတို့လို လက်ဝဲမှန်ပြောင်းတစ်လက်တည်းမကြည့်မိစေရန် အော်လတာနေးတစ်မှန်ပြောင်းမျိုးစုံကို တတ်စွမ်းသမျှ ကြိုးစားမိတ်ဆက်ပေးခဲ့သည်။ သည်တော့လည်းမိတ်ဆွေဟောင်းများက ဂိုဏ်းဖွဲ့တိုက်ကြသည်။ အမေရိကနှင့် ပေးစားခဲ့ကြသည်။ သည်လိုနှင့် ၂၀၁၀ ရွေးကောက်ပွဲသို့ ရောက်သောအခါ မိမိ၏သဘောထားအမြင်ကိုထုတ်ဖော်ရေးသားမိ၍ အစိုးရနှင့်ပေးစားကြပြန်သည်။ စာရေးသည့်အလုပ် တစ်ခုတည်းနှင့် မိသားစုတာဝန်ယူထားရသူအတွက်ထမင်းအိုးမကွဲ၊ ကွဲအောင်ခွဲကြသည့် ရည်ရွယ်ချက်ရှိရှိ ရိုက်ချက်များနှင့်ပင် ရင်ဆိုင်ခဲ့ရသည်။ ဆိုခဲ့ပါအထုအထောင်း၊ အရိုက်အပုတ်များကြား၊ ကလောင်ကို လွှတ်မချဖြစ်သည်မှာ ‘လိပ်ပြာသန့်စိတ်’ တစ်ခုတည်းကြောင့်ပင်ဖြစ်သည်။ အိုမင်းတွင်းဆုံးအရွယ်ရောက်နေပြီဖြစ်သော စာရေးသူအတွက် အများကြိုက်ပေါ်ပြူလာဖြစ်စရာတွေ အရေးမပါတော့ပါ။ အခွင့်အာဏာဆိုသည်ကိုလည်း တစ်သက်တာလုံး ကိုယ်နှင့်မဆိုင်ဟူ၍ သဘောထားခဲ့သူသာဖြစ်သည်။ ငွေကြေးအခက်အခဲနှင့် တစ်သက်လုံး နပန်းလုံးနေရသူဖြစ်သော်လည်း ငွေမျက်နှာတစ်ခုတည်းသာ ကြည့်ခဲ့လျှင် ဘဝမှာ ယခုလို ဆင်းရဲနုံချာလိမ့်မည်မဟုတ်။ တစ်မဂ်၊တစ်ဖိုလ်မရနိုင်သည့်တိုင် သေခြင်းတရားကို လိပ်ပြာသန့်သန့်နှင့်ရင်ဆိုင်ဖို့သာ ရည်ရွယ်ထားပါသည်။ ဤလိပ်ပြာသန့်စိတ်နှင့်ပင် ယခုစာစုကို ဆက်ပါဦးမည်။

**အဝင်နှင့် အထွက်(၁၉၆၀ ပြည့်လွန်မှ ၁၉၉၀ ပြည့်လွန်သို့)**

အမှန်စစ်စစ် စစ်သွေးတွေ ဝေခဲ့သည်မှာ စာရေးသူတို့ တစ်နိုင်ငံတည်းတော့ကား မဟုတ်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း လွတ်လပ်ရေးရပြီးခါစ ဖွံ့ဖြိုးဆဲနိုင်ငံတော်တော်များများ၏ အခြင်းအရာဟူ၍ပင် ဆိုနိုင်လောက်သည်။ စစ်ပြီးခေတ် နိုင်ငံတကာ အခင်းအကျင်းကိုယ်တိုင်ကလည်း စူပါပါဝါ အုပ်စုနှစ်ခု၊ ဘက်စုံယှဉ်ပြိုင်ကြသော စစ်အေးခေတ်ကြီးဖြစ်နေသည်။ ဤအခင်းအကျင်းထက်တွင် သူတို့စူပါကြီးနှစ်ခု ကာယကံမြောက် တိုက်ခိုက်ကြခြင်းမရှိခဲ့သော်လည်း သူတို့၏ နယ်ရုပ်တွေလိုဖြစ်ခဲ့ရသောနိုင်ငံငယ်လေးများတွင်စစ်မီးတွေမွှေခဲ့ကြသည်။ စစ်သွေးတွေ ဝေခဲ့ရသည်။ သည်လိုနှင့်စစ်အေးအထွတ်အထိပ်၁၉၆၀ ပြည့်နှစ်တစ်ဝိုက်ကို ‘နိုင်ငံရေးကို စစ်ဘောင်သွင်းခြင်း’ (Militiarization of Politics)ဟူ၍ပင်သမိုင်းပညာရှင်များက သတ်မှတ်ရသည်အထိဖြစ်လာခဲ့ရသည်။ သို့နှင့်တိုင် စစ်အေးအလွန် ၁၉၉၀ ပြည့်လွန်နှစ်များသို့ရောက်သောအခါကမ္ဘာ့နိုင်ငံရေး ရေစီးမှာ တစ်ဆစ်ချိုး ပြောင်းသွားခဲ့ပါသည်။ ‘စစ်ဘက်နိုင်ငံရေးမှ ဆုတ်ခွာခြင်း’(demilitarization) ဟု ပြန်လည်သတ်မှတ်ခဲ့ကြသည်။

၂၀၁၀ ရွေးကောက်ပွဲမှာ ဤအခင်းအကျင်းသစ်တွင် ပေါ်ထွက်လာသည်ဟု စာရေးသူက မြင်သည်။ ဤအတွက် ကြိုဆိုသင့်သည်ဟု သဘောရသည်။ မြန်မာ့နိုင်ငံရေးပကတိအရှိကို ဉာဏ်မီသမျှ ဆဝါးပြီး မေးခွန်းသုံးခုထုတ်ကြည့်သည်။

၁။ ရွေးကောက်ပွဲမဝင်လျှင် အခြားအော်လတာနေးတစ်ဘာရှိသနည်း။ စာရေးသူက မရှိဟု မြင်သည်။ မရှိသင့်ဟု ခံယူသည်။ သေနတ်ပြောင်းဝမှလာသော အာဏာကို မယုံကြည်တော့သောကြောင့် ဖြစ်သည်။ ရွေးကောက်ပွဲနည်းဖြင့်သာ ဒီမိုကရေစီကို ဦးတည်နိုင်လိမ့်မည်ဟု ပြောင်းလဲသိမြင်လာသောကြောင့် ဖြစ်သည်။

၂။ ဂုဏ်သိက္ခာပြဿနာနှင့် အသက်ဆက်ရှင်သန်ရေးပြဿနာ၊ ဘာကိုရွေးမည်နည်း။ မည်သို့သော အကြောင်းနှင့်မှ ပါတီတရားဝင်ရပ်တည်ခွင့်ကို မစတေးသင့်ဟု စာရေးသူက မြင်သည်။

၃။ ‘လက်ရှိအခြေအနေ’(status quo)မှ ရွေ့နိုင်၊ မရွေ့နိုင်။ စာရေးသူက ရွေ့နိုင်စရာရှိသည်ဟု ထင်သည်။ အားလုံးညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြလျှင် ပို၍ပင်ရွေ့အားကောင်းလိမ့်မည်ဟု မျှော်လင့်သည်။

အကျိုးဆက်ကား စာရေးသူ ဆွမ်းကြီးလောင်းခံလိုက်ရခြင်းပင်။ သစ္စာဖောက်တံဆိပ်တပ်ခံရသည်။ ‘သမိုင်းတရားခံ’ ဟု စွဲချက်တင်သူကတင်ကြသည်။ ရွေးကောက်ပွဲအလွန် မျှော်လင့်သည်ထက် သာလွန်သော အခင်း အကျင်းသစ်နှင့် ထိတွေ့ရသောအခါ အဆိုပါ ဆွမ်းကြီးလောင်းခဲ့ကြသူများကပင် တစ်ချိန်က သူတို့တစ်တွေ ‘လိမ်ဆင်ကြီးပါ’ ဆိုသော ဒီမိုကရေစီအခွင့်အရေးများကို ပျော်ပျော်ကြီးအသုံးချနေကြတော့သည်။ အတွင်းသိ အစင်းသိတွေမို့ စာရေးသူ မအံ့သြပါ။ စစ်ပြီးခါစကလိုလက်နက်ကိုင်တိုက်ပွဲ မန္တန်ကို တဖွဖွရွတ်မနေကြသည့်တိုင် ရယ်ဒီကယ် မီးရှူးမီးပန်းများကို တွေ့နေဆဲဖြစ်၍ အမှန်ပင် စိုးရိမ်မိသည်။ ဤသို့ စိုးရိမ်မိသည်မှာလည်း ကိုယ့်အကြောင်းနှင့် ကိုယ်ဖြစ်သည်။ ကိုယ့်စဉ်းစားချက်နှင့် ကိုယ်ဖြစ်သည်။

၁။ နိုင်ငံတကာ အတွေ့အကြုံများအရ ဒီမိုကရေစီခရီးမှာ တစ်ဖြောင့်တည်းမဟုတ်။ အကွေ့အကောက် ရှေ့တိုးနောက်ဆုတ်တွေ ရှိနိုင်သည်။ ရှိတတ်သည်။ (Linear မဟုတ် Non Linear)။ ဒါကို နှလုံးသွင်းစေချင်သည်။

၂။ စူပါပါဝါပြိုင်ပွဲတွင် နိုင်ငံငယ်လေးများ နယ်ရုပ်ဖြစ်ခဲ့ရသည့် စစ်အေးခေတ်သာဓကတွေ မနည်းမနောရှိသည်။ မျက်မှောက်ခေတ် ဂရိတ်ပါဝါအားပြိုင်ပွဲတွင် စာရေးသူတို့နိုင်ငံမှာ ပထဝီနိုင်ငံရေးဗဟိုချက် တစ်ခုပေါ် ရှိနေသည်ဟုမြင်သည်။ ဒါကို သတိကြီးကြီး ထားစေချင်သည်။

၃။ ဒီမိုကရေစီ အကူးအပြောင်းတွင် အနှေး၊ အမြန်ကအဓိကမဟုတ် နောက်ကြောင်းမပြန်ဖို့က အရေးကြီးသည်။ အကယ်၍များ နောက်ကြောင်းပြန်မိလျှင်‘ရွှေပြည်တော်မျှော်တိုင်းဝေး’ ဖြစ်သွားနိုင်သည်။ ဤသို့ နောက်ကြောင်းမပြန်မိစေရန် ထိန်းကြ၊ သိမ်းကြဖို့ပလေယာအားလုံးတွင် တာဝန်ရှိသည်ဟုသဘောရသည်။

သို့အတွက် အကဲဆတ် လှသည့်လက်ရှိအခြေအနေတွင် စစ်သွေးတွေမဝေစေချင်။ အမြော်အမြင်နှင့်သတိချုပ်ကြစေချင်သည်။ သတိထားပေးကြပါဟုလည်းမေတ္တာရပ်ခံပန်ကြားအပ်ပါသည်။မေတ္တာရပ်ခံရုံမျှနှင့်မလုံလောက်လျှင် ရှိခိုးဦးတင်လျှောက်ထား၊ ဒူးထောက်တောင်းပန်ဖို့လည်း ဝန်မလေးပါ။ အသင့်ရှိနေပါသည်။

**ကျေးစေတမန်**


စာရေးသူ အရေးများသည်မှာ ဘာသာပြန်တွေသာဖြစ်သည်။ ကိုယ်တိုင်ရေးက မဆိုစလောက် အနည်းအကျဉ်း။ ဘာသာပြန်က ဦးနှောက်ကို ဖွင့်ထားရုံနှင့် လုံလောက်သည်။ ကိုယ်တိုင်ရေးက ဦးနှောက်သာမက ‘ရင်’ ကိုပါ ဖွင့်ရသည်။ ဦးနှောက်နှင့် ရင်ဘတ်ချိန်ခွင်လျှာညှိရသည်မှာ ပင်ပန်းလှသည်။ စာတစ်ပုဒ်ရေးပြီးတိုင်း နုံးခွေသွားတော့သည်။ သည်တော့ နှစ်သက်ရာ သီချင်းတစ်ပုဒ်ပုဒ်နားထောင်ရင်း အားပြန်ဖြည့်ရသည်။ ယခုစာစုတွင်လည်း ထို့အတူ။ အလွယ်တွေ့ရာ စီဒီတစ်ချပ်ကို ဖွင့်လိုက်တော့ တိုက်တိုက်ဆိုင်ဆိုင် ‘ကျေးစေတမန်’။ ဆရာရွှေပြည်အေး၏ သံစဉ်စာသားကိုဒေါ်မေရှင်၏ ကရုဏာသံဖြင့်သရုပ်ဖော်လိုက်ရာ ခါတိုင်းလို အပန်းမပြေ၊ ပို၍ပင် နွမ်းလျမောဟိုက်သွားရသည်။

“စစ်သွေးတွေက . . တဝေဝေ. . ၊ ချစ်ရေးခက်ခက်သူတွေပူစေ. . ၊ နှင်းမှုန်ခြွေ . . လေပြေသွေးချိန်မို့. . . ”

ဒေါ်မေရှင်မှာ ဒေါ်မေရှင်မဟုတ်တော့ . . ။ အမိမြန်မာပြည်ဖြစ်သွားသည်။ ကျေးစေတမန်၏ ဦးတည်ရာမှာလည်း ‘သူမ၏မောင်’ မဟုတ်တော့။ အမိမြန်မာပြည်၏ သားသမီးတွေ ဖြစ်နေသည်။ သားသမီးတွေ၊ စစ်သွေးဝေနေသရွေ့ အမိမြန်မာပြည်မှာ မျက်ရည်စက်လက်နှင့် ကျေးစေတမန်ပါးနေရပါလိမ့်ဦးမည်။ အမိမြန်မာပြည်ကို မျက်ရည်တွေမဝေစေချင်တော့ပါ။ ဝေလည်း မဝေသင့်တော့ပါ။ မိခင်ကို မျက်ရည်ကြီးငယ် ကျစေသည့် သားသမီးများ ဘယ်တော့မှ မကြီးပွားနိုင် ဆိုသော ဆိုရိုးစကားရှိပါသည်။ ဆင်ခြင်ကြပါကုန် . . . ။

# ကား အိပ်မက်

ကောင်းသုခ



လွန်ခဲ့သော တစ်ပတ်ခန့်က အိပ်မက်တစ်ခု မက်သည်။ အိပ်မက်ထဲတွင် ကျွန်တော်၏ကားမှာ ကားကြီးကားကောင်း ဖြစ်နေသည်။ အိပ်မက်က နိုးထလာသောအခါ ဂျာနယ်များတွင် ကားဈေးနှုန်းများကို ရှာဖွေမိသည်။ ဒေါ်လာ ၂,၀၀၀ ကျော်ပေးလျှင် ၁၉၉၉ ပါဂျဲရိုးဝယ်နိုင်သည်။ ကညနနှင့်အခွန်အရပ်ရပ်၊ သင်္ဘောသယ်ခ၊ ဝန်ဆောင်မှုများကို ဂျာနယ်ထဲမှာတွေ့သည့်အတိုင်း စိတ်တွက်တွက်ကြည့်သည်။ လိုအပ်သောငွေပမာဏစုမိထားပြီး ဖြစ်၍အဆင်ပြေသည်။ ကျွန်တော့်ဝန်ထမ်းသက် ၃၆နှစ်ကျော်အတွင်း ချွေးနဲ့စာမှရှာဖွေထားသောတရားဝင်နိုင်ငံခြားငွေ အနည်းငယ် ရှိသည်။ လူရိုသေ၊ ရှင်ရိုသေ၊ ရုံးတက်ရုံးဆင်း စီးနင်းသော'ဈ'ဂျစ်ကားရှိသည်။ နိုင်ငံတော်မှ စေတနာဖြင့် လူလတ်တန်းစား၊ ငွေကြေးအနည်းငယ်မျှသာရှိသူများ၊ ကားစုတ်များပစ်၍ ကားကောင်းကားသစ်များ စီးနင်းနိုင်တော့မည်ဟုလည်းတွေး၍ကျေနပ်အားရသည်။ ပင်စင်သွားလျှင် စီးနင်းစရာကားအသင့်အတင့် ကောင်းမွန်သောအနေအထားရှိလိမ့်မည်ဟု မျှော်လင့်ချက်ဖြင့် ဝမ်းသာကျေးဇူးတင်သည်။ လက်ထဲတွင်ရှိသော ဒေါ်လာ ၂,၀၀၀ + ၁၆၅ ရာခိုင်နှုန်း အခွန်အခအတွက် (မြန်မာငွေ သိန်း ၄၀)ကျော်+ မိမိပိုင်ကားပေါင်းလျှင် ပါဂျဲရိုးတစ်စီးတော့စီးနိုင်ပြီဟု အိမ်သူသက်ထားကိုကြွားသည်။ သားသမီးများကို ဝမ်းသာအားရစကားဆိုသည်။ မုဒိတာပွားတတ်သော အပေါင်းအသင်းများကို စကားလက်ဆောင်ပါးသည်။ နိုင်ငံအနှံ့ ကားစုတ်၊ ကားဟောင်းများလျော့ပါးသွား၍လူလတ်တန်းစားများကားကောင်းများ စီးနင်းနေသည့်မြင်ကွင်းကို တွေးနေမိသည်။

မိမိကားကိုပါမစ်ရသည့်တိုင် ဝန်ထမ်းဖြစ်နေ၍လည်းကောင်း၊ မည်သို့မည်ပုံသွင်းယူရမည်ကိုမသိရှိ၍လည်းကောင်း၊ မလုပ်တတ်မကိုင်တတ်၍လည်းကောင်း၊ ခွင့်ရက်ရှည်ယူပြီး ကားသွင်းမည့်အလုပ်ကိုမလုပ်နိုင်၍လည်းကောင်း၊ ဝန်ဆောင်ခဖြင့်စေတနာရှေ့ထားအကျိုးဆောင်သည်ဟုဆိုကြသော နှစ်ပေါင်းများစွာ ကားတင်သွင်းခဲ့သည့်အတွေ့အကြုံရှိသည်ဟုဆိုကြသော သတင်းစာ၊ ဂျာနယ်ပါ ကုမ္ပဏီများသို့ ဝမ်းသာအားရဆက်သွယ်မိသည်။

"---ကုမ္ပဏီကလားခင်ဗျ။ Hilux Surf 1995, Pajero 1999 ဈေးနှုန်းကလေး သိရမလားလို့ပါ။ ကျွန်တော် ကားသွင်းချင်လို့ပါ"

"ဟုတ်ကဲ့။ ၆,၀၀၀ ကျော်ပါ"

"ခင်ဗျာ။ ၃,၅၀၀ ထက် မကျော်ရဘူးမဟုတ်လားခင်ဗျ။ ဂျာနယ်ထဲမှာ ၂,၀၀၀ လောက်. ."

"ဟုတ်ကဲ့ရှင်။ နောက်မှပြန်ဆက်သွယ်ပေးပါမယ်ရှင်"

ဖုန်းချသွားသည်။ ကျွန်တော် အနည်းငယ်ဒေါသထွက်မိသည်။ ဈေးနှုန်းသေချာမသိသောဝန်ထမ်းများ ခန့်ထားသည့်ကုမ္ပဏီပိုင်ရှင်အား သနားမိသည်။ နာမည်ပျက်လျှင် ကုမ္ပဏီသာနစ်နာလိမ့်မည်။ နောက်ထပ် ကုမ္ပဏီတစ်ခုအား ဖုန်းထပ်ဆက်ပါသည်။

"---ကုမ္ပဏီကလားခင်ဗျ။ ကျွန်တော် ကားသွင်းချင်လို့ပါ ဈေးနှုန်းနဲ့ ဝန်ဆောင်မှု . . . "

"စိတ်မရှိပါနဲ့ရှင်။ ကုမ္ပဏီကိုသာလာခဲ့ပါ"

ဖုန်းချသွားသည်။ ယခုလို ကားသွင်းခွင့်များချပေးထားသောကာလဖြစ်၍ ကုမ္ပဏီလည်း အလုပ်ရှုပ်နေပေလိမ့်မည်။ မေးသမျှ ဖုန်းဖြေရှင်းပြနိုင်လိမ့်မည်မဟုတ်ဟု နားလည်မှုဖြင့်တွေးမိသည်။

နေ့ရက်အချိန်အတန်ကြာသောအခါ ကားအပ်ပြီးလျှင် ဆက်လက်ဆောင်ရွက်ရမည်ကို မဆုံးဖြတ်နိုင်တော့။ ထို့ကြောင့် ရန်ကုန်တွင်နေထိုင်သော ညီဖြစ်သူထံ ဖုန်းဖြင့်ဆက်သွယ်၍ မည်သို့ဆောင်ရွက်ရမည်ကို ကုမ္ပဏီများနှင့်ဆွေးနွေးပေးရန် အကူအညီတောင်းရသည်။ ညီဖြစ်သူက သုံး၊လေးရက်အတွင်း စုံစမ်းအကြောင်းပြန်ပေးမည်ဟုပြောသည်။ နှစ်ရက်၊ သုံးရက်သည် အတော်ကြာသည်ဟုထင်သည်။ ထိုရက်အတွင်း ကားကြီးကားကောင်းများ ထည်လဲစီးရသည့် အိပ်မက်မျိုးမက်နေပြန်သည်။ ဇနီးနှင့် သားသမီးများက ကတ်တလောက်ထဲမှ ဓာတ်ပုံများနှင့် ဈေးနှုန်းများကို ကြည့်၍ "ဟိုကားက ကောင်းတယ်။ ဒါက ဈေးသင့်တယ်။ ဟိုဒင်းက ဆီစားနှုန်းများတယ်။ ဟိုဟာကခေတ်အကြိုက်ဖြစ်တယ်" စသည်ဖြင့် ဝိုင်းဝန်းပြောဆိုစိတ်ကူးယဉ်ကြည့်ကြသည်။

မနေ့က ဖုန်းလာသည်။ ညီဖြစ်သူက ကားဝယ်ယူမည်ဆိုလျှင် သူစုံစမ်းသိရသမျှ ဤသို့ဖြစ်ကြောင်းပြောသည်။

"အစ်ကိုပြောတာနဲ့ ကျွန်တော်လည်း ကားကုမ္ပဏီတွေသွားပြီးစုံစမ်းပါတယ်။ ၁,၀၀၀၊ ၂,၀၀၀၊ ၃,၅၀၀ဆိပ်ကမ်းအရောက်၅,၀၀၀ ဆိုတာတွေ မေ့ထားလိုက်ပါ"တဲ့။ ဘယ်ကားလိုချင်တယ်ဆိုတာသာ ပြောပါလို့ပြောတာနဲ့ အစ်ကိုလိုချင်တဲ့ ၂,၀၀၀ ဝန်းကျင်ကားတွေကိုမေးပါတယ်။ ကုမ္ပဏီကလူက ရယ်ပြီး ကျွန်တော့်ကို သနားစရာသတ္တဝါလို အပေါ်စီးကကြည့်ပြီး ပြောတယ်"၊"အဲဒီကတ်တလောက်တွေထဲက ၂,၀၀၀-၃,၀၀၀ ဆိုတာတွေလိုချင်ရင် ကိုယ်တိုင်ဂျပန်သွားဝယ်လိုက်ပါ။ ဒါပေမဲ့ အဲဒီကားတွေကို ကျွန်တော်တို့ကုမ္ပဏီက မှာပေးရမယ်ဆိုရင်တော့ အနည်းဆုံး ၁၀,၀၀၀ က ၆၀,၀၀၀ အထိရှိပါမယ်။ ဒါကမှာပေးတာပါ။ ဓာတ်ပုံထဲကအတိုင်းပေါ့။ Condition အတိအကျတော့ အာမ မခံပါဘူး။ ဒါဟာ ကညနနဲ့ ကျန်တဲ့အခွန်အခတွေ ဘာမှမပါသေးပါဘူး။ အဲဒါတွေက ဝယ်သူကပဲခံရမှာပါ။ ကျွန်တော်တို့ကို ပါမစ်ပေးရပါမယ်။ ဆိပ်ကမ်းအရောက်ပါပဲ။ ရောက်ရင် ကိုယ့်ဘာသာ အေဂျင်စီငှားပြီးရွေးရမှာပါ" ဟုပြောလေသည်။

ကျွန်တော်က "ညီလေး မင်းစုံစမ်းတာ မှားနေပြီထင်တယ်။ ၃,၅၀၀ ထက် မကျော်ရဘူးလေ။ ဘယ်လိုလုပ်ပြီး သောင်းဂဏန်းတွေဖြစ်နေတာလဲ။ သုညတစ်လုံးပိုနေပါလား။ ဆိပ်ကမ်းအရောက် ဒေါ်လာ ၅,၀၀၀ ထက်မကျော်ရဘူးလေ"

"မမှားဘူး အစ်ကို။ အမှန်တကယ်ကတော့ ဂျပန်မှာ အဲဒီလောက်ပဲပေါက်ပါတယ်။ ၁,၀၀၀-၂,၀၀၀-၃,၀၀၀ ပေါ့။ ဒါပေမဲ့ ကုမ္ပဏီကသွင်းပေးရမယ်ဆိုရင်တော့ အဲဒီ ၂,၀၀၀ တန်ကားကိုပဲ ၄၀,၀၀၀ (လေးသောင်း)နဲ့ အစ်ကိုက ပြန်ဝယ်ရတဲ့သဘောပါပဲ။ ကုမ္ပဏီမအပ်ချင်ရင်တော့ အစ်ကိုပဲ ဂျပန်သွားဝယ်ရမှာပေါ့။ ဒီတော့ ဒီလောက်မြင့်တဲ့ဈေးတွေနဲ့ သွင်းလာတဲ့ကားတွေကို ဘယ်သူတွေ ဝယ်စီးနိုင်မလဲ။ ဘယ်သူတွေက အမြတ်အစွန်းခံစားရမလဲ။ ဘယ်သူတွေလက်ထဲမှာ ကားကောင်းတွေရှိနေမလဲ။ အခြေခံလူတန်းစားတွေ ကားစုတ်ပိုင်ရှင်တွေ ဘာဆက်လုပ်မလဲ။ ကျွန်တော်တော့ ဉာဏ်မမီဘူး။ အစ်ကို့ဘာသာဆုံးဖြတ်ပေါ့"

ကျွန်တော့်ကားကို နောက်တစ်နေ့တွင် အပြောကောင်းသောပွဲစားက ပေါက်ဈေး၏ထက်ဝက်ဖြင့်ဝယ်ယူသွားပါသည်။ လက်ထဲရှိငွေများကို စုစည်းလိုက်သောအခါ (လ၊ သ၊ အ)အောက်ကားများကိုလည်း မဝယ်နိုင်တော့ပါ။ ကျွန်တော်၏မိသားစုများလည်း ကားကောင်းကားသန့်များအကြောင်း တစ်လုံးတစ်ပါဒမျှ မပြောတော့ပါ။ ကားအကြောင်းပါသော ဂျာနယ်များကိုလည်း အိပ်မက်၊ စိတ်ကူးယဉ်ကြည့်ရန် ဝယ်မဖတ်တော့ပါ။ ကျွန်တော်၏ကားအိပ်မက်များကိုတွေး၍ ရှက်မိပါသည်။ အပေါင်းအသင်းများကို ဝမ်းသာအားရပြောစကားများ မပြောနိုင်တော့ပါ။ အိပ်မက်သည် အိပ်မက်ဟုသာ နားလည်နိုင်ရန် မိမိကိုယ်ကိုဖြေသိမ့်ရပါသည်။

ကျွန်တော် ရုံးတက်ရန် ပလက်ဖောင်းအတိုင်းလျှောက်လာပါသည်။ ရုံးတက်ရုံးဆင်း သုံးခဲ့သော ကျွန်တော်၏စီးတော်ယာဉ်ဂျစ်ကားကလေးကိုလွမ်းပါသည်။ သိပ်ကြာကြာမလွမ်းနိုင်ပါ။ အငှားယာဉ်သုံးဘီးဆိုင်ကယ်ကိုလက်ပြ၍ တားလိုက်ပါသည်။ ကားပေါ်တက်ရင်း "အင်း၊ ဒါကမှ ဘဝအမှန်ပါပဲ" ဟုတွေးမိသည်။

အိပ်မက်သည် အိပ်မက်သာ ဖြစ်ပါသည်။ ။

## JOKE

### လွဲချက်

အမျိုးသားတစ်ဦး စူပါမားကက်တစ်ခုတွင် ဈေးဝယ်ထွက်နေရင်း လှလှပပ အမျိုးသမီးတစ်ဦး သူ့ကိုလက်လှမ်းပြသည်ကိုမြင်လိုက်ရသည်။ အမျိုးသမီးက သူ့ကို နှုတ်ဆက်လိုက်သောအခါ အမျိုးသားကအံ့အားသင့်သွားပြီး "မင်းကိုယ့်ကိုသိသလား" ဟုမေးရာ အမျိုးသမီးက "ရှင်က ကျွန်မကလေးတွေထဲက ကလေးတစ်ယောက်ရဲ့ အဖေလို့ထင်တယ်" ဟု ဆိုပါ၏။

အမျိုးသားလည်း အံ့အားသင့်သထက် အံ့အားသင့်သွားကာ သူ့စိတ်ထဲတွင် အပြေးအလွှားစဉ်းစားရင်း တစ်ချိန်က သူ့မိန်းမအပေါ် သစ္စာဖောက်မိတာကို သတိရပြီး "အော် . . . မင်းကို။ ဒါနဲ့ ကိုယ့်ကလေး ဘယ်အရွယ်ရောက်ပြီလဲ" ဟုမေးပါ၏။

ဤတွင် အမျိုးသမီးက အမျိုးသားအားစေ့စေ့ကြည့်ရင်း "ရှင်ဘာတွေပြောနေတာလဲ။ ကျွန်မက ရှင့်သားရဲ့ ကျောင်းဆရာမရှင့်" ဆိုသောအခါ အမျိုးသားမှာ . . . ။

### ဘဝ၏ ကောင်းကွက်များ

၁။ ကမ္ဘာဂြိုဟ်ပေါ်တွင် အသက်ရှင်နေထိုင်ရသည်မှာ ဈေးကြီးပါသည်။ သို့သော် တစ်နှစ်တစ်ကြိမ် "နေ" ကိုအခမဲ့ပတ်ခွင့်ရသည်။

၂။ တစ်မိနစ်ဆိုတဲ့အချိန် ဘယ်လောက်ကြာတယ်ဆိုတာ အိမ်သာတံခါးရဲ့ ဘယ်ဘက်မှာ သင်ရောက်နေသလဲဆိုသည့်အပေါ် မူတည်ပါသည်။

၃။ မွေးနေ့ပွဲများကျင်းပရခြင်းမှာ ကောင်းပါသည်။ မွေးနေ့ပွဲများများကျင်းပရလေ သင်ပိုပြီးအသက်ရှည်လေဖြစ်သည်။

၄။ သင်သည် ကမ္ဘာပေါ်တွင် တစ်ဦးတည်းလူသားဖြစ်နေနိုင်သလို သင်သည်လူသားတစ်ဦးအတွက် ကမ္ဘာကြီးဖြစ်နိုင်ပါသည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွင့်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဖိုလ်ဖိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းငွေ၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဖိုလ်ဖိုလ်၊ ရိုန်းရိုန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေ။ **လိုဂိုဒီဇိုင်း-** ကျော်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၈၆၅၃၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm

Business
7 DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

# ရေလုပ်ငန်းတွင် အကျိုးတူကန်ထရိုက်စနစ် စတင်ရန် အရှေ့အလယ်ပိုင်းမှ ငါးမြစ်ချင်းဝယ်ယူသူများ လာရောက်မည်

**သန်းဌေး**

**ရန်ကုန်၊ အောက်တိုဘာ - ၄**

ငါးမြစ်ချင်းငါးမွေးမြူသူများနှင့် ပြည်ပနိုင်ငံမှဝယ်သူများအကျိုးတူပူးပေါင်းကာ ကန်ထရိုက်စနစ်စတင်ရန် အရှေ့အလယ်ပိုင်းနိုင်ငံမှ ငါးမြစ်ချင်းငါးဝယ်သူများ မြန်မာနိုင်ငံသို့လာရောက်ရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။

"ဘယ်ရာသီမှာ ဘယ်ဆိုဒ် (အရွယ်အစား)ဝယ်လိုအားဘယ်လောက်ရမယ်ဆိုတာကို သူတို့ရယ်၊ ငါးဦးစီး၊ ငါးအဖွဲ့ချုပ်တို့ အလုပ်ရုံဆွေးနွေးပွဲလုပ်ပြီး ပူးပေါင်းညှိနှိုင်းပါမယ်" ဟု ၎င်းကပြောသည်။

အဆိုပါအကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း(Contract Farming) စနစ်ကို ငါးမွေးမြူသူများသည် ပြည်ပတင်ပို့သူများမှတစ်ဆင့် ဝယ်လက်များနှင့် တိုက်ရိုက်ချိတ်ဆက်ပြီး ဖက်စပ်လုပ်ဆောင်လာဖွယ်ရှိနေသည်။

"ငါးမြစ်ချင်းငါးအဆင်ပြေရင် တခြားငါးမျိုးတွေပါ ဆက်လုပ်ဖို့ပါ"ဟု ရေချိုငါးမျိုးစုံအားစုပေါင်းကာ ပေါ်လီကာချာနည်းဖြင့်မွေးမြူထားသူတစ်ဦးကလည်းပြောသည်။

အထက်ပါအစီအစဉ်များအောင်မြင်ပါက ငါးမွေးတောင်သူများ၊ ငါးဈေးနှုန်းကျဆင်းခြင်းနှင့် အဝယ်မလိုက်၍ အခက်အခဲဖြစ်ရခြင်းဒဏ်မှ လွတ်ကင်းကာ ဈေးနှုန်းအာမခံချက်ရှိသည့်အခြေအနေကို ခံစားရဖွယ်ရှိကြောင်း ၎င်းက တွက်ချက်ပြောသည်။

# ကန်ဒေါ်လာဖြင့် သတ်မှတ်ဈေးနှုန်းများကို အက်ဖ်အီးစီဖြင့် ပေးချေပါက ထပ်ဆောင်းပေးရန်မလို

**အောင်သူရ**

**ရန်ကုန်၊**
**အောက်တိုဘာ - ၆**

ပြည်ပနိုင်ငံများသို့သွားရောက်ရန် လေယာဉ်လက်မှတ်ဝယ်ယူရာတွင် အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားသောဈေးနှုန်းကို အက်ဖ်အီးစီဖြင့် ဝယ်ယူပါက ထပ်ဆောင်းပေးစရာမလိုတော့ကြောင်း သတင်းရရှိသည်။

"ငွေလဲကောင်တာက ဈေးအတူတူသတ်မှတ်ပေးတဲ့နေ့ကစတာပါ"ဟု လေယာဉ်လက်မှတ်ရောင်းချသူ ကိုယ်စားလှယ်တစ်ဦးကပြောသည်။

အမေရိကန်ဒေါ်လာနှင့် အက်ဖ်အီးစီတန်ဖိုးကွာဟမှုများ ပြားလာပြီးနောက် အမေရိကန်ဒေါ်လာနှင့်သတ်မှတ်ထားသောတန်ဖိုးများအား အက်ဖ်အီးစီဖြင့် ဝယ်ယူပါက ကွာခြားချက်ကို ထပ်မံပေးချေရသည်။



တစ်ယူနစ်နှုန်း ၈၃၀ ကျပ်ဝန်းကျင်ဖြင့် ကန်ဒေါ်လာနှင့် အက်ဖ်အီးစီကို နှုန်းတူသတ်မှတ်ခြင်းဖြစ်သည်။
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"မြန်မာငွေနဲ့ပေးမယ်ဆိုရင် ငွေလဲကောင်တာပေါက်ဈေးထက် တစ်ကျပ်လောက်ပဲခွာပြီးတော့ တွက်ပေးပါတယ်"ဟုSun Farလေယာဉ်လက်မှတ်ရောင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

သို့သော် ယခုရက်ပိုင်းမှစ၍ လေယာဉ်လက်မှတ်အပါအဝင် နိုင်ငံခြားခရီးစဉ်ဝယ်ယူသူအများစုမှာ အမေရိကန်ဒေါ်လာသာပေးချေကြပြီး အက်ဖ်အီးစီဖြင့် ပေးချေသူနည်းပါးသွားကြောင်း သတင်း ရရှိသည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၂၈ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၂၈ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၃၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၂ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၉၀ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၃၃ | ကျပ် |

၂၀၁၁ အောက်တိုဘာ ၈ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။
မှတ်ချက်။ ။ပို့ကုန်ရငွေဈေးနှုန်းသည် အောက်တိုဘာ ၇ ရက်ဈေးဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၂၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၄၇၄ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၆. ၇၁ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၇၄၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၉. ၀၃ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၉၈၃ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၇၀. ၅၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၅၆ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၉၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၉၆၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၀၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၅၃၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၀. ၀၃၉၄ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၃၀၁၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၂၃၁ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၃၂. ၁၂၈၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၆၃၅. ၈၀၀ |
| ရေနံစိမ်း | စည် | ၁၀၅. ၈၈၀ |
| ငွေ | ၁ အောင်စ | ၃၀. ၉၉၃ |
| ကြေးနီ | ပေါင် | ၃၂၇. ၃၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၄၈၁ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ အောက်တိုဘာ ၈ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011




# နေပြည်တော်တွင် ဝက်သားဈေး ထက်ဝက်ခန့် လျော့ကျ


လတ်တလောတွင် ကြက်နှင့်ဝက်ရောဂါများ ငြိမ်သက်ကာ အရောင်းအဝယ်ပုံမှန် ဖြစ်နေချိန်ဖြစ်သည်။

**ထူးသန့်**
**နေပြည်တော်၊ အောက်တိုဘာ-၃**

နေပြည်တော် သားငါးဈေးကွက်၌ ထိပ်ဆုံးဈေးနှုန်းဖြင့် အမြဲရှိခဲ့သော ဝက်သားဈေးနှုန်းမှာ ယနေ့တွင်မူ ယခင်ပေါက်ဈေး၏ ထက်ဝက်နီးပါးအထိ ချက်ချင်းလျော့ကျသွားခဲ့ကြောင်း နေပြည်တော် ပျဉ်းမနားဈေးကွက်မှ သတင်းရရှိသည်။

"ဝက်သားဈေးတွေပြုတ်ကျသွားတယ်။ တစ်ပိသာ ၄၀၀၀ ကျပ်ပဲရှိတော့တယ်" ဟု၍ ရပ်ကွက်ဈေးသည်တစ်ဦးက ပြောကြားသည်။ ဈေးဝယ်အိမ်ရှင်မတစ်ဦးကလည်း "အရင်နေ့တွေက ၇၀၀၀ ကျပ်ဈေးရှိခဲ့ပြီး ဒီနေ့ ၄၀၀၀ ကျပ်ပဲရှိတယ်ဆိုတော့မယုံနိုင်အောင်ပဲ။ ရောဂါတွေ ဘာတွေများ ကျသလားလို့ သံသယဝင်မိတယ်" ဟု ပြောသည်။

မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းရာတွင် "မနေ့က ဝက်ဒိုင်တွေခေါ်ပြီး ပြောလိုက်တယ်။ သတ်မှတ်ဈေးအတိုင်းပဲ ရောင်းရမယ်။ အတိုင်ခံရရင် အရေးယူမယ်လို့။ နောက်ပြီး ဈေးတွေမှာလည်း ကျွန်မတို့ဌာနက သတ်မှတ်ထားတဲ့ ဈေးနှုန်းနဲ့တိုင်ကြားဖို့ ဖုန်းနံပါတ်တွေကို ဗီနိုင်းနဲ့မနက်ဖြန်ကစပြီး စိုက်ထူသွားမှာပါ" ဟု တာဝန်ရှိသူကပြန်လည်ဖြေကြားသည်။

နေပြည်တော်တွင် ဝက်ဒိုင်များက ဝယ်ယူသော ဝက်ဈေးနှုန်းမှာ တစ်ပိသာလျှင် ၂၀၀၀ ကျပ်နှုန်းက အများဆုံးဖြစ်ခဲ့သော်လည်း ဈေးများတွင် ရောင်းချခဲ့သော ဈေးနှုန်းများမှု တစ်ပိသာလျှင် အနိမ့်ဆုံး ၆၀၀၀ ကျပ်ခန့်သာရှိသည်။ ဝက်နားရွက်ပြာရောဂါဖြစ်ပွားခဲ့သော ယခင်လများကလည်း ဈေးနှုန်းလျှော့ချခဲ့ခြင်းမရှိခဲ့ကြောင်း သတင်းရရှိသည်။




7DAY BOOK REVIEW

# မင်းတုန်းမင်းတရားကြီး၏ အတ္ထုပ္ပတ္တိ

(ဆရာအို)

လွန်ခဲ့သော (၈၅)နှစ်၊ ၁၉၂၆ ခုနှစ်က အုပ်ရေတစ်ထောင်သာ ရိုက်နှိပ်ထုတ်ဝေခဲ့ပြီး အလွန်ရှားပါးနေပြီဖြစ်သော အတ္ထုပ္ပတ္တိစာအုပ်ဖြစ်သည်။ 'မင်းတုန်းမင်း တရားကြီး၏ အတ္ထုပ္ပတ္တိ' ကို ရေးသားခဲ့သော မြန်မာပညာရှိဆရာအိုသည် 'သေသော်မှသည့် ဩော်. . ကောင်း၏' ကဗျာကိုရေးခဲ့သော ဆီးဘန်နီဆရာတော်ကြီး၏ ပညာရင်နို့သောက်စို့ခဲ့ရသူ၊ ရတနာပုံ နေပြည်တော်လွှတ်တော်၌ ၇နှစ်တိုင် ပညာသင်ယူခဲ့ပြီး တရားရုံး၊ ရာဇဝတ်ရုံး၊ဖြတိုက်တော်တို့၌ စာရေးတော်အဖြစ်အမှုထမ်းခဲ့ကာ ရတနာပုံနန်းတွင်းအရေးအခင်းများကို ကိုယ်တိုင်သိမီခဲ့သူပီပီ မင်းတုန်းမင်းတရားကြီး၏အတ္ထုပ္ပတ္တိကိုပြုစုရာ၌ ခုနှစ်၊ သက္ကရာဇ်၊ အချက်အလက်၊ကိန်းဂဏန်းပြည့်စုံစွာ စီရင်ရေးသားခဲ့သည်။

စာအုပ်တွင် မင်းတုန်းမင်းဖွားမြင်တော်မူရာမှ တတ်အပ်သော ပညာတို့သင်ယူခြင်း၊ မင်းတုန်းမင်းနှင့် ကနောင်မင်းတို့ အမရပူရမြို့ကို တိုက်ခိုက်သိမ်းယူပြီး ပြောင်းရွှေ့စံခြင်း၊ မန္တလေးမြို့တည်ထောင်ရန် အကြံဖြစ်ခြင်းနှင့် မြို့တည်ခြင်း၊ ကျောက်တော်ကြီးဘုရားထုလုပ်စေခြင်း၊ ငွေဒင်္ဂါးဒေါင်းတံဆိပ်သွန်းလုပ်စေခြင်း၊ မြင်ကွန်းမြင်းခုံတိုင်အရေးနှင့် နှိမ်နင်းခြင်း၊ ပဉ္စမသင်္ဂါယနာတင်ခြင်းနှင့် သီပေါမင်းအား အိမ်ရှေ့ပေးခြင်း၊ မင်းတုန်းမင်း နတ်ရွာစံခြင်းနှင့် သီပေါမင်းလက်ထက် မင်းသားအပေါင်းနှင့် ဆွေတော်မျိုးတော်များအား လက်သုံးတော်တို့ကွပ်မျက်ခြင်း စသဖြင့် အကြောင်းအရာစုံကို ပြေပြစ်ရှင်းလင်းသော စကားပြေဖြင့် ဖတ်ရှုရမည်ဖြစ်ပါသည်။ အထူးသဖြင့် ကုန်းဘောင်ခေတ်နှောင်း မင်းဆွေမင်းမျိုးများသည် တိုင်းရေးပြည်ရေး နိုင်ငံ့အရေးထက် ၎င်းတို့အာဏာရရှိရေးကိုသာ ဦးစားပေး၍ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရန်ငြိုးထားတိုက်ခိုက်သည့် ပဒေသရာဇ်စနစ်ဆိုးကို စာအုပ်ပါအဖြစ်အပျက်များ၌ ဖတ်ရှုရမည်ဖြစ်သည်။



မင်းတုန်းမင်း၏ အတ္ထုပ္ပတ္တိဆိုသော်လည်း သီပေါမင်းတရားအကြောင်းသာမက သူ့ကျွန်ဘဝကျရောက်စေခဲ့သော ကုန်းဘောင်ခေတ်နောက်ဆုံးအချိန်ထိ ပြုစုသူဆရာအိုက ရေးသားထားပါသည်။ ဆရာအို၏ လုံ့လပြုမှုကြောင့်ပင် သမိုင်းသုတေသီ၊ သမိုင်းပညာရှင်တို့ ကွင်းဆက်မပြတ်စေသော မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက်လွှတ်တော်အရာရှိမှူးမတ်တို့၏ ဘွဲ့အမည်စာရင်း၊ ကုန်းဘောင်မင်း(၁၁)ဆက် နန်းတက်၊ နန်းစံသည့်နှစ် စာရင်း၊ ကုန်းဘောင်မင်း(၁၁) ဆက်မင်းတို့၏ ဇာတာတော်များနှင့် အလောင်းမင်းတရားကြီးမှ ကုန်းဘောင်(၁၁) ဆက် ဆွေမျိုးတော်အမည် နာမများပါသိရှိမှတ်သားနိုင်ပါသည်။

စာအုပ်ပြုစုသူ ဆရာအိုသည် ကိုယ်တိုင်ကပင် လွှတ်တော်ထဲ အရောက်အပေါက်ရှိပြီး မှတ်တမ်းမှတ်ရာများ စုစည်းခဲ့သည့် အလျောက်မင်းတုန်းမင်း နတ်ရွာစံသည့်အကြောင်းကို "ငွေတော်(၂၂)ကုဋေခြောက်သန်းအတိုင်းအရှည်ရှိသော အလှူတော်ကြီးကိုဘတ်ပြီးလျှင် မင်းတရားကြီးဘုရားလူ့ပြည်ငြီး၍ နတ်ပြည်စံတော်မူလေသည်။ ရွှေနန်းစည်းစိမ်တော်(၂၅)နှစ်(၇)လ(၆)ရက်၊ သက်တော် (၆၄)နှစ်နှင့် ၄ လ ၆ ရက်တွင် နတ်ပြည်စံတော်မူလေသည်။ မိဖုရားပေါင်း (၄၉) ပါး၊ ဖွားမြင်သည့် သားတော် (၅၄)ပါး၊ သမီးတော်(၆၀) မြေးယောကျ်ား (၃၈) မြေးမိန်းမ (၄၅) စုစုပေါင်း သားမြေး(၂၄၈)" စသည်ဖြင့် ဖော်ပြထားရာ တိကျခိုင်မာသော အထောက်အထားတို့ဖြင့် ယခုစာအုပ်ကိုရေးသားဖွယ်ရာရှိပါသည်။

ပထမအကြိမ် ထုတ်ဝေစဉ်ကလို မူရင်းသတ်ပုံမူရင်းစာအုပ်ပုံစံအတိုင်း The Key စာအုပ်တိုက်မှ တန်ဖိုး ၁,၅၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။

Knowledge ဗဟုသုတ

## မီးခြစ်တွေ ဘယ်အချိန်ကတည်းက သုံးခဲ့ကြတာလဲ

မီးခြစ်ဟူသည်သယ်ဆောင်ရလွယ်ကူသည့်မီးညှိစရာပစ္စည်းငယ်တစ်ခုဖြစ်ပြီးပလတ်စတစ်(သို့မဟုတ်)သတ္တုကိုယ်ထည်အတွင်း မီးလောင်လွယ်သည့်အရည်တစ်မျိုး(သို့) ဖိအားပေးဓာတ်ငွေ့ရည်ပါရှိကာ မီးတောက်အောင်ပြုလုပ်နိုင်စွမ်းရှိသည်။ ပထမဆုံးမီးခြစ်များကို ၁၆ ရာစုတွင် တီထွင်နိုင်ခဲ့ကာ ကျောက်မီးသေနတ်များအဖြစ် ပြောင်းလဲအသုံးပြုခဲ့သည်။ ၁၈၂၃ ခုနှစ်တွင် ဂျာမန်ဓာတုဗေဒပညာရှင်ဂျိုနန်ဝုဖ်ဒိုဘာရိန်နာကပထမဆုံးမီးခြစ်အမျိုးအစားများထဲမှ တစ်မျိုးကိုတီထွင်ခဲ့သည်။ အဆိုပါမီးခြစ်မှာကြီးမားလွန်းသည့်အပြင် အန္တရာယ်လည်းရှိသဖြင့် ၁၉ ရာစုတွင် ပျောက်ကွယ်သွားခဲ့သည်။

၁၉၀၃ ခုနှစ်တွင် ယနေ့ခေတ်မီးခြစ်များနှင့်ဆင်တူသည့်မီးခြစ်များ ပေါ်ထွက်လာခဲ့ပြီး အပိုပစ္စည်းများကိုလည်း ငွေကုန်ကြေးကျနည်းစွာ လဲလှယ်နိုင်သည်။ ၁၉၅၀ ခုနှစ်များက မီးတောက်ထိန်းချုပ်နိုင်မှုနှင့် ဓာတ်ငွေ့ရည်နှံ့ထွက်မှုနည်းပါးသည့် ဗျူတိန်းအသုံးပြုမီးခြစ်များပေါ်ထွက်လာခဲ့သည်။ ယင်းနောက် တဖြည်းဖြည်းခေတ်မီလာကာ မီးတောက်မဲ့မီးခြစ်များကိုပါတီထွင်နိုင်ခဲ့ပြီး ယနေ့ခေတ်ကာလတွင် ပုံစံစုံ၊ ဒီဇိုင်းစုံထုတ်လုပ်လာကာ အမှတ်တရပစ္စည်းများအဖြစ်လည်း ရောင်းချလာကြသည်။

*—Source: Wikipedia*




### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

မကောင်းသော ဘေးဥပါဒ်များ ဝင်မည်။ ငွေကြေးအတွက် စကားများရမည်။ စိန်လက်စွပ်၊ကျောက်စိမ်းလက်စွပ်ဝင်ကိန်းပေါ်နေသည်။ ကက်ဆက်သို့မဟုတ် ကားစက်ပစ္စည်း အဟောင်းတစ်ခုဝင်က တန်ဖိုးကြီးသော ပစ္စည်းဝင်ကိန်းလျော့သွားမည်။ ကားအရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း ငွေဝင်မည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ရွှေထွက်ကိန်းရှိသည်။ ထွက်ပြီးမကြာမီ ပြန်ဝင်မည်။ ဝယ်ယူသော ပစ္စည်းတစ်ခုသည် မည်မျှတန်ဖိုးကြီးမားသည်ဖြစ်စေ လက်တွင်မြဲလိမ့်မည်မဟုတ်သေး။ ထပ်ထွက်မည်။ အကြီးအကဲများ မိဘများနှင့် စကားများရခြင်း၊ ပဋိပက္ခဖြစ်ရခြင်းများ ရှိမည်။ မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်မည်။ မေတ္တာရေးကံကောင်းမည်။ စေ့စပ်မင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ အလှူမင်္ဂလာကိစ္စများ ကြုံမည်။

### GEMINI — မေထုန်ရာသီဖွား (မေ၂၂-ဇွန်၂၁)

လုပ်ငန်းသစ်များ လုပ်ရမည်။ ဝန်းကျင်သစ်နှင့် ဆက်ဆံရမည်။ ကြီးကြီးကျယ်ကျယ် ပြုလုပ်သော ပွဲလမ်းတစ်ခုတွင် ပါဝင်ဆောင်ရွက်ပေးရမည်။ အိမ်အနီးအပါးတွင် ပျော်ပွဲရွှင်ပွဲများ ရှိလိမ့်မည်။ ပြည်ပခရီးကိစ္စ၊ နိုင်ငံရပ်ခြားခရီးကိစ္စများ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း ကြုံမည်။ ယာဉ်ကားမောင်းနှင်မှုများ သတိနှင့်မောင်းနှင်ပါ။ လှည့်ဖြားခံရခြင်းရှိမည်။ လူမှုရေးကိစ္စများ ရှုပ်ထွေးမည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန်၂၂-ဇူလိုင်၂၂)

လူမှုရေးအညှိများ ဆက်တိုက်ကြုံတတ်သည်။ ပျို့ရွယ်သောသူများအဖို့ အချစ်ရေး၊ မေတ္တာရေးကိစ္စများတွင် စိတ်အနှောင့်အယှက်ကြုံမည်။ ကြန့်ကြာနေသော ရပိုင်ခွင့်များ ငွေကြေးများ လက်ဝယ်ပြန်လည်ရရှိမည်။ အခက်အခဲများ ဖြေရှင်းနိုင်မည်။ အရပ်တစ်ပါးနှင့် ဆက်သွယ်လုပ်ကိုင်မှုများမှ ကောင်းသောအကျိုးဆက်များ ရရှိမည်။ မိတ်ဟောင်း ဆွေဟောင်းများနှင့် ပြန်တွေ့မည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အိုးအိမ်နေရာထိုင်ခင်း ပြင်ဆင်ခြင်းပြောင်းလဲခြင်းများ အဆင်ပြေမည်။ မောင်နှမသားချင်းများ၏ ကိစ္စများအား အောင်မြင်စွာဖြေရှင်းပေးနိုင်မည်။ ကြိုးစားဆောင်ရွက်ထားသည့်ကိစ္စများမှ ကောင်းသော အကျိုးဆက်ရရှိမည်။ မုဆိုးမ၊ တစ်ခုလပ်၊ အပျိုကြီးစသည့် အမျိုးသမီးများထံမှ အထောက်အကူရရှိမည်။ မိမိအပေါ်စေတနာနှင့်ကူညီပေးမည်။ ပညာသင်တန်းနှင့်ပတ်သက်သောကံအထူးကောင်းသည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

မိတ်ဆွေသစ်များ တိုးပွားနိုင်မည်။ ပညာအတွက် စနစ်တကျ ဆောင်ရွက်သူများ ပညာရေးတွင်ကောင်းကျိုးများ ရရှိခံစားရမည်။ အသိပညာတစ်စုံတစ်ရာကို သော်လည်းကောင်း ရရှိနိုင်သည်။ အမွေကိစ္စပိုင်ဆိုင်မှု ကိစ္စအတွက် စကားပြောဆိုရခြင်းရှိမည်။ အကြွေးဟောင်းများ ပြန်လည်တောင်းခံနိုင်မည်။ လက်လွှန်ထားသော ငွေကြေးများ၊ ပစ္စည်းများ ပြန်လည်ရရှိမည်။ အရာရာအဆင်ပြေသွားမည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ကျန်းမာရေး အညှိရှိသည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း မကြာခဏချူချာမှုများ ဆက်တိုက်ဖြစ်မည်။ စတင်ဖြစ်ပေါ်သည့်အချိန်မှစ၍ ၆ ရက်ကြာအောင် ချူချာမှုများရှိမည်။ ဤသို့ဖြင့်ခရီးသွားရမည်။ ခရီးမှ အပြန်တွင် ကျန်းမာရေးပြန်လည်ကောင်းသွားမည်။ သောကြာနေ့ မွေးသူ တစ်ဦးအား အဖြူရောင်ပစ္စည်းတစ်ခု လက်ဆောင်ပေးလိုက်ပါ။ အရာရာ အဆင်ပြေသွားမည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ငွေကြေးကံကောင်းမည်။ မထင်မှတ်ထားသော ငွေဝင်ကိန်းနှင့် ငွေဝင်မည်။ စိတ်ချမ်းမြေ့စရာများ ရှိမည်။ ကောင်းသော သတင်းစကားများ ကြားသိရမည်။ စကားအောင်မည်။ ဩဇာအာဏာကြီးမားမည်။ ငွေအစုလိုက်ဝင်မည်။ အမွေရကိန်း(သို့မဟုတ်) မြေရကိန်းရှိသည်။ ချစ်သူတွေ့မည်။ အိမ်ထောင်ရေးကိစ္စ ဆုံးဖြတ်ရမည်။ ယာဉ်ကားထိခိုက်မှု ဂရုစိုက်ရမည်။ ငွေကြေးအပေးအယူမှားယွင်းတတ်သည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ကိုယ့်ထက်ငယ်သောသူများ၊ လက်အောက်ငယ်သားများနှင့် နာမည်သိက္ခာ ထိခိုက်စရာများ ကြုံတတ်သည်။ ငွေကြေးအပေးအယူ မှားယွင်းတတ်သည်။ သူတစ်ပါး အရှုပ်အထွေးများ ဝင်ရောက်ဖြေရှင်းရင်းကိုယ်တိုင်တွင်လည်း နာမည်သိက္ခာထိခိုက်မည်။ အပြိုင်အဆိုင်အားလုံးကို ကျော်လွှား၍ ဘဝတိုး တက်မှုများရရှိမည်။ ပညာလုပ်ငန်းတွဲဖက်၍ တိုးတက်မည်။ ပဋိပက္ခများ ဖြေရှင်းရမည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ရပ်တန့်ထားသော လုပ်ငန်းများ ပြန်လည်ဖြေရှင်းရမည်။ အများနှင့် ပူးပေါင်း ဆောင်ရွက်ရသော ကိစ္စများတွင် အောင်မြင်မှုရမည်။ နာမည်ကောင်းရမည်။ တစ်ပါးသူကိစ္စများ အကူအညီပေးနိုင်မည်။ ဉာဏ်စွမ်းအား၊ ဝီရိယစွမ်းအားသာမက ကံအခြေအနေ ပံ့ပိုးမှုကြောင့် ထူးခြားသော တိုးတက်မှုများ ရရှိမည်။ အကြံတူဉာဏ်တူချင်းယှဉ်က ကိုယ်ကသာမြင့်သည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

လုပ်အားကြောင့်သာမက ကံကြောင့်ပါ။ ငွေဝင်နိုင်ခြင်းရှိသည်။ စနေနံ အထူးအကျိုးပေးသည်ဖြစ်ရာ အထည်၊ ရတနာများ ဝင်နိုင်သည်။ ဘုရားထီးတော်တင်ပါ။ အလှူငွေထည့်ကလည်း အကျိုးရှိမည်။ အိမ်တွင်းရေး အပူများကြုံမည်။ အိုးအိမ်ထွက်ကိန်းရှိသည်။ ဥပဒေနှင့် မကင်းသော ကိစ္စမှန်သမျှ ရှောင်ကြဉ်ပါ။ ပြဿနာဖြစ်က ဖြေရှင်းရခက်သည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ငွေကုန်ကြေးကျများမည်။ ငွေကြေးအတွက် စိတ်သောကရောက်ရမည်။ တနင်္လာနေ့မွေးသူများကြောင့် ပြဿနာဖြစ်ရမည်။ အမှုအခင်း ဖြစ်ရမည်။ အနည်းဆုံးခြေနာ၊ ကျောနာ၊ ခါးနာဖြစ်တတ်သည်။ အလိမ်အညာ ခံရခြင်းများ မလွဲသေချာပေါက် ကြုံရမည်။ အလုပ်အဆင့်၊ ရာထူးအဆင့်မြင့်မားမည်။ လူမျိုးကွဲအကျိုးပေးမည်။ ရေခြား၊ မြေခြားမှ ထောက်ပံ့မှုကောင်းရရှိမည်။

7DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011



Photo - AP

# မစ္စတာပူတင်တဲ့လား

ကြည်နေဝင်းမင်း

မစ္စတာဗလာဒီမာပူတင် ကရင်မလင်နန်းတော် ပြန်လာမယ်ဆိုတဲ့ သတင်းကို ရုရှားနိုင်ငံက လုံးဝဥသုံငြိမ်သက်စွာနဲ့ ခံယူခဲ့ပါတယ်။ ထူးမခြားနားသဘောထားပင် ရှိခဲ့တယ်လို့ သံသယပွားသူတွေက ဆိုချင်ဆိုကြပါလိမ့်မယ်။ သမ္မတရွေးကောက်ပွဲတွေကို လာမယ့် မတ်လမှာမှ ကျင်းပမှာဖြစ်ပေမယ့်လည်း ရွေးကောက်ပွဲပြီးသွားပြီလို့ ဆိုရပါမယ်။ ပြုံးပြုံးပျော်ပျော်နဲ့ပဲ သမ္မတဒီမီထရီမက်ဗီဒက်ကသရဖူကို ဝန်ကြီးချုပ်ပူတင်ကို ပြန်ပေးခဲ့ပါတယ်။ အပြန်အလှန်အားဖြင့် ပူတင်ကလည်း မက်ဗီဒက်ကို ဝန်ကြီးချုပ်နေရာကတိပေးခဲ့ပါတယ်။

ဟုတ်ပါတယ်။ ရွေးကောက်ပွဲဟာ ဖြစ်ရိုးဖြစ်စဉ် ဖြစ်သွားတော့မယ်ဆိုတာကို ရုရှားနိုင်ငံနဲ့ အခြားနေရာတွေမှာ မပျော်မရွှင်ဖြစ်သွားတဲ့လူတွေ ရှိပါတယ်။ ဒါပေမဲ့လည်း ရွေးကောက်ပွဲဝင်မယ့် ကိုယ်စားလှယ်တွေ (မက်ဗီဒက်အပါအဝင်) လွတ်လွတ်လပ်လပ် ယှဉ်ပြိုင်ကြရင်တောင် မစ္စတာ ပူတင်ပဲ အနိုင်ရမှာပါပဲ။ ရုရှားနိုင်ငံသားအများစုက မစ္စတာပူတင်ကို ကြိုက်နှစ်သက်ကြပါတယ်။ ခိုင်မာတောင့်တင်းတဲ့ သမ္မတတစ်ယောက်ဆိုတဲ့ သူတို့ရဲ့ အယူအဆကို ပူတင်က ကျေနပ်စေပါတယ်။ ရင်အုပ်ကျယ်ကျယ်နဲ့ ကျန်းမာသန်စွမ်းသူ၊ နိုင်ငံအကျိုးစီးပွားကို အခိုင်အမာ ကာကွယ်ပြီး တင်းတင်းရင်းရင်း စကားပြောတတ်သူလို့နားလည်ထားကြပါတယ်။

ဒါဖြင့်ရင် နိုင်ငံရေးစနစ်ပြင်ပက လူတွေအပါအဝင် အတိုက်အခံတစ်ဖွဲ့လုံးကို ပါဝင်လာစေပြီး တီဗီလိုင်းတွေ အကုန်လုံးကနေ မစ္စတာပူတင်ကို လွတ်လွတ်လပ်လပ် ဝေဖန်ခွင့်ပေးရင်ကော ဘယ်လိုနေမလဲ။ သူရှုံးသွားမလား။ နိုးပါ။ သူပဲနိုင်မှာပါပဲ။ သို့သော် ကရင်မလင်ရဲ့ ဩဇာအာဏာ အခြေခံအုတ်မြစ်တွေတော့ ယိုင်နဲ့သွားပါလိမ့်မယ်။ တချို့တစ်ဝက်တိုက်စားခံရပါလိမ့်မယ်။ အဲဒီနောက်တော့ အပျက်အစီးတွေကို ပြန်လည်ပြုပြင်ရပါလိမ့်မယ်။ ၁၉၉၀ ခုနှစ်တွေမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ရှုပ်ထွေးမှုကို ၂၀၀၀ ပြည့်နှစ်မှာ မစ္စတာပူတင်ကရင်မလင်ရောက်လာပြီး ရှင်းလင်းခဲ့ရသလိုမျိုး ရှင်းလင်းရပါလိမ့်မယ်။

မစ္စတာမက်ဗီဒက်က သူ့ရဲ့ စီနီယာရဲဘော်ရဲဘက်ကို သစ္စာမဖောက်ပါဘူး။ ရုန်းကန်လှုပ်ရှားမှုမရှိဘဲ အာဏာကို စွန့်လွှတ်လိုက်ပါတယ်။ ကနဦးအစကတည်းက သူလက်ခံထားတဲ့ ကတိကဝတ်တွေနဲ့ အညီဆိုတာ ထင်ရှားပါတယ်။ သို့သော် ရုရှားနိုင်ငံမှာ အာဏာခွဲဝေမှု အစစ်အမှန်ပင် မရှိခဲ့ဘူးလား။ နည်းနည်းလေးတောင်မရှိဘူးလား။ ဒါမှမဟုတ် စိတ်ကူးယဉ်သက်သက်ပဲလား။ ပြန်ကြည့်မယ်ဆိုရင်တော့ မက်ဗီဒက်ဟာ ပူတင်ရဲ့ တစ်စိတ်တစ်ဒေသမဟုတ်ဘူးလား။ တစ်ချိန်တည်းမှာပဲ ကြီးမားတဲ့ အရေးပါတဲ့ပူတင်ဟာ အမြဲတမ်းပဲ သူကိုယ်တိုင်နဲ့ မက်ဗီဒက်ကို ပေါင်းစပ်ထားတာမဟုတ်လား။

မစ္စတာ မက်ဗီဒက်မှာ ရည်ရွယ်ချက်ကောင်း တချို့ရှိခဲ့ပါတယ်။ ကျေးဇူးတင်ပါတယ်။ ဒီမီထရီ။ စာမျက်နှာလှန်လိုက်ပါပြီ။

ကျွန်တော်ရဲ့ တစ်နေ့တာဟာပုံမှန်အတိုင်းစတင်ခဲ့ပါတယ်။ ကျွန်တော်ရဲ့ ခြောက်နှစ်သမီးမာယာရဲ့ ကလေးသွားကလေး ဘယ်လိုထွက်လာတယ်ဆိုတာ စစ်ဆေးဖို့ သွားဆရာဝန်ဆီ ခေါ်သွားခဲ့တယ်။ နေ့လယ်လောက်မှာကျွန်တော်တို့ပူတင်ကို သမ္မတအဖြစ်ထပ်ရလိမ့်မယ်လို့ ကျွန်တော်သိခဲ့ရတယ်။ ဘယ်သူငယ်ချင်းမှ ကျွန်တော့်ဆီ ဖုန်းမဆက်ပါဘူး။ဒါဟာသူတို့အတွက်သတင်းမဟုတ်ဘူးဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

မှန်ပါတယ်။ တချို့က မျက်လှည့်ပြသလို အံ့ဖွယ်သရဲ ပြောင်းလဲမှုကို ဆက်လက်စောင့်စားနေကြပါတယ်။ သူရဲ့ရင်ထဲ အသည်းထဲမှာ ပူတင်ဟာ ရုရှားနိုင်ငံကို နောက်ထပ် ၁၂ နှစ်ဆောင်ကြဉ်းသွားချင်မှာမဟုတ်ဘူးလို့သူတို့တွေး ထင်ကြပါတယ်။ ဒါဟာလေးလံပြီး၊ ကိုးရိုးကားရားနိုင်တဲ့ ဆီအပြည့်နဲ့ ဓာတ်ဆီကားကြီးမောင်းရ သလိုဖြစ်ပါလိမ့်မယ်။ သို့သော် ဒီ ဓာတ်ဆီကားကြီးကို သူ့ထက် ဘယ်သူကမှ ပိုပြီးကောင်းကောင်း မွန်မွန်ကိုင်တွယ်နိုင်လိမ့်မယ်မဟုတ်ဘူးလို့ ပူတင်က ကျကျနန ဆုံးဖြတ်ခဲ့ပါတယ်။

ဒါနဲ့များ၊ ဘယ်လိုကြောင့် မျက်လှည့်ဆန်ဆန်အပြောင်းအလဲကို စောင့်စားနေကြရတာလဲ။ ဘာဖြစ်လို့လဲဆိုတာ ထင်ရှားတာကတော့ လွန်ခဲ့တဲ့ ၂ နှစ်အတွင်းမှာမက်ဗီဒက်ဟာ ရုရှားနိုင်ငံကို ကမ္ဘာလုံးဆိုင်ရာ တိတိကျကျဆိုရရင် ဥရောပတန်ဖိုးတွေဆီကို ချဉ်းကပ်ရေးကြိုးစားဖို့ ဆုံးဖြတ်ခဲ့လို့ ဖြစ်ပါတယ်။ ဒါကို ရုရှားနိုင်ငံကလည်း အသည်းအသန်လိုအပ်ခဲ့တယ်။ "ရုရှား၊ ရှေ့သို့" လို့သူပြောခဲ့တယ်။ ခေတ်မီအောင် ပြုပြင်ပြောင်းလဲရေး အဆိုပြုခဲ့တယ်။ ရာဇဝတ်မှုဆိုင်ရာ တရားရေးစနစ်ကို ရှုတ်ချခဲ့တယ်။ လက်နက်ကိုင်အဖွဲ့ကို ရဲတပ်ဖွဲ့လို့ အမည်ပြောင်းခဲ့တယ်။ လစ်ဗျားကိစ္စမှာ အနောက်နိုင်ငံ မဟာမိတ်တွေနဲ့ လက်တွဲခဲ့တယ်။ စသဖြင့်၊ စသဖြင့်ရှိခဲ့ပါတယ်။

ဟုတ်ပြီ။ သို့သော် မစ္စတာပူတင်ဟာ နံပါတ်တစ်အဖြစ်ဆက်ရှိနေခဲ့ပါတယ်။ မစ္စတာပူတင်ဟာ ပုံသဏ္ဌာန် အမျိုးမျိုးရယူနိုင်ခဲ့ပါတယ်။ သူရဲ့ဘဝနေထိုင်မှုဟန်ပန်မှာ သူဟာ ဥရောပသားစစ်စစ်ပါပဲ။ ဒါဟာ အားတက်ဖို့ကောင်းတယ်။ White Russian လှုပ်ရှားမှုကိုပြန်လည်နာလန်ထလာစေခဲ့ပြီး စတာလင်ခေတ် ဖိနှိပ်မှုတွေကို ရှုတ်ချခဲ့တယ်ဆိုတာလည်း အားတက်စရာကောင်းပါတယ်။ ဒါပေမဲ့သူဟာ ဆိုဗီယက်ရုရှားရဲ့ ကြီးကျယ်ခမ်းနားမှုကိုတော့ သိသိသာသာလက်လွှတ်ခဲ့တယ်။ ဒါက စိတ်အားငယ်စရာကောင်းတယ်။ အထူးသဖြင့် ကျွန်တော်တို့ရဲ့အိမ်နီးချင်းတွေအတွက်ပေါ့။

မက်ဗီဒက်လိုမဟုတ်ဘဲ မစ္စတာပူတင်ဟာ ရုရှားကို ဥရောပဆီ (သို့မဟုတ်) တခြားတတိယလမ်းကိုဦးဆောင်သွားဖွယ် ရှိပါတယ်။ ဗင်နီဇွဲလားလိုနိုင်ငံမျိုးတွေနဲ့ တခြားထူးထူးဆန်းဆန်း မိတ်ဆွေတွေနဲ့ အဲဒီတတိယလမ်းဟာ အနောက်နိုင်ငံတွေကို အမြဲတမ်းဘဝင်ကျစေမှာတော့မဟုတ်ပါဘူး။

ဒါပေမဲ့ ကျွန်တော်သေသေချာချာသိတာကတော့ မစ္စတာပူတင်ဟာ သူ့ရဲ့အမြင်တွေမှာ ရုရှားနိုင်ငံသား ၈၀ ရာခိုင်နှုန်းထက်ပိုပြီး ပွင့်လင်းပါတယ်။ လူထုအမြင်က သူ့ထက်ပိုပြီး အမျိုးသားရေးဆန်ပြီး နိုင်ငံခြားသားကို ကြောက်ရွံ့ပါတယ်။ ပြောချင်ရာပြောနိုင်ပါတယ်။ ဒါပေမဲ့ ပူတင်ဟာအခြေခံအားဖြင့် ဆင်းရဲတဲ့ နိုင်ငံမှာ ဆိုးရွားတဲ့ခံစားချက်တွေရဲ့ အရန်အတားပဲဖြစ်ပါတယ်။ အောက်ခြေက တော်လှန်ရေးတွေကို ကျွန်တော်တို့ မလိုအပ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လစ်ဘရယ်တွေက ကရင်မလင်နဲ့ မဆက်ဆံတတ်ဘူး ဒါမှမဟုတ် ငယ်ရွယ်တဲ့လစ်ဘရယ်တွေဟာလည်း အနောက်နိုင်ငံတွေကို ထွက်ပြေးနေလို့ပဲဖြစ်ပါတယ်။

ဒါ့ကြောင့် မျက်လှည့်ပြသလိုအပြောင်းအလဲတွေအတွက် မျှော်လင့်ချက်တွေ ကုန်ဆုံးသွားပြီဆိုရင် လူမျိုးအကျိုးပဓာန နိုင်ငံရေးအမြင် ထွန်းကားပါစေတော့။ ပူတင်ဟာ လက်တွေ့ပဓာနဝါဒီဖြစ်လာခဲ့ရင် ကောင်းပါတယ်။ ကျွန်တော့်ပုဂ္ဂလိကတစ်ယောက်တည်း အတွက်ဆိုရင်လည်း ကောင်းပါတယ်။ ၂၀၀၀ ပြည့်လွန်အစောပိုင်းနှစ်တွေမှာ ကျွန်တော်တို့ကို မစ္စတာပူတင်ပေးအပ်ခဲ့တဲ့ ပုဂ္ဂလိက လွတ်လပ်ခွင့်တွေကိုကျွန်တော်တို့ မှီတွယ်ထားနိုင်မယ်ဆိုရင် ဒါဟာ လုံးဝအဆိုးကြီးမဟုတ်ပါဘူး။

*—Ref: Putin? Oh, What a Surprise! by; Victor Erofeyev; NY Times*






SUNSILK
SUNSILK


ကိုနိုဒင်း

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 6700) (775) Processor | 60,225 |
| Intel P4 DualCore 3.0 (E5700) (775) Processor | 53,625 |
| Intel P4 Core i3 3.1 GHz (1155,2100) Processor | 95,700 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 152,625 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 240,075 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 50,325 |
| MSI PH51A-P35 (B3) | 84,150 |
| ASUS P5G41T-MLX (775) | 51,150 |
| ASUS P8H61-MLX Plus (1155) | 71,775 |
| ASUS P8H67MLE (1155) | 94,050 |
| Gigabyte P67A-UD3 (B3) (1155) | 144,375 |
| Gigabyte G41MT-S2 (775) | 51,150 |
| Gigabyte H55M- S2V (1156) | 82,500 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 39,600 |
| 1 GB DDR2 (800) Kingston | 14,850 |
| 2 GB DDR2 (800) Kingston | 22,275 |
| 4 GB DDR3 (1333) Kingston | 22,275 |
| **Harddisk** | |
| 500 GB Seagate SATA | 39,600 |
| 1.5 TB Seagate SATA | 66,000 |
| 2 TB Seagate SATA | 80,850 |
| **PCI Express Card** | |
| MSI EAH 5450 1GB DDR3 PCI Express Card | 43,725 |
| MSI N430GT 1GB PCI Express Card | 68,475 |
| MSI N430GT 2GB PCI Express Card | 72,600 |
| ASUS ENGTX520 1GB PCI Express Card | 54,450 |
| ASUS ENGT 430 1GB DDR3 PCI Express Card | 67,650 |
| ASUS EHA 5750 Formula 1GB DDR5 PCI Express Card | 117,975 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 41,250 |
| Gigabyte Geforce 220TC 1GB PCI Express Card | 57,750 |
| **Memory Stick** | |
| Memory Stick Apacer 4 GB | 7,500 |
| Memory Stick Sony 8 GB | 13,000 |
| Memory Stick Sony 16 GB | 23,500 |
| Memory Stick Verbatim 16 GB | 16,000 |
| **UPS** | |
| Power Tree (650 VA) UPS | 36,000 |
| Power Tree (1250 VA) UPS | 61,000 |
| Power Pro (650 VA) UPS | 33,000 |
| Power Pro (1200 VA) UPS | 62,000 |
| Star (650 VA) UPS LED | 30,525 |
| Star (650 VA) UPS LCD Display | 32,174 |
| East (650 VA) UPS LED | 34,650 |
| East (650 VA) UPS LCD Display | 42,900 |
| East (1200 VA) UPS | 63,525 |
| **DVD Writer** | |
| HP DVD Writer (SATA) | 22,500 |
| ASUS DVD Writer (SATA) | 23,925 |
| Liteon DVD Writer (SATA) | 25,575 |
| **အိတ်ဆောင်တီပီငှကအဘိဓာန်** | 160,000 |

Technoland ဆိုင်မှ အောက်တိုဘာ(၈)ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.70Ghz 4GB DDR3, 750GB HDD,14.0″ | 966,000 |
| Intel Atom 1.66 Ghz 1GB DDR3, 320GB HDD,10.1″ | 229,425 |
| **Asus** | |
| Intel Atom 1.66 Ghz 1GB DDR2, 160GB HDD,10.2″ | 225,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,086,000 |
| **Hp** | |
| Intel Core i3 2.10 Ghz 4GB DDR3,500GB HDD,15.6″ | 515,000 |
| **Sony** | |
| Intel Core i5 2.30 Ghz 4GB DDR3,500GB HDD,14.0″ | 1,038,000 |
| **MSI** | |
| Intel Core i3 2.4 Ghz 2GB DDR3, 500GB HDD,14.0″ | 478,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၆) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့်OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၄,၇၀၀ |
| ဘိလပ်မြေ(မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ(ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၅၀၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၉ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၀ |
| အုတ်(၈ ပေါက်အုတ်) | တစ်လုံး | ၉၇ |
| အုတ်(၁၀ ပေါက်အုတ်) | တစ်လုံး | ၁၅၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ(အနု) | တစ်ကျင်း | ၅၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၂,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၇၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၁၆၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၁၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၃၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၆) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၇,၀၀၀-၈,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၆၀၀-၇၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၂၀၀-၁,၄၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၀၀၀-၁,၅၀၀ |
| ငရုတ်သီး(ပိန်း) | ၁ ပိဿာ | ၂,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၄,၀၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ အောက်တိုဘာ (၈) ရက်က ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၄၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃၉၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၈၀၀-၁၀၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁၈၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၄၀၀-၁,၅၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၃,၂၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀-၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဇမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၈၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၃,၆၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၃,၆၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၄,၇၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၄၀၀-၁,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၄၀၀-၂,၄၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၂,၅၀၀-၂၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁၈၀၀-၃,၄၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၄,၂၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၇၀၀-၉,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၄,၈၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၁,၇၀၀-၂,၈၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၅၀၀-၁၀,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၅၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၀,၀၀၀-၂၇,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၆၀၀ |

အောက်တိုဘာ(၆)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/အ/သ | ၁၀၀,၁၂၀ |
| စူဇူကီး ဝက်ဂွန် R+ | - | ၉ခ | ၁၇၅ |
| တောင်းအော့ပစ်ကာပ်(ပဇင်းခေါင်း) | ၂၀၀၀ | စ/ဆ | ၂၀၀ |
| စူဇူကီး R- (2Way) | CNG | ၄ခ/၅ခ | ၁၀၀ |
| တိုယိုတာ(လီမိတက်) | ၉၀ | ၄ခ | ၂၃၀ |
| တိုယိုတာ(ဖင်ကောက်) | ၉၆ | ၄ခ | ၃၄၀ |
| မတ်ခ်တူး(ခါတ်ဆီ) | ၉၂ | ၄င | ၂၄၀ |
| ဆပ် | ၉၉ | ၄င/၅င | ၆၅၀ |
| ပါဂျဲရို | ၉၇ | ၄င | ၆၀၀ |


အောက်တိုဘာ (၉)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Oct (2) | Oct (3) | Oct (4) | Oct (5) | Oct (6) | Oct (7) | Oct (8) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Octane ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |
| Premier ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |

7DAY NEWS JOURNAL
Vol.10, No.30 • OCTOBER 13, 2011

# Puzzle&Classified




## Free Classified

**အခမဲ့ ကြော်ငြာကဏ္ဍ**

**ခရုအိမ်**

**အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။**

**PH:09-73037776, 09-73204374**

**ကားရောင်းမည်**

ဖီးရပ်(စ်)ည/တစ်ထောင်ကျော် စီအင်န်ဂျီအိုးပါ တက္ကစီ ကျပ်သိန်း ၁၈၀ (ညှိနှိုင်းဈေး)

**ဖုန်း-၀၉-၄၉၂၁၄၀၄၃**

**သင်တန်း**

ဆေးတက္ကသိုလ်နှင့် ၁၀တန်းကျောင်းသားများအတွက် အထူး Study Guide.

**PH: 09-49319765**

**စေတနာရှင်များ အလိုရှိသည်**

သွေးကင်ဆာနှင့်သွေးလွန်တုပ်ကွေးကလေးငယ်များအတွက် Fresh Blood သွေးလှူရှင်များ လိုအပ်နေပါသည်။ **ဖုန်း-၀၉-၇၃၀၃၉၅၉၁**

**ကျောင်းသားပညာရေး ခရီးစဉ်**

ရောဝတီမြစ်ကမ်းဘေးရှိတောင်နံရံများကို ထွင်းထုထားသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် အနုပညာလက်ရာများကို ဖူးမြော်လေ့လာနိုင်ရန်အတွက်။ **ဖုန်း-၀၉-၇၃၀၅၉၉၈၇**

**ပညာဒါန တရုတ်စကားပြော**

အင်္ဂါ+ဗုဒ္ဓဟူး ည ၇-၈း၃၀ ၂၁၈၊ ၃ လွှာ၊ ကျိုက္ကဆံလမ်းမကြီး၊ ကျောက်မြောင်းဈေးမှတ်တိုင်ရှေ့။ ကျောင်းသားကန့်သတ်သည်။

**ဖုန်း- ၀၉-၇၃၀၄၉၅၄၃**

**တက္ကစီကားရောင်းမည်**

Mazda 323 (1985 Model) (1.3 Petrol Engine, Alloy Wheel) ကားသန့်။

**ဖုန်း- ၀၉-၄၉၂၁၅၅၆၅**

**ဝန်ဆောင်မှု**

ဂျီအက်စ်အမ်ဖုန်းအင်တာနက်စနစ်ဖြစ်သည့် EDGE စနစ်အား Handset မှ တစ်ဆင့် ကွန်ပျူတာ Laptop+ Note book များဖြင့် ချိတ်ဆက်ပေးပါသည်။

**ဖုန်း- ၀၉-၇၃၀၄၈၀၅၁**

**တိုက်ခန်းရောင်းမည်**

၁၂ ပေခွဲ× ၅၀ ပေ၊ မြေညီထပ်၊ ကျောက်တံတားမြို့နယ်။ ရေမီးအစုံ။ ပိုင်ရှင် ကိုယ်တိုင်။

**ဖုန်း- ၀၁-၃၈၉၇၀၈**

**Princess (Beauty Saloon)**

**Lady Only**

သင်တန်းသူလက်ခံသည်။ တိုက်(၈)၊ အခန်း(၄)၊ ရွှေဂုံရိပ်မွန် အိမ်ရာ၊ ဗဟန်း၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၇၃၁၉၁၈၇၁

**Friends ++ (မြေနီကုန်း)**

ကွန်ပျူတာကို အခြေခံမှစ၍ အိမ်အရောက် သင်ကြားပေးပါသည်။

**ဖုန်း-၀၉ ၅၄၀၃၆၄၂၊ ၅၀၄၃၇၅**

**Laptop ရောင်းမည်**

Acer Corei3, 2GB, 320 HDD,14", Toshiba Dual Core 2.3Ghz, 1 GB, 250 HDD, 14"

ဖုန်း-၀၉ ၇၃၀၄၈၀၅၁

**အိမ်နှင့်ခြံရောင်းမည်**

လှည်းကူးမြို့နယ်၊ ၈/၂ရပ်ကွက်၊ ပေ (၈၀×၆၀)၊ ရေမီးစုံ၊ သီးပင်စုံ၊ ညှိနှိုင်းဈေးဖြင့်ရောင်းမည်။

ဖုန်း-၀၉ ၈၀၃၄၁၁၂

**သင်ကြားပေးသည်**

Grade(8) to (11) ၊ တစ်ဘာသာချင်း (သို့) ဘာသာစုံ။

ဖုန်း-၀၉ ၇၃၀ ၂၈၄၇၅

**သင်ကြားသည်**

Parcitcal Maintenance Course ကွန်ပျူတာများ၏ Hardware ပိုင်း၊ OS ပိုင်းနှင့် Error များဖြေရှင်းနည်းတို့ကို အိမ်အရောက်သင်ကြားပေးပါသည်။

ဖုန်း-၀၉ ၄၉၂၂၇၃၆၅

**ရောင်းရန်ရှိသည်**

KTV ဆိုင်သုံးပစ္စည်းများ၊ ဆိုဖာ၊ စားပွဲ၊ အဲကွန်း၊ Toshiba TV ၊ Speaker၊ Amplifier ၊ မီးအားမြင့်စက်(၉၉၉)၊ အိမ်သာကြွေခွက်။

ဖုန်း-၀၉ ၄၉၃၄၂၅၅၃

**ရောင်းမည်**

အသစ်ကဲ့သို့ကောင်းမွန်သော Marine Engine 2 Units, Generator 1 Unit

ဆက်သွယ်ရန်-

ဖုန်း-၅၁၆၁၆၀၊ ၀၉ ၅၁၇၅၅၁၀

**တရုတ်စကားပြောသင်တန်း**

ထိုင်ဝမ်ပြန် အတွေ့အကြုံရှိ ဘွဲ့ရ ဆရာမလင်းကိုယ်တိုင် တရုတ်စကားပြော အိမ်လိုက်သင်ကြားသည်။

ဖုန်း-၀၉ ၇၃၀၄၉၅၄၃

**Teacher Myo**

(G.C.E in London) 1. Grade X, XI, 2. IELTS, Interview, 3. IGCSE, BCA.

**ဖုန်း-၀၉ ၅၁၃၂၃၇၃**

**Computer Centre**

O Zone computer centre, Network, Services, Software CD, PC Game CD and CCTV installation etc ...

ဖုန်း-၀၉ ၄၃၀၁၆၈၈၄

**သင်ကြားပေးသည်**

၁၀ တန်းကျောင်းသူ/သားများအား M.Sc ဘွဲ့ရ ဆရာမတစ်ဦးတည်းမှ ဂုဏ်ထူးရရန် အနီးကပ်လေ့ကျင့်သင်ကြားပေးသည်။ ၅ ယောက်သီးသန့်ဝိုင်းဖြင့်။

ဖုန်း-၀၉ ၅၅၀၁၈၉၁

**ရွှေစကား(မန္တလေး)**

ကွန်ပျူတာအိမ်လိုက်သင်သည်။ I-Office, Advanced Excel, DTP, MYOB, Peach Tree Software, Email & Internet, MP3, Mp4, Video Editing, Multimedia.

ဖုန်း-၀၉ ၉၁၀၀၄၉၈၈

**ရွှေဥဒေါင်းမင်း**

အိမ်၊ ခြံ၊ မြေ၊ ကား အထွေထွေအကျိုးဆောင်လုပ်ငန်း။ ဥပဒေအကြံပေးနှင့် စာချုပ်စာတမ်းဝန်ဆောင်မှုများလည်း ဆောင်ရွက်ပေးပါသည်။

ဖုန်း-၅၁၇၄၁၈၊ ၀၉ ၅၁၄၈၄၈၆

**နယူးဝမ်း (Digital Shop)**

TV Game, Mp3, Mp4 သီချင်းသွင်းသည်။ ပြုပြင်သည်။ နောက်ဆုံးပေါ် Software များ ရနိုင်သည်။ Update အမြန်ပြုလုပ်ပေးသည်။

ဖုန်း-၀၉ ၄၃၀၆၇၉၃၀

**အမြန်ရောင်းမည်(ညှိနှိုင်း)**

အချိုရည်လုပ်ငန်းသုံး စတီးအိုးကြီး ၂ လုံး၊ ပန်းချီကားဘောင်နှင့် မှန်ပေါင်များ၊ Control Box ၊ စားသောက်ဆိုင်သုံးစတီးစားပွဲခုံ၊ 1kw Invertor အသစ်။ ဆက်သွယ်ရန်-

ဖုန်း-၀၉ ၇၃၀၇၅၃၅၂

**သင်ကြားသည်**

T.C B.A English, IGCSE, TOEFI, IS, (၅) ယောက်စာသင်ဝိုင်း။ Oct(1) ရက်စတင်မည်။

ဖုန်း-၀၉ ၇၃၁၇၆ ၂၅၅

**အင်္ဂလိပ်စကားပြောသင်တန်း**

သုံးလအတတ်၊ Job Interview ၊ နိုင်ငံခြားသွား ၁ လအမြန်၊ အိမ်တစ်ဦးချင်းသီးသန့်၊ ရုံးဝန်ထမ်းများအတွက် ရုံးချိန်လွတ်သင်တန်း။

ဖုန်း-၃၈၉၁၇၃၊ ၀၉ ၅၀၀၆၆၈၀

**ဝန်ဆောင်မှု**

S.P.G (Super Paint Group) မှ ပစ္စည်း+လက်ခ+ပတ်တီး အပြီးအစီး။ 1 Sqft - ၂၀၀ ကျပ်ဖြင့် ဆေးသုတ်ပေးနေပါသည်။

ဖုန်း-၃၈၉၁၇၃

**ခြံနှင့်အိမ်ရောင်းမည်**

အမှတ်-၇/၃(က) ၇ ရပ်ကွက်၊ ကုန်းပေါ် တောင်ပိုင်း၊ နှစ်ထပ်တိုက်၊ ကလောမြို့၊ နယူးဇီလန်ပုံဒိုဇိုင်း၊ ခြံ ပေ (၃၃×၇၈)၊ အိမ် ပေ(၂၆×၃၀)၊ ဂရန်မြေ။ ဖုန်း-၀၉ ၅၁၀၆၁၅၅

**Computer Course**

Computer Basic -၁ လပြတ်၊ Adobe Photoshop -၁ လပြတ်။

ဖုန်း-၀၉ ၅၁၅၀ ၂၈၈

**ခြံနှင့်တိုက်ရောင်းမည်**

ပေ(၄၀×၆၀)၊ ဂရန်မြေ၊ RC တစ်ထပ်ခွဲတိုက်၊ အိပ်ခန်း ၄ခန်း၊ ဥက္ကာ(၇) လမ်း၊ ရပ်ကွက်သန့်၊ ဆေးတက္ကသိုလ် (၂)အနီး၊ မြောက်ဥက္ကလာပမြို့နယ်။ ဈေးနှုန်း ကျပ်သိန်း(၆၉၀)

ဖုန်း-၀၉ ၇၃၀၇၅၃၅၂

**သင်တန်း**

Special IELTS, IGCSE 4 Skill Eng, ဆရာ Solomon

ဖုန်း-၀၉ ၅၄၁၇၇၈၁
(ရန်ကင်းစင်တာအနီး)

**ဝန်ဆောင်မှု**

ဆောက်လုပ်ရေးလုပ်ငန်းများအတွက်ကိုဟောန်နှင့်လက်သမားဆရာများသို့ ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉ ၄၃၀၈၉၆၃၁

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

တောင်တွင်းကြီးမြို့၊ တောင်ပြင်(၂)၊ ပွဲတဲကုန်းရပ်၊ ပေ(၅၀×၉၀)၊ RC တစ်ထပ်ခွဲတိုက်၊ ကားဂိုဒေါင်၊ ရေမီးစုံ၊ ဘိုးဘွားပိုင်မြေ။ ညှိနှိုင်းဈေးဖြင့်။

ဖုန်း-၀၉ ၄၃၀၆၆၇၀၇၊ ၅၄၈၀ ၂၃

**ပုံရိပ်မြိုင် မိတ္တူဆိုင်**

-မူရင်းထက် မိတ္တူကောင်းတယ်။ အထူးသက်သာသောဈေးနှုန်းဖြင့်ဆောင်ရွက်ပေးနေပါသည်။

ဖုန်း-၀၉ ၅၄၁ ၂၈၄၆

7 DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

## သစ်ပင်ဖြစ်လိုသော ပန်းချီဆရာကြီး၏ သစ်ပင်ပန်းချီပြပွဲကျင်းပ

**ဥက္ကာကိုကို**

**ရန်ကုန်၊ အောက်တိုဘာ-၃**

ပန်းချီဆရာကြီး ဦးသန်းဝင်းထွန်း၏ `Want to be Tree´ အမည်ဖြင့် လေးကြိမ်မြောက်တစ်ကိုယ်တော် ပန်းချီပြပွဲကို ယခုလ ၃ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့၊ လောကနတ်ပန်းချီပြခန်းတွင် ကျင်းပပြုလုပ်သွားခဲ့သည်။

ပန်းချီလောကအတွင်းဖြတ်သန်းမှု နှစ်ပေါင်းလေးဆယ်ပြည့်တော့မည့်ပန်းချီဆရာကြီး ဦးသန်းဝင်းထွန်းသည် ယခင်ပြုလုပ်ခဲ့သည့် ပန်းချီပြပွဲများတစ်လျှောက်တွင် သစ်ပင်ပါဝင်သည့် ပန်းချီကားချပ်များကိုသာ ရေးဆွဲမှုများခဲ့သူဖြစ်သည်။

၁၉၅၇ ခုနှစ်တွင် ရန်ကုန်ပန်းချီပန်းပုကျောင်းဆင်းခဲ့ပြီးကျောင်းဆင်းခါစက ဆရာတော်ကြီးများ၏ ပုံတူပန်းပုများကို ထုဆစ်သောအလုပ်ကိုလည်း လုပ်ကိုင်ခဲ့ရသေးကြောင်း သိရသည်။

နိုင်ငံခြားပြပွဲလေးပွဲကိုထိုင်း၊ ကနေဒါ၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့တွင် သွားရောက်ပြသခဲ့ဖူးပြီး တစ်ကိုယ်တော်ပန်းချီပြပွဲများကို ၂၀၀၀ ပြည့်နှစ်က တစ်ကြိမ်၊ ၂၀၀၂ ခုနှစ်တွင် နှစ်ကြိမ်ပြုလုပ်ပြသခဲ့သဖြင့် ယခုပြပွဲမှာ ၎င်း၏ စတုတ္ထအကြိမ်မြောက် တစ်ကိုယ်တော်ပြပွဲပင်ဖြစ်သည်။

သစ်ပင်အလှဟု အမည်ပေးထားသည့်ပန်းချီကားတွင် ရန်ကုန်တက္ကသိုလ်ထဲမှ သစ်ပုပ်ပင်ကြီးကို ရေးဆွဲထားပြီး ပင်စည်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ ပုံရိပ်ကို ထည့်သွင်းခြယ်မှုန်းထားသည်ကို တွေ့ရသည်။



TRADEMARK CAUTION

CROWN

GOODY

13 Oct 2011

## သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေး အငယ်တန်းပန်းချီပြပွဲ ကျင်းပမည်

**ဝေယံ**

**ရန်ကုန်၊အောက်တိုဘာ- ၆**

မြန်မာ့သဘာဝအလှအရင်းအမြစ်များ ထိန်းသိမ်းရေး အငယ်တန်း ပန်းချီပြိုင်ပွဲကို ပဲ့ခ်ရှိုင်ရယ်ဟိုတယ်၌ ကျင်းပပြုလုပ်သွားမည်ဟု သိရသည်။

အဆိုပါပြိုင်ပွဲမှာ ၂၀၀၈ ခုနှစ်မှစတင်၍ ဆက်တိုက်ကျင်းပခဲ့ခြင်းဖြစ်ပြီး အသက် ၁၄ နှစ်မှ ၂၀ နှစ် အတွင်းရှိပန်းချီဆရာများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိကာ ယခုနှစ်တွင် 'မြန်မာ့သဘာဝအလှအပအရင်းအမြစ်များထိန်းသိမ်းစောင့်ရှောက်ကြပါစို့' ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်များမှာ အလျား ၁၅ လက်မ၊ အနံ ၂၀ လက်မရှိသော စက္ကူပေါ်တွင်ရေးဆွဲထားသည့်ရေဆေးကား(သို့မဟုတ်) အလျား ၁၈ လက်မ၊ အနံ ၂၄ လက် မရှိသောပိတ်စပေါ်တွင်ရေးဆွဲထားသောဆီဆေး (သို့) Acrylic ကားကိုတစ်ဦးလျှင် တစ်ကားနှုန်းဖြင့်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ ဆန်ခါတင်ရွေးချယ်ခံရသူများအား အကဲဖြတ်ဒိုင်များမှ လက်တွေ့အစမ်းပြန်လည်ရေးဆွဲစေခြင်းဖြင့် ထပ်မံရွေးချယ်သွားမည်ဖြစ်ပြီးဆုများအဖြစ်ပထမဆုအမေရိကန်ဒေါ်လာ ၈၀၀ နှင့် ဒေါ်လာ ၂၀၀ တန် ဆီဆေး Wood Box Set တစ်စုံ၊ ဒုတိယဆုမှာ အမေရိကန်ဒေါ်လာ ၅၀၀ နှင့်ဒေါ်လာ ၈၀ တန်ရေဆေး Wood Box Set တစ်စုံ၊ တတိယဆုမှာ အမေရိကန်ဒေါ်လာ ၃၀၀ နှင့် ၈ ဒေါ်လာတန် ရေဆေး Wood Box Set တစ်စုံချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

## ငြိမ်းချမ်းရေးကို တို့ချစ်တယ် ခေါင်းစဉ်ဖြင့် ကဗျာရွတ်ဆိုပွဲ ကျင်းပမည်

**ဥက္ကာကိုကို**

**ရန်ကုန်၊ အောက်တိုဘာ-၅**

"ငြိမ်းချမ်းရေးကို တို့ချစ်တယ်" ခေါင်းစဉ်ဖြင့် အပေါင်းလက္ခဏာ ကဗျာရွတ်ပွဲအစီအစဉ်ကို ယခုလ ၂၁ ရက်တွင် ရန်ကုန်မြို့၊ လမ်း (၄၀) အောက်ဘလောက်ရှိ စာရေးဆရာများ ရည်ညွှန်းစင်တာ၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း စီစဉ်သူကဗျာဆရာ မောင်ရန်ပိုင်က ပြောသည်။

ပါဝင်ရွတ်ဆိုတင်ဆက်ကြမည့်ကဗျာဆရာများမှာ မောင်ရန်ပိုင်၊ မောင်ခိုင်တည်၊ နီရာ၊ သို့ကြတာ၊ နောင်လွန်း၊ မင်းရည်သွေး၊ ဇော်ရန်နိုင်၊ သာချို (ဟသ်ာတ)၊ မရီဝေ၊ အောင်ရင်ငြိမ်း၊ မောင်ဥက္ကာတို့ဖြစ်ကြသည်။

ပွဲကိုအောက်တိုဘာ ၂၁ရက် ညနေ ၃ နာရီမှ ၅ နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်သည်။

## အိပ်မက်ကမာသို့ သွားရာလမ်းအမည်ဖြင့် လူငယ်စာပေဟောပြောပွဲ ကျင်းပမည်

**ဥက္ကာကိုကို**

**ရန်ကုန်၊ အောက်တိုဘာ-၇**

သက်ကြီးစာပေပညာရှင်များကို အခမဲ့ ဆေးကုသပေးရန် ရည်ရွယ်ချက်ဖြင့် ထုတ်ဝေသည်ဟုဆိုသော Enternal light မဂ္ဂဇင်း၏ တတိယအကြိမ်မြောက်စာပေဟောပြောပွဲကို စာရေးဆရာဒေါက်တာစိုးလွင်က လူငယ်ပရိသတ်များအတွက် "အိပ်မက်ကမ္ဘာသို့ သွားရာလမ်း"ခေါင်းစဉ်ဖြင့် ယခုလ ၁၅ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဟောပြောပွဲကို ယခုလ ၁၅ ရက်၊ စနေနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့၊ လမ်း ၃၀ အထက်ဘလောက်ရှိ လမ်း ၃၀ ဆေးခန်း၌ ပြုလုပ်မည်ဖြစ်သည်။

## နွေစပါးပိုမိုစိုက်ပျိုးရန် နေပြည်တော်တွင် စည်းရုံး

**ထူးသန့်**

**နေပြည်တော်၊အောက်တိုဘာ- ၄**

နေပြည်တော်ဒေသခံလယ်သမားများအား လာမည့်မိုးစပါး ရိတ်သိမ်းချိန်လွန် ကာလအတွက် မတ်ပဲသီးနှံအစား နွေစပါးသီးနှံကို ပိုမိုစိုက်ပျိုးကြရန် သက်ဆိုင်ရာတာဝန်ရှိသူများက စည်းရုံးလျက်ရှိကြောင်းနေပြည်တော် ပျဉ်းမနားမြို့နယ်မှ တောင်သူဦးကြီးတစ်ဦးကပြောကြားသည်။

"ဒီနေ့မနက်ပဲ မြို့နယ်မန်နေဂျာ၊ ထွေအုပ်၊ ပညာရှင်တွေ ကျွန်တော်တို့ဆီလာပြီး ဆွေးနွေးကြတယ်။ မတ်ပဲအစား နွေစပါးစိုက်ဖို့၊ ချေးငွေမျိုးစေ့၊ ဓာတ်မြေဩဇာတွေပံ့ပိုးပေးမယ်ပြောတယ်။ နောက်ပြီး မတ်ပဲက နှစ်တိုင်းစိုက်လာတော့ မြေဆောင်ရောဂါနဲ့ ဆုံးရှုံးနိုင်တယ်ဆိုတာကိုလည်း ရှင်းပြသွားတယ်" ဟု အဆိုပါဆွေးနွေးပွဲသို့တက်ရောက်ခဲ့သည့် တောင်သူဦးကြီးက ပြန်လည်ရှင်းလင်းပြောကြားသည်။

နေပြည်တော်ဝန်းကျင်ဒေသများတွင် ယခင်က မိုးစပါးအပြီး နွေစပါးနှင့် မတ်ပဲသီးနှံနှစ်မျိုးလုံး စိုက်ပျိုးခဲ့သော်လည်း ဆည်ရေပေးဝေနိုင်မှု အခြေအနေအရ လွန်ခဲ့သည့် ၂ နှစ်ခန့်မှစ၍ မတ်ပဲကိုသာ အဓိက စိုက်ပျိုးလာကြကြောင်း ယခုနှစ်တွင်မူ မိုးများပြီး ဆည်ရေအပြည့်အဝ လှောင်ထားနိုင်သောကြောင့် နွေစပါးစိုက်ပျိုးရန် အခြေအနေပေးလာကြောင်း ဒေသခံစိုက်ပျိုးရေးပညာရှင်တစ်ဦးက ပြောသည်။

ဆည်ရေသောက်ဧရိယာအတွင်းပါဝင်သော လယ်မြေဆယ်ဧကခန့်ပိုင်ဆိုင်သည့် လယ်သမားကြီးတစ်ဦးကမူ "မတ်ပဲစိုက်တုန်းကလည်း ပိုးကျတာရယ်၊ ပင်သေရောဂါကျတာရယ်နဲ့ ဘာမှမကျန်ဘူး။ နွေစပါးကိုတော့ သုံးသိန်းနှုန်းလောက်ပေါက်ဈေးရမယ်ဆိုရင်စိုက်ချင်တယ်"ဟုပြောကြားသည်။ယခုနှစ်မိုးရာသီတွင် မိုးများပြီး ရေကြီးရေလျှံခဲ့သည့်အတွက် ဒေသအများအပြား၌ စပါးအထွက်နှုန်းလျော့နိုင်ကြောင်း ယင်းအခြေအနေကြောင့်နွေစပါး စိုက်ပျိုးမှုတိုးချဲ့ရန် စည်းရုံးလာခြင်းဖြစ်နိုင်ကြောင်း လယ်သမားအချို့က ပြောသည်။

"အရင်နှစ်တွေက ဆည်ရေကိုလူတွေသုံးဖို့ပဲအဓိကအားထားခဲ့ရတော့ နွေစပါးမှာ အားလျော့ခဲ့တယ်။ ဒီနှစ်တော့ မိုးစပါးပျက်တာရယ်၊ ရေအလုံအလောက်ရှိတာရယ်နဲ့ပဲ နွေစပါးကို အားထည့်လိမ့်မယ်"ဟု အထက်ပါစိုက်ပျိုးရေးပညာရှင်ကသုံးသပ်ပြောကြားသည်။

## စာ(၂၅) ရွာကိုလွမ်းတဲ့ညမှ

သီတင်းကျွတ်လဆိုလျှင် ရွာကိုပို၍ သတိတရရှိလှသည်။ သမီးလေးကို ရွာသို့ခေါ်သွားချင်သည်။ ရွာမှာ သီတင်းကျွတ်မီးပူဇော်ပွဲအတွက် တစ်ရွာလုံးအုန်းအုန်းကျွက်ကျွက် ပြင်ဆင်ကြတာတွေ၊ ဆီမီးမြင်းမိုရ်ပွဲကျင်းပတာတွေ၊ မြန်မာ့ရိုးရာ နဂါးအကနဲ့ ရွာရိုးကိုးပေါက် လှည့်လည်ကြတာတွေ၊ ရွာဦးမှာရှိတဲ့ ကိုးတောင်ပြည့်စေတီကို တစ်သီတစ်တန်းသွားရောက်ဦးခိုက်ပြီး ဆီမီးကမ်း၊ ပန်းကမ်းပူဇော်ကြတာတွေ၊ ရွာမှာတင် ကိုယ်တိုင်ပြုလုပ်ကြသည့် မီးပုံးပျံများ လွှတ်တင်ကြတာတွေ၊ ကြည်လင်ဝင်းပအေးမြတဲ့ လရောင်အောက် စေတီရင်ပြင်မှာ ဓမ္မစကြာရွတ်ဖတ်ကြတာတွေ၊ ဆီမီးခွက်ထဲသို့ ဆီများလိုက်ဖြည့်ကြရင်း စုဝေးစကားပြောဆိုကြ၊ ဒိုးပတ်အိုးစည်များဖြင့် ဆိုကြ၊ ကကြ၊ ကုသိုလ်ရှင်များ၏ လက်ဖက်သုပ်၊ မဲဇလီဖူးသုပ်၊ ပဲစေ့ပြုတ်၊ ပြောင်းဖူးပြုတ်တွေကို ခေါင်းမဖော်စတမ်းတိုးဝှေ့ကာ ပျော်ပျော်ပါးပါး ချစ်ချစ်ခင်ခင်ဖြင့် စားကြသောက်ကြတာတွေ စသည့်ကျေးလက်ပုံရိပ်များကို မြင်တွေ့ရင်းနှီးကျွမ်းဝင်စေချင်မိပါသည်။ မြတ်နိုးတန်ဖိုးထားစေချင်မိပါသည်။

မရောက်သည်မှာ ကြာသည့်အတွက်လည်း ရွာကို လွမ်းရပါသည်။ ရွာမှာရော ကျွန်တော်မနှစ်မြို့သည့် မြို့ပြစရိုက်အငွေ့အသက်များ ကူးစက်နေမည်လားစိုးရိမ်မိပါသည်။ ရွာမှာ မျိုးဆက်တွေ တစ်ဆက်ပြီးတစ်ဆက် ပြောင်းလဲသွားသကဲ့သို့ ရွာကလေး၏ စရိုက်လက္ခဏာများမှာလည်း အရင်ကနှင့်မတူ ပြောင်းလဲမှုရှိမှာကဖြင့် သေချာပါသည်။ မည်သို့ပင်ဆိုစေကာမူ မြို့ပြနှင့်စာလျှင် မွန်းကျပ်မှုတွေ လျော့နည်းပေလိမ့်မည်။ မြန်မာ့ရိုးရာဓလေ့ အငွေ့အသက် ပုံရိပ်တွေကို တွေ့မြင်နိုင်ပေမည်။ ချစ်ခင်ဖွယ်ကောင်းသည့် မြန်မာကျေးလက်အပြုံးမျက်နှာများကို ကြည်နူးခံစားနိုင်ပေမည်။ တောအလှ၊ တောသဘာဝ၊ တောပန်း၊ တောရနံ့များကို အားပါးတရ ရှူရှိုက်ခွင့်ရပေမည်။

မြို့ပြ၏ ငြီးငွေ့ဖွယ်ရာများကို ကြုံတွေ့ရလေလေ ရွာကို ပို၍ သတိရလေလေဖြစ်သည်။ ရွာရဲ့ ပင်ကိုယ်ဟန်စကားသံများ၊ ရွာရဲ့ အစားအစာ၊ ရွာရဲ့ပတ်ဝန်းကျင်မှာ သွားရောက်အနားယူအပန်းဖြေချင်မိသည်။ ထမ်းဆောင်နေရသောအလုပ်တာဝန်၊ ရုန်းကန်နေရသောမိသားစုအရေးကိစ္စများနှင့်အတူ မြို့ပြရဲ့ အတောမသတ်နိုင်သော အဆင်တန်ဆာရေစီးကြောင်းမှာပါဝင်ကူးစက်နေရတော့ အခုလို သီတင်းကျွတ်လပြည့်ညအချိန်အခါမှာလည်း ရွာသို့ရောက်ရှိနေဖို့ထက် 'ရွာကိုလွမ်းတဲ့ည' အဖြစ်သာ ကုန်လွန်ကျော်ဖြတ်ရမှာက ပိုလို့သေချာနေပါသည်။

Environment
7DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

# ဒီဇင်ဘာတွင် လာနီညာရာသီဥတု ဖြစ်ပေါ်နိုင်

အောင်သူရ

**ရန်ကုန်၊ အောက်တိုဘာ-၅**

အမေရိကန်နိုင်ငံ လာနီညာ စောင့်ကြပ်ကြည့်သူရေးအဖွဲ့ဖြစ်သော Noaa က ဒီဇင်ဘာလတွင် အားအနည်းငယ်မှ အားအသင့်အတင့်ဖြစ်သောလာနီညာရာသီဥတုဖြစ်ပေါ်မည်ဟုထုတ်ပြန်ထားကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ကိုးကားပြောဆိုသည်။

"ပြီးခဲ့တဲ့ လကမှန်းထားတာက လာနီညာဖြစ်ဖို့ ၂၅ ရာခိုင်နှုန်းပဲ" အခုလမှာတော့ လာနီညာက ၈၀ ရာခိုင်နှုန်းဖြစ်သွားပြီ" ဟု ဒေါက်တာထွန်းလွင်ကဆိုသည်။

ထို့အပြင် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ရေအပူချိန်မှာလည်း လာနီညာဖြစ်နိုင်သော အပူချိန်ကိုရောက်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်က "ဒီအတိုင်းဆို သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ မိုးလွတ်ဖို့သိပ်မမြင်ဘူး။ ခြောက်သွေ့ဖို့ သိပ်မမြင်ဘူး" ဟုဆိုသည်။

လာနီညာရာသီဥတု၏ သဘောသဘာဝအရ အေးပြီးစိုစွတ်မည်ဖြစ်၍ ဒီဇင်ဘာလတွင် လာနီညာဖြစ်ပါက ပဲစိုက်တောင်သူများအတွက် စိုးရိမ်စရာဖြစ်သည်။ ပြီးခဲ့သည့်နှစ်ကုန်ပိုင်းမှစ၍ လာနီညာရာသီဥတုဖြစ်ပေါ်ခဲ့သဖြင့် ဧပြီလအထိ လစဉ်မိုးရွာသွန်းခဲ့ပြီး ပဲစိုက်တောင်သူများ အခက်အခဲတွေ့ခဲ့ကြသည်။

## Environment Cartoon



# မြန်မာနိုင်ငံတွင် သစ်ခွမျိုးစိတ်များ လေ့လာမှတ်တမ်းတင်ရမည့်နေရာများ ကျန်ရှိနေ



အိဖြူမွန်

**ရန်ကုန်၊ အောက်တိုဘာ - ၇**

မြန်မာနိုင်ငံတွင် ကချင်၊ ချင်း၊ ရှမ်းပြည်နယ်တို့သည် သစ်ခွပေါက်ရောက်မှုများသော ဒေသဖြစ်သော်လည်း ယင်းဒေသသုံးခုတွင် သစ်ခွမျိုးစိတ် မျိုးကွဲများ လေ့လာမှတ်တမ်းတင်ရမည့် နေရာများ ကျန်ရှိနေသေးကြောင်း မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းမှ သစ်ခွပညာရှင်ဒေါက်တာ စောလွင်က ပြောသည်။

ယခုအခါ ယင်းဒေသသုံးခုတွင် သစ်တောများပြုန်းတီးနေခြင်းနှင့် ဖွံ့ဖြိုးရေး စီမံကိန်းများကြောင့် သစ်ခွမျိုးစိတ်များ ပါးလာမည်ကို စိုးရိမ်ရကြောင်း၊ ကျန်ရှိသည့်နေရာဒေသများ၌ မှတ်တမ်းမတင်ရသေးသော သစ်ခွမျိုးစုံမျိုးကွဲများကျန်ရှိနေခြင်းကြောင့် ထိန်းသိမ်းမှုများ ပြုလုပ်ရန် စနစ်တကျ မှတ်တမ်းများ လိုအပ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

"အပူပိုင်းမှာရှိတဲ့ သစ်ခွမျိုး၊ အအေးပိုင်းမှာရှိတဲ့ သစ်ခွမျိုး၊ အအေးအပူမျှတတဲ့ သစ်ခွမျိုးတွေ အဲဒီဒေသသုံးခုမှာရှိတယ်။ ကမ္ဘာကရှားပါးစာရင်းဝင်သတ်မှတ်ထားတဲ့သစ်ခွမျိုးတွေ အဲဒီဒေသမှာပဲ တွေ့ရတယ်။ သုတေသန လုပ်ဖို့ အများကြီးလိုအပ်နေသေးတယ်။ တဖြည်းဖြည်းနဲ့ လုပ်လာပေမယ့် အခုစီမံကိန်းတွေ၊ သစ်တောတွေ ပြုန်းနေတော့ မှတ်တမ်းမတင်ရသေးတဲ့ သစ်ခွတွေ ပါသွားနိုင်တယ်" ဟုအထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

ယခုလက်ရှိမြန်မာနိုင်ငံတွင် တရားဝင် ကောက်ယူရရှိထားသော သစ်ခွမျိုးစိတ်များမှာ ၈၄၁ မျိုးရှိပြီး စနစ်တကျ လေ့လာကောက်ယူပါက မျိုးစိတ်ပေါင်း ၁၅၀၀ ကျော် ရှိနိုင်ကြောင်း၊ ကချင်ပြည်နယ်တစ်ခုတည်းတွင် သစ်ခွမျိုးစိတ်ပေါင်း ၅၀၀ နှင့် ၆၀၀ ကြား ရှိနိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

သစ်ခွတွင် မြေပေါက်သစ်ခွနှင့်သစ်ကပ်သစ်ခွ နှစ်မျိုးရှိသည်။ ရှားပါးမျိုးစိတ် နောက်ဆက်တွဲစာရင်း (၁) အရ ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်မည့်မျိုးစိတ်ရှစ်မျိုးရှိသည့်အနက် မြန်မာနိုင်ငံတွင် သုံးမျိုးပေါက်ရောက်သည်။

# တောင်သူများနှင့် စိုက်ပျိုးရေး မိုးလေဝသပညာရှင်များ နီးနှောပွဲကျင်းပ

ပြည်သိမ်း

**ရန်ကုန်၊ အောက်တိုဘာ-၅**

တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေး၊ မိုးလေဝသပညာရှင်များ နီးနှောဆွေးနွေးပွဲကို ပဲခူးတိုင်း၊ ဝေါမြို့နယ်နယ်၊ တိုက်နယ်ကျေးရွာ တစ်ရွာ၌ အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပရန် ရှိကြောင်း သတင်းရရှိသည်။

ယခုပွဲ ကျင်းပရခြင်းသည် မိုးလွန်ကာလ ရိတ်သိမ်းချိန်အတွက် တောင်သူလယ်သမားများအား ပညာပေးဆွေးနွေးနိုင်ရန် ဖြစ်ကြောင်းကို အဆိုပါပွဲကို စီစဉ်ကျင်းပသူက ဆိုသည်။

"ရိတ်သိမ်းချိန်မှာ အလေအလွင့်နည်းအောင် စိုက်ပျိုးရေးပညာရှင်ကလည်း ပညာပေး၊ မိုးလေဝသပညာရှင်ကလည်း သူ့ရှုထောင့်ကနေ ပညာပေးကြတာပေါ့"ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

အဆိုပါ ဟောပြောပွဲတွင် မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်က လက်ရှိအချိန်မှ နောက်ပိုင်းကြုံတွေ့ရမည့် မိုးလေဝသအခြေအနေများကို ဟောပြောမည်ဖြစ်ကာ ထို့အတူ ဒေါက်တာထွန်းဝင်းက စိုက်ပျိုးရေးနည်းပညာနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများကို တောင်သူများနှင့် ဆွေးနွေးမည်ဖြစ်သည်။

ဒေါ်ဒေဝီသန့်ဇင်က သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်၍ ဟောပြောမှုဖြစ်ပြီး သတင်းစာဆရာ ဦးရဲနိုင်မိုးက မီဒီယာနှင့် တောင်သူလယ်သမားများအကြား မည်ကဲ့သို့ ဆက်ဆံသင့်သည်ဆိုသည့် အကြောင်းကို ဟောပြောမည်ဟုဆိုသည်။

# မြန်မာသစ်တော သီတင်းပတ် ပထမဆုံးအကြိမ် ကျင်းပမည်

အိဖြူမွန်

**ရန်ကုန်၊ အောက်တိုဘာ-၅**

နိုင်ငံတကာ သစ်တောများနှစ်ကိုဂုဏ်ပြုသောအားဖြင့် ပထမဆုံးအကြိမ် မြန်မာသစ်တောသီတင်းပတ်ကို တစ်နိုင်ငံလုံးတွင် ကျင်းပမည်ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ပြောသည်။

"နောက်ဆုံးထွက်တဲ့ညွှန်ကြားချက်အရ တိုင်းဒေသကြီးနဲ့ပြည်နယ်အလိုက်ကျင်းပဖို့ ထုတ်ပြန်ထားတယ်။ နေပြည်တော်မှာတော့ နှစ်ရက်ကျင်းပမှာပေါ့။ အခုကတည်းက သစ်တောနဲ့ပတ်သက်တဲ့ပန်းချီပြိုင်ပွဲတွေကို နေပြည်တော်မှာ စလုပ်နေပြီး တစ်နိုင်ငံလုံးအဆင့် ပြိုင်ပွဲဝင်တဲ့ ကာတွန်း၊ ဓာတ်ပုံ၊ ဆောင်းပါး၊ စာစီစာကုံးတွေကို အဲဒီနေ့မှာ ဆုပေးမယ်" ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် မြန်မာသစ်တောသီတင်းပတ်ကို အောက်တိုဘာ ၂၀နှင့် ၂၁ရက်များတွင် ကျင်းပမည်ဖြစ်သည်။

ယခင်က အောက်တိုဘာ ၁၃ ရက်နှင့် ၁၄ ရက်ကျင်းပမည်ဖြစ်သော မြန်မာသစ်တောသီတင်းပတ်ကို ၂၇ ရက်နှင့် ၂၈ ရက်သို့ပြောင်းရွှေ့ကျင်းပမည်ဟုဆိုသည်။ ပြိုင်ပွဲဝင်ဆောင်းပါး၊ ကာတွန်း၊ ဓာတ်ပုံ၊ စာစီစာကုံးများကို စာရေးဆရာမ ဂျူး၊ ကာတွန်းအော်ပီကျယ်၊ မြန်မာနိုင်ငံဓာတ်ပုံဝါသနာရှင်များ အသင်းတို့က အကဲဖြတ်မည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။ ယင်းပွဲတွင် သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်သော စာတမ်းများကို ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းလုပ်ငန်း လုပ်ကိုင်သည့် လူမှုရေးအဖွဲ့အစည်းများ၊ ပညာရှင်များက စာတမ်းပေါင်းကိုးစောင်အား ရွေးချယ်ဖတ်ကြားမည်ဟု သိရသည်။






# Tourism

7DAY NEWS JOURNAL

Vol.10, No.30 · OCTOBER 13, 2011


## အင်ဒိုနီးရှားဗီဇာကင်းလွတ်ခွင့် နှစ်ကုန်ပိုင်းတွင် အသက်ဝင်နိုင်မည်မှန်း

**အေးမြကျော်**

**ရန်ကုန်၊ အောက်တိုဘာ-၆**



မြန်မာနိုင်ငံမှ နိုင်ငံသားများအတွက် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်လျှင် ဗီဇာလျှောက်ထားရန် မလိုသည့် ဗီဇာကင်းလွတ်ခွင့်သည် မြန်မာနိုင်ငံတွင် ယခုနှစ်ကုန်ပိုင်း၌ အသက်ဝင်လိမ့်မည်ဟု မျှော်မှန်းရကြောင်း ရန်ကုန်အခြေစိုက် အင်ဒိုနီးရှားသံရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စင်ကာပူအခြေစိုက် အင်ဒိုနီးရှား သံရုံးက စက်တင်ဘာ ၇ ရက်စွဲဖြင့် ဗီဇာလျှောက်ထားရန်မလိုသော နိုင်ငံများစာရင်းတွင် မြန်မာပါဝင်ခဲ့သော်လည်း မြန်မာနိုင်ငံရှိ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်စရာများ ကျန်သေးသည့်အတွက် မြန်မာနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံသို့သွားရောက်လိုလျှင်ဗီဇာလျှောက်ထားရန် လိုအပ်ဆဲဖြစ်သည်။

ယင်းကြေညာချက်တွင် အင်ဒိုနီးရှားနိုင်ငံသို့တစ်လထက်မကျော်သော အချိန်ကာလအတွင်း သွားရောက်လည်ပတ်လိုလျှင် ဗီဇာလျှောက်ထားရန် မလိုဘဲတစ်လထက်ကျော်လွန်အောင် နေထိုင်မည့် သူများသာ ဗီဇာလျှောက်ထားရန်လိုကြောင်း ကြေညာသည်။

စင်ကာပူနိုင်ငံတွင် နေထိုင်သော မြန်မာနိုင်ငံသား အချို့အနေနှင့်အဆိုပါကြေညာချက်ထုတ်ပြန်အပြီးတွင် ဗီဇာလျှောက်ရန် မလိုဘဲ အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ကြောင်း စင်ကာပူနိုင်ငံ အခြေစိုက် ခရီးသွားကုမ္ပဏီတွင်လုပ်ကိုင်နေသူများက ပြောကြားသည်။

"ဒီက (မြန်မာ)က အင်ဒိုနီးရှားကို အလည်အပတ်သွားတဲ့သူတော့ နည်းပါးသေးတယ်။ အလုပ်ကိစ္စနဲ့သွားကြတာများတယ်။ စင်ကာပူက မြန်မာတွေ အလည်သွားတာများတယ်" ဟု ရန်ကုန်မြို့မှ အာရှနိုင်ငံများသို့ သွားရောက်လိုလျှင် ဗီဇာလျှောက်ထားခြင်းဝန်ဆောင်မှုပေးသောခရီးသွားကုမ္ပဏီတစ်ခုကပြောကြားသည်။

ပုံမှန်အားဖြင့် အင်ဒိုနီးရှားနိုင်ငံသို့သွားရောက်လိုလျှင် ဗီဇာလျှောက်ထားပါကဗီဇာကြေးအဖြစ် ၄၅ ဒေါ်လာ ပေးသွင်းရကြောင်း မကြာသေးမီက အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ အလုပ်ကိစ္စဖြင့် သွားရောက်ခဲ့သူတစ်ဦးက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသို့ ဗီဇာကင်းလွတ်ခွင့်ရရှိပါက နာမည်ကျော်ဘာလီကျွန်းသို့သွားရောက်လည်ပတ်လိုသောမြန်မာခရီးသွားဦးရေတိုးလာနိုင်ကြောင်း ရန်ကုန်အခြေစိုက် ခရီးသွားကုမ္ပဏီများကပြောကြားသည်။

## သီတင်းကျွတ်ပိတ်ရက် ပြည်ပခရီးသွားမည့်သူ ထက်ဝက်ကျော်လျော့ကျ

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ-၅**

သီတင်းကျွတ်ပိတ်ရက်အတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ သွားရောက်လည်ပတ်သူ ၅၀ ရာခိုင်နှုန်းကျော် လျော့ကျနိုင်ကြောင်း ခရီးသွားကုမ္ပဏီများက ခန့်မှန်းပြောကြားသည်။

"ခါတိုင်းဆို ဒီအချိန်မူးနောက်နေပြီ။ ဒီနှစ်မေးတဲ့လူကိုသိပ်မရှိဘူး။ ခုထိ လူမပြည့်သေးဘူး" ဟု Sun Far ခရီးသွားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် တိုးဒီခရီးသွားကုမ္ပဏီကလည်း သီတင်းကျွတ်ရုံးပိတ်ရက်အတွက် ဧည့်သည်ရရှိမှု နည်းနေသေးကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"မြန်မာငွေတန်ဖိုးလည်း တက်နေတာပဲ။ စီးပွားရေးမကောင်းလို့ မသွားကြတာထင်တယ်" ဟု ခရီးသွားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယခုနှစ်သီတင်းကျွတ် ရုံးပိတ်ရက်အတွင်း ထိုင်းနိုင်ငံသို့ သွားရောက်သူမှာ သိသိသာသာနည်းမသွားသော်လည်း အခြားသောနိုင်ငံများသို့သွားရောက်သူမှာ သိသိသာသာကျဆင်းသွားခဲ့ခြင်းဖြစ်သည်ဟု သတင်းရရှိသည်။




## ကမ္ဘာလှည့်ခရီးသွားများအတွက် အငှားကား ကုမ္ပဏီများ အပြိုင်အဆိုင်ထွက်ပေါ်

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ-၆**

လာမည့်ခရီးသွားရာသီအတွက် ကမ္ဘာလှည့် ခရီးသွားများကို ပို့ဆောင်ပေးသော အငှားကားကုမ္ပဏီများ အပြိုင်အဆိုင်ပေါ်ပေါက်လာကြောင်း ခရီးသွားလုပ်ငန်းရှင်များက ပြောသည်။

"ဒီလဆန်းကစပြီး ကားငှားတဲ့ကုမ္ပဏီက လူတွေ တစ်နေ့ကိုနှစ်ဦးလောက်နေ့စဉ်လာတွေ့နေတယ်" ဟု ကျောက်တံတားမြို့နယ် အတွင်းရှိ ခရီးသွားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုကဲ့သို့ အပြိုင်အဆိုင်ပေါ်ပေါက်လာသဖြင့် ခရီးသွားရာသီအစတွင် ဈေးတက်ရန် အစီအစဉ်ရှိသော ကားငှားရမ်းခများ ဈေးမတက်တော့ဘဲ ဈေးလျှော့၍ရောင်းလာကြကြောင်း ခရီးသွားကုမ္ပဏီများက ဆိုသည်။


**ကမ္ဘာလှည့်ခရီးသွားစီး အဆင့်မြင့်ကားများ**

ယခုကဲ့သို့ အငှားကားကုမ္ပဏီများပေါ်ပေါက်လာရခြင်းမှာ ကားဟောင်းများအား ကားသစ်များနှင့် လဲလှယ်ပေးသော အစီအစဉ်ကြောင့် ကားဈေးများကျသွားခြင်းကြောင့်လည်းဖြစ်ကြောင်း သိရသည်။ နှစ်စဉ်ခရီးသွားရာသီရောက်တိုင်းရန်ကုန်အခြေစိုက်ခရီးသွားကုမ္ပဏီများမှာ ကားငှားမှု မလုံမလောက်သဖြင့် အဆင်ပြေသော ကားများကိုသာ ငှားရမ်းအသုံးပြုခဲ့ရသည်။

## ခရီးသွားလုပ်ငန်းဆိုင်ရာ ဆုနှစ်ဆု မြန်မာဟိုတယ် နှစ်ခုရရှိ


**ဝေယံ**

**ရန်ကုန်၊အောက်တိုဘာ- ၆**

ဟိုတယ်များအတွက် ၂၀၁၁ ခု နှစ်တွင် ကျင်းပပြုလုပ်သောကမ္ဘာ့ ခရီးသွားလုပ်ငန်းများ ဆုပေးပွဲနှင့် Tourism Alliance Awards (TAA) တို့တွင် မြန်မာနိုင်ငံမှ ဟိုတယ်နှစ်ခုက သက်ဆိုင်ရာဆု အသီးသီးကိုရရှိခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော်တွင် ကျင်းပပြုလုပ်ခဲ့သောနိုင်ငံတကာ ခရီးသွားပြပွဲနှင့်အတူ တွဲဖက်ကျင်းပသည့် Tourism Alliance Awards(TAA) တွင် မြန်မာ၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားလေးနိုင်ငံမှ ခရီးသွားဝန်ကြီးဌာနများကပေးအပ်သောဆုပေါင်း ၂၈ ဆုမှ Business Hotel of The Year Myanmar ဆုကိုမြန်မာနိုင်ငံရှိပွဲခ်ရှိုင်ရယ်ဟိုတယ်က ရရှိခဲ့သည်။ ထို့ပြင်ဆီဒိုးနားဟိုတယ် (ရန်ကုန်)ကလည်း ဘန်ကောက်မြို့တော်တွင် ကျင်းပသည့် Wall Street ဂျာနယ်၏ ကမ္ဘာ့ခရီးသွားလုပ်ငန်းများ ဆုပေးပွဲအခမ်းအနားတွင် ကမ္ဘာတစ်ဝန်း ခရီးသွားလုပ်ငန်းပေါင်း ၁၆၇,၀၀၀ ၏ မဲပေးမှုဖြင့် မြန်မာ့ဟိုတယ်များ ရှေ့ဆောင်ဟိုတယ်ဆုကိုလေးနှစ်ဆက်တိုက် အဖြစ်ထပ်မံခူးဆွတ်ခဲ့ကြောင်း သိရသည်။


Cartoon


















JOURNALIST

7 DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

# စာမေးပွဲများပယ်ဖျက်ခဲ့ခြင်းအတွက် စင်ကာပူအမျိုးသားတက္ကသိုလ်ကျောင်းသားများ ဒေါသထွက်

**စင်ကာပူ၊ အောက်တိုဘာ - ၄**

စာမေးပွဲဖြေဆိုရန် စာရွက်များမလုံလောက်မှုကြောင့် စီးပွားရေးဘာသာရပ်စာမေးပွဲများအား ပယ်ဖျက်ခဲ့ရာ စင်ကာပူအမျိုးသားတက္ကသိုလ်(NUS)မှ ကျောင်းသားအချို့ ထိတ်လန့်အံ့ဩခဲ့ကြကြောင်း သိရသည်။

စာမေးပွဲဖြေဆိုခါနီးအချိန်ကျမှ စာမေးပွဲကိုပယ်ဖျက်လိုက်ကြောင်းအသိပေးခဲ့ရာ ပထမနှစ်ကျောင်းသားပေါင်း ၇၀၀ ကျော် စာမေးပွဲမဖြေဆိုခဲ့ရပေ။ ယင်းကျောင်းသားများအား တက္ကသိုလ်က နောက်ပိုင်း၌ တရားဝင်တောင်းပန်ခဲ့သည်။

မစ္စတာတန်ဟု သိစေလိုသူ NUS တက္ကသိုလ်ကျောင်းသားက "ဒီစာမေးပွဲအတွက် အရမ်းကိုကြိုးစားထားပြီး နောက်ဆုံးအချိန်မှာမှ စာမေးပွဲကိုပယ်ဖျက်ခံလိုက်ရတဲ့အတွက် ကျွန်တော်အရမ်းကိုစိတ်ပျက်၊ စိတ်အနှောင့်အယှက်ဖြစ်ရပါတယ်"ဟုပြောကြားသည်။

အောက်တိုဘာလ ၁ ရက် အဖြစ်အပျက်ထပ်မံမဖြစ်ပေါ်စေရန် ယင်းကိစ္စကို လေ့လာနေကြောင်း NUS တက္ကသိုလ်ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ချန်နယ်နယူးစ်အားပြောကြားခဲ့သည်။



ကျောင်းသားပေါင်း ၇၂၅ဦးအတွက် စာမေးပွဲအဖြေလွှာ ၇၅၀ ရိုက်နှိပ်ထားရန်ဖြစ်သော်လည်း စာမေးပွဲစစ်ခါနီးအချိန်ကျမှ စာရွက်ပေါင်း ၂၀၀ လျော့နည်းနေသည်ကိုတွေ့ရှိရကြောင်း ထပ်မံရိုက်နှိပ်ရန်မှာလည်း အချိန်မမီတော့၍ ယင်းဘာသာရပ်စာမေးပွဲကိုပယ်ဖျက်ခဲ့ရခြင်းဖြစ်ကြောင်း NUS ကပြောကြားသည်။ ယင်းအတွက် ၎င်းဘာသာရပ်တာဝန်ခံကထိကက ကျောင်းသားများအားတောင်းပန်ထားပြီး အီးမေးလ်များလည်းပေးပို့ထားကြောင်း သိရသည်။

—*Ref: CNA*




# အင်တာနက် လိမ်လည်မှုတွင် ပါဝင်သော တရုတ်နိုင်ငံသား ၆၇ ဦး ဖိလစ်ပိုင် ပြန်ပို့

**မနီလာ၊ အောက်တိုဘာ - ၅**

ဖိလစ်ပိုင်အာဏာပိုင်များသည် အွန်လိုင်းခရက်ဒစ်ကတ် လိမ်လည်မှုများတွင် ပါဝင်ပတ်သက်ပြီး နိုင်ငံတကာ ပြစ်မှုဂိုဏ်းဝင် တရုတ်နိုင်ငံသား ၆၇ ဦးအား ဖမ်းဆီး၍ တရုတ်နိုင်ငံသို့ ပြန်ပို့ခဲ့ကြောင်းဖိလစ်ပိုင် လူဝင်မှုကြီးကြပ်ရေးဗျူရိုက ပြောကြားသည်။

၎င်းတို့လုပ်ငန်းများ အခြေစိုက်ထားသည့် မနီလာမြို့တော်ရှိအိမ်နှစ်လုံးကို လူဝင်မှုကြီးကြပ်ရေး အရာရှိများက ယခင်သီတင်းပတ်အတွင်း ဝင်ရောက်စီးနင်း၍ တရုတ်နိုင်ငံသားများအား ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေး စုံစမ်းစစ်ဆေးရေးအကြီးအကဲ အာဗင်ဆန်းတို့စ်က ပြောသည်။

မသမာသူများက ဖုန်းခေါ်ဆိုဝန်ဆောင်မှုပေးသူများကဲ့သို့ အလုပ်လုပ်ရင်း တရုတ်နှင့်တရုတ်(တိုင်ပေ)မှ အလားအလာရှိသောဖောက်သည်များအား ခေါ်ဆိုဖုန်းဆက်၍ ၎င်းတို့ထံမှပစ္စည်းများဝယ်ယူရန် အယုံသွင်းပြီး အွန်လိုင်းမှနေ၍ ခရက်ဒစ်ကတ်(အကြွေးဝယ်ကတ်)ဖြင့် ငွေပေးသွင်းခိုင်းခြင်းဖြစ်ကြောင်း၊ ငွေများဝင်လာသည့်အချိန်တွင် ၎င်းတို့အဖွဲ့၏ ဘဏ်စာရင်းထဲသို့ လွှဲပေးလိုက်ခြင်းဖြစ်ကြောင်း မစ္စတာဆန်းတို့စ်က ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။ ယင်း မသမာသူအဖွဲ့အကြောင်းကို ဖိလစ်ပိုင်နိုင်ငံရှိ တရုတ်သံရုံးက သတင်းပေးခဲ့ခြင်းဖြစ်ကြောင်း မစ္စတာဆန်းတို့စ်က ပြောသည်။ တရုတ်နိုင်ငံသား ၆၇ ဦးစလုံးကို ယခင်သီတင်းပတ်အတွင်းကပင် ဘေဂျင်းသို့ ပြန်ပို့ခဲ့ကြောင်း ဖိလစ်ပိုင်အရာရှိက ပြောသည်။

—*Ref: AFP*



Photo - Reuters

# ရေဘေးသင့် ကမ္ဘောဒီးယားပြည်သူများကို အက်ဖ်အေအို ကူညီမည်

**ဖနွမ်းပင်၊ အောက်တိုဘာ - ၄**

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) သည် ကမ္ဘောဒီးယားနိုင်ငံမှ ရေလွှမ်းမိုးမှုဒဏ်ခံခဲ့ရသော မိသားစုများအတွက် အစားအစာနှင့် စပါးမျိုးများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားရှိ အက်ဖ်အေအိုကိုယ်စားလှယ်က ပြောကြားသည်။ ကိုယ်စားလှယ်နီနာဘရင်းစထရပ်သည် ကမ္ဘောဒီးယားလက်ထောက် ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဟော်နမ်ဟောင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အပျက်အစီးများကြောင့် ထောက်ပံ့ရမည့် ပမာဏကိုခန့်မှန်းနိုင်ရန် ရေလွှမ်းမိုးခဲ့ရာ နေရာများမှ ပြည်သူများထံသို့လည်း သွားရောက်ကြည့်ရှုခဲ့သည်။

သူမက "အက်ဖ်အေအိုဟာ ကမ္ဘောဒီးယားမှာ ဖြစ်ခဲ့တဲ့ ရေလွှမ်းမိုးမှုတွေရဲ့ အကျိုးသက်ရောက်မှုကို နီးနီးကပ်ကပ်စောင့်ကြည့်နေပါတယ်။ ကျွန်မတို့ဟာ ဆုံးရှုံးပျက်စီးမှု ပမာဏတွေကို တွက်ချက်ပြီးတာနဲ့ ရေဘေးဒဏ်ခံခဲ့ရတဲ့ ပြည်သူတွေကို အစားအစာနဲ့ စပါးမျိုးစေ့တွေ ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်"ဟုပြောသည်။ သို့သော် သူမက ရေကြီးစဉ်နှင့် ရေကြီး ကာလအလွန် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် အက်ဖ်အေအိုသုံးစွဲမည့် ရန်ပုံငွေပမာဏကိုမူဖော်ပြခြင်းမရှိပေ။

သို့သော် ကမ္ဘောဒီးယားသဘာဝဘေးဒဏ် စီမံခန့်ခွဲရေး အမျိုးသားအဆင့်ကော်မတီမှ နောက်ဆုံးကောက်ယူထားသော စာရင်းများအရပြီးခဲ့သည့်ဩဂုတ်မှစ၍ နိုင်ငံတွင်းရေကြီးမှုများကြောင့်အနည်းဆုံးလူ ၁၆၄ ဦး သေဆုံးပြီး စပါးစိုက်ခင်း ဧရိယာဟက်တာပေါင်း ၂၉၁,၀၀၀ နှင့် မိသားစုပေါင်း ၂၁၅,၆၆၂ စုကိုလည်း ထိခိုက်ဆုံးရှုံးမှုများ ဖြစ်စေခဲ့ကြောင်းဆို သည်။ အခြေခံအဆောက်အအုံကဏ္ဍတွင်လည်း ကျောက်ခင်းလမ်း ၂,၀၁၉ ကီလိုမီတာနှင့် ကတ္တရာလမ်း အရှည်ကီလိုမီတာ ၂၀၀ ကျော်လည်း ပျက်စီးခဲ့ရသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ယခုနှစ်အတွင်း ရေကြီးမှုသည် အဆိုးဝါးဆုံးဖြစ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်ကထက်လည်း ပိုမိုဆိုးရွားခဲ့သည်။ —*Ref: Xinhua*

7DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011



## Leader's Profile

# ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ UNFPA အကြီးအကဲ အိုဆိုတီမီဟင်

ရဲမင်း

မစ္စတာဘာဘာတွန်ဒီအိုဆိုတီမီဟင်သည်ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ အမှုဆောင်ဒါရိုက်တာအဖြစ် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၁၉ရက်နေ့တွင်ခန့်အပ်ခံရသည်။ ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်ရာထူးကိုလည်းရရှိထားသူ မစ္စတာအိုဆိုတီမီဟင်သည် နိုင်ဂျီးရီးယားနိုင်ငံသားတစ်ဦးဖြစ်ပြီးUNFPA ၏ စတုတ္ထမြောက်ဒါရိုက်တာလည်းဖြစ်သည်။

မစ္စတာအိုဆိုတီမီဟင်အား ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်တွင် နိုင်ဂျီးရီးယားနိုင်ငံ အိုဂွန်ဒေသ၌မွေးဖွားခဲ့သည်။ ယင်းဒေသအကြီးအကဲ တွန်ဂျီအီရှိုလာနှင့် မျိုးနွယ်တူသူဖြစ်သည်။ မစ္စတာအိုဆိုတီမီဟင်သည် ၁၉၇၂ ခုနှစ်တွင် အီဘာဒန်တက္ကသိုလ်မှ ဆေးပညာဒေါက်တာဘွဲ့ရရှိခဲ့ပြီး ၁၉၇၉ ခုနှစ်၌ ဗြိတိန်နိုင်ငံ ဘာမင်ဂမ်တက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိခဲ့သည်။

လန်ဒန်မှ ပါရဂူဘွဲ့ရရှိခဲ့ပြီးနောက် မစ္စတာအိုဆိုတီမီဟင်သည် နိုင်ဂျီးရီးယားနိုင်ငံသို့ပြန်လာခဲ့ပြီး အီဘာဒန်တက္ကသိုလ် ဆေးပညာကောလိပ်တွင် ရောဂါဗေဒပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်သည်။ ယင်းတက္ကသိုလ်မှာပင် ၁၉၉၀ မှ ၁၉၉၄ ခုနှစ်အထိ အုပ်ချုပ်ရေးမှူးအကြီးအကဲအဖြစ် တာဝန်ယူခဲ့သည်။

ဒေါက်တာအိုဆိုတီမီဟင်သည် လူငယ်နှင့် ကျား၊ မ လိင်ခွဲခြားမှုနယ်ပယ်များတွင် စိတ်ဝင်စားပြီး မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးကိစ္စများတွင်လည်း အထူးစိတ်ဝင်စားသည်။ ဒေါက်တာအိုဆိုတီမီဟင်သည် ၂၀၀၂မှ ၂၀၀၈ ခုနှစ်အထိ ကမ္ဘာ့ဘဏ်က ထောက်ပံ့သည့် အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်စီမံကိန်းတွင် စီမံကိန်းမန်နေဂျာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီးအောင်မြင်မှု ရရှိခဲ့သည်။ နိုင်ဂျီးရီးယားနိုင်ငံ၏ အေအိုင်ဒီအက်စ်ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌအဖြစ်လည်းတာဝန်ယူခဲ့သည်။ အေအိုင်ဒီအက်စ်ထိန်းချုပ်ရေး နိုင်ဂျီးရီးယား အမျိုးသားအေဂျင်စီ၏ ညွှန်ကြားရေးမှူးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းမှ ၂၀၀၈ ဒီဇင်ဘာလမှ ၂၀၁၀ ပြည့်နှစ် မတ်လအထိ နိုင်ဂျီးရီးယား နိုင်ငံတွင် ကျန်းမာရေးဝန်ကြီးတာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအချိန်တွင်နိုင်ဂျီးရီးယား ယာယီ သမ္မတဂွတ်လပ်ဂျွန်နသန်က အစိုးရအဖွဲ့ကိုဖျက်သိမ်းခဲ့ရာ မစ္စတာအိုဆိုတီမီဟင်လည်းကျန်းမာရေးဝန်ကြီးတာဝန်မှ အနားယူခဲ့သည်။

မစ္စတာအိုဆိုတီမီဟင်သည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တွင် တာဝန်ယူထားစဉ်အတွင်း လူငယ်ရေးရာများကို အာရုံစိုက်လုပ်ဆောင်ရန် ရည်မှန်းထားသည်။ လူငယ်များအနေဖြင့် ကျား၊ မ မခွဲခြားဘဲ ညီတူညီမျှ ပါဝင်လုပ်ဆောင်လာစေရန်နှင့် ယင်းသို့လုပ်ဆောင်ရာတွင် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးကိစ္စများတွင်သာမက လူ့အဖွဲ့အစည်းနှင့် စီးပွားရေးတွင်ပါ လူငယ်များပါဝင်လာစေရေးအတွက် လမ်းခင်းပေးရမည်ဖြစ်ကြောင်း ဒေါက်တာအိုဆိုတီမီဟင်ကပြောကြားသည်။

၂၀၀၅ ခုနှစ် နယူးယောက်တိုင်းမ်သတင်းစာ ဆောင်းပါးတစ်ပုဒ်တွင်လည်း အိတ်ချ်အိုင်ဗီပိုးရှိသူ နိုင်ဂျီးရီးယားနိုင်ငံသား ၅၈ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြောင်းနှင့် မိန်းကလေးအများစုမှာ ခန္ဓာကိုယ်နှင့် စိတ်ဓာတ်အပြည့်အဝမဖွံ့ဖြိုးမရင့်ကျက်သေးမီ အသက် ၁၃နှစ်၊ ၁၄နှစ်မှာပင် အိမ်ထောင်ပြုပေးခြင်းခံရကြောင်း၊ ထို့အတွက် မိန်းကလေးများမှာ ၎င်းတို့၏ အဖော်များအား ကွန်ဒုံးသုံးရန် (သို့မဟုတ်) လိင်ဆက်ဆံခြင်းမှ ရှောင်ကြဉ်ရန်တောင်းဆိုရေးလည်းမပြုနိုင်ကြောင်းရေးသား ခဲ့သည်။

မစ္စတာအိုဆိုတီမီဟင်သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးငါးယောက်နှင့် မြေးသုံးဦးထွန်းကားထားသည်။

—*Ref: Wikipedia*

## နောက်ကျောဖုံး - ကဒါဖီ၏မွေးရပ်မြေ ဆာတီမြို့ကို သိမ်းပိုက်နိုင်တော့မည်ဟုဆို မှ

"အိုဂါဒိုဂူးစင်တာကို ၁၀၀ ရာခိုင်နှုန်းထိန်းချုပ်လိုက်နိုင်ပါပြီ" ဟု NTC စစ်ဘက်အကြီးအကဲမိုဟာမက်အယ်လ်ဖာရက်ကပြောကြားပြီး ယင်းသို့ သိမ်းပိုက်လိုက်နိုင်၍ ၎င်းတို့၏ တပ်ဖွဲ့များသည် တစ်မြို့လုံးကိုရှင်းလင်းရန် လမ်းပွင့်သွားပြီဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ ယင်းနေရာသို့ရောက်ရှိနေသော သတင်းထောက်တစ်ဦးကလည်း ၎င်းသတင်းကို အတည်ပြုခဲ့သည်။ ဆာတီမြို့လယ်ခေါင်အား နာရီပိုင်းအတွင်း သိမ်းပိုက်နိုင်မည်ဟု အယ်လ်ဖာရက်က ဆက်ပြောသည်။

NTC တပ်ဖွဲ့များသည်မွမ်မာကဒါဖီ၏ သစ္စာခံတပ်များ ဆက်လက်ခုခံနေသော အခြားမြို့ဖြစ်သည့် ဘာနီဝါလစ်မြို့ လေဆိပ်ကိုလည်း ထိန်းချုပ်လိုက်ပြီဖြစ်ကြောင်း ယင်းဒေသမှ NTC တပ်ဖွဲ့များ၏ အကြီးအကဲ ယူနွတ်မူဆာကပြောကြားသည်။

—*Ref: AP*

## နောက်ကျောဖုံး - ဥရောပဘဏ်များ ပြန်လည်တောင့်တင်းစေရန် ဆောင်ရွက်ရေး ပြင်သစ်နှင့်ဂျာမနီသဘောတူ မှ



Photo - AFP

ဥရောပ၏ ဘဏ်ကြီးတစ်ခုဖြစ်သောပြင်သစ်နှင့်ဘယ်လ်ဂျီယံ ပူးတွဲပိုင်ဆိုင်သည့် ဒုက္ခတွေ့နေသော (Dexia)ဘဏ်ကိစ္စ မည်သို့ကိုင်တွယ်ဆောင်ရွက်သွားမည်ကို သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း ပြင်သစ်၊ ဘယ်လ်ဂျီယံနှင့်လူဇင်ဘာဂ်နိုင်ငံများက ကြေညာခဲ့ပြီးနောက် ယခု ခေါင်းဆောင်နှစ်ဦး၏ သဘောတူညီချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ၎င်းဘဏ်ကြီးသည် တစ်ကမ္ဘာလုံးတွင် အန္တရာယ်ရှိသောကြွေးမြီ ကန်ဒေါ်လာ ၇၀၀ ဘီလီယံနှင့် ရင်ဆိုင်နေရကြောင်းသိရသည်။

"ကျွန်မတို့ဘဏ်တွေပြန်ပြီး ငွေကြေးအင်အားတောင့်တင်းလာဖို့ လိုအပ်တာမှန်သမျှလုပ်ဖို့ ကျွန်မတို့ စိတ်ပိုင်းဖြတ်ထားပါတယ်"ဟု ဘာလင်မြို့တွင် ပြင်သစ်သမ္မတဆာကိုဇီနှင့် ပူးတွဲပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲ၌ မစ္စမာကယ်လ်က ပြောကြားသည်။

—*Ref: Guardian*

## နောက်ကျောဖုံး - ရွေးကောက်ပွဲတွင် အနိုင်ရပြီဖြစ်ကြောင်း ပိုလန်ဝန်ကြီးချုပ်ကြွေးကြော် မှ



Photo - Reuters

အတိုက်အခံခေါင်းဆောင် ဂျာရို့စ်ဂလာကက်ဇင်စကီးကလည်း မိမိရှုံးသွားပြီဖြစ်ကြောင်း ဝန်ခံခဲ့သည်။ ယခု ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော ပြည်သူ့ပလက်ဖောင်းပါတီသည် ၁၉၈၉ ခုနှစ်တွင် ပိုလန်နိုင်ငံ၌ ကွန်မြူနစ်စနစ်ပြိုလဲသွားခဲ့ပြီးနောက် ပိုင်း နှစ်ကြိမ်ဆက်တိုက် ရွေးကောက်ပွဲအနိုင်ရရှိသည့်ပါတီဖြစ်လာသည်။

အောက်တိုဘာလ ၉ရက် ရွေးကောက်ပွဲ၏ တရားဝင်ရလဒ်များကို အောက်တိုဘာလ ၁၀ ရက်တွင်ထုတ်ပြန်မည်ဟုမျှော်လင့်ရသည်။

အမျိုးသားရုပ်သံအတွက် ပြုလုပ်ခဲ့သည့် TNS OBOP မဲစာရင်း စစ်တမ်းများအရ လက်ရှိ ပိုလန်ဝန်ကြီးချုပ် မစ္စတာတပ်စ်၏ ပါတီသည် မဲအရေအတွက် ၃၉ ဒသမ ၆ ရာခိုင်နှုန်းရရှိထားပြီး အတိုက်အခံဖြစ်သူ ဥပဒေနှင့် တရားမျှတရေးပါတီကမူ ၃၀ ဒသမ ၁ ရာခိုင်နှုန်းသာ ရရှိထားကြောင်းသိရသည်။ သို့သော် တစ်ပါတီတည်း အပြတ်အသတ်အနိုင်ရရှိခြင်းမဟုတ်၍ ညွန့်ပေါင်းအစိုးရတစ်ရပ်ဖွဲ့စည်းရဖွယ်ရှိနေသည်။

—*Ref: BBC*

## နောက်ကျောဖုံး - ထိုင်းရေကြီးမှုကြောင့် ဆန်ပြတ်လပ်မှုမရှိရန်အစိုးရ၏ အရန်ဆန်များ ဖြန့်ဝေသွားမည် မှ




Photo - Getty Images

ရေကြီးရာဒေသများတွင် ဈေးနှုန်းပြင်ဆင်သတ်မှတ်ခြင်းကို ဝန်ကြီးဌာနကစိုးရိမ်နေပြီး ယင်းကိစ္စကိုစုံစမ်းစစ်ဆေးရန် ဝန်ကြီးဌာနဝန်ထမ်းများအား ပြောကြားဖွယ်ရှိသည်။

ရေကြီးမှုကို စိုးရိမ်ပူပန်နေသောမိသားစုများက ကုန်ပစ္စည်းများဝယ်ယူစုဆောင်းနေကြ၍ ရေသန့်ဘူး၊ ငါးသေတ္တာဘူးကဲ့သို့ ထုပ်ပိုးကုန်များနှင့် အခြားလူသုံးကုန်များ လျော့နည်းလာနေကြောင်း၊ ယင်းသို့ ကုန်ပစ္စည်းများလျော့နည်းလာမှုကို ဘန်ကောက်မြို့အပြင်ဘက်နှင့် နိုင်ငံအလယ်ပိုင်းရှိ လက်လီဈေးဆိုင်များတွင် ကြုံတွေ့နေရကြောင်းသိရသည်။

အဓိကလမ်းများ ပြတ်တောက်၍ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးကွန်ရက်များ အခက်အခဲတွေ့နေခြင်းကလည်း လက်လီဆိုင်များသို့ ကုန်ပစ္စည်းဖြန့်ဖြူးရေးအခက်အခဲရှိကြောင်း ဘန်ကောက်ပို့စ်သတင်းက ဖော်ပြသည်။

ကုန်သွယ်ရေးဝန်ကြီး ကစ်တီရက်နာရာနောင်း ဦးဆောင်သောအရာရှိများသည် နွန်သာဘူရီ၊ ပက်ဘွန်သနီ၊ ဆာရာဘူနီနှင့်အယုဒ္ဓယဒေသများရှိရေဘေးဒုက္ခသည်များအား ထောက်ပံ့ပစ္စည်းများ ပေးဝေခဲ့ကြောင်းသိရသည်။

—*Ref: Bangkok Post*

7 DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011



Photo - AP

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ပြောသော ကမ္ဘာ့အမျိုးသမီးများကဏ္ဍ တိုးတက်မြှင့်မားရေးအကြောင်း

ကျော်မျိုး

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ဟာ အစိုးရအဖွဲ့ဝန်ကြီးတာဝန်အဖြစ် ကမ္ဘာတစ်ဝန်းအမျိုးသမီးတို့ရဲ့ အခန်းကဏ္ဍတိုးတက်မြှင့်မားရေးအတွက်ဆောင်ရွက်နေသူတစ်ဦးဖြစ်ပါတယ်။ သူမဟာ ဟောလိဝုဒ်မင်းသမီး ဂျူလီယာရောဘတ်နဲ့တွဲကာ "သန့်ရှင်းသော မီးဖိုများရရှိရေး ကမ္ဘာလုံးဆိုင်ရာ မဟာမိတ်အဖွဲ့" Global Alliance for Clean Cookstoves အတွက်လည်း လုပ်ဆောင်ပေးနေပါတယ်။ ဒါ့ကြောင့် နယူးစ်ဝိခ် မဂ္ဂဇင်းဟာ မကြာမီကပဲ ကျင်းပခဲ့တဲ့ နိုင်ငံတကာ ကွန်ဖရင့်တစ်ရပ်မှာ မိန့်ခွန်းပြောခဲ့တဲ့ မစ္စကလင်တန်နဲ့ တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။ မစ္စကလင်တန်က ယင်းကွန်ဖရင့်မှာ မိန့်ခွန်းပြောကြားခဲ့ရာမှာ ကမ္ဘာ့စီးပွားရေးမှာ အမျိုးသမီးတို့ရဲ့ မရှိမဖြစ်အခန်းကဏ္ဍအကြောင်း၊ ၂၁ ရာစုကို အမျိုးသမီးတို့အတွက် "ကဏ္ဍစုံပါဝင်ပတ်သက်ဆောင်ရွက်ရေးခေတ်" Participation Age ရယ်လို့သတ်မှတ်ပြောကြားခဲ့ပါတယ်။ ယခုဖော်ပြလိုက်တာ အထက်ပါနယူးစ်ဝိခ်နဲ့ အင်တာဗျူးပဲ ဖြစ်ပါတယ်။

**ဝန်ကြီးခင်ဗျာ နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာတော့ ဝန်ကြီးပြောဖူးတာက ကိုယ့်ရဲ့တာဝန်ဟာ ကမ္ဘာ့အမျိုးသမီးတွေရဲ့ ဘဝအရည်အသွေး တိုးတက်ရေးဖြစ်တယ်လို့ ပြောဖူးတယ်။ ဒီရာထူးမှာ သုံးနှစ်ကြာပြီးတဲ့နောက် ဝန်ကြီးရဲ့ ဆောင်ရွက်မှုမှာ အခုအချိန်ထိ တိုးတက်မှုဘယ်လောက်ရရှိထားပါပြီလဲ။**

ဘယ်လူ့အဖွဲ့အစည်းကမှ သူ့ပြည်သူထက်ဝက်လောက်က နောက်ကျန်နေချိန်မှာ တိုးတက်ဖို့ မဖြစ်နိုင်ပါဘူး။ အမျိုးသမီးတွေ ပညာသင်ကြားခွင့်နဲ့ ကျန်းမာရေးစောင့်ရှောက်မှုရရင် ဘယ်လောက်ထူးခြားသွားတယ်ဆိုတာ သူတို့ကိုယ်ပိုင်လုပ်ငန်းကို လွတ်လပ်စွာလုပ်နိုင်ရင် ကိုယ်ပိုင်ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ရင် ဘယ်လောက်ကွဲပြားခြားနားသွားတယ်ဆိုတာ ကျွန်မတို့မြင်တွေ့ခဲ့ပြီးပါပြီ။ နိုင်ငံခြားရေးဝန်ကြီးတစ်ဦးအနေနဲ့ ကျွန်မဟာ ကျွန်မတို့နိုင်ငံခြားရေးပေါ်လစီရဲ့ အခြေခံအုတ်မြစ်အဖြစ် အမျိုးသမီးအခွင့်အရေးရရှိရေးကို ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ အမျိုးသမီးတွေဟာ အိုဘားမားအစိုးရရဲ့ အဓိကဖွံ့ဖြိုးတိုးတက်မှုတွေထဲက သော့ချက်အောင်မြင်မှု တစ်ခုဖြစ်ပါတယ်။ ပြီးတော့ စီးပွားရေးတိုးတက်ရေးကြိုးပမ်းမှု အစီအစဉ်တွေဖြစ်တဲ့ Global Alliance for Clean Cookstoves အဖွဲ့၊ Feed the Future အဖွဲ့ကနေ Global Health Initiative အဖွဲ့တွေအထိ ပါဝင်နေပါတယ်။ ဒါပေမဲ့ အခြေခံကာကွယ်ပေးမှုတွေ မရှိဘဲ အမျိုးသမီးတွေအပေါ် လိင်ပိုင်းအကြမ်းဖက်မှုတွေ အဆုံးသတ်ရေးအတွက် အထူးကိုယ်စားလှယ်ထားဖို့ အောင်မြင်စွာနှိုးဆော်နိုင်ခဲ့တယ်။ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးတည်ဆောက်ရေးမှာ အမျိုးသမီးတွေရဲ့တန်းတူညီမျှ ပူးပေါင်းပါဝင်မှုကိုအာမခံပေးမယ့် အမျိုးသားအဆင့်စီမံကိန်းတစ်ရပ်ကိုလည်း မကြာမီထုတ်ပြန်တော့မှာပါ။ ပြီးတော့ ဥပမာ- အာဖဂန်နစ္စတန်မှာဆိုရင်လည်း ကျွန်မတို့ဟာ အမျိုးသမီးအခွင့်အရေးကိစ္စတွေကို ထိပ်တန်းသံတမန်ရေးရာ ဦးစားပေးကိစ္စအဖြစ် မြှင့်တင်ဆောင်ရွက်နေပါတယ်။

**ကမ္ဘာ့စီးပွားရေးဟာလည်း ယိမ်းထိုးလှုပ်ရှားနေပါတယ်။ ဒီအန္တရာယ်က မိန်းမတွေရဲ့ တိုးတက်လာမှုကို ဘယ်လောက်အန္တရာယ်ဖြစ်စေနိုင်ပါသလဲ။**

ကမ္ဘာကြီးဟာ အမျိုးသမီးတွေရဲ့တိုးတက်မှု အလားအလာနဲ့ပတ်သက်လို့ တီထွင်မှုရှိရှိ မဟာဗျူဟာ ကျကျပိုစဉ်းစားဖို့ လိုအပ်နေပါတယ်။ လေ့လာမှုတွေကလည်း အမျိုးသမီးတွေကို ကုန်သွယ်ရေးနဲ့ စီးပွားရေးကဏ္ဍတွေမှာပါဝင်နိုင်အောင် ကူညီပေးတာဟာအလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ ဝင်ငွေတွေကို ဖန်တီးပေးနိုင်၊ တိုးတက်စေနိုင်တယ်လို့ပြသထားပါတယ်။ နိုင်ငံခြားရေး ဝန်ကြီးဌာနနဲ့ USAID ရန်ပုံငွေအဖွဲ့အစည်းဟာလည်း အကန့်အသတ်တွေက လွတ်မြောက်ပြီး အမျိုးသမီးတွေ စီးပွားရေးစွမ်းဆောင်မှုအခွင့်အလမ်းတွေ ပွင့်လင်းရေး၊ ပုဂ္ဂလိကနဲ့ အများပိုင်ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွေအပါအဝင် ပေါ်လစီတွေ၊ ပရိုဂရမ်တွေ ချမှတ်ဆောင်ရွက်ပေးနေပါတယ်။

**ကမ္ဘာ့စီးပွားရေး ဖိုရမ်လို အဖွဲ့အစည်းတွေက ကျား၊ မ တန်းတူညီမျှမှု အဆင့်အတန်းမှာ နိုင်ငံ ၁၃၄ နိုင်ငံစာရင်းထဲ အမေရိကန်ကို အဆင့် ၁၉ ပဲ သတ်မှတ်ပေးထားချိန်မှာ တခြားနိုင်ငံတွေကိုလည်း လမ်းညွှန်နေတာ ဘယ်လောက်ခက်ခဲမယ်ထင်ပါသလဲ။**

ပြောရရင်တော့ အမိမြေမှာ ကျွန်မတို့ရဲ့ အားထုတ်ချက်တွေကိုအသိအမှတ်ပြုခြင်းဟာ နိုင်ငံရပ်ခြားမှာလည်း အမျိုးသမီးတွေအတွက် အစီအစဉ်တွေ ဆောင်ရွက်ဖို့ ပေါ်လစီတွေ ပြောင်းလဲဖို့ ကျွန်မရဲ့တွေ့ဆုံ ဆွေးနွေးမှုတွေကိုအားပေး ကူညီနေပါတယ်။ အမေရိကန်မှာ ဆက်လက်ဆောင်ရွက်စရာတွေ အများကြီး လိုအပ်နေချိန်မှာ အမျိုးသမီးတွေဟာ တန်းတူညီမျှတဲ့၊ ပြည့်ဝတဲ့ နိုင်ငံရေးနဲ့ တရားရေးဆိုင်ရာ အခွင့်အရေးတွေ၊ ပညာသင်ယူဖို့၊ စီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင်ဖို့၊ ကိုယ့်ဘဝနဲ့ပတ်သက်လို့ ကိုယ်ပိုင်ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ဖို့ အခွင့်အရေးတွေ ရပြီးပါပြီ။ ကမ္ဘာတစ်ဝန်းက နိုင်ငံအများအပြားမှာတော့ မိန်းမတွေဟာ ဒီအခွင့်အရေးမရသေးပါဘူး။ သူတို့ဟာ တစ်ခါတလေ ခွဲခြားဆက်ဆံခံရပြီး လူ့အဖွဲ့အစည်းအတွက် ဘာမှလုပ်မပေးနိုင်တာ၊ သူတို့ရဲ့ တိုးတက်မှုအလားအလာကို မသိမြင်နိုင်တာတွေ ရှိနေဆဲပါ။

**ဝန်ကြီးဟာ အာရပ်နွေဦးမပေါ်ထွက်ခင် ရက်အနည်းငယ်ကပဲ အရှေ့အလယ်ပိုင်းကို ခရီးထွက်ခဲ့ဖူးတယ်။ အမေရိကန်ဟာ အဲဒီဒေသရဲ့ အာဏာအဆောက်အအုံတွေထဲမှာ အမျိုးသမီးတွေရဲ့နေရာကို တောင်းဆိုနိုင်ဖို့ တကယ်ဩဇာအာဏာရှိနေပါသလား။**

အခုအချိန်ကတော့ မြောက်အာဖရိကနဲ့ အရှေ့အလယ်ပိုင်းဒေသက ပြည်သူတွေအတွက် ဖြစ်နိုင်ခြေ အကြီးမားဆုံးကာလပါပဲ။ သူတို့ကို ဒီမိုကရက်တစ် ပြုပြင်ပြောင်းလဲမှုတွေဆီ ဦးတည်ပြီး ဘယ်လိုလုပ်ပါလို့ ကျွန်မတို့သွားမပြောနိုင်ဘူး။ ဒါပေမဲ့ ကျွန်မတို့မှာ အမျိုးသမီးတွေကို ဘယ်လိုတိုးတက်အောင် လုပ်ပေးနိုင်မလဲဆိုတဲ့ မျှဝေစရာ သင်ခန်းစာတွေအများကြီးရှိပါတယ်။ မြောက်အာဖရိကနဲ့ အရှေ့အလယ်ပိုင်းရဲ့ ဘယ်နေရာကိုပဲ ကျွန်မသွားသည်ဖြစ်စေ ကျွန်မဟာ အစိုးရတာဝန်ရှိသူတွေနဲ့တင်မကဘဲ အရပ်ဘက်အဖွဲ့အစည်းတွေ၊ စီးပွားရေးခေါင်းဆောင်တွေ၊ လူငယ်တွေ၊ မိန်းမတွေနဲ့ပါ တွေ့ဆုံလေ့ရှိပါတယ်။ ကျွန်မက အမျိုးသမီးတွေ ဖွံ့ဖြိုးတိုးတက်လာရင်လူ့အဖွဲ့အစည်းတစ်ရပ်လုံး အကျိုးအမြတ်တွေရလိမ့်မယ်ဆိုတဲ့ စကားလုံးကို ရရှိဖို့ ကြိုးစားနေတာပါ။

**နိုင်ငံခြားရေးဝန်ကြီးဌာနက အနားယူတဲ့အခါ ဝန်ကြီးအနေနဲ့ ဒီရာထူးမှာနေခဲ့ရတဲ့အချိန်ထက်တောင် ပိုပြီး ကမ္ဘာ့အမျိုးသမီးတွေ၊ မိန်းကလေးငယ်တွေရဲ့ ဘဝတိုးတက်ရေးအတွက် ပိုပြီးအင်ပြည့်အားပြည့်လုပ်နိုင်မယ်လို့ ခံစားမိပါသလား။**

ကျွန်မဘဝနဲ့ ရာထူးသက်တမ်းတစ်လျှောက်လုံး ကျွန်မဘယ်နေရာမှာပဲ ရှိနေသည်ဖြစ်စေ အမျိုးသမီးတွေ၊ ကလေးငယ်တွေကိုထောက်ခံအားပေးဖို့ ကြိုးစားခဲ့တာပါ။ နိုင်ငံခြားရေးဝန်ကြီးတစ်ဦးအနေနဲ့လည်း ကျွန်မဟာ ကိုယ့်ရဲ့စွမ်းအင်ကို ဒီအရေးကြီးတဲ့ကိစ္စအတွက် ကံကောင်းထောက်မစွာ အသုံးချခွင့်ရခဲ့ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အမျိုးသမီးတွေရဲ့ဘဝ မြှင့်တင်ရေးဟာ ကျွန်မတို့ရဲ့ ဖွံ့ဖြိုးရေးနဲ့ သံတမန်ရေး ရည်မှန်းချက်တွေ အောင်မြင်မှုအတွက် အရေးကြီးလို့ပါ။ ကျွန်မဒီဝန်ကြီးရာထူးက အနားယူရင်လည်း အမျိုးသမီးတွေ၊ ကလေးငယ်တွေကို သူတို့ရဲ့ ဘုရားပေးအခွင့်အလမ်းကို ပိုပြီး သိနားလည်လာအောင် ကူညီဖို့ နည်းလမ်းတွေ ဆက်ရှာသွားဦးမှာပါပဲ။ *—Ref: "Clintons Cause" Newsweek, Sept 28.11*

7 DAY NEWS JOURNAL

# Entertainment

Vol.10, No.30 • OCTOBER 13, 2011



## ရဲတိုက်ကို စရိုက်နှစ်မျိုးဖြင့် ကြည့်ရမည့် ၁၃...၃၁ဒီဗီဒီ ရုံတင်မည်

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ ၈**

ရဲတိုက်ကို တည်ငြိမ်အေးဆေးသည့်အသွင်နှင့်တစ်မျိုး၊ လူငယ်ဆန်ပြီးရဲရင့်သည့်အသွင်ဖြင့်တစ်ဖုံစရိုက်နှစ်မျိုးနှင့်မြင်တွေ့ရမည့်၁၃...၃၁ဒီဗီဒီဇာတ်ကားကိုအောက်တိုဘာ၁၄ရက်နေ့တွင် ရုံတင်ပြသတော့မည်ဖြစ်သည်။

ဥက္ကာ(ရဲတိုက်)သည် နှလုံးရောဂါဝေဒနာရှင် ဆရာဖြစ်သူ၏ ကျန်ရစ်ခဲ့သူ တစ်ကောင်ကြွက် မြေးမလေးပန်းရောင် (ဖွေးဖွေး)အား ဆရာ့ဆန္ဒအရ လက်ထပ်ခဲ့ရပြီး မိမိ၏ ဇနီးမယားကို ချစ်မိသော်လည်း ဇနီးထံမှ တုံ့ပြန်မေတ္တာ မရရှိခဲ့ခြင်းကြောင့် အပေါ်ယံအထင်ကြီးလောက်သည့် လုပ်ရပ်များထက် အေးချမ်းတည်ငြိမ်သည့် ချစ်ခြင်းမေတ္တာကပိုမိုလေးနက်စစ်မှန်ကြောင်းပြသနိုင်ရန် သွက်လက်ထက်မြက်ပြီး လူစွမ်းကောင်းဆန်သည့် မိုးယံရဲရင့်အဖြစ် ဖန်တီးချဉ်းကပ်ပြီး ဇနီးဖြစ်သူ၏အချစ် ရယူခဲ့ပုံကို ရိုက်ကူးထားခြင်းဖြစ်သည်။

ယင်းဇာတ်ကားတွင် ရဲတိုက်၏ စရိုက်နှစ်မျိုးနှင့် ဖွေးဖွေး၏ အိမ်ထောင်ရှင်မတစ်ဦးအတွက် နှလုံးသား၏ အလိုဆန္ဒနှင့် သစ္စာတရားအပေါ် ခက်ခဲစွာ ချုပ်ထိန်းရပုံတို့ကို ဒါရိုက်တာဝိုင်းက ရိုက်ကူးထားသည်။

အကဝါသနာပါသော ပန်းရောင်နှင့်မိုးယံရဲရင့်တို့၏ အကပြိုင်ပွဲမြင်ကွင်းများကို လူငယ်ဆန်ဆန်တင်ဆက်ထားပြီး ရဲတိုက်၊ ဖွေးဖွေး၊ ဇော်ဇော်အောင်၊ ထူးသာ၊ ညီဂျော်၊ ယူရေနီယမ်အကအဖွဲ့နှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားသည်။

## ဒေါ်လာ ခုနစ်ရာတန် ဧရာဝတီပန်းချီကား ဝယ်ယူခဲ့တဲ့ အောန်ဆိုင်း



**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ ၇**

ပြီးခဲ့သည့် လကုန်ပိုင်းက ကျင်းပခဲ့သည့် Save The Irrawaddy ဓာတ်ပုံပန်းချီပြပွဲတွင် ဒေါ်လာ ခုနစ်ရာတန်ကြေးရှိ Irrawaddy(2) ပန်းချီကားကို ကချင်တိုင်းရင်းသူမော်ဒယ်သရုပ်ဆောင် အောန်ဆိုင်းက ဝယ်ယူခဲ့သည်ဟု သိရသည်။

"အဲဒီပွဲကို ရောက်သွားချိန်မှာ အဲဒီပန်းချီကားကို မျက်စိထဲစွဲသွားတယ်။ အရောင်စပ်ထားတာလေးကိုလည်း ကြိုက်တယ်။ ဆွဲတဲ့ သူရဲ့ ခံစားချက်ကိုလည်း ခံစားမိသလိုပဲ။ ဈေးနည်းတာများတာနဲ့လည်းမဆိုင်ဘူး။ အကြောင်းအရာကလည်း ဧရာဝတီဖြစ်နေတာရယ်၊ ဒီပန်းချီကားရဲ့ တန်ဖိုး ၃၀ ရာခိုင်နှုန်းကို ပြန်လှူမယ်လို့လည်း သိရတော့ ဝယ်ဖြစ်သွားတာပါ" ဟု အောန်ဆိုင်းက ပြောသည်။ ယင်းပန်းချီကားသည် သုံးပေပတ်လည်အရွယ်အစားရှိပြီး ပန်းချီဆရာရှိန်း ရေးဆွဲထားသည့် မော်ဒန်ပန်းချီကားတစ်ကားဖြစ်သည်။ မူလ သတ်မှတ်ဈေးနှုန်းမှာ USD 1000 ဖြစ်သော်လည်း အောန်ဆိုင်းက ဒေါ်လာ ခုနစ်ရာဖြင့် ဝယ်ယူခဲ့ကြောင်း သိရသည်။

"အရင်တည်းက ပန်းချီကားတွေစုဆောင်းရတာ ဝါသနာပါတယ်။ အခုဆိုကျွန်မမှာ စုဆောင်းထားတဲ့ပန်းချီကား ၂၀ ကျော်လောက်တော့ရှိပါပြီ။ ဒီပန်းချီဆရာရဲ့ကားကိုတော့ ဒါပထမဆုံးဝယ်ယူဖြစ်တာပါ။ တချို့သူငယ်ချင်းတွေက ဒီပန်းချီကားကိုကြည့်ပြီး ဘာမှန်းလည်း မသိဘူးဖြစ်သွားကြတယ်။ ကျွန်မကတော့ အရင်တည်းက ပန်းချီဦးအောင်မြင့်တို့လို မော်ဒန်လက်ရာတွေကိုကြိုက်တော့ ဒီကားလေးကိုလည်း အမြင်မှာတင် ဆွဲဆောင်မှုရှိလို့ ဝယ်ဖြစ်သွားတယ်။ ပန်းချီဆရာက ကျွန်မကို သုံးရာလျှော့ပေးပါတယ်"ဟု အောန်ဆိုင်းကပြောသည်။

အောန်ဆိုင်းသည် ပန်းချီပြပွဲတိုင်းကို မကြည့်ဖြစ်သော်လည်း ခင်မင်ရင်းနှီးသော ပန်းချီဆရာအချို့၏ နေအိမ်သို့ပန်းချီကားများ လိုက်လံခံစားကြည့်ရှုလေ့ရှိသည်ဟု ၎င်းကပြောပြသည်။

## အိန္ဒြေ (Bambino) ပြောပြတဲ့ အလင်းရောင်ပရဟိတအဖွဲ့အကြောင်း

ချမ်းခိုက်ခိုက်

**Bambino အဖွဲ့ဝင်တစ်ဦးဖြစ်သူ အိန္ဒြေဟာ ယခုနှစ်ဆန်းပိုင်းမှာ 'အလင်းရောင်' အမည်ဖြင့် ပရဟိတအဖွဲ့လေးတစ်ဖွဲ့ကို ဦးဆောင်လှုပ်ရှားလာပါတယ်။ ကလေးသူငယ်တွေရဲ့ အနာဂတ်မှာ ပညာရေးဟာ အရေးအကြီးဆုံး အလင်းရောင်လို့ယူဆတာကြောင့် ပရဟိတအလုပ်တစ်ခုခုလုပ်ဖို့စဉ်းစားတဲ့အခါကလေးသူငယ်တွေရဲ့ပညာရေးပိုင်းကို အဓိက ကူညီလှူဒါန်းမယ်လို့ ရည်ရွယ်ပြီး ဒီအဖွဲ့လေးကို စတင်လှုပ်ရှားခဲ့တယ်လို့သိရပါတယ်။ 'အလင်းရောင်' ပရဟိတအဖွဲ့'ရဲ့ အဓိကရပ်တည်ချက်၊ ထောက်ပံ့လှူဒါန်းမှုတွေ၊ ပေါ်ပင်လုပ်တာမဟုတ်ဘဲ ခိုင်မာတဲ့လူမှုရေးလုပ်ငန်းတစ်ခုအသွင်ဖြစ်အောင် ဘာတွေလှုပ်ရှားလုပ်ဆောင်နေလဲဆိုတာကို အိန္ဒြေက ပြောပြခဲ့ပါတယ်။**



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

လူမှုရေးလုပ်ချင်တဲ့သူ အနေနဲ့ဘယ်လိုလုပ်ငန်းလုပ်မလဲ စဉ်းစားတဲ့အခါ လူတစ်ယောက်မှာ ပညာရေးကောင်းပြီဆိုရင် သူ့ရဲ့အနာဂတ်မှာ ပိုက်ဆံအတွက်လည်း မပူရတော့ဘူး။ ကဲ လူမှုရေးလုပ်တာဟုတ်ပြီ။ ဘယ်လုပ်ငန်းကိုအဓိကလုပ်မလဲဆိုတာ စဉ်းစားကြတော့ လှူရမယ်ဆိုနေရာတွေကအများကြီးပဲ။ ဒါပေမဲ့မအိတို့အားလုံးက လူငယ်တွေလည်းဖြစ်တယ်။ ကိုယ့်ထက်ငယ်ရွယ်တဲ့ညီလေးတွေ၊ညီမလေးတွေကို ပညာတတ်စေချင်တယ်။ တကယ်လို့ပိုက်ဆံမရှိရင်တောင်မှ သူတို့ဘဝမှာ ပညာတတ်သွားရင် သူတို့မိဘတွေအတွက်လည်း ကောင်းသွားမယ်။ သူတို့ဘဝ အနာဂတ်အတွက်လည်း ပူပင်မှုမရှိတော့ဘူး။ ဒါကြောင့်ဆင်းရဲပြီးတော့မိဘက မထောက်ပံ့နိုင်တဲ့ကလေးတွေ၊ မိဘမဲ့ကလေးတွေရဲ့ ပညာရေးကိုဆုံးခန်းတိုင်အောင် ကူညီမယ်ဆိုပြီး အလင်းရောင်ပရဟိတအဖွဲ့လေးကို လုပ်ဖြစ်ခဲ့ပါတယ်။

စာ(၄၉)သို့

# Entertainment

7DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

## ‘အချစ်ပြင်းပြင်း၁၅၀၀’ဒီဗီဒီဇာတ်ကားတွင်စိုင်းစိုင်းခမ်းလှိုင်နှစ်ကိုယ်ခွဲဇာတ်ရုပ်ဖြင့်မြင်တွေ့ရမည်

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ- ၅**

မိဘမေတ္တာကို လူငယ်များ၏ အချစ်ဇာတ်လမ်းဇာတ်ကွက်များဖြင့် တွဲဖက်ပုံဖော်ရိုက်ကူးထားသော ‘အချစ်ပြင်းပြင်း ၁၅၀၀’ ဇာတ်ကားတွင် စိုင်းစိုင်းခမ်းလှိုင်ကို အမြွှာညီအစ်ကိုအဖြစ် နှစ်ကိုယ်ခွဲဇာတ်ရုပ် မြင်တွေ့ရမည်ဖြစ်သည်။



ယင်းဇာတ်ကားတွင်ငယ်စဉ်ကတည်းက မိဘနှစ်ပါး၏ စိတ်ဝမ်းကွဲလမ်းခွဲမှုကြောင့် ကွဲကွာခဲ့ရပြီး မိမိတွင် အမြွှာညီ အစ်ကိုရှိမှန်းမသိခဲ့ကြသည့် သုခနှင့် ယုဝအဖြစ် စိုင်းစိုင်းခမ်းလှိုင်က သရုပ်ဆောင်ထားသည်။ ချမ်းသာသည့်ကြီးတော်ဖြစ်သူနှင့်နေထိုင်ရသူယုဝသည် မိဘသဘောတူထားသူချစ်စစ်၏လူမှားပြီး အကြွေးဆပ်မှုကြောင့်မိမိနှင့်ရုပ်တူသူတစ်ဦးရှိသည့်အပေါ် မသင်္ကာဖြစ်ကာ စုံစမ်းရာမှအမြွှာညီအစ်ကိုရင်းသုခရှိမှန်းသိခဲ့ရသည်။ မိဘရင်းများကိုရှာဖွေရန် သုခကိုမိမိနေရာတွင်အစားထိုးခဲ့ပြီးနောက်ဆုံးဖခင်ဖြစ်သူကိုပြန်လည်ရှာတွေ့ခဲ့သော်လည်း ယုဝတွင် ဦးနှောက်တွင်းအကြိတ်တည်ရောဂါရရှိနေပြီး ဖခင်ဖြစ်သူမှာလည်း အသည်းကင်ဆာဝေဒနာရှင်ဖြစ်နေသည်။ အမြွှာနှစ်ဦးနှင့် မိသားစုတို့ ပြန်လည် ဆုံဆည်းတွေ့ဆုံမှုကို ဒါရိုက်တာဟိန်းစိုးက ရိုက်ကူးထားသည့်ဇာတ်လမ်း ဖြစ်သည်။

ယင်းဇာတ်ကားမှာ လမင်းမိုမို၏ ဝတ္ထုကို အာယုက ဇာတ်ညွှန်းရေးသားပြီးစိုင်းစိုင်းခမ်းလှိုင်၊ မင်းဦး၊ မျိုးသန္တာထွန်း၊ ဝိုင်းစုခိုင်သိန်း၊ သီရိထွန်းတို့က သရုပ်ဆောင်ထားကာ အောက်တိုဘာ ၁၂ ရက်တွင် ထွက်ရှိမည်ဟုသိရသည်။

## ကမ္ဘာ့ဆွဲဆောင်မှု အရှိဆုံး အမျိုးသားအဖြစ် ရောဘတ်ပတ်တင်ဆန်ကို သတ်မှတ်

**လန်ဒန်၊ အောက်တိုဘာ - ၄**

Twilight ဇာတ်ကားများ၏ ခေါင်းဆောင်မင်းသား ရောဘတ်ပတ်တင်ဆန်အား ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံးအမျိုးသားအဖြစ် Glamour မဂ္ဂဇင်း၏ သတ်မှတ်ခြင်းခံခဲ့ရကြောင်း သိရသည်။ ပတ်တင်ဆန်သည် မဂ္ဂဇင်း၏ ဆွဲဆောင်မှုအရှိဆုံး အမျိုးသား ၅၀ ဦးစာရင်းတွင် သုံးနှစ်ဆက်တိုက် ပါဝင်ခဲ့ခြင်းလည်း ဖြစ်သည်။



၎င်း၏နောက်တွင် ဒုတိယနေရာ၌ Twilight ဇာတ်ကားများမှတွဲဖက်သရုပ်ဆောင် တေလာလော့တ်နာက ရခဲ့ပြီး တတိယနေရာတွင် ဂျွန်နီဒက်ပ်နှင့် စတုတ္ထနေရာတွင် ဘောလုံးသမား ဒေးဗစ်ဘက်ခမ်း၊ ပဉ္စမနေရာတွင် ဇက်အက်ဖရွန်တို့က အသီးသီးရခဲ့သည်။ မဂ္ဂဇင်းက ယခုဆွဲဆောင်မှု အရှိဆုံးအမျိုးသားများစာရင်းကို စာဖတ်ပရိသတ်လေးသောင်းကျော်က မဲပေးရွေးချယ်ခဲ့ကြောင်းဖော်ပြသည်။

—Ref: Showbizspy








7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

## စာ-၄၇၊ အိန္ဒြေပြောပြတဲ့ အလင်းရောင်ပရဟိတအဖွဲ့အကြောင်း မှ

အလင်းရောင်ပရဟိတအဖွဲ့လေးကိုစတင်စုစည်းလှုပ်ရှား ဖြစ်တာက အခုနှစ်မေလကပါ။ ပထမဆုံးအလှူစလုပ်ဖို့အတွက်ဘယ်နေရာမှာ ဘာတွေလိုအပ်လဲဆိုတာ နီးစပ်ရာတွေကိုလည်း စုံစမ်းတော့ ဒဂုံမြို့သစ်အရှေ့ပိုင်းက အေးရိပ်သာဆိုတဲ့ ဘုန်းကြီးကျောင်းမှာ သူငယ်တန်းကနေ လေးတန်းအထိကျောင်းသားဦးရေ၂၀၀လောက်ကို သင်ကြားပေးနေတဲ့ဆရာမလေးတွေရှိတယ်။ ဒီဆရာမလေးတွေကိုဘုန်းဘုန်းကလာလှူတဲ့သူတွေရှိမှလခပေးနိုင်တယ်။ လာလှူတဲ့သူမရှိတဲ့အခါကျတော့လခပေးဖို့နှောင့်နှေးတာပေါ့။ ဒါကြောင့်ဒီစာသင်နှစ်တစ်နှစ်စာအတွက်ဆရာမလေးတွေရဲ့လစာကိုတပည့်တော်တို့ကူညီပါ့မယ်လို့ လျှောက်တော့ဘုန်းဘုန်းကလည်းဝမ်းသာတယ်။ ဒါ မအိတို့ရဲ့ပထမဆုံးခြေလှမ်းပေါ့။ ဒီတစ်နှစ်တည်းမဟုတ်ဘဲ ဒီကျောင်းက ဆရာမတွေရဲ့လစာကို မအိတို့အဖွဲ့ကအမြဲတာဝန်ယူသွားမှာပါ။ ဒုတိယခြေလှမ်းအနေနဲ့ အဲဒီကျောင်းမှာစာအရမ်းတော်ပြီး လေးတန်းလည်းအောင်သွား ကျောင်းဆက်မတက်နိုင်တဲ့ကလေးတွေရှိတယ်။

ရေခဲချောင်းတွေ ဘာတွေတောင် ရောင်းရတယ်လို့ သိရတော့ ဒီကလေးတွေကို ငါးတန်းတစ်နှစ်တည်းမဟုတ်ဘဲ ဘွဲ့ရတဲ့အထိထားပေးဖို့၊ သူတို့ရဲ့ ကျောင်းမုန့်ဖိုးကအစ တာဝန်ယူဖို့အဖွဲ့ကဆုံးဖြတ်ပြီး ရွှေပြည်သာကကျောင်းအမှတ်(၂၆)မှာ သူတို့ရဲ့အုပ်ထိန်းသူနေရာမှာ မအိကလက်မှတ်ထိုးပြီး ကျောင်းလိုက်အပ်ပေးထားတယ်။ နောက်ထပ်ကူညီမှုအနေနဲ့ ပဲခူး၊သနပ်ပင်ကျေးရွာကနေတော်တော်လေး ထပ်သွားရတဲ့ရွာမှာ ငါးဘာသာဂုဏ်ထူးရှင်ကောင်လေးကိုဆေးကျောင်းတစ်လျှောက်လုံးအတွက် တာဝန်ယူထောက်ပံ့ပေးထားတယ်။ လေးဘာသာဂုဏ်ထူးရှင်ကောင်မလေးကိုတော့အင်ဂျင်နီယာလိုင်း မမီခဲ့ရင် သူနာပြုတက္ကသိုလ်တက်ချင်တဲ့ သူ့ဆန္ဒအတိုင်း မအိတို့ထားပေးမယ်။

မအိတို့အဖွဲ့ကို ပညာသင်စရိတ်လျှောက်ချင်ရင်သူတို့အောင်မြင်ခဲ့တဲ့ကျောင်းရဲ့ကျောင်းအုပ်ဆရာကြီးထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊မိဘတွေရဲ့ထောက်ခံစာတွေပေါ် မူတည်ပြီး သူတို့နေရပ်အထိ လိုက်စုံစမ်းတယ်။ အချက်အလက်တွေကိုအတည်ပြုပြီးမအိတို့ အွန်လိုင်းက အဖွဲ့ဝင်တွေကိုဓာတ်ပုံတွေနဲ့သေချာတင်ပြတယ်။ အဖွဲ့ဝင်တွေရဲ့အကြံပြုချက်ပေါ် မူတည်ပြီး လှူဒါန်းသင့်သူကိုလှူဒါန်းပါတယ်။

အခုလက်ရှိအဖွဲ့ရဲ့ လှုပ်ရှားမှုကတော့ အောက်တိုဘာလ ၉ ရက်နေ့ကျရင် မြိုင်သီလရှင်ကျောင်းမှာ ကြံ့တိုင်းရွာပရဟိတအဖွဲ့က ဆေးခန်းလေးလုပ်ပေးထားတယ်။ တစ်ပတ်တစ်ခါ ဆေးခန်းလေးမှာ လုပ်အားပေးဆရာဝန်တွေက အခမဲ့ကုသပေးတယ်။ တစ်ခါတစ်ခါဆို လူနာပေါင်းနှစ်ရာနီးပါးလောက်လာကြတယ်။ အဲဒီလူနာတွေအတွက်မအိတို့က ဆေးဖိုး သုံးသိန်းခွဲကိုလှူမယ်။ နောက်ပြီး လူနာတွေအပါအဝင် အနီးပတ်ဝန်းကျင်က လူအားလုံးပေါင်းလေးရာနီးပါးလောက်ကို နို့ဆန်ပြုတ်နဲ့ ကန်စွန်းဥရောပြီး အာဟာရဒါနပြုမယ်လို့ စီစဉ်ထားတယ်။

မအိတို့အဖွဲ့လေးက လာမယ့်မေလမှာတစ်နှစ်ပြည့်မှာမို့ တစ်နှစ်ပြည့်အထိမ်းအမှတ်နဲ့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဒေသတစ်ခုခုမှာ ပညာဒါနပြုဖို့ အစီအစဉ်ရှိပါတယ်။ ဘယ်လောက်ခေါင်တဲ့နေရာဖြစ်ပါစေ။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဖြစ်ဖြစ်၊ စာသင်ကျောင်းပဲဖြစ်ဖြစ် တစ်ခုခုတော့ရှိမှာပဲ။ အဲဒီကျောင်းအတွက် အဆောက်အအုံ၊ စာအုပ်စာတမ်း၊ အစစအရာရာလိုအပ်သမျှအဖွဲ့က သွားလှူဖို့အစီအစဉ်ရှိပါတယ်။

အဖွဲ့လေး ရေရှည်တည်တံ့အောင် မအိတို့ Admin အဖွဲ့မှာ လစဉ်ကြေးရှိတယ်။တစ်လတစ်ခါ အနည်းဆုံး ကျပ်တစ်သောင်းကနေစပြီး ထည့်ဝင်ထားရတယ်။ ပြီးတော့ တစ်နှစ်တစ်ခါ ကိုယ့်ရဲ့လုပ်ငန်းကရတဲ့ အမြတ်ရဲ့ ဆယ်ရာခိုင်နှုန်း ဖောင်ဒေးရှင်းအဖြစ်ထားထားတယ်။ နောက် အဖွဲ့ဝင်တွေရဲ့လစဉ်ကြေးတွေရှိတယ်။ ဒီငွေတွေကိုလည်း ဖောင်ဒေးရှင်းအဖြစ်ထားပြီး အားလုံးကို ဘဏ်မှာအပ်တယ်။ နောက်ပိုင်း မအိတို့ အဖွဲ့ဝင်တွေ ရန်ကုန်မှာ အားလုံးစုစည်းဖြစ်သွားရင် ဒီဘဏ္ဍာငွေတိုးပွားအောင် စီးပွားရေးလုပ်ငန်းတစ်ခုခုလုပ်မယ်လို့ စဉ်းစားထားပါတယ်။

မအိတို့အဖွဲ့လေးကို အင်တာနက်ကနေလည်း ကွန်ရက်ချိတ်ဆက်ထားပါတယ်။ အဖွဲ့ရဲ့ဝက်ဘ်ဆိုက်ကwww.alinyaung.net ဖြစ်ပါတယ်။ ဖေ့စ်ဘွတ်ခ်က www.facebook.com\myatdarna ပါ။ အီးမေးလ်လိပ်စာက myatdarna4mm@gmail.com ပါ။ အွန်လိုင်း အတွက် ၂၄ နာရီသုံးပေးတဲ့ အဖွဲ့ဝင်တစ်ယောက်အမြဲတမ်းရှိပါတယ်။ အွန်လိုင်းသိပ်မသုံးဖြစ်တဲ့နယ်ဒေသတွေအတွက် ဟော့လိုင်းနံပါတ် ၀၉၅၀-၈၇၈၁၄ ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ လိုအပ်ရင် ပညာသင်စရိတ်လျှောက်လွှာဖောင်တွေကိုစာတိုက်ကနေပို့ပေးပါတယ်။ မအိတို့ဆီက ဖောင်မရခဲ့ရင်တောင် ကိုယ့်လက်ရေးနဲ့ရေးထားတဲ့ဖောင်လေးတွေကို လိုအပ်တဲ့စာရွက်စာတမ်းတွေနဲ့ အတူ ပေးပို့နိုင်ပါတယ်။

မအိတို့အဖွဲ့က ကျောင်းထားပေးတဲ့ကလေးတွေကို ဘယ်လောက်ပဲဝေးပါစေ။ တစ်လတစ်ခါသွားတွေ့တယ်။ အဆင့်တွေကျသွားရင် သူတို့ကို သတိပေးပါတယ်။ အတန်းကြီးရင်ကြီးသလို ကျူရှင်လည်း ထားပေးမှာပါ။ ဒါပေမဲ့ မိဘတွေဘက်ကလည်း ကလေးတွေကို အိမ်မှုကိစ္စခိုင်းတာက ခိုင်းပါ။ စီးပွားရေးတော့မလုပ်ခိုင်းပါနဲ့လို့ မေတ္တာရပ်ခံထားတယ်။ ဝမ်နင်သုံးခါပေးပြီးရင်တော့ ပညာရေးထောက်ပံ့မှုကိုရပ်ဆိုင်းမှာပါ။

ဒီအဖွဲ့လေးရဲ့ အဓိက Admin ကိုးယောက်လုံးမှာ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အကုန်ရှိကြတယ်။ တကယ်လို့ အလှူရှင်တွေနည်းရင်တောင်မှ ခုလက်ရှိထောက်ပံ့ထားမှုတွေအားလုံးကိုဆုံးခန်းတိုင်အောင်ထောက်ပံ့သွားမှာပါ။ ဆက်ပြီးရေရှည်တည်တံ့အောင်လည်း ရုန်းကန်ကြိုးစားသွားမှာပဲ။ ကိုယ်က ဘယ်လောက်မှ မတော်ပေမယ့် ကိုယ့်မြန်မာလူမျိုးကလေး ဆယ်ယောက် လောက်ပဲဖြစ်ဖြစ် ပညာတတ်အောင်လုပ်ပေးခဲ့နိုင်တယ်ဆိုတာမျိုး ကိုယ်တွေအသက်ကြီးလာရင် ကျေနပ်ဂုဏ်ယူစွာနဲ့ ပြောနိုင်ချင်တယ်။ ဒါကြွားတာ မဟုတ်ပါဘူး။

ပညာရေးဟာ ကလေးတစ်ယောက်ရဲ့အနာဂတ်အတွက် အရမ်းကို အရေးကြီးပါတယ်။ ကလေးတွေရဲ့ပညာရေးကိုကူညီပေးနေတဲ့ မအိတို့ရဲ့ အလင်းရောင်ပရဟိတအဖွဲ့လေးကိုကူညီပေးစေချင်ပါတယ်။ လိုအပ်တဲ့အကြံဉာဏ်တွေကိုလည်း ပွင့်ပွင့်လင်းလင်းနဲ့ ပြောစေချင်ပါတယ်။ ဦးကျော်သူတို့ဆိုလည်း တဖြည်းဖြည်းနဲ့ကြိုးစားလာခဲ့တာ အခုအရမ်းခိုင်မာနေတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်နေပါပြီ။ မအိတို့လည်း ကလေးတွေရဲ့ပညာရေးအတွက် အရမ်းကိုခိုင်မာတဲ့ပရဟိတအဖွဲ့တစ်ဖွဲ့ဖြစ်ဖို့ အစွမ်းကုန်ကြိုးစားသွားပါမယ်။



**အေးသူစံ**

■'မင်းကိုသတိရရင်' သီချင်းတွင် မို့မို့လွင်နှင့်စုံတွဲသီဆိုခဲ့သည့် မယ်လိုဒီဝေါဒ်စင်မြင့်ထက်က အဆိုရှင်ကောင်းကောင်း၏ ပထမဆုံး တစ်ကိုယ်တော်စီးရီး 'ကောင်းကင်ကလူ' မိတ်ဆက်ပွဲကို စက်တင်ဘာ ၃၀ရက်က စီးတီးစတားဟိုတယ်တွင် ကျင်းပခဲ့သည်။ ယင်းစီးရီးကို ကောင်းကောင်း၏ Dream Band ဖြင့် တီးခတ်ထားပြီး အောက်တိုဘာလလယ်တွင်ဖြန့်ချိမည်ဖြစ်သည်။

■စန္ဒရားခွန်တင်ကြွယ်၏ မျိုးဆက်ဖြစ်ပြီး ဆိုကရေးတီးပြိုင်ပွဲများတွင် ဆုရရှိထားသူ အဆိုတော်နေခြည်၏ 'စိတ်ကူးယဉ်ကမ္ဘာထဲ' စီးရီးကို အောက်တိုဘာ ၁၁ရက်တွင် Excellent Creation က ဖြန့်ချိမည်ဖြစ်သည်။ Iron Cross တီးဝိုင်းဖြင့် တီးခတ်ထားပြီး PTL စတူဒီယိုတွင် အသံဖမ်းထားသည်။ မြင့်မိုးအောင်၊ အငဲ၊ ဇဝါ၊ မောင်မောင်ဇော်လတ်နှင့်ရွှေဂျော်ဂျော်တို့ရေးသားထားပြီး ဖိုးကာနှင့်စုံတွဲသီဆိုထားသော သီချင်းနှစ်ပုဒ်လည်း ပါဝင်သည်။

■ဂျာနယ်ကျော်ဦးချစ်မောင် ရာပြည့်ပွဲကို လာမည့် ဇန်နဝါရီလတွင် စာပေဗိမာန်၌ ဂျာနယ်ကျော်၏ မျိုးဆက်များက ဦးစီးကျင်းပမည်ဖြစ်သည်။ ယင်းရာပြည့်ပွဲတွင် ဂျာနယ်ကျော်ဂျာနယ်များကို စုစည်းပြသခြင်း၊ စာပေအနုပညာရှင်များက ဂျာနယ်ကျော်ဦးချစ်မောင်အကြောင်း သိရှိမှတ်မိသမျှ အမှတ်တရ ပြောကြားခြင်း၊ ဦးချစ်မောင်နေ့စဉ်မှတ်တမ်းကို ပုံနှိပ်ထုတ်ဝေခြင်း၊ ဂျာနယ်ကျော်ဦးချစ်မောင်နှင့်ပတ်သက်သည့် အချက်အလက်များကို စာတမ်းသဏ္ဍာန်ဖတ်ကြားခြင်းစသည့်အစီအစဉ်များ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း ကျင်းပရေးတာဝန်ခံကပြောသည်။

■ရုပ်ပြလောကတွင် ကာတွန်းဝိဇ္ဇာ၏ တာယာပွကြီးဇာတ်ကောင်နှင့်အတူ အောင်မြင်ခဲ့သော စာရေးဆရာဗျူး၏ 'လောက၏ပြတင်းများအပါအဝင် ဝတ္ထုတိုများ' စာအုပ်မိတ်ဆက်ပွဲနှင့် လက်မှတ်ရေးထိုးရောင်းချပွဲကို အောက်တိုဘာလ ၈ ရက်တွင် စာပေလောက (၅)၌ ကျင်းပခဲ့သည်။ 'ကျွန်တော့်နှလုံးသွေးနဲ့ ရင်းပြီး ရေးခဲ့တာမဟုတ်ပါဘူး။ ဘောပင်နဲ့ပဲ ရေးခဲ့တာပါ ဖတ်ကြည့်ပါဦး'ဟု စာသားဖြင့် ကြော်ငြာထားပြီး လုံးချင်းဝတ္ထုများဖြင့် အောင်မြင်ထားသည့် စာရေးဆရာဗျူး၏ ဝတ္ထုတိုများကို ခံစားဖတ်ရှုနိုင်ကြမည်ဖြစ်သည်။




TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Dolphin Tale | Warner Bros | ၃၇,၁၈၃,၇၉၆ | ၂ |
| ၂။ | Moneyball | Sony Picture | ၃၈,၀၀၀,၁၃၀ | ၂ |
| ၃။ | The Lion King | Walt Disney | ၇၉,၂၀၉,၇၉၄ | ၃ |
| ၄။ | Courageous | TriStar Pictures | ၉,၀၆၃,၁၄၇ | ၁ |
| ၅။ | 50/50 | N/A | ၈,၆၄၄,၀၉၅ | ၁ |
| ၆။ | Dream House | Universal Pic: | ၈,၁၂၉,၃၅၅ | ၁ |
| ၇။ | Abduction | Lionsgate | ၁၉,၀၉၇,၂၄၁ | ၂ |
| ၈။ | What's Your Number? | 20th Century | ၅,၄၂၁,၆၆၉ | ၂ |
| ၉။ | Killer Elite | Open Road films | ၁၇,၅၀၁,၂၈၆ | ၂ |
| ၁၀။ | Contagion | Warner Bros: | ၆၄,၅၆၉,၆၁၉ | ၄ |

## Movie Review

### Real Steel




ချာလီသည် လက်ဝှေ့လောကတွင် နာမည်ကြီးသူတစ်ဦးဖြစ်သော်လည်း လက်ဝှေ့ပွဲတွင် အလေးချိန်ပေါင် ၂၀၀ နှင့်အမြင့် ၈ ပေ ရိုဘော့စက်ရုပ်များ လွှမ်းမိုးလာသောအခါ လက်ဝှေ့ထိုးခွင့်မရှိတော့။ သို့ဖြင့် စက်ရုပ်လက်ဝှေ့ပွဲများအတွက် ၎င်းကိုယ်ပိုင် ရိုဘော့များ တီထွင်၍ ယှဉ်ပြိုင်သည်။ သို့သော် အခြားစက်ရုပ်များကို သူ၏ စက်ရုပ်များက မယှဉ်နိုင်ဘဲရှိရာ သူနှင့်ကွဲကွာနေပြီး ခပ်စိမ်းစိမ်းဖြစ်နေသော သားဖြစ်သူနဲ့ ပြန်လည်လက်တွဲပြီး ချန်ပီယံရိုဘော့ဟု ၎င်းတို့ယူဆသည့် ရိုဘော့ဖိုက်တာဖြင့် ပြိုင်ပွဲဝင်ရာ . . ။

Hugh Jackman, Dakota Goyo, Kevin Durand တို့ ပါဝင်သရုပ်ဆောင်ထားသည့် စွန့်စားမှု၊ အက်ရှင်၊ သိပ္ပံစိတ်ကူးယဉ်ဇာတ်ကားအား Shawn Levy ကရိုက်ကူးထားပြီး Dreamworks Pictures ကအောက်တိုဘာ ၇ ရက်တွင်ဖြန့်ချိမည်ဖြစ်သည်။

Sports
7 DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

## ဦးတေဇက MFF Max Cement ဖလား ဗိုလ်စွဲသော ရန်ကုန်ယူနိုက်တက်အသင်းကို ကျပ်သိန်းတစ်ထောင် ချီးမြှင့်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ အောက်တိုဘာ - ၈**

2011 MFF Max Cement Cup ရှုံးထွက်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော ရန်ကုန်ယူနိုက်တက်အသင်းအား အသင်းပိုင်ရှင်ဦးတေဇက ဆုငွေ ကျပ်သိန်းတစ်ထောင် ချီးမြှင့်ခဲ့ကြောင်းသတင်းရရှိသည်။

၎င်းပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲကို ယခုလ ၄ ရက်က သုဝဏ္ဏ ကွင်းတွင် ကျင်းပခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းက နေပြည်တော် အသင်းအား ငါးဂိုးပြတ်ဖြင့်အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုနှစ် မြန်မာနေရှင်နယ် လိဂ်အမှတ်ပေးပြိုင်ပွဲတွင်လည်း ချန်ပီယံဖြစ်သည့်အတွက် တစ်ရာ သီအတွင်းဖလားနှစ်လုံးချန်ပီယံအဖြစ်မှတ်တမ်းဝင်သွားခဲ့သည်။

၎င်းအသင်း အမှတ်ပေးချန်ပီယံဖြစ်ခဲ့စဉ်ကလည်း အသင်းပိုင် ရှင်က အမေရိကန်ဒေါ်လာသုံးသိန်း ဆုငွေချီးမြှင့်ခဲ့ကြောင်း သိရ သည်။

## မြန်မာလိဂ်ပွဲအတွက် အပြောင်းအရွှေ့ကာလ သတ်မှတ်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ အောက်တိုဘာ-၈**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအတွက် ရာသီကြိုအပြောင်းအရွှေ့ကာလကို အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ သတ်မှတ်လိုက်ကြောင်း သတင်းရရှိသည်။

ဘောလုံးအဖွဲ့ချုပ်သည် လာမည့်နှစ်မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲကို ၂၀၁၂ ဇန်နဝါရီ ၇ ရက်တွင် စတင်ကျင်းပရန် စီစဉ်ထားပြီး ပြိုင်ပွဲဝင် ကလပ်တစ်သင်းလျှင် နိုင်ငံခြားသားကစားသမား အများဆုံးသုံးဦးသာခေါ်ယူခွင့်ပြုထားကြောင်း သိရသည်။

ထို့အပြင် လာမည့် ၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ဘောလုံးရာသီတွင် အိမ်ကွင်းလက်ခံကျင်းပလိုသည့် ကလပ်အသင်းများအနေဖြင့် နိုဝင်ဘာ ၁ ရက် နောက်ဆုံးထား၍ ဘောလုံးအဖွဲ့ချုပ်သို့ အကြောင်းပြန်ရမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

ပြီးခဲ့သည့်မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်၊ ဇေယျာရွှေမြေ၊ ကမ္ဘောဇ၊ နေပြည်တော်၊ ရတနာပုံအသင်းတို့မှာ အိမ်ကွင်းပွဲစဉ်များကိုလက်ခံကျင်းပခဲ့သည်။

လာမည့် ၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ဘောလုံးရာသီတွင် ချင်းပြည်နယ်ကိုယ်စားပြုအသင်း ပါဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ စုစုပေါင်းပြိုင်ပွဲဝင် ၁၃ သင်းရှိလာမည်ဖြစ်သည်။

## ဆီးဂိမ်းဘောလုံးပြိုင်ပွဲတွင် မလေးရှား၊ အင်ဒိုအသင်းတို့နှင့် မြန်မာအသင်း တစ်အုပ်စုတည်းကျ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ အောက်တိုဘာ - ၈**

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၂၆ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုများထွက်ပေါ်လာပြီဖြစ်ရာမြန်မာအသင်းသည် အုပ်စု (က)၌လက်ရှိချန်ပီယံ မလေးရှား၊ အိမ်ရှင်အင်ဒိုနီးရှားတို့နှင့် ကျရောက်လျက်ရှိသည်။


အင်ဒိုနီးရှား ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲကို လာမည့် နိုဝင်ဘာလ ၇ ရက်မှ ၂၂ ရက်အထိ အုပ်စုနှစ်စုခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စု (က) ၌ မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ လာအို၊ တီမော၊ အုပ်စု (ခ) ၌ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နှင့် စင်ကာပူတို့ ပါဝင်ကြောင်းသိရသည်။

မြန်မာအသင်းအား နည်းပြချုပ်အဖြစ် ဇေယျာရွှေမြေအသင်း နည်းပြချုပ်ဖြစ်သူ စတီဗင်ဟန်ဆန်က ကိုင်တွယ်နေပြီး မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၌ ခြေစွမ်းပြခဲ့သော ကစားသမား ၂၅ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။

မြန်မာအသင်းသည် ၂၀၀၉ ခုနှစ် လာအိုဆီးဂိမ်းပြိုင်ပွဲတွင် အုပ်စုအဆင့်မှထွက်ခဲ့ရပြီး ၂၀၀၇ ခုနှစ် ထိုင်းဆီးဂိမ်းပြိုင်ပွဲတွင်မူ ဒုတိယရရှိခဲ့သည်။

မြန်မာဘောလုံးအသင်းသည် လာမည့် ဆီးဂိမ်းအကြိုပြင်ဆင်မှုအဖြစ်ယခုလ ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် ဗီယက်နမ်ဖိတ်ခေါ်ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

ယခုနှစ် အင်ဒိုနီးရှား ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသမီးဘောလုံးပြိုင်ပွဲအား ထည့်သွင်းကျင်းပမည် မဟုတ်ကြောင်း သိရသည်။



:: အားကစားကြယ်ပွင့် ::

## ပရီးမီးယားလိဂ်ရဲ့ ထိပ်တန်းဂိုးသွင်းရှင် အာဂျင်တီးနားလူငယ်တိုက်စစ်မှူး ဆာဂျီယိုအာဂူရို

ကိုအေးမြတ်

မြန်မာပရိသတ်တွေအနေနဲ့ ပရီးမီးယားလိဂ်ဘောလုံးပြိုင်ပွဲဝင် မန်စီးတီးအသင်းရှေ့တန်းမှာ ဒီရာသီအဖွင့်ကနေ ဆက်တိုက်ခြေစွမ်း ပြဂိုးတွေသွင်းနေတဲ့ အာဂျင်တီးနားတိုက်စစ်မှူးလေး အဂူရိုကို သတိထားမိကြမှာပါ။ အဂူရိုဟာ ၁၉၈၈ ဇွန်လ ၂ ရက်နေ့မှာ မွေးသူမို့ ယခုမှ ၂၃ နှစ်အရွယ် လူငယ် ကစားသမားတစ်ဦးပဲဖြစ်ပါတယ်။ အများမသိကြတဲ့ တစ်ချက်ကတော့ အဂူရိုဟာ နာမည်ကျော် အာဂျင်တီးနားဘောလုံးသမားကြီး မာရာဒိုနာရဲ့သမက်ဖြစ်သလို အာဂျင်တီးနား ပထမတန်းမှာ မာရာဒိုနာတင်ထားတဲ့ အသက်အငယ်ဆုံးနဲ့ ပထမတန်းမှာပါဝင်သူ ဘောလုံးသမားစံချိန်ကို ချိုးဖျက်ပြီး စံချိန်သစ်တင်ထားသူလည်း ဖြစ်ခဲ့တယ်ဆိုတာပါ။ အဂူရိုဟာ အာဂျင်တီးနားပထမတန်း ဘောလုံးပြိုင်ပွဲမှာ ၂၀၀၃ ဇူလိုင်လ ၅ ရက်ကပါဝင်ကစားခဲ့ပြီး ထိုစဉ်က အသက် ၁၅နှစ်နဲ့ ၃၅ရက်သာ ရှိသေးတာမို့ အာဂျင်တီးနား ပထမတန်းမှာ ကစားဖူးသမျှ အသက်အငယ်ဆုံးကစားသမားဆိုတဲ့စံချိန်ကိုတင်ခဲ့ပါတယ်။

အဂူရိုဟာ နိုင်ငံတကာ လက်ရွေးစင်ကစားသမားအဆင့်ကို ၂၀၀၅ နဲ့ ၂၀၀၇ တို့မှာကျင်းပတဲ့ ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာနှစ်ပွဲဆက် ဝင်ကစားကာ အာဂျင်တီးနားလူငယ်အသင်းနဲ့ နှစ်ကြိမ် ချန်ပီယံဖြစ်ခဲ့ပါတယ်။ ဒ့ါအပြင် ၂၀၀၈ ဘေဂျင်းအိုလံပစ်မှာလည်း ဘရာဇီးကိုအနိုင်ရခဲ့တဲ့ ဆီမီးဖိုင်နယ်မှာ နှစ်ဂိုးသွင်းခဲ့ပြီး အသင်းကို အိုလံပစ်ချန်ပီယံဖြစ်အောင်ကူညီပေးနိုင်ခဲ့ပါတယ်။

စာ(၅၁)သို့





7 DAY NEWS JOURNAL
Vol.10, No.30 • OCTOBER 13, 2011

## မြန်မာလိဂ် ဒုတိယအကျော့ပွဲစဉ်များကို အောက်တိုဘာ ၁၆ တွင် ပြန်လည်ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ - ၈**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည်မြန်မာနေရှင်နယ်လိဂ်အရန်အသင်းများ ပြိုင်ပွဲ၏ ဒုတိယအကျော့ပွဲစဉ်များကို အောက်တိုဘာလ ၁၆ ရက်တွင် ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပွဲစဉ်များကို အောင်ဆန်းကွင်း၊ စလင်းကွင်း၊ ပဒုမ္မာကွင်းတို့တွင် ကျင်းပရန်စီစဉ်ထားပြီး ဒီဇင်ဘာ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

၎င်းပြိုင်ပွဲ၏ ပထမအကျော့ပွဲစဉ်များအပြီးတွင် ဇေယျာရွှေမြေအသင်းက ရမှတ် ၂၅ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားပြီး ၎င်းနောက်တွင် ရတနာပုံနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့က အစဉ်လိုက်ရပ်တည်နေသည်။

မြန်မာနေရှင်နယ်လိဂ်အရန်အသင်းများ ပြိုင်ပွဲ၏ ပြီးခဲ့သည့် ၂ နှစ်ဆက် ချန်ပီယံအသင်းမှာ ရန်ကုန်ယူနိုက်တက်အသင်း ဖြစ်သည်။

## အင်ဒိုနီးရှားတွင် ရေကြီးမှုများကြောင့် ဆီးဂိမ်းအတွက် ဆောက်လုပ်ရေးအစီအစဉ်အချို့ ရပ်ဆိုင်း

**ဂျကာတာ၊**

**အောက်တိုဘာ - ၈**

မကြာသေးမီက အင်ဒိုနီးရှားနိုင်ငံဆူမတြားပြည်နယ်တောင်ပိုင်း ပလင်မ်ဘန်တွင် ရေကြီးရေလျှံမှုများကြောင့် ၂၀၁၁ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဆီးဂိမ်းပွဲများ လက်ခံကျင်းပမည့် ဂျကာဘာရင်းအားကစားမြို့တွင် ရေအိုင်ငယ်များစွာ ဖြစ်ပေါ်ခဲ့ပြီး ဆောက်လုပ်ရေးအစီအစဉ်အချို့ ရပ်နားခဲ့ရကြောင်း သိရသည်။

ရေအိုင်များက အားကစားမြို့တွင်းရှိအဆောက်အအုံများအတွင်း တင်ကျန်နေမှုကြောင့် ရေကူးကန်နှင့် ပြေးခုန်ပစ်ကွင်းများအတွင်းရေမြောင်းစနစ်များ ပိတ်ဆို့ခဲ့ပြီး အသစ်စိုက်ပျိုးထားသောမြက်ခင်းပြင်များလည်း ပျက်စီးဖွယ်ရှိကြောင်း သိရသည်။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဆီဂိမ်းကွင်းများတည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ရီဇယ်အဗ္ဗဒူလာကလည်း မိုးကြီးမှုကြောင့် ဖြစ်ခဲ့သည့် ရေအိုင်များမှာ အားကစားကွင်းများအတွင်း ရေမြောင်းကောင်းစွာ အလုပ်လုပ်ခြင်း ရှိ၊ မရှိ စမ်းသပ်ခြင်းပင်ဖြစ်ကြောင်း ဆိုသည်။

ယခုအခါ အင်ဒိုနီးရှား အပါအဝင် အရှေ့တောင်အာရှဒေသတွင် မိုးရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသော်လည်း ဆောက်လုပ်ရေးလုပ်ငန်းများကို လာမည့်ပြိုင်ပွဲကာလအမီ အချိန်မီပြီးစီးရန် တာဝန်ရှိသူများက အာမခံပြောကြားထားကြောင်း သိရသည်။ *—Ref: Jakata Post*

စာ(၅၀) - အားကစားကြယ်ပွင့် မှ



ဒီနောက် ၎င်းဟာ ၂၀၁၀ ကမ္ဘာ့ဖလားနဲ့ ၂၀၁၁ ကိုပါအမေရိကဖလားပွဲတွေမှာလည်း အာဂျင်တီးနားအသင်းနဲ့ယှဉ်ပြိုင်ခဲ့ပါတယ်။

**ကစားသမားဘဝ**

ဆာဂျီယိုအဂူရိုဟာ အာဂျင်တီးနားကလပ် အင်ဒီပန်းဒီးယန်းမှာ အသက်ကိုးနှစ်အရွယ်တည်းကလူငယ်အသင်းမှာပါဝင်လေ့ကျင့်ခဲ့ပြီး ၁၅ နှစ်သားမှာတော့ ပထမအသင်းလူစာရင်းထဲ ခေါ်ယူခံရကာခြေစွမ်းပြခဲ့ပါတယ်။ ဒီလိုနဲ့ အသင်းအတွက် ပွဲထွက်ကစားသမားအဖြစ် ကစားရင်းနဲ့ ၂၀၀၅ ခုနှစ်မှာတော့ ဖီဖာ အသက် ၂၀ အောက် ကမ္ဘာ့ဖလားကို အာဂျင်တီးနားလူငယ်အသင်းနဲ့ဝင်ပြိုင်ခဲ့တယ်။ လူငယ်ကမ္ဘာ့ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပါတယ်။ ဒီနောက် ၂၀၀၆ ခုနှစ်မှာ စပိန်ကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ခဲ့ပြီး ထိုစဉ်က သူ့ရဲ့ပြောင်းရွှေ့ကြေးဟာယူရို ၂၃ သန်းရှိခဲ့ပြီး ကလပ်သမိုင်းမှာ စံချိန်တင်ပြောင်းရွှေ့ကြေးဖြစ်ခဲ့ပါတယ်။ အဂူရိုဟာ အက်သလက်တီကိုမှာ ပထမရာသီမှာခြေစွမ်းပြခဲ့ပြီး ဒုတိယရာသီ ၂၀၀၇-၀၈ မှာတော့ လိဂ်ရဲ့ ဂိုးသွင်းအများဆုံးစာရင်းမှာ ဒန်နီဂူအီဇာ၊ လူးဝစ်ဖေဘီယာနိုတို့နောက်က တတိယရခဲ့ပါတယ်။ ဒါ့အပြင် ၎င်းက အသင်းကို လိဂ်မှာ အဆင့်လေးနေရာရအောင် ကူညီပေးခဲ့ပြီး ဆယ်နှစ်တာအတွင်း ပထမဆုံးအနေနဲ့ အက်သလက်တီကိုဟာလည်း ချန်ပီယံလိဂ်ဝင်ခွင့်ရခဲ့ပါတယ်။ ၂၀၀၉-၁၀ ရာသီမှာလည်း ၎င်းဟာကစားဖော် ဒီယေဂိုဖော်လန်နဲ့တွဲကာ ခြေစွမ်းပြခဲ့ပြီး ချန်ပီယံလိဂ်မှာ မအောင်မြင်ခဲ့ပေမယ့် ယူရိုပါလိဂ်မှာ ဗိုလ်လုပွဲရောက်ကာ ဖူလ်ဟမ်ကိုအနိုင်ရဗိုလ်စွဲခဲ့ပါတယ်။ ဒီနောက် ၂၀၁၀ ဩဂုတ်မှာတော့ အီတာလျံ ထိပ်သီး အင်တာမီလန်ကို ယူအီးအက်ဖ်အေစူပါဖလားမှာ ကိုယ်တိုင် တစ်ဂိုးသွင်းယူ၊ တစ်ဂိုးဖန်တီးပေးကာ ၂-၀ ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။

**မန်စီးတီးကစားသမားဘဝ**

အဂူရိုဟာ ဒီနှစ် ဇူလိုင်လ ၂၈ ရက်မှာ အင်္ဂလန်ကလပ် မန်စီးတီးအသင်းကို ငါးနှစ်စာချုပ်နဲ့ ပြောင်းရွှေ့လာခဲ့ပါတယ်။ ၎င်းရဲ့ ပြောင်းရွှေ့ကြေးကိုဖော်ပြခြင်းမရှိခဲ့ပေမယ့် သတင်းတွေအရ ပေါင် ၃၅ သန်းရှိမယ်လို့ဆိုကြပါတယ်။ ၎င်းဟာ မန်စီးတီးအတွက် ပထမဆုံးပွဲအဖြစ် ဩဂုတ်လ ၁၅ ရက် ဆွမ်ဆီးနဲ့ပွဲစဉ်မှာတော့ ဝင်ကစားပေးခဲ့ပြီး ပထမဆုံးလိဂ်ဂိုးကိုသွင်းယူပေးခဲ့ပါတယ်။ ဝီဂန်နဲ့ပွဲမှာတော့ အဂူရိုဟာ ပထမဆုံး ဟက်ထရစ် သွင်းယူနိုင်ခဲ့သလို ဖူလ်ဟမ်နဲ့ပွဲမှာလည်း နှစ်ဂိုးသွင်းယူခဲ့ပါတယ်။ ယနေ့အချိန်မှာမှတ်တမ်းတွေအရဆိုရင် အဂူရိုဟာ မန်စီးတီးအတွက် ပရီးမီးယားလိဂ်ခြောက်ပွဲ ကစားကာရှစ်ဂိုးသွင်းယူထားနိုင်ပြီး လိဂ်ရဲ့ ထိပ်တန်းဂိုးသွင်းရှင်တစ်ဦးဖြစ်နေပါပြီ။

**ကစားဟန်**

အဂူရိုဟာ ပုံမှန်အားဖြင့် ရှေ့တန်းအလယ်လူနေရာက ကစားလေ့ရှိပြီး နောက်ချန်တိုက်စစ်မှူးအဖြစ်လည်း ကစားနိုင်သူပါ။ ၎င်းဟာ ယခင် ကမ္ဘာကျော်တိုက်စစ်မှူးတွေဖြစ်တဲ့ ရိုမာရီယို၊ မာရာဒိုနာတို့လိုပဲ အရပ်အမောင်းမကောင်းပေမယ့် လျင်မြန်စွာ ရွေ့လျားနိုင်၊ ဂိုးသွင်းနိုင်တဲ့တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။

**ပုဂ္ဂိုလ်ရေးဘဝ**

အဂူရိုဟာ မာရာဒိုနာရဲ့ အငယ်ဆုံးသမီး ဂီယန်နီနာနဲ့ လက်ထပ်ထားပြီး ဘင်ဂျမင်လို့ခေါ်တဲ့ သားတစ်ဦးမွေးဖွားထားပါတယ်။ အဂူရိုဟာ သူ့ညာဘက်လက်မောင်းအတွင်းမှာ ‘ကန်အဂူရို’ လို့ခေါ်တဲ့ သူ့နာမည်ကို လက်တင်စာလုံးနဲ့ ဆေးမင်ကြောင်ရေးထိုးထားပြီး ဘယ်လက်မောင်းမှာ တော့ သားလေးဘင်ဂျမင်ရဲ့ အမည်နဲ့ မွေးရက်ကို ဆေးမင်ထိုးထားပါတယ်။



Photo - Getty Images

## ရီးရဲလ်နည်းပြ မော်ရင်ဟို စပိန်စူပါဖလား နှစ်ပွဲပယ် ပြစ်ဒဏ်ချမှတ်ခံရ

**မတ်ဒရစ်၊ အောက်တိုဘာ - ၈**

ရီးရဲမက်ဒရစ် အသင်းနည်းပြမော်ရင်ဟိုသည် ပြီးခဲ့သည့် ဩဂုတ်လအတွင်း စပိန်စူပါဖလား ဒုတိယအကျော့ပွဲစဉ်တွင် ဘာစီလိုနာလက်ထောက်နည်းပြ တီတိုဗီလာနိုဗစ်နှင့် အချင်းများခဲ့သည့်အတွက် နှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ် ခံလိုက်ရကြောင်း သိရသည်။ မော်ရင်ဟိုသည် ထိုပွဲတွင် ဗီလာနိုဗစ်၏ မျက်လုံးကို လက်ညှိုးဖြင့်ထိုးဟန်ပြုခဲ့သည်ကို ကင်မရာမှတ်တမ်းများမှတစ်ဆင့် တွေ့ရှိရ၍ အရေးယူခံခဲ့ရခြင်းဖြစ်သည်။

ထိုပွဲတွင် ရီးရဲလ်နောက်ခံလူမာဆယ်ဂိုက ဘာစီလိုနာမှ ဖာဘရီဂတ်စ်အား ဖျက်ထုတ်ခဲ့ရာမှ နှစ်သင်းစလုံးမှ ကစားသမားများအချင်းများခဲ့ကြပြီး ရီးရဲလ်မှ အိုဇေးလ်နှင့် ဘာကာမှ ဗီလာတို့ အနီကတ်ပြခံခဲ့ရသည်။ ဘာစီလိုနာနည်းပြ ဗီလာနိုဗစ်မှာလည်း မော်ရင်ဟိုအား ခေါင်းရိုက်မည့်ဟန်ပြုလုပ်ခဲ့၍ တစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး နည်းပြနှစ်ဦးစလုံးကိုစပိန်ဘောလုံးအဖွဲ့ချုပ်က ဒဏ်ငွေယူရို ၆၀၀ စီပေးဆောင်စေခဲ့သည်။ သို့သော် ယင်းနည်းပြနှစ်ဦးစလုံးသည် စူပါဖလားပွဲစဉ်အတွက်သာ ပွဲပယ်ပြစ်ဒဏ်များကျခံခဲ့ရ၍ ကျန်လာလီဂါပွဲစဉ်များတွင် ဆက်လက်ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

*—Ref: Xinhua*

## WBA လိုက်ဝိတ်တန်းသရဖူအတွက် ဘရန်ဒွန်ရီယိုနှင့် ဂျွန်မာရေး ထိုးသတ်မည်

**လန်ဒန်၊ အောက်တိုဘာ - ၈**

ယခင်ဥရောပ လိုက်ဝိတ်တန်းချန်ပီယံဟောင်း ဂျွန်မာရေးသည် WBA လိုက်ဝိတ်သရဖူရရှိရေးအတွက်မက္ကဆီကန် - အမေရိကန်လက်ဝှေ့သမား ဘရန်ဒွန်ရီယိုနှင့် လာမည့်ဒီဇင်ဘာ ၃ ရက်တွင်နယူးယောက်မြို့၌ ထိုးသတ်သွားမည်ဖြစ်ကြောင်း အတည်ပြုလိုက်သည်။ မာရေးသည် ပြီးခဲ့သည့် ဇူလိုင်လတွင် လန်ဒန်မှ လက်ဝှေ့သမားကီဗင်မစ်ရှယ်အား ရှုံးနိမ့်ထားသူဖြစ်သည်။

၎င်းသည် မစ်ရှယ်အား မရှုံးနိမ့်ခင်အထိ ဗြိတိန်နိုင်ငံတွင် ၃၁ ပွဲ ဆက်တိုက် ရှုံးပွဲမရှိဘဲ အချိန်အကြာဆုံးအနိုင်ရသူလက်ဝှေ့သမားအဖြစ် စံချိန်တင်ထားခဲ့သူဖြစ်သည်။ ၎င်းသည် ရီယိုကိုအနိုင်ရခဲ့ပါက လက်ရှိ WBA ၏ လိုက်မစ်ဒယ်ဝိတ်သရဖူပိုင်ရှင်မီရွယ်ကော်တိုကိုလည်းစိန်ခေါ်နိုင်မည်ဖြစ်သည်။ အသက် ၂၆ နှစ်အရွယ်ရှိ ဂျွန်မာရေးသည်မကြာမီက ၎င်း၏နည်းပြ ဂျိုးဂါလာဂါနှင့် လမ်းခွဲခဲ့သော်လည်း လာမည့် ဒီဇင်ဘာတွင် ရီယိုကို အနိုင်ရမည်ဟု ယုံကြည်နေသည်။ *—Ref: BBC*

7 DAY NEWS JOURNAL
Vol.10, No.30 • OCTOBER 13, 2011



# Apple ကုမ္ပဏီပူးတွဲတည်ထောင်သူ စတိဗ်ဂျော့ဘ်ကွယ်လွန်

**ကူပါတီနို၊ အောက်တိုဘာ - ၅**

အနာဂတ်အတွက် ကြိုတင်မျှော်မြင်နိုင်ပြီး တီထွင်ဖန်တီးမှု ပါရမီရှင်ဟူ၍ လုပ်ဖော်ကိုင်ဖက်များက ခေါ်ဝေါ်ကြသည့် Apple ကုမ္ပဏီပူးတွဲတည်ထောင်သူ စတိဗ်ဂျော့ဘ် သေဆုံးသွားကြောင်း Apple ကုမ္ပဏီက ၎င်း၏ဝက်ဘ်ဆိုက်တွင်ဖော်ပြသည်။ စတိဗ်ဂျော့ဘ်သည် ကွယ်လွန်ချိန်တွင် အသက် ၅၆ နှစ်သာရှိသေးသည်။

"Apple ဟာ အမြော်အမြင်ကြီးပြီး တီထွင်ဆန်းသစ်မှု ပါရမီရှင်ကို ဆုံးရှုံးသွားလို့ ကမ္ဘာကြီးဟာလည်း အံ့အားသင့်စရာ လူသားတစ်ယောက်ဆုံးရှုံးသွားခဲ့ပါတယ်" ဟု ကယ်လီဖိုးနီးယားပြည်နယ်ကူပါတီနိုအခြေစိုက် ကွန်ပျူတာများ၊ ဆော့ဖ်ဝဲများ၊ ဆက်သွယ်ရေးကိရိယာများပြုလုပ်သည့် Apple ကုမ္ပဏီက စတိဗ်ဂျော့ဘ်သေဆုံးကြောင်းကြေညာရာတွင် ဖော်ပြခဲ့သည်။

စတိဗ်နှင့် အလုပ်လုပ်ခွင့်ရအောင်ကံကောင်းခဲ့သူများအတွက် ချစ်လှစွာသောမိတ်ဆွေတစ်ဦးနှင့် အားကျအတုယူလောက်သောရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်တစ်ဦးဆုံးရှုံးခဲ့ခြင်းဟု ကြေညာချက်တွင်ဖော်ပြပြီး စတိဗ်၏စိတ်ဓာတ်ခံယူချက်များသည် Apple ကုမ္ပဏီ၏ အခြေခံအုတ်မြစ်အဖြစ် ထာဝရတည်ရှိနေမည်ဖြစ်ကြောင်း ဆက်လက်ဖော်ပြသည်။ စတိဗ်ဂျော့ဘ်သေဆုံးရသောအကြောင်းအရင်းနှင့် သေဆုံးချိန်တွင် မည်သည့်နေရာတွင်ရှိနေခဲ့သည်ကို ကြေညာချက်က မဖော်ပြပေ။ စတိဗ်ဂျော့ဘ်သည် ကင်ဆာရောဂါနှင့် အခြားကျန်းမာရေးပြဿနာများ ကြုံတွေ့ခဲ့ရပြီး ဩဂုတ်လတွင် Apple ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။ *—Ref: UPI*










7 DAY NEWS JOURNAL
Vol.10, No.30 • OCTOBER 13, 2011


# စတိဗ်ဂျော့ဘ်ဘဝကို ပုံဖော်ခဲ့သော ကုန်ပစ္စည်း ၁၀ မျိုး

စတိဗ်ဂျော့ဘ်သည် အင်ဂျင်နီယာဘာသာရပ်တွင် ပုံမှန်ကျောင်းတက်သင်ယူမှုမရှိခဲ့သော်လည်း အမေရိကန်တွင် မူပိုင်ခွင့်တင်ထားသည့် ကုန်ပစ္စည်းပေါင်း ၃၀၀ ကျော်၏တီထွင်သူ (သို့မဟုတ်) ပူးတွဲတီထွင်သူအဖြစ် စာရင်းဝင်သူဖြစ်သည်။ ၎င်း၏ဉာဏ်ကြားမှုအောက်၌ ထုတ်ခဲ့သည့် ထုတ်ကုန် ၁၀ မျိုးကို စုစည်းဖော်ပြအပ်ပါသည်။



















၁။ **Apple I (1976)** ဝါသနာရှင်များနှင့် အင်ဂျင်နီယာများအတွက် Apple ၏ပထမဦးဆုံး ထုတ်ကုန်ကို စတိဗ်ဝေါ့ဇနီယက်က ဒီဇိုင်းထုတ်၍ စတိဗ်ဂျော့ဘ်ကရန်ပုံငွေရှာခြင်း၊ ဈေးကွက်တင်ခြင်းကို တာဝန်ယူခဲ့သည်။

၂။ **Apple II (1977)** အများသုံးဈေးကွက်အတွက် ပုံဖော်ထုတ်လုပ်ခဲ့သော ကွန်ပျူတာမှာ ဝေါ့ဇနီယက်ကပင် အများစု ဒီဇိုင်းဆွဲပြီး အဆင့်မြှင့်မော်ဒယ် အများအပြားကို ၁၉၉၃ ခုနှစ်အထိ ဆက်လက်ထုတ်လုပ်ခဲ့သည်။

၃။ **Lisa (1983)** ပထမဦးဆုံး စီးပွားဖြစ်ကွန်ပျူတာကို အသုံးပြုသူများအတွက် ဂရပ်ဖစ်မျက်နှာပြင်၊ အမှတ်အသား icom များ၊ ဝင်းဒိုးစနစ်နှင့် မောက်စ်နှင့် မြားများပါဝင်လာခဲ့သည့် ကွန်ပျူတာဖြစ်သည်။ ဈေးကြီးလွန်း၍ စီးပွားရေးအရ မအောင်မြင်ခဲ့။

၄။ **Macintosh (1984)** Lisa ကဲ့သို့ပင် ဂရပ်ဖစ်မျက်နှာပြင်နှင့်ဖြစ်သော်လည်း ပို၍မြန်ဆန်လာပြီး ဈေးပေါလာသည်။ စားပွဲတင်ပုံနှိပ်ခြင်းအတွက် အသုံးဝင်ကြောင်း တွေ့ရှိလာရာ လေဆာပရင်တာနှင့်တွဲဖက်အသုံးပြုရင်း လေဆာပရင်တာက စီးပွားရေးအရအောင်မြင်ခဲ့သည်။

၅။ **NeXT (1989)** Apple မှနုတ်ထွက်ခဲ့ရပြီးနောက် ထုတ်လုပ်ခဲ့သည့်အားကောင်းသော လုပ်ငန်းသုံးကွန်ပျူတာဖြစ်သည်။ အများအပြားမရောင်းချခဲ့ရသော်လည်း နည်းပညာမြင့် ပစ္စည်းဖြစ်သည်။

၆။ **iMac (1998)** ၁၉၉၆ ခုနှစ်တွင် စတိဗ်ဂျော့ဘ် Apple သို့ပြန်လည်ရောက်ရှိပြီး ထုတ်လုပ်သောကွန်ပျူတာမှာ ယိုင်နဲ့နေသော Apple ကုမ္ပဏီကို ကယ်တင်နိုင်ခဲ့သည်။ အင်တာနက်နှင့် အိမ်သုံးကွန်ပျူတာဝယ်ယူသူများ၏စိတ်ကူးများကို ဖမ်းစားခဲ့သည့် ကွန်ပျူတာဖြစ်သည်။

၇။ **iPod (2001)** အလွယ်တကူ သယ်ဆောင်နိုင်သော အီလက်ထရွန်နစ် ပစ္စည်းဈေးကွက်ကို လှိုင်းထန်သွားစေခဲ့သော Apple ၏ထုတ်ကုန်ဖြစ်သည်။

၈။ **iTunes Store (2003)** ဒစ်ဂျစ်တယ်တေးဂီတကို အလွယ်တကူ ဝယ်ယူနိုင်အောင် လမ်းခင်းပေးခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် အမေရိကန်၌ အကြီးမားဆုံး တေးဂီတလက်လီရောင်းချသူဖြစ်လာသည်။

၉။ **iPhone (2007)** စမတ်ဖုန်းများကို သုံးစွဲရလွယ်ကူစေရန် ဦးဆောင်ခဲ့သော ကုန်ပစ္စည်းဖြစ်ပြီး ယခုဆိုလျှင် Apple မှာ ကမ္ဘာပေါ်တွင် ဖုန်းထုတ်လုပ်မှုမှ အမြတ်အစွန်းအများဆုံးရသော ကုမ္ပဏီဖြစ်သည်။

၁၀။ **iPad (2010)** သင်ပုန်းကွန်ပျူတာ (Tablet) ဈေးကွက်ကို သီးခြားရပ်တည်နိုင်အောင် ပုံဖော်ပေးခဲ့သော Apple ၏ထုတ်ကုန်ဖြစ်သည်။

—*Ref: AP*





7 DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

# သမဂများပါပူးပေါင်းလာ ဝေါလ်စထရီဆန္ဒပြပွဲများ ကြီးထွားလာ



**နယူးယောက်၊ အောက်တိုဘာ - ၄**

အောက်တိုဘာလ ၆ ရက်တွင် ဝေါလ်စထရီဆန့်ကျင်ရေး ဆန္ဒပြသူထောင်ပေါင်းများစွာ နယူးယောက်မြို့ ဘဏ္ဍာရေးရပ်ကွက်၌ စုပေါင်းဆန္ဒပြခဲ့ကြကြောင်း သိရသည်။ စီးပွားရေးမညီမျှမှုနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများ၏ အင်အားကြီးမားမှုကို မကျေနပ်သည့် ကန့်ကွက်မှုများတွင် သူနာပြုများ၊ အလုပ်သမားများနှင့် အခြားသမဂ္ဂအဖွဲ့ဝင်များ ပါဝင်လာခဲ့ပြီး ဆန္ဒပြသူများ တိုးပွားလာသည်။

"Occupy Wall Street" "ဝေါလ်စထရီကို သိမ်းပိုက်ကြ" ဟု ခေါ်ဝေါ်သော ချီတက်ပွဲတွင် လူ ၅၀၀၀ ခန့်ပါဝင်မည်ဟု ခန့်မှန်းရပြီး အများအားဖြင့် စည်းကမ်းတကျ ရှိခဲ့ကြောင်း သိရသည်။ အမေရိကန်နိုင်ငံတစ်ဝန်း အခြားမြို့ကြီးများနှင့်တက္ကသိုလ်များတွင်လည်း ကန့်ကွက်ဆန္ဒပြမှုများ ရှိခဲ့သည်။

ရဲအရာရှိတစ်ဦးအား ၎င်း၏ စကူတာဆိုင်ကယ်ပေါ်မှ တိုက်ချခဲ့သူ တစ်ဦးအပါအဝင် နယူးယောက်မြို့တွင် လူ ၁၂ ဦးကို ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောခွင့်ရပုဂ္ဂိုလ် ပေါလ်ဘရောင်းက ပြောကြားသည်။ အခြားသူများမှာ ရဲတပ်ဖွဲ့ အရံအတားကို ဖောက်ထွက်ရန်ကြိုးစားခဲ့၍ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆန္ဒပြသူများက ၂၀၀၈ ခုနှစ်တွင် ဝေါလ်စထရီမှဘဏ္ဍာရေးကုမ္ပဏီများအား အစိုးရက ကယ်တင်ခဲ့ခြင်းကိုကန့်ကွက်ခဲ့ကြသည်။ ယင်းသို့ကယ်တင်မှုကြောင့် ဘဏ်လုပ်ငန်းများမှာ အမြတ်အစွန်းအများအပြားရရှိခဲ့ချိန်တွင် သာမန်အမေရိကန်နိုင်ငံသားများမှာ အလုပ်လက်မဲ့မြင့်မားမှု၊ အလုပ်အကိုင် အာမခံချက်မရှိမှုများ ကြုံတွေ့ခံစားကြရပြီး ဖယ်ဒရယ်အစိုးရထံမှလည်းအကူအညီမရသလောက်ဖြစ်ကြောင်း ကန့်ကွက်သူများကပြောသည်။

လွန်ခဲ့သော ရက်သတ္တပတ်သုံးပတ်က မန်ဟက်တန်မြို့လယ်တွင်ပေပေတေတေ နေထိုင်ဆန္ဒပြသူအုပ်စုက စတင်ခဲ့သော ကန့်ကွက်မှုများမှာ အမေရိကန်နိုင်ငံအနှံ့အပြား မြို့ကြီးများ၌ အရွယ်ပေါင်းစုံ ပါဝင်လာသည့် ကန့်ကွက်မှုများအဖြစ် ကြီးထွားလာခဲ့သည်။

*—Ref: Reuters*




# ကြမ်းတမ်းသော ဆောင်းရာသီနှင့် အမေရိကန် ကြုံတွေ့နိုင်

**ချီကာဂို၊ အောက်တိုဘာ - ၅**

လာနီညာရာသီဥတုသက်ရောက်မှုကိုလာမည့်ဆောင်းရာသီတွင် သိသိသာသာ ခံစားရနိုင်ပြီး အမေရိကန်နိုင်ငံဒေသ အများအပြားတွင်အအေးဓာတ်လွန်ကဲကာ နှင်းထူသောဆောင်းရာသီနှင့်ကြုံတွေ့ရနိုင်ကြောင်း ရာသီဥတုခန့်မှန်းသူများက ပြောကြားသည်။

အီကွေတာ ရာသီဥတုဆန်သောပစိဖိတ်အရှေ့ပိုင်းနှင့် အလယ်ပိုင်းပင်လယ်ပြင်တွင် အပူချိန်များ ပုံမှန်ထက်လျော့နည်းကျဆင်းလာချိန်၌ ဖြစ်ပေါ်သည့် လာနီညာ ရာသီဥတု၏ လေစီးကြောင်းများအပေါ် သက်ရောက်မှုကြောင့် အမေရိကန်အနောက်အလယ်ပိုင်းနှင့် အရှေ့မြောက်ဒေသများတွင် ခန့်မှန်း၍မရသော ရာသီဥတုများ ဖြစ်ပေါ်နိုင်သည်ဟု Accuweather.com တွင် တင်ပြထားသည်။

လာနီညာရာသီဥတုက ဆောင်းရာသီလေစီးကြောင်းများအပေါ် သက်ရောက်မှုကြောင့် နိုင်ငံအနောက်အလယ်ပိုင်းနှင့် နီးစပ်ရာ ဝန်းကျင်များသို့ မုန်တိုင်းများဝင်ရောက်လာနိုင်ကြောင်း ရာသီဥတုခန့်မှန်းသူများကဆိုသည်။

"ဆောင်းရာသီရဲ့ ဒဏ်ကို အထူးသဖြင့် အအေးဒဏ်ကို အမေရိကန်နိုင်ငံရဲ့ အလယ်ပိုင်းနဲ့ မြောက်ပိုင်းတွေမှာ ခံစားရပါလိမ့်မယ်" ဟုရေရှည်ရာသီဥတုခန့်မှန်းရေးပညာရှင် ပေါလ်ပက်စတီလော့က ပြောကြားသည်။

*—Ref: UPI*

# အမေရိကန်ငွေကြေးဥပဒေကို တရုတ်ဆန့်ကျင်

**ဘေဂျင်း၊ အောက်တိုဘာ - ၄**

ငွေကြေးခြယ်လှယ်မှုပြုသည်ဟုသော စွပ်စွဲချက်များအတွက် တရုတ်နိုင်ငံအား ဒဏ်ခတ်ရန်ရည်ရွယ်သည့် အမေရိကန်အထက်လွှတ်တော်တွင်ပြဋ္ဌာန်းမည့်ဥပဒေအား အခိုင်အမာဆန့်ကျင်ကြောင်းတရုတ်နိုင်ငံကပြောကြားသည်။

ငွေကြေးမညီမျှမှုဆိုသည်ကို ယခုဥပဒေက အကြောင်းပြချက်အနေဖြင့်ဖော်ပြထားကြောင်း၊ ဥပဒေကြောင့် ငွေကြေးလဲလှယ်မှုပြဿနာကို အရှိန်မြင့်လာစေကြောင်း၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေး အကောင်အထည်ဖော်ရန်လုပ်ဆောင်ခြင်းဖြစ်ပြီး တရုတ်-အမေရိကန်ကုန်သွယ်ရေးကို ထိခိုက်နိုင်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ပြောခွင့်ရပုဂ္ဂိုလ် မာဇောင်ဆူးက "တရုတ်နိုင်ငံက ဒါကို ခိုင်ခိုင်မာမာ ဆန့်ကျင်ပါတယ်" ဟုပြောကြားသည်။

ယင်းဥပဒေအား ဒီမိုကရက်များနှင့် ရီပက်ဘလေကန်များက ပါထောက်ခံပြီး တရုတ်အစိုးရနှင့် အမေရိကန်စီးပွားရေးအုပ်စုများက ဆန့်ကျင်ကြသည်။ ပထမတစ်ကြိမ် မဲခွဲမှုတွင် ၇၉ မဲ၊ ၁၉ မဲဖြင့် အတည်ပြုထားသော ယင်းဥပဒေကို ယခုရက်သတ္တပတ်နှောင်းပိုင်း၌ နောက်ဆုံးမဲခွဲမှုပြုလုပ်ဖွယ်ရှိကြောင်းသိရသည်။

"ကျွန်တော်တို့ ပိုပြီးအချိန်ကြာကြာစောင့်လေ၊ အမေရိကန်နိုင်ငံဟာ ပိုပြီးအားနည်းလေဖြစ်လာပါမယ်" ဟု ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ချပ်ရှူးမားကပြောကြားပြီး အမေရိကန်-တရုတ်နှစ်နိုင်ငံကြားတွင်လည်း လက်ရှိမှာပင် ကုန်သွယ်ရေးစစ်ပွဲစတင်နေပြီဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

အမေရိကန်အနေဖြင့် ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒကို စွန့်လွှတ်ရန် တရုတ်နိုင်ငံက တိုက်တွန်းကြောင်းနှင့် ကုန်သွယ်ရေးကိစ္စကို နိုင်ငံရေးနှင့်မဆက်နွှယ်ရန်တိုက်တွန်းကြောင်း တရုတ်ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

*—Ref: AFP*


Oramin-G


GBS
ဂွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီ လီမိတက်

7 DAY NEWS JOURNAL
# International
Vol.10, No.30 • OCTOBER 13, 2011



Photo - Bangkok Post

## ထိုင်းရေကြီးမှုကြောင့် ဆန်ပြတ်လပ်မှုမရှိရန်အစိုးရ၏ အရန်ဆန်များ ဖြန့်ဝေသွားမည်

**ဘန်ကောက်၊ အောက်တိုဘာ - ၁၀**

ထိုင်းနိုင်ငံတစ်ဝန်းတွင် ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ် လျက်ရှိရာ ရေဘေးသင့်ဒေသများ၌ ဆန်ပြတ်လပ်မှုမဖြစ်ပေါ်စေရန် ကုန်သွယ်ရေးဝန်ကြီးဌာနက အစိုးရ၏ အရန်ဆန်တန်ပေါင်း တစ်သိန်းမှနှစ်သိန်းအထိ ဖြန့်ဝေသွားမည်ဖြစ်ကြောင်းသိရသည်။

အစိုးရဆန်များအား ဝန်ကြီးဌာန၏ အပြာရောင်အလံအမှတ်တံဆိပ်နှင့် ရောင်းချမည်ဖြစ်ပြီး ရှေ့လာမည့် တစ်ပတ်၊ နှစ်ပတ်အတွင်း ငါးကီလိုဂရမ်အထုပ်များအဖြစ် ထုပ်ပိုးဖြန့်ဝေသွားမည်ဖြစ်သည်။

ထို့အပြင် ဆန်ထုပ်ပိုးဖြန့်ဝေသူများအနေဖြင့်လည်း ၎င်းတို့ သိုလှောင်ထားသောဆန်များကိုဖြန့်ချိရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းလုပ်ဆောင်နေပြီး အရန်ဆန်များ သိုလှောင်ထားကြောင်း တွေ့ရှိရသောကုမ္ပဏီများကို ရာဇဝတ်မှုစွဲချက်ဖြင့် ထောင်ဒဏ်ခုနစ်နှစ်နှင့် ဘတ်ငွေတစ်သိန်းလေးသောင်းအထိ ဒဏ်ငွေချမှတ်ခံရနိုင်ကြောင်း သတိပေးထားသည်။

စာ(၄၅)သို့

## ဥရောပဘဏ်များ ပြန်လည်တောင့်တင်းစေရန် ဆောင်ရွက်ရေး ပြင်သစ်နှင့်ဂျာမနီသဘောတူ

**ဘာလင်၊ အောက်တိုဘာ-၁၀**

ဒုက္ခတွေ့နေသော ဥရောပဘဏ်များအားငွေကြေးပြန်လည်တောင့်တင်းလာစေရေးလုပ်ဆောင်ရန်အသင့်ရှိကြောင်း ဂျာမနီနှင့်ပြင်သစ်ခေါင်းဆောင်များကပြောကြားပြီး ဥရောပ၏ ကြွေးမြီအကျပ်အတည်းဖြေရှင်းရန် ပြည့်ပြည့်စုံစုံနှင့် တာရှည်ခံမည့်သဘောတူညီချက်တစ်ရပ်ရရှိခဲ့ကြောင်း ခေါင်းဆောင်နှစ်ဦးကပြောသည်။

သို့သော် ၎င်းတို့၏အစီအစဉ်များနှင့်ပတ်သက်၍ ဂျာမနီအကြီးအကဲ မစ္စမာကယ်လ်နှင့်ပြင်သစ်သမ္မတဆာကိုဇီတို့ကအသေးစိတ်မပြောကြားခဲ့ပေ။ ဈေးကွက်များအကြောင်း ထည့်သွင်းစဉ်းစားပြီး အခြားသဘောတရားရေးရာအချက်များ ဖြေရှင်းပြီးမှသာ အခြားဥရောပခေါင်းဆောင် ၂၅ ဦးနှင့်တိုင်ပင်ဆွေးနွေးမည်ဟုပြောကြားသည်။

စာ(၄၅)သို့

## ရွေးကောက်ပွဲတွင် အနိုင်ရပြီဖြစ်ကြောင်း ပိုလန်ဝန်ကြီးချုပ်ကြွေးကြော်

**ဝါဆော၊ အောက်တိုဘာ - ၁၀**



Photo - Reuters

မဲရုံစစ်တမ်းများအရ မိမိသည်မဲအရေအတွက်တွင် သိသိသာသာ ဦးဆောင်နေကြောင်းတွေ့ရှိရပြီး ပါလီမန်ရွေးကောက်ပွဲတွင် အနိုင်ရရှိနေပြီဖြစ်ကြောင်း ပိုလန်ဝန်ကြီးချုပ်ဒေါ်နယ်တာ့ခ်က ပြောကြားသည်။

ကနဦးရလဒ်များအရလည်း မစ္စတာတာ့ခ်၏ ဗဟိုနှင့်ညာယိမ်း ပြည်သူ့ပလက်ဖောင်းပါတီသည် စိန်ခေါ်သူ ကွန်ဆာဗေးတစ်ပါတီဖြစ်သော ဥပဒေနှင့် တရားမျှတမှုပါတီအပေါ် မဲအရေအတွက် ၁၀ ရာခိုင်နှုန်းနီးပါး အသာစီးရရှိနေကြောင်းဖော်ပြသည်။

စာ(၄၅)သို့


■ INTERVIEW PAGE-46



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ပြောသော

### ကမ္ဘာ့အမျိုးသမီးများကလူ့ တိုးတက်မြင့်မားရေးအကြောင်း

■ NEWS ANALYSIS PAGE-36



### မစ္စတာပူတင်တဲ့လား

## ကဒါဖီ၏ မွေးရပ်မြေ ဆာတီမြို့ကို သိမ်းပိုက်နိုင်တော့မည်ဟုဆို

**ဆာတီ၊ အောက်တိုဘာ - ၁၀**

မွမ်မာကဒါဖီ၏ အမာခံတပ်ဖွဲ့များလက်မှ ဆာတီမြို့၏ အထင်ကရအဆောက်အအုံများဖြစ်သော ကွန်ဖရင့်စင်တာနှင့်တက္ကသိုလ်တို့အားလစ်ဗျားအစိုးရသစ်တပ်ဖွဲ့များက သိမ်းပိုက်လိုက်ပြီးနောက် ကဒါဖီ၏မွေးရပ်မြေ ဆာတီမြို့ကို အပြည့်အဝထိန်းချုပ်နိုင်တော့မည်ဖြစ်ကြောင်း လစ်ဗျားအမျိုးသား အသွင်ကူးပြောင်းရေးကောင်စီက ပြောကြားသည်။

အမျိုးသားအသွင်ကူးပြောင်းရေးကောင်စီ (NTC)၏တပ်ဖွဲ့များသည် ဆာတီမြို့၏ ဆေးရုံနှင့် တက္ကသိုလ်ဝင်းကိုလည်း သိမ်းပိုက်နိုင်ခဲ့သည်။ အာဖရိကတိုက်လုံးဆိုင်ရာ ကွန်ဖရင့်များ ကျင်းပလေ့ရှိပြီး ခံတပ်တစ်ခုကဲ့သို့ ဆောက်လုပ်ထားသော အိုဂါဒိုဂူးကွန်ဖရင့်စင်တာအား သိမ်းပိုက်နိုင်ရေးမှာ စက်တင်ဘာလ ၁၅ရက်တွင်စတင် ခဲ့သည့် NTC ထိုးစစ်များ၏ ရည်မှန်းချက်လည်းဖြစ်သည်။

စာ(၄၅)သို့



7 DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011





ကားလမ်းများပျက်စီးမှုအခြေအနေ ဆိုးရွားနေခြင်းကြောင့် မြို့တွင်းအနီးဝန်းကျင်မြို့နယ်များသို့ပင် တက္ကစီငှားရမ်းရန် အခက်အခဲတွေ့နေရသည်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# လကမ္ဘာအလား လမ်းများက လမ်းအသုံးပြုသူများ အန္တရာယ်ဖြစ်လာ

ယုဇနကိုကို၊ ဇာဇာနီ၊ မြတ်စုမွန်

**ရန်ကုန်မြို့ရှိ လမ်းမကြီးများ ပျက်စီးလာမှုအခြေအနေသည် တစ်နေ့တခြားပိုမိုဆိုးရွားလာပြီး လမ်းအသုံးပြုယာဉ်များကို ပျက်စီးမှုများမြင့်မားစေသလို ယာဉ်အန္တရာယ်များလည်းဖြစ်လာစေကြောင်း ရန်ကုန်မြို့ခံတို့ကပြောသည်။**

သိသာစွာပျက်စီးလာခဲ့သည့် လမ်းမကြီးများမှာ ဗဟိုလမ်း၊ အင်းစိန်- ရွာမလမ်း-တညင်းကုန်း-ရွှေပြည်သာအထိ လမ်းမကြီးတစ်လျှောက်၊ ဘုရင့်နောင်လမ်းမကြီး၊ အောင်မင်္ဂလာအဝေးပြေးကားကြီးကွင်းသို့ သွားရောက်သည့် မြောက်ဥက္ကလာမြို့နယ်တွင်းရှိ သုဓမ္မာလမ်းမကြီး၊ တောင်ဒဂုံ၊ မြောက်ဒဂုံမြို့နယ်များအတွင်းရှိ ယာဉ်သွားလာမှု အဓိကအသုံးပြုရသည့် လမ်းမများနှင့် ရန်ကုန်မြို့လယ်လမ်းမကြီးများဖြစ်ကြသည်။

အဆိုပါလမ်းမများသည် လိုင်းကားများအများဆုံးအသုံးပြုမောင်းနှင်သော လမ်းမများဖြစ်ခြင်းကြောင့် လက်ရှိ ထိုလမ်းမအချို့၏ ပျက်စီးမှုအနေအထားမှာ ယာဉ်များသွားလာမှုအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ယာဉ်မောင်းသူများက ပူပန်စကားဆိုကြသည်။

အချို့သောမြို့နယ်များ၏ လမ်းပျက်စီးမှုများသည် အခကြေးငွေဖြင့်မောင်းနှင်ကြသည့်တက္ကစီယာဉ်မောင်းများပင် ခရီးသည်များကို ငြင်းဆန်ခြင်းပြုရသည့် အနေအထားများသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

"ဗဟိုလမ်းမကြီးဆို ကတ္တရာ လမ်းမဖောက်ထားတာ ဆယ်နှစ် ကျော်ပြီ။ အဲ့ဒီနောက်ပိုင်း လမ်းကို ဘာမှ မလုပ်ဘူး။ အခုဆို တော်တော်ကြီးကို အခြေအနေကဆိုးနေပြီ။ နောက်ထပ် မကောင်းတော့တဲ့ လမ်းတွေ အများကြီးပဲရှိပါသေးတယ်" ဟု ကိုယ်ပိုင်အငှားယာဉ်ထောင်ထားသော ယာဉ်မောင်းသက်ခြောက်နှစ်နီးပါးရှိပြီဖြစ်သော ဦးဇော်ဇော်ကပြောသည်။

သက်တမ်းကြာမြင့်နေပြီဖြစ်သည့် ရန်ကုန်မြို့၏ အဓိကယာဉ် သွားလမ်းမကြီးများ၏ ပျက်စီးမှုသည် ယခုနှစ်အတွင်း ပိုမိုဆိုးရွားလာနေပြီဖြစ်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လမ်း၊တံတားဌာနမှ ဒုတိယဌာနမှူးက ပြောကြားသည်။

"ဒီနှစ်ဆို နှစ်တိုင်းထက် လမ်းတွေပိုပျက်တယ်။ ပျက်နေတဲ့ လမ်းတွေပြင်ဆင်ဖို့အတွက် အစီအစဉ်တွေလုပ်ထားတာရှိပါတယ်။နောက်ပိုင်းမှာ ကြိုးစားလုပ်သွားမှာပါ။ လမ်းတွေရဲ့ သက်တမ်းက ခြောက်နှစ်၊ ခုနစ်နှစ်ပဲခံပါတယ်" ဟု ဒုတိယဌာနမှူး ဦးမျိုးလွင်က ဆက်လက်ပြောသည်။

ပျက်စီးနေသောလမ်းမကြီးများကို ပြင်ဆင်နေရန် စီစဉ်ထားသော်လည်း ရာသီဥတုအခြေအနေမပေးခြင်းကြောင့် ပြင်ဆင်မှုများကို စနစ်တကျမလုပ်နိုင်သေးဟု သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပျက်စီးနေသောလမ်းများကို ပြုပြင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအဖြေ့င့်ယခင်နှစ်ကလက်ကျန်ဘဏ္ဍာငွေကိုသာ အသုံးပြုနေရကြောင်းနှင့် မိုးရာသီတွင် ပျက်စီးနေသော လမ်းများကို အောက်တိုဘာ၁ ရက်မှသာ စတင်ပြုပြင်မှုများ ပြုလုပ်နိုင်ခဲ့ကြောင်း လမ်း၊တံတားဌာန တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဒီနှစ်က ဘတ်ဂျက်က မရသေးဘူး။ လက်ကျန်ဘတ်ဂျက်ကလည်း တအားနည်းနေတော့ ရှိတာနဲ့ပဲ လုပ်နေရတာ" ဟု အထက်ပါတာဝန်ရှိသူက ဆိုသည်။

တောင်ဒဂုံမြို့နယ်အတွင်း ယခင်က လိုင်းကားများသွားလာမှု ပြုလုပ်ခဲ့သည့် လမ်းမများသည် ယခုလက်ရှိတွင် လုံးဝပျက်စီးသည့်အနေအထားသို့ရောက်ရှိလာပြီး ယာဉ်အန္တရာယ်ဖြစ်စေနိုင်သည့်အခြေအနေတွင်ရှိနေသဖြင့် ပိုမိုဝေးကွာသည့် ကားမှတ်တိုင်များသို့ သွားရောက်ကာစီးနင်းကြရကြောင်း ထိုရပ်ကွက်များတွင် နေထိုင်သူများကဆိုကြသည်။

စာ(၂၇)သို့

# ဂျပန်ကားများ သယ်ဆောင်လာသော ပထမဆုံးသင်္ဘော ယခုလအတွင်း ဆိုက်ကပ်နိုင်

အားမာန် ရန်ကုန်၊ အောက်တိုဘာ-၈

ကားအဟောင်းများအစား တင်သွင်းသော ကားများသယ်ဆောင်လာသည့် ပထမဆုံးသင်္ဘောတစ်စီးမှာ ဂျပန်နိုင်ငံမှ ထွက်ခွာလာပြီဖြစ်ပြီး အောက်တိုဘာလအတွင်း ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ် မည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယာဉ်အို၊ ယာဉ်ဟောင်းဖျက်သိမ်းရေး အစီအစဉ်အရအပ်နှံသည့်ကားအဟောင်းများ အစားတင်သွင်းသော ဂျပန်ကားများ သယ်ဆောင်လာသည့် သင်္ဘောမှာ စက်တင်ဘာလကုန်ပိုင်းတွင် ဂျပန်နိုင်ငံမှထွက်ခွာလာပြီး၊ စောလျှင် အောက်တိုဘာ ၂၁၊ နောက်ကျလျှင် အောက်တိုဘာ ၂၈ ရက် ဝန်းကျင်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိမည်ဟုသိရကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြန်ပြောပြသည်။ သင်္ဘောဆိုက်ကပ်ချိန် မြန်၊ မမြန်မှာ အဆိုပါသင်္ဘောသွားမည့် လမ်းကြောင်းတွင် ကုန်ချရမည့်နိုင်ငံများ၊မများပေါ် မူတည်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်ပြောသည်။

အထက်ပါအစီအစဉ်စတင်ပြီးနောက်အဆိုပါ သင်္ဘောရောက်ရှိလာပါက ကားအဟောင်းများအတွက် အစားထိုးရန် ကားများ သယ်ဆောင်လာသော ပထမဆုံးသင်္ဘောဖြစ်မည်ဖြစ်သည်။ သို့သော် အဆိုပါသင်္ဘောတွင် ကားအစီးရေမည်မျှပါဝင်သည်ကိုမူ မသိရှိရသေးပေ။

ယာဉ်အို၊ ယာဉ်ဟောင်း ဖျက်သိမ်းရေး အစီအစဉ်အရ အောက်တိုဘာ ၇ ရက်အထိ ယာဉ်အဟောင်းအပ်နှံသော အစီးရေမှာ ၈၅၀၀ ကျော်ရှိပြီး ယာဉ်အစီး ၇၂၀ကျော်မှာ အပ်နှံပြီးပြန်လည်ငှားရမ်းသုံးစွဲနေကြောင်း အထက်ပါတာဝန်ရှိသူကပြောသည်။

ကားအဟောင်းအပ်နှံသော ယာဉ်အပ်နှံမှုအထောက်အထားစာရွက်(စလစ်)ရယူပြီး အစားထိုး ကားသွင်းကုန်လိုင်စင် လျှောက်ထားကာ လိုင်စင်ရရှိသည့် ကားအစီးရေမှာ အောက်တိုဘာ ၇ ရက်အထိ ၂၀စီးရှိပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကပြောသည်။



7DAY NEWS JOURNAL
Vol.10, No.30 · OCTOBER 13, 2011

# ပို့ကုန်လုပ်ငန်းများအတွက် ဖြေလျှော့မှုတစ်ခု ပေး

အားမာန်၊ သိမ့်သိမ့်စိုး

**ရန်ကုန်၊ အောက်တိုဘာ - ၁၀**

**ပြည်တွင်းပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပြည်ပမှကုန်ဝယ်သူက ကြိုတင်လွှဲပို့ထားသော ကုန်ဖိုးငွေများကို ယခင်ကထက် ပိုမိုမြန်ဆန်စွာထုတ်ယူနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။**

ပြည်တွင်းပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ကြိုတင်ငွေပေးချေစနစ်(TT-Telegraph Transfer) နှင့် ရောင်းချရာတွင် ငွေကြေးလည်ပတ်မှုပိုမိုလျင်မြန်စေရန်အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက စက်တင်ဘာ ၁၆ရက်တွင်ကြေညာချက်တစ်ခုထုတ်ပြန်ခဲ့သည်။ ပို့ကုန်ကုမ္ပဏီများက ပြည်ပသို့ ပို့ကုန်များတင်ပို့ရန် သင်္ဘောတင်ရာတွင် အကောက်ခွန်အရာရှိများက ဆိပ်ကမ်းဝင်းအတွင်း၌ ပို့ကုန်လိုင်စင်ပါအတိုင်း ပစ္စည်းပြည့်စုံပါက ကုန်ပစ္စည်းများကို စစ်ဆေးချိတ်ပိတ်ပြီးချိန်မှစ၍ ပို့ကုန်ကုမ္ပဏီထံကြိုတင်လွှဲပို့ထားသောပို့ကုန်ငွေများကိုထုတ်ယူခွင့်ရရှိပြီဖြစ်သည်။

ယခင်ကအကောက်ခွန်အရာရှိက ပို့ကုန်လိုင်စင်ပါအတိုင်း ပစ္စည်းများပြည့်စုံ၍ စစ်ဆေးချိတ်ပိတ်ပေးသည့်အချိန်တွင် ကုန်ဖိုးငွေများမထုတ်ယူနိုင်သေးဘဲ၊ ကုန်တင်သင်္ဘောထွက်ခွာသွားပြီးမှသာ ကုန်ဖိုးငွေကို ထုတ်ယူနိုင်ကြောင်း ပို့ကုန်လုပ်ငန်းရှင်များက ပြောသည်။ ထို့အပြင် တစ်ခါတစ်ရံတွင်ဆိပ်ကမ်းအတွင်းအကောက်ခွန်အရာရှိက စစ်ဆေးချိတ်ပိတ်ပြီးသော်လည်း သင်္ဘောမှ ပို့ကုန်များ ချန်ထားရစ်ခဲ့ခြင်း၊ ကုန်များနေသည့်အတွက် ကျန်ခဲ့ခြင်းများဖြစ်ပါကလည်း ပို့ကုန်ကုမ္ပဏီများအနေဖြင့် ကုန်ဖိုးငွေကို ဘဏ်မှ မထုတ်ယူနိုင်ပေ။ ပို့ကုန်များတင်သော သင်္ဘောထွက်ခွာသွားပြီး ဘီအယ်လ်ထွက်လာပြီးမှသာ အကောက်ခွန်အရာရှိများက လက်မှတ်ထိုးပေးပြီး ငွေထုတ်ယူနိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်များကဆိုသည်။ တစ်ခါတစ်ရံတွင် အကောက်ခွန်အရာရှိများ အလုပ်ရှုပ်နေပါကလည်း ယင်းတို့၏လက်မှတ်ကိုရရှိရန် အချိန်ယူရ၍ ငွေထုတ်ရန်ကြန့်ကြာတတ်ကြောင်းလည်း သွင်းကုန်လုပ်ငန်းရှင်အချို့ကပြောသည်။

ယခုဖြေလျှော့မှုကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက စက်တင်ဘာလ ၁၆ရက်တွင် ထုတ်ပြန်ခဲ့သော်လည်း အသင်းအဖွဲ့နှင့် လုပ်ငန်းရှင်များထံသို့ အောက်တိုဘာလဆန်းတွင်မှ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။ ကုန်ဖိုးငွေထုတ်ယူရန် ယခုကဲ့သို့ ဖြေလျှော့ပေးသဖြင့် ငွေကြေးလည်ပတ်မှု ပိုမိုလျင်မြန်လာစေကာ လုပ်ငန်းရှင်များအတွက် အဆင်ပြေစေကြောင်း ပို့ကုန်လုပ်ငန်းရှင်များကပြောသည်။

သက်ဆိုင်ရာက ပို့ကုန်တွင် အင်န်စီစနစ်ဖြင့် ငွေပေးချေခြင်းကို ခွင့်မပြုဘဲ တီတီစနစ်ဖြင့်သာ ခွင့်ပြုထားသည်။ ထို့ကြောင့်ပို့ကုန်ကုမ္ပဏီအချို့မှာ ကုန်ဖိုးအတွက် ပြည်ပကုမ္ပဏီမှ ကြိုတင်ပေးပို့ထားသည့်ငွေဟုဆိုသော်လည်း ပြည်တွင်းကုမ္ပဏီကသာ ပြည်ပမှတစ်ဆင့် ငွေပို့ပြီး တီတီစနစ်ဖြင့် အကျုံးဝင်အောင် လုပ်ကိုင်နေကြရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# ကားတင်သွင်းလျှင်မရိုးမသားပြုလုပ်ကြောင်းခိုင်လုံပါကကားကို

အားမာန်၊ အောင်သူရ

**ရန်ကုန်၊ အောက်တိုဘာ - ၁၀**

ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေးအစီအစဉ်အရအသစ်တင်သွင်းလာသော ကားများ၏ ထုတ်လုပ်သည့်မော်ဒယ်၊ ကားအမျိုးအစား၊ ထပ်ဆင့်ကားအမျိုးအစား အမည်နှင့်ပိုင်ရှင်အမည်များမှာ လိုင်စင်လျှောက်ထားစဉ်ကနှင့် လက်တွေ့တင်သွင်းလာစဉ် အချက်အလက်များကွဲလွဲနေပြီး၊ မရိုးမသားပြုလုပ်ကြောင်း ခိုင်လုံပါက မော်တော်ယာဉ်ကို သိမ်းဆည်းသည်အထိ အရေးယူမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှညွှန်ကြားရေးမှူး ဦးသန်းအောင်ကပြောကြားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကကားအဟောင်းများ အစားထိုးရန်အတွက် ကားတင်သွင်းလာသူများ သိရှိရန် အသေးစိတ်အချက်အလက်များကို ထပ်မံထုတ်ပြန်ရာတွင် ကားထုတ်လုပ်သောနှစ်(Model Year)၊ ကား အမျိုးအစား(Brand)၊ ထပ်ဆင့်အမျိုးအစားခွဲအမည် (Sub Brand)၊ ပိုင်ရှင်အမည်စသောအချက်လေးချက်ထဲမှ တစ်ချက်ချက်ကွဲလွဲနေပြီး မရိုးမသားပြုလုပ်ထားကြောင်း ခိုင်လုံပါက တင်သွင်းလာသည့် မော်တော်ကားကို သိမ်းဆည်းသည်အထိ အရေးယူရန်ညှိနှိုင်းထားကြောင်း ဦးသန်းအောင်ကရှင်းပြသည်။

သို့သော် မူလကြေညာချက်တွင် တင်သွင်းခွင့်ပြုထားသော သတ်မှတ်ချက်ကာလအတွင်း ဘောင်ဝင်သည့်မော်ဒယ်ကွဲလွဲချက်ဖြစ်ပါက ဒဏ်ကြေးသတ်မှတ်၍ ခွင့်ပြုမည်ဖြစ်သည်။ ဒဏ်ကြေးမဆောင်လိုပါက သင်္ဘောဆိပ်ကမ်းမရောက်ခင် စီးပွား/ကူးသန်းသို့ ကြိုတင်အကြောင်းကြားပါက ဒဏ်ကြေးဆောင်ရန် မလိုပေ။

ထို့အပြင် အထူးပါမစ်မရခင် ရောက်ရှိနေသော မော်တော်ကားနှင့်အခြားနည်းနှင့် ရောက်ရှိလာသော မော်တော်ကားများမှာ အထူးပါမစ်ဖြင့် လိုက်ကပ်ခြင်းကို ခွင့်မပြုရန် သက်ဆိုင်ရာဌာနများက ညှိနှိုင်းထားသည်ဟုဆိုသည်။ ပါမစ်သက်တမ်းကျော်လွန်ပြီးမှ ရောက်ရှိလာသော မော်တော်ယာဉ်များကိုလည်း အကောက်ခွန် ဦးစီးဌာနကသတ်မှတ်ထားသောဒဏ်ကြေးပေးဆောင်ရမည်ဖြစ်သည်။ ခိုင်လုံသောအကြောင်းပြချက်နှင့်တင်ပြလျှင်ပါမစ်သက်တမ်းတိုးရန်ဆောင်ရွက်ပေးမည်ဖြစ်သည်။

သို့သော် မော်တော်ကား ရောက်ရှိလာမှ ပါမစ်သက်တမ်းတိုးခြင်းကို ခွင့်ပြုမည်မဟုတ်ဟု တာဝန်ရှိသူကပြောသည်။ ထို့ကြောင့် သတ်မှတ်ပါမစ်ကာလအတွင်း မရောက်ရှိနိုင်ပါက ဆိပ်ကမ်းသင်္ဘောမရောက်မီကတည်းက ကြိုတင်လိုင်စင်သက်တမ်းတိုးထားရန်လိုသည်။


“ဆိပ်ကမ်းမရောက်ခင် မော်ဒယ်ကွဲလွဲလို့လာပြင်ရင် ဒဏ်ကြေးပေးဆောင်စရာ မလိုပါဘူး။
တော်ယာဉ်မှ
ရွက်ပေးမှာ
ထုံးလုပ်နည်
သွင်းခွင့်ပြု
ဆက်လက်

ထို့အပြ
သတ်မှတ်ခြ
One Stop S
တွင်ဖော်ပြ
တင်သွင်းခွင့်

ငွေပေ
သည့်နိုင်ငံက
လက်ခံသည်
ရန် စီးပွားရေ
ဌာနနှင့် ဘ
လည်း အထ
ပြောသည်။

ယာဉ်
အစီအစဉ်အ
၍ သက်ဆိုင်
ထုတ်ပြန်ပေ
သန်းရောင်
တင်သွင်းခွ
တွင် Land
မျိုးအစားန
ကြောင်း
သတင်းထု





## …နိုင်ငံပိုင်သိမ်းမည်

…ဆိပ်ကမ်းရောက်ပြီးမှ မော်
…များရဲ့ပါမစ်ပြင်ဆင်ချက်ကိုဆောင်
…မဟုတ်ဘဲ အကောက်ခွန်လုပ်
…အတိုင်း ဆောင်ရွက်ပြီးမှ တင်
…ပါမယ်”ဟု ဦးသန်းအောင်က
…ပြောသည်။
…ပြင် Sub Brand များကို သီးခြား
…င်းမပြုတော့ဘဲ က. ည. နနှင့်
…Service ရုံများ၏ ကြော်ငြာဘုတ်
…ထားသည့်ကားများအားလုံးကို
…ပြုမည်ဟုဆိုသည်။
…းချေရေးကိစ္စတွင် ကားဝယ်
… ဒေါ်လာဖြင့်လက်မခံပါလည်း
…နိုင်ငံခြားငွေဖြင့် ပေးသွင်းနိုင်
…ရုံနှင့် ကူးရောင်းဝယ်ရေးဝန်ကြီး
…ဏီများ ညှိနှိုင်းထားကြောင်း
…က်ပါတာဝန်ရှိသူက ဆက်လက်

…အိုးယာဉ်ဟောင်း ဖျက်သိမ်းရေး
…ရကားတင်သွင်းမှုနှင့်ပတ်သက်
…ရာက သတင်းများ ဆက်လက်
…းနေရာတွင် စီးပွားရေးနှင့် ကူး
…ဝယ်ရေးဝန်ကြီးဌာနကလည်း
…ပြုသည့် Wagonကားအုပ်စု
… Roverနှင့် Mazda ကားအ
…စ်မျိုးကိုပါ ထပ်မံခွင့်ပြုလိုက်
…အောက်တိုဘာလ ၅ရက်တွင်
…ပြန်သည်။

# ကားအရောင်းပြခန်းဖွင့်လှစ်ရန် ကုမ္ပဏီ ၃၀ ကျော်လျှောက်ထား

**အောင်သူရ**

**ရန်ကုန်၊**
**အောက်တိုဘာ - ၁၀**

မြန်မာနိုင်ငံတွင် မော်တော်ကား Show Room (အရောင်းပြခန်း) ဖွင့်လှစ်ခွင့် လျှောက်ထားသော ကုမ္ပဏီ၃၀ကျော်ရှိကြောင်းသတင်းရရှိသည်။

“ပထမအဆင့်အနေနဲ့ မော်တော်ကားဟောင်းတွေ အစားထိုးလဲလှယ်ရေးအစီအစဉ် စတင်ဆောင်ရွက်နေပါတယ်။ Show Room တွေ ဖွင့်လှစ်ရောင်းချနိုင်ဖို့ လုပ်ငန်းစဉ်ရေးဆွဲပြီး လေ့လာပြီးတော့ တင်ပြထားဆဲဖြစ်ပါတယ်” ဟု ကားဟောင်းတင်သွင်းခွင့်ဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင် တာဝန်ရှိသူက ဖြေကြားသည်။

ထို့ကြောင့် မော်တော်ကား Show Room များ ပြည်တွင်း၌ ဖွင့်လှစ်ရောင်းချရန် မည်သည့်ကုမ္ပဏီ၊ မည်သည့်ပုဂ္ဂိုလ်ကိုမှ ယခုဖြေကြားသည့်အချိန်အထိ ခွင့်ပြုပေးထားခြင်း မရှိသေးကြောင်း အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

Show Room များ ဖွင့်လှစ်ရာတွင် After Sale Service (ဝယ်ယူပြီးနောက်ပိုင်း ဝန်ဆောင်မှု) သည် အရေးကြီးသည်။ ကားတစ်စီး၏လိုအပ်သည့်ဝန်ဆောင်မှုကို ယင်းကုမ္ပဏီကတာဝန်ယူရသည်။ ယင်းကဲ့သို့မဟုတ်ပါက ကုမ္ပဏီနှင့်ဝယ်သူကြားတွင်ပြဿနာများ ရှိလာနိုင်ကြောင်း ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြသည်။



**နိုင်ငံတကာမှ ကားအရောင်းပြခန်းတစ်ခုအား တွေ့ရစဉ်**

စက်တင်ဘာ ၁၉ရက်မှ အောက်တိုဘာ ၇ရက်အထိ မော်တော်ယာဉ်တင်သွင်းခွင့် အထူးပါမစ် ၂,၀၄၀စီးအား ထုတ်ပေးပြီးဖြစ်ကြောင်းလည်း အဆိုပါတာဝန်ရှိသူကပြောကြားသည်။

စာရွက်စာတမ်းနှင့် ရုံးကိစ္စများဆောင်ရွက်ရန် ဆန္ဒမရှိသော နိုင်ငံသားများအနေဖြင့် ကားဟောင်းအပ်နှံ၍ ကားသွင်းခွင့်စလစ်ရရှိသော်လည်း ကားတင်သွင်းခြင်းမပြုကြဘဲ ပွဲစားများသို့ အပ်နှံခြင်းနှင့် တစ်ဆင့်ပြန်လည်ရောင်းချခြင်းများရှိကြောင်း သိရသည်။

“Show Room သာရှိရင် စလစ်ရတာနဲ့ Show Room သွားပေးလိုက်ပြီး ကားအသစ်တစ်စီး ထုတ်ယူရုံပါပဲ။ အခုတော့ ပွဲစားကတစ်ဆင့် ဆောင်ရွက်နေရတယ်” ဟု စလစ်ကိုင်ဆောင်ထားသူတစ်ဦးကဆိုသည်။

ထိုကဲ့သို့ စလစ်များ ပြန်လည်ရောင်းချမှုများရှိလာခြင်းနှင့် ကားသွင်းခွင့်ရရှိရန် ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများအား မလုပ်တတ်၍ ပြည်တွင်းရှိ ကားများကိုပြန်လည်ဝယ်ယူကြသဖြင့် ကားဈေး အနည်းငယ်တက်လာခဲ့သည်။

နေပြည်တော်တွင် စက်တင်ဘာလက ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက Show Roomများ သုံးလအတွင်း ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။

ထို့အပြင် သွင်းကုန်၊ ထုတ်ကုန်ကုမ္ပဏီများနှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီများ၏ ငွေစာရင်းတွင် အမေရိကန် ဒေါ်လာတစ်သိန်းရှိပါက ကား တစ်စီးတင်သွင်းခွင့်နှင့် ပြည်ပနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေသူများ၏ ငွေစာရင်းတွင် ဒေါ်လာသုံးသောင်းရှိပါက ကားတစ်စီး တင်သွင်းခွင့်အား ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ခွင့်ပြုခဲ့သော်လည်း စီးပွား/ကူးသန်းဝန်ကြီးဌာနကမူ ဆောင်ရွက်ဆဲသာဖြစ်ကြောင်း အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ဖြေကြားခဲ့သည်။





ပီစန်းကိတ်
Pisang Cake
Myanmar Mayson Industries Co., Ltd.




သီတင်းကျွတ်အခါသမယတွင်
စိတ်ချယုံကြည်ရသော ဆေးဝါးများဖြင့်ဂါရဝပြုပါ။
SUNLIFE®
A brand that works !
A-Z
GERMANY
QUALITY